www.burmeseclassic.com

ဆရာချစ်စံဝင်း၏ ၁၂၀ အုပ်မြောက်စာအုပ်



# တကောင်းမှ ပျူအရိုးအိုးများ

## ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဆရာချစ်စံဝင်း၏ ၁၂၁ အုပ်မြောက်စာအုပ်

# တကောင်းမှ ပျူအရိုးအိုးများ

## ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ်

၃၁၀၀၅၃၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၃၁၀၀၆၆၀၅၀၈

ထုတ်ဝေသည့်ကာလ

၂၀၀၅-ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

စောင်ရေ

၁၀၀၀

ဓါတ်ပုံ

မောင်မျိုးလှိုင် (ပျိုးခင်း)

မျက်နှာဖုံးဒီဇိုင်း

အုံ့ဘွယ် (စတား)

စာအုပ်ချုပ်

ကိုမြင့်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်

ရာပြည့်အော့ဖ်စက် (၀၅၉၀၁)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာ စာပေ (၀၃၉၆၉)

တိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၂၀၀၀ ကျပ်


BURMESE CLASSIC .com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အမှာစာ | (က) |
| – | နိဒါန်း | (င) |
| ၁။ | လှုယဉ်ကျေးမှုအစ မြေမီးဖုတ်အိုးက | ၁ |
| ၂။ | ဆယ်ကြိမ်ဆယ်ခါရောက် တကောင်း | ၁၁ |
| ၃။ | အက္ခရာဖြင့် အမှတ်အသားပြုထားသော တကောင်းအိုးများ | ၂၁ |
| ၄။ | အိုးအမှတ် ၁ မှ အိုးအမှတ် ၁၀ | ၃၅ |
| ၅။ | တကောင်း၏ ပျူအရိုးအိုးအမှတ် ၁၁ | ၆၉ |
| ၆။ | တကောင်းကုန်းအမှတ် TG 31-A ကို တူးဖော်ခြင်းနှင့် အိုးအမှတ် ၁၂ နှင့် အမှတ် ၁၃ | ၇၇ |
| ၇။ | တကောင်းအိုးအမှတ် ၁၄ နှင့် အမှတ် ၁၅ | ၉၄ |
| ၈။ | တကောင်းအိုးအမှတ် ၁၆ မှ အိုးအမှတ် ၃၂ | ၁၀၇ |
| ၉။ | TG.31-B ကို တွေ့ရှိတူးဖော်ခြင်း (အိုးအမှတ် ၃၃ မှ အမှတ် ၄၄) | ၁၄၇ |
| ၁၀။ | လက်စင်းရာ အုတ်များပေါ်မှ TG.31 -C (တကောင်းအိုးအမှတ် ၄၅ မှ အိုးအမှတ် ၆၇) | ၁၇၄ |


www.burmeseclassic.com

www.burmeseclassic.com


၁၁။ TG.31 -D ကို တွေ့ရှိတူးဖော်ခြင်း ၂၁၁
(တကောင်းအိုးအမှတ် ၆၈ မှ အိုးအမှတ် ၇၅)

၁၂။ တကောင်းအိုးများပေါ်တွင်ပါရှိသည့်
တံဆိပ်အမှတ်အသားများ ၂၄၁

၁၃။ တကောင်းအိုးခြမ်းကွဲများပေါ်မှ ဒီဇိုင်းများ ၂၅၅

၁၄။ နိုးထလာသောတကောင်း ၂၅၉

**နောက်ဆက်တွဲ –**

(က) ၉–၇–၂၀၀၇ က ဖုန်ကုန်းမှ ပျူဆိုင်ရာ အထောက်
အထားတွေ့ရှိမှု အစီရင်ခံစာ ၂၆၉

(ခ) တကောင်းမြို့ဟောင်း အစိုးရ အထက်တန်းကျောင်း
ဝင်းအတွင်းမှ ပျူခေတ်အရိုးအိုးများ တွေ့ရှိတူးဖော်မှု
အစီရင်ခံစာ ၂၇၃

(ဂ) တကောင်းမြို့ဟောင်း အခြေခံပညာ အထက်တန်း
ကျောင်းဝင်းအတွင်း ကုန်းအမှတ်TG.31 ကုန်း
ဒုတိယအကြိမ် တူးဖော်မှုအစီရင်ခံစာ ၂၈၃

(ဃ) မူလတကောင်းမြို့ဟောင်း ဧရာဝတီမြစ်အနောက်
ဘက်တွင် တည်ရှိခဲ့သည်ဆိုသော သတင်း
၉–၃–၂၀၀၄ (ကြေးမုံ) ၂၈၇

(င) Original Tagaung was located on
the western side of old Ayeyarwady river ၂၉၁

(စ) မပြတ်သောသတိဖြင့် စောင့်ရှောက်ထိန်းသိမ်းရမည့်
ရှေးဟောင်းပစ္စည်းများ(နေစိုးဦး၊ ဟိုတယ် မဂ္ဂဇင်း) ၂၉၅
ဓာတ်ပုံ ဦးအုန်းငွေ (မန္တလေး)





မြန်မာ့တကောင်း ပျူတကောင်းအား ဖော်ထုတ်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည် ၂၀၀၃ခုနှစ်မှစ၍ ပညာရှင်များနှင့် တိုင်ပင်ကာ စနစ်တကျ ကြီးကြပ်မှုပေးခဲ့သည်။

www.burmeseclassic.com




တကောင်းမှပျူအထောက်အထားများဖော်ထုတ်ရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်သည်
တကောင်းဒေသသို့ ကိုယ်တိုင်ကိုယ်ကျ အကြိမ်ကြိမ်သွားရောက်၍ ကြီးကြပ်ပေးခဲ့သည်။




တကောင်းဒေသ၌ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုလေ့လာရေးခရီးစဉ်တွင်
ကိုယ်တိုင်ကြီးကြပ် လိုက်ပါခဲ့သော
ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်ကို
ရှေးဟောင်းပညာရှင် ဆရာတော်အရှင်ပဏ္ဍိတာနန္ဒ နှင့်အတူတွေ့ရစဉ်။

www.burmeseclassic.com





မြန်မာရေးဟောင်းတကောင်းမြေပုံ




တကောင်းပျူအရိုးအိုးများပေါ်မှ တွေ့ရှိရသော ရောင်စုံဒီဇိုင်းလက်ရာများ
(စာမျက်နှာ ၂၄၁)


www.burmeseclassic.com

www.burmeseclassic.com




© Win Maung : 2004

တကောင်းပျူအရိုးအိုးများပေါ်မှ တွေ့ရှိရသော ရောင်စုံဒီဇိုင်းလက်ရာများ
(စာမျက်နှာ ၂၄၁)





© Win Maung : 2004

တကောင်းပျူအရိုးအိုးများပေါ်မှ တွေ့ရှိရသော ရောင်စုံဒီဇိုင်းလက်ရာများ
(စာမျက်နှာ ၂၄၁)

www.burmeseclassic.com

www.burmeseclassic.com




© Win Maung : 2004

တကောင်းသျှုအရိုးအိုးများပေါ်မှ တွေ့ရှိရသော ရောင်စုံဒီဇိုင်းလက်ရာများ
(စာမျက်နှာ ၂၄၁)

# ရေတကောင်း

မြန်မာတို့သည် ရေထည့်သော လည်ပင်းရှည်သည့်အိုးကို ရေတကောင်း
ဟု ခေါ်ကြသည်။ ထို့ကြောင့် ရေထည့်သောအိုးနှင့် တကောင်း အဆက်အစပ်
ရှိသည်မှာ သေချာသည်။ အိုးသည် အလွန်ရှေးကျသော လူ့အသုံးအဆောင်
ပစ္စည်းဖြစ်သည်။ လူသည် မီးကို တွေ့ရှိပြီး မကြာမီပင် မိမိခြေအောက်မှ
အလျှံပယ်ပေါများသော မြေသယံဇာတနှင့် အိုးလုပ်ခဲ့သည်။ အိုးသည် စကပင်
တကောင်းပေါ်ခဲ့လေရော့သလားဟု စဉ်းစားဖွယ်ရာ ဖြစ်ပါ၏။

www.burmeseclassic.com

## သတို့သမီး သတို့သား

လက်ထပ်အံ့ဆဲဆဲ အကြင်မောင်နှံကို မြန်မာတို့က အစဉ်အလာအားဖြင့် သတို့သမီး သတို့သားဟု ခေါ်ကြသည်။ ထိုသို့ခေါ်ဆိုခြင်းမှာ မောင်ဘို့သည် သတိုးအနွယ်များ ဖြစ်ကြသည် မမေ့ကြနှင့်ဟု သတိစကားကို ဆိုကာ သတိုးသမီး သတိုးသားဟု ခေါ်ခြင်းဖြစ်သည်။ ကကောင် မင်းဆက်သည် သတိုးမင်းဆက်ဖြစ်သည်။ တကောင်း ဒုတိယမင်းဆက် ၁၇ ဆက်မှာ သတိုးဓမ္မာ ဒီပဓေရာဇမင်းမှ သတိုးမဟာရာဇအထိ ဖြစ်၏။ သတို့သမီး သတို့သားဟူသည်မှာ အမောင်တို့သည် တကောင်းသူတကောင်းသားတို့ ဖြစ်ကြသည်။ မျိုးနွယ်ကို စောင့်ကြကုန်လော့ဟု ဆိုလိုရင်းပင် ဖြစ်သည်။



## ယဉ်ကျေးမှုဇုန်

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ ယဉ်ကျေးမှု နယ်မြေဒေသတို့သည် တိုင်းနိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော အရာများသာ ဖြစ်သည်။ ထိုဒေသ ထိုနယ်မြေဆိုင်ပစ္စည်းများကို စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ ထိုတာဝန်သည် ဂုဏ်ယူဝင့်ကြွားစွာ လုပ်ဆောင်ရမည့် နိုင်ငံသားတိုင်း၏တာဝန်လည်း ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် ယဉ်ကျေးမှုဇုန်အမျိုးမျိုး သတ်မှတ်ထိန်းသိမ်းထားရှိ၏။

ယဉ်ကျေးမှုဇုန်များကို သတ်မှတ်ရာတွင်

(က) ယဉ်ကျေးမှု အထိမ်းအမှတ်ဇုန်
Momument Zone

(ခ) ရှေးဟောင်းသုတေသနဇုန်
Archaeological Zone

(ဂ) ကာကွယ်စောင့်ရှောက်ရေးဇုန်
Protection Zone

ဟူ၍ ခွဲခြားသတ်မှတ်ထားမှု ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



**ယဉ်ကျေးမှုအထိမ်းအမှတ်ဇုန် (Momument Zone)** သည် ယဉ်ကျေးမှု၊ အနုပညာပစ္စည်း၊ ရှေးဟောင်း ပစ္စည်းတို့ ရှိသောကြောင့် နိုင်ငံတော်က တူးဖော်ပြီး ထိန်းသိမ်းထားသော နေရာများ ဖြစ်သည်။ ထိုနေရာများသည် ကန့်သတ်နယ်မြေများ ဖြစ်၍ မည်သူမျှ မကျူးကျော်ရပေ။

**ရှေးဟောင်းသုတေသနဇုန် (Archaeological Zone)**ဆိုသည်မှာ ထိုနေရာသည် ရှေးဟောင်းဇုန်နယ်မြေတစ်ခုဖြစ်သောကြောင့် ယခု မတူးဖော်ရသေးသော်လည်း နောင်တွင် တူးဖော်ရန် သုတေသနပြုရန် နိုင်ငံတော်က ကြိုတင် ထိန်းသိမ်းထားသော နေရာဖြစ်သည်။ ထိုနေရာကိုလည်း မည်သူမှ မကျူးကျော်ရ။ မသိ၍ ယခု အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ကောက်ပဲ သီးနှံစိုက်ပျိုးခြင်းတို့ ပြုနေသော်လည်း နိုင်ငံတော်က လိုအပ်ပါက ထိုနေရာကို ထိန်းသိမ်းခွင့် ရှိသည်။

**ကာကွယ်စောင့်ရှောက်ရေးဇုန် (Protection Zone)** ဆိုသည်မှာ ယဉ်ကျေးမှု အထိမ်းအမှတ်ဇုန်နှင့် ရှေးဟောင်း သုတေသနဇုန်နှစ်ခုစလုံး၏ ပေ ၃၀၀ ပတ်ပတ်လည်လည် ဒေသကို ဆိုလိုသည်။ ထိုနေရာ ဒေသတို့တွင်လည်း ရှေးဟောင်းဆိုင်ရာ အနုပညာ ယဉ်ကျေးမှုသမိုင်းဆိုင်ရာ အထောက်အထားများ ရှိသောကြောင့် မကျူးကျော်ရ။ ယခု ထိုနေရာများတွင် အဆောက်အအုံ စိုက်ပျိုးမှု စသည်တို့ ယခုရှိသည်တိုင် လိုအပ်ပါ ထိုနေရာတွင် နိုင်ငံတော်က တူးဖော်ထိန်းသိမ်းခွင့် ရှိသည်။





ဆရာတော်ဦးပဏ္ဍိတာနန္ဒ

## ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

တကောင်းတွင် ပျူမြို့ပြ နိုင်ငံတော်ကြီး အမှန်တကယ် ထွန်းကားခဲ့သည်ဟူသောအချက်နှင့် ပတ်သက်၍ သက်သေသာဓက အထောက်အထား ပြည့်စုံစွာဖြင့် ဖော်ထုတ်ကြရာတွင် အနစ်နာခံ စွန့်လွှတ်စွန့်စား ကြိုးပမ်းဖော်ထုတ်ခဲ့သော ဆရာတော်ဦးပဏ္ဍိတာနန္ဒအား ဤစာအုပ်ဖြင့် လေးစားစွာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ချစ်စံဝင်း

၁–၁၂–၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com



## ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်၏အမှာစာ

တကောင်းသည် မြန်မာ့ရှေးဟောင်းသုတေသနလုပ်ငန်းနှင့် မြန်မာ့သမိုင်းတို့တွင် ငုပ်ကောင်ဖြစ်သည်။ တကောင်းကို မြန်မာတို့က မြန်မာ့သမိုင်း၏အစ မြန်မာ့ရှေးဟောင်းသုတေသနလုပ်ငန်း၏ အသည်းနှလုံးဟု သဘောထားခဲ့ကြ၏။ မြန်မာရာဇဝင်သမိုင်း ချောင်းများတွင် တကောင်းအကြောင်းကို အလေးထားဖော်ပြခဲ့သည်။

ထို့ကြောင့်လည်း ၁၉၀၄ ခုနှစ်မှစ၍ တကောင်းသို့ မြန်မာ့ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များ၊ စာပေပညာရှင်များရောက်ရှိကာ လေ့လာခဲ့ကြ၏။ ရှာဖွေခဲ့ကြ၏။ မြေပေါ်အထောက်အထား မြေအောက်အထောက်အထားများကို ရှာခဲ့ကြသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနသည် တကောင်းကိုစီမံချက်အရ ခြောက်ကြိမ်နှင့် ခမ်းသပ်တူးဖော်မှုအကြိမ် နှစ်ဆယ်မကတူးဖော်ခဲ့ကြ၏။ သို့သော် တကောင်းမှ ပုဂံထက်စောသော အထောက်အထား တစ်စုံတစ်ရာကို သတ်သတ်မှတ်မှတ် ရှာမတွေ့ဘဲရှိခဲ့သည်။ တကောင်းမှ တွေ့ရှိရသော အထောက်အထားများအားလုံးသည် ၁၁ ရာစုအနှောင်းပိုင်းထက်

www.burmeseclassic.com



မစောသော အထောက်အထားများကိုသာ ရှာဖွေတွေ့ရှိခဲ့ရသောကြောင့် တကောင်းဆိုင်ရာ မြန်မာတို့၏ဆန္ဒသည် ရှေ့မတိုးဘဲရှိခဲ့၏။

တကောင်းကို ရှေးဟောင်းသုတေသနဦးစီးဌာနကလည်း အစဉ်အဆက် မျက်ခြေမပြတ် လေ့လာခဲ့ကြသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များ သမိုင်းသုတေသနဌာနနှင့် မြန်မာ့သမိုင်း အဖွဲ့တို့မှလည်း တကောင်းကို ကွင်းဆင်းသုတေသနပြု လေ့လာခဲ့ကြသည်။ သို့တိုင်အောင် တကောင်းမှ ၁၁ ရာစု အနှော်ရထာထက် စောသော သမိုင်းအထောက်အထား တစ်စုံတစ်ရာမတွေ့ရှိဘဲ ငုတ်ကောင်အဖြစ်သာ ဆက်လက်တည်ရှိနေခဲ့၏။

ထိုကဲ့သို့ ဦးစီးဌာနများကသာ တကောင်းကို စိုက်လိုက်မတ်တတ် ရှာဖွေခဲ့သည်မဟုတ်၊ ဆရာကြီးဒေါက်တာသန်းထွန်း၊ ဆရာကြီး ဦးမောင်မောင်တင်၊ တမ္ပဝတီ ဦးဝင်းမောင်၊ စာရေးဆရာ ချစ်စံဝင်း၊ ဦးမင်းဟန်အစရှိသော ပုဂ္ဂိုလ်များကလည်း တကောင်းသို့ မကြာခဏ သွားရောက်ကာ လေ့လာခဲ့ကြ၏။ တကောင်းမှ ပျူခေတ်ဆိုင်ရာ မြေပေါ် အထောက်အထားများကိုကား တွေ့ရှိခဲ့ပါ၏။ သို့သော် မြေပေါ်အထောက် အထားမျှကို တွေ့ရုံဖြင့် တကောင်းကားပျူဟူ၍ ပြောဆိုရန် မခိုင်မာသေးဘဲ ရှိခဲ့ပါ၏။

၂၀၀၀ ပြည့်နှစ်သို့ ရောက်ရှိလာသောအခါ ဆင်ညှပ်ကုန်း ကျေးရွာ အနီး ဦးတင်ဝင်းကုန်းကို ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တူးဖော်ရာ တွင် တောင်တွင်းကြီးမြို့နယ် ဗိသုကာမြို့ဟောင်းမှ ကေကေဂျီ ၄ အဆောက်အဦးနှင့် အရွယ်အစားရော ပုံသဏ္ဌာန်ပါ တူညီသော အဆောက် အဦး ပန္နက်ဖြစ်သည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်ကြေငြာ ပေးခဲ့သည်။



ထိုပန္နက်ပုံ တွေ့ရှိမှုသည် တကောင်းကို စိတ်ဝင်စားသူအားလုံး အတွက် စိတ်အားထက်သန်မှုကို ဖြစ်စေခဲ့ပါသည်။ ထိုမှဆက်၍ ရှာဖွေရာ တကောင်းမှ လက်စင်းရာပါ အုတ်များ၊ ပျူပုတီးစေ့များ၊ မြေမီးဖုတ်ပစ္စည်း များ၊ ပျူအရိုးအိုးများကို တစ်စတစ်စတွေ့ရှိခဲ့ရာ ၂၀၀၃ ခုနှစ်သည် တကောင်း၌ ငုတ်ကောင်ပေါ်သောနှစ်ဖြစ်ပါ၏။ ထိုနှစ်ဦး ယဉ်ကျေးမှု ဝန်ကြီး၏ ခရီးစဉ်၌ ဆင်ညှပ်ကုန်းမှ ပျူအရိုးအိုး အမှတ် (၁) နှင့် (၂) ကို စတင်တွေ့ရှိခဲ့၏။ ယင်းမှ တစ်ဆက်တည်း ပျူအရိုးအိုး အမှတ် ၃၊ ၄၊ ၅၊ ၆ နှင့် ၇ တို့ကို ဆက်တိုက်တွေ့ရှိခဲ့၏။ လက်စင်းရာပါ အုတ်အများအပြားကိုလည်းကောင်း၊ ပျူဒင်္ဂါး၊ ပျူပုတီးစေ့နှင့် ဗိသုကာပန္နက် အထောက်အထားအများအပြား တွေ့ရှိရာမှ တကောင်း ဒေသသည် ပျူမြို့ပြနိုင်ငံတော်တစ်ခု ဖြစ်သည်ကို အခြားရှေးဟောင်း မြို့တော်များမှ တွေ့ရှိရမှုများနှင့် နှိုင်းယှဉ်ချိန်ထိုးလေ့လာသော အခါ တကောင်းမှ တွေ့ရှိရသော ပစ္စည်းများသည် သရေခေတ္တရာ ဗိဿနိုး မြို့ဟောင်းများတွင် တွေ့ရှိရသော ပျူခေတ်လက်ရာပစ္စည်းများထက် ပိုမိုရှေးကျသည်ကို စတင်သိရှိခဲ့သည်။

ထိုနှစ်ဦး ယဉ်ကျေးမှုဝန်ကြီး၏ ခရီးစဉ်၌ ဆင်ညှပ်ကုန်းမှ ပျူအရိုးအိုးအမှတ်(၁) နှင့် (၂)ကို စတင်တွေ့ရှိခဲ့၏။ ယင်းမှ တစ်ဆက် တည်း စာရေးဆရာချစ်စံဝင်းသည် တကောင်းကို တစ်စိုက်မတ်မတ် လေ့လာခဲ့သူတစ်ဦး ဖြစ်သည်။ တကောင်းမှ တွေ့ရှိမှုများကို အစဉ်တစိုက် မှတ်တမ်းတင်ခဲ့သူလည်း ဖြစ်သည်။ ဆရာချစ်စံဝင်းသည် တကောင်းအမှတ် (၃) အရိုးအိုးကို တွေ့ရှိရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ဖြစ်သည်။ တကောင်း မှ သံချက်ဖိုများ၊ ကြေးလက်နက်ပစ္စည်းများ၊ ကျောက်လက်နက် ပစ္စည်းများကိုလည်း ရှာဖွေဖော်ထုတ်နိုင်ခဲ့သူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဆရာချစ်စံဝင်း ရေးသားတင်ပြထားသော စာအုပ်သည် အဖိုးတန်သော သုတေသနပြုထားချက်စာအုပ်တစ်အုပ် ဖြစ်သည်။ တကောင်းနှင့် ပတ်သက်ပါက လူတိုင်းလက်စွဲပြု ကိုးကားရမည့် စာအုပ်လည်း ဖြစ်၏။ ဓာတ်ပုံများ၊ တိတိကျကျ ရေးဆွဲထားသော ပုံများ၊ မြေပုံများနှင့်လည်း တင်ပြထားပါ၏။ တကောင်းသည် ပျူမြို့ပြ နိုင်ငံတော် ဖြစ်သည်ဟူသော အထောက်အထားရှာဖွေမှုတွင် ကိုယ်တိုင်ကိုယ်ကျ တောက်လျှောက် ပါဝင်ခဲ့သူတစ်ဦး၏ ကိုယ်တိုင် တင်ပြထားမှု ဖြစ်၍လည်း ဤစာအုပ်ပါ တင်ပြချက်များသည် ခိုင်မာ၍ အဖိုးတန်သည်ဟု ဆိုရမည် ဖြစ်ပါ၏။

ဤစာအုပ်သည် တကောင်းကို ဆက်လက်တူးဖော်ရှာဖွေရေး အတွက်လည်း အင်အားသစ်များကို ပေးအပ်နိုင်သော စာအုပ်တစ်အုပ် ဖြစ်သည်။ ထို့ကြောင့် အမြန်ပုံနှိပ်ထုတ်ဝေသင့်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်း အမှာစကားရေးသားရ ပါသည်။ ဤသို့ စုစည်းတင်ပြသည့် အတွက်လည်း ဆရာဦးချစ်စံဝင်းအား ဌာနအနေနှင့်လည်းကောင်း၊ ကျွန်တော်တစ်ဦး ခြင်းအနေနှင့်လည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားရပါသည်။

ဦးညွန့်ဟန်
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

## တမ္ပဝတီဦးဝင်းမောင်၏ အမှာစာ
## (ဆရာ ကြည်နူးကျေနပ်မှာပါလေ)

စာရေးဆရာ မောင်ခေတ်ထွန်းရေးသားပြုစုခဲ့သော ဆရာချစ်စံဝင်း၏ အသက် ၆၀၊ စာအုပ် ၈၀ ဆိုသော စာအုပ်ကို ၂၀၀၁ ခုနှစ်ဦးဆီက ကျွန်တော်ဖတ်ခဲ့ရသည်။ ထိုအခါက အသက် ၆၀ မှာ စာအုပ် ၈၀ တောင်ရေးခဲ့ပါလား၊ စာရေးအားကောင်းတဲ့ စာရေးဆရာတစ်ယောက်ပေပဲဟု တွေးထင်ခဲ့ပါ၏။

ဆရာချစ်စံဝင်းသည် စာရေးအားကောင်းရုံသာမက စာအစုံရေးသော မြန်မာစာရေးဆရာတစ်ဦးဖြစ်၏။ ဆရာရေးသားသော စာများထဲတွင်၊ ဝတ္ထု၊ ဘာသာရေး၊ ခရီးသွား၊ ကြီးပွားတိုးတက်ရေး၊ လူငယ် ပြုပြင်ရေး၊ အတ္ထုပ္ပတ္တိ၊ ရာဇဝင်၊ ပထဝီဝင်၊ စီးပွားရေး၊ ပုံပြင်၊ ယဉ်ကျေးမှု၊ အနုပညာ၊ နိုင်ငံရေး၊ ကျန်းမာရေးနှင့် လူမှုရေးအကြောင်းအရာများ ပါဝင်သည်။ ၁၉၈၉ ခုနှစ်လောက်ဆီက ဆရာသည် ယဉ်ကျေးမှု အနုပညာဆိုင်ရာ မြန်မာ့ရုပ်သေးသဘင်စာအုပ်ကို ရေးခဲ့၍ ထုတ်ခဲ့ရသည်။ ဆရာသည် ရုပ်သေးပညာကိုဝါသနာပါ၍

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်ရုပ်သေးအဖွဲ့ကို ထူထောင်ခဲ့သူတစ်ဦး ဖြစ်သည်။ ဆရာသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆိုကရေးတီးပြိုင်ပွဲကြီးတွင် ရုပ်သေးအမှတ်ပေး ဗဟိုဒိုင်လူကြီးတစ်ဦး လည်းဖြစ်သည်။

၁၉၇၀ ပြည့်မတိုင်မီက ဆရာသည် အထက်မြန်မာပြည်သို့ မကြာခဏရောက်လာတတ်ရာ ရောက်လာ ရသည့်အကြောင်းရင်းမှာ ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ သတင်းအချက်အလက်ကိစ္စများကြောင့် ဖြစ်တတ်ပေရာ ထိုသို့လာရောက်တိုင်း ကျွန်တော်အပါအဝင် ကွယ်လွန်သူ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ကိုပညာ (အမရပူရ)၊ ဆရာ ပေါ်ဦးသက် အစရှိသောပုဂ္ဂိုလ်များ၊ အခြားစာပေနှင့် အနုပညာ လောကမှ ပုဂ္ဂိုလ်များနှင့် တွေ့တတ်ဆုံတတ်ကြသည်မှစ၍ ဆရာနှင့် ကျွန်တော်တို့လည်း ရင်းနှီးမှုရှိလာခဲ့ပါ၏။

ဆရာသည် လမ်းစဉ်သတင်းဂျာနယ်နှင့် တောင်သူလယ်သမားဂျာနယ်တို့တွင် အယ်ဒီတာလုပ်နေချိန်လောက်မှစ၍ ဆရာဦးမြင့်အောင်၊ ဆရာဦးသန်းဆွေ၊ ဆရာ မနုဿကျော်ဝင်း၊ ဦးကိုကို အစရှိသော ရှေးဟောင်းပညာရှင်များ၏ ဆောင်းပါးများကို သူ၏စာစောင်၊ ဂျာနယ်များတွင်အခါမလပ် ထည့်သွင်းခဲ့သည်။ ထိုစဉ်မှစ၍ ရှေးဟောင်း သုတေသနလုပ်ငန်း၊ သမိုင်းဆိုင်ရာလုပ်ငန်းများကို စိတ်ဝင်စားခဲ့သူဖြစ်ပြီး ဆရာသည် ဝိဇ္ဇာဘွဲ့ကို အရှေ့တိုင်း သမိုင်း၊ အနောက်တိုင်းသမိုင်း၊ မြန်မာစာတို့ဖြင့် ဘွဲ့ရခဲ့သူဖြစ်သောကြောင့် မူလကပင် သမိုင်းအမြင်၊ ရှေးဟောင်းသုတေသနအမြင်ရှိသူဖြစ်ပါ၏။

ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) မန္တလေးမှ ရန်ကုန်သို့ ပြောင်းသွားသောအခါ ဆရာကြီးနှင့် ဆရာချစ်စံဝင်းတို့သည် ရန်ကင်းတွင် တစ်ရပ်ကွက်တည်းနေဖြစ်ခဲ့ရာမှ ဆရာကြီးနှင့် အတူနေ၊ အတူသွားခဲ့ကြရင်း ဆရာသည် ရှေးဟောင်းသုတေသန လုပ်ငန်းကို ပို၍ကိုယ်ရောစိတ်ပါ ဝင်ရောက်လုပ်ကိုင်ခဲ့သူ တစ်ဦး ဖြစ်လာခဲ့သည်။

ဆရာချစ်စံဝင်းသည် ၁၉၉၈ ခုနှစ်က ဧရာဝတီမြစ် အစအဆုံး စာရေးဆရာ ၄၁ဦးနှင့်အတူ ဆရာကိုယ်တိုင် ဦးဆောင်မှုပြု၍ ဧရာဝတီစာပေခရီးကို သွားရောက်ခဲ့သူ ဖြစ်သည်။ ဧရာဝတီစာပေခရီး သင်္ဘောကြီး ပုဂံကိုဖြတ်သွား သောအခါ ကျွန်တော်သည် ပုဂံတွင်ရှိနေသော်လည်း ဆရာနှင့် မတွေ့ဖြစ်ခဲ့။ သို့သော် ဧရာဝတီ စာပေခရီးနှင့် လိုက်ပါလာသူ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) သည်ပုဂံတွင် ဆင်းနေရစ်ခဲ့ရာ ဆရာကြီးက ဆရာချစ်စံဝင်းနှင့်အတူ တကောင်းမှ ပျူအထောက်အထားဆိုင်ရာ အမိုးအုတ်ပြားများ ဖြစ်နိုင်ခြေရှိသော ပစ္စည်း ၃၁ စ ဧရာဝတီစာပေခရီးနှင့်အတူ ရန်ကုန်သို့ သယ်ဆောင်သွားကြောင်း ဆရာကြီး ဦးမောင်မောင်တင်က ပြောပြပါ၏။ ထိုအခါ ကျွန်တော်သည် ပုဂံမှ ဆရာ့အိမ်သို့လိုက်သွား၍ တကောင်းမှ ဧရာဝတီခရီးနှင့် အတူပါလာသော အုတ်ချပ်များကိုလေ့လာသောအခါ ထိုပစ္စည်း များသည် တကယ့် ပျူခေတ် ဆိုင်ရာပစ္စည်းများဖြစ်နေ၍ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) နှင့် ကျွန်တော်တို့သည်

www.burmeseclassic.com

တကောင်း-ဆင်ညှပ်ကုန်းရွာမှ ဦးတင်ဝင်းယာတဲသို့ ချက်ခြင်း အပြေးအလွှားသွားခဲ့ရပါသည်။ ဦးတင်ဝင်းယာတဲသည် ဆရာကြွန်ဆွေရေးသလို 'တကောင်းသည် ပျူအစစ်ပါဗျ' ဟု ပထမဆုံး သက်သေပြခဲ့သော ကုန်းမြေနေရာ ဖြစ်ပါ၏။ တကောင်းမှပျူအထောက်အထား ပထမဆုံး အခိုင်အမာ တွေ့ရှိခဲ့သောနေရာလည်း ဖြစ်ပါ၏။ ဤတွေ့ရှိမှုသည် ဆရာ ဦးချစ်စံဝင်းနှင့် ဦးဇင်မင်းဟန်တို့၏ ကျေးဇူးမကင်းဟု ဆိုရပါမည်။

၂၀၀၃ ခုနှစ်သို့ရောက်သောအခါ တကောင်းနှင့် ပတ်သက်၍ အချက်အလက် အတော်အတန် စုဆောင်းရရှိပြီး ဖြစ်သော ဆရာချစ်စံဝင်းသည် ဇနီးဖြစ်သူ ဆရာမလမင်းအိမ်နှင့် တွဲဖက်ကာ မြဝတီ စာပေတိုက်မှနေ၍ **'မြန်မာအစ အထောက်အထားလေ့လာချက်စာတမ်း'** ဆိုသော စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် ဆရာက ကိုတင်ဝင်း၏ ယာတဲကုန်းမြေနေရာကို လက်ဆုတ်၊ လက်ကိုင်ပြု၍ တကောင်းသည် ပျူဖြစ်ကြောင်း စတင်ပြဆိုခဲ့သည်။ ထိုစာအုပ်တွင် ဆရာက မြန်မာအစ ကျောက်ဆည်က ဆိုသောအယူအဆ မှေးမှိန်ခဲ့ရပြီးဖြစ်ပြီး တကောင်းမှ ခိုင်မာသောပျူ အထောက်အထားစတင် တွေ့ရှိပြီဖြစ်ကြောင်း တင်ပြ၍ တကောင်းမှ အနော်ရထာထက်စောသော အထောက် အထားမတွေ့လေပြီ ဆိုသည်မှာ မဟုတ်တော့ပြီ၊ မမှန်တော့ပြီဖြစ်ကြောင်း တင်ပြခဲ့ပါ၏။ ယင်းစာအုပ်ပါ အယူအဆများကို ဆရာသည် နေရာအနှံ့တွင် လိုက်ဟောပြောမှုများ ပြုခဲ့သည်။

**မြန်မာအစ အထောက်အထား လေ့လာချက်စာတမ်း** စာအုပ်ကို ဆရာသည်သတင်းသမား အမြင်နှင့်ရေးခဲ့ခြင်း ဖြစ်သည်။ သို့သော် ထိုစာအုပ်ငယ်သည် မြန်မာ့ရှေးဟောင်း သုတေသနလောကကိုလည်းကောင်း၊ မြန်မာ့သမိုင်း အစဦး အလာကိုသော်လည်းကောင်း လက်တို့သတိပေးလိုက်သည့် စာအုပ်ဖြစ်ပါ၏။ ထိုစာအုပ်ငယ်ပါ အကြောင်းအရာများသည် မြန်မာ့ရှေးဟောင်းသုတေသနလောကနှင့် မြန်မာ့ သမိုင်း နယ်ပယ်ကပါ လက်ခံတွေးတော စဉ်းစားစရာများ ဖြစ်လာခဲ့ပါ၏။

ဆရာသည် ၂၀၀၄ခုနှစ် ဧပြီလတွင် ဆယ်ချိုးဆိုက် စာမျက်နှာ ၂၇၀ကျော်ရှိသော **'မြန်မာမြို့ဟောင်း တကောင်း ရုပ်ပုံလွှာ'** ဟူသော စာအုပ်ကို မြန်မာစာပေအထောက်အထား၊ မြန်မာရှေးကျမ်းကြီး၊ ကျမ်းခိုင်တို့၏ အဆိုအမိန့်များ၊ သမိုင်းဆိုင်ရာအထောက်အထားများ၊ လတ်တလော တကောင်းမှတွေ့ရှိရသော မြေပေါ်အထောက်အထား အကိုးအကားတို့ဖြင့် တကောင်းသည် ပျူဖြစ်ကြောင်း ခိုင်ခိုင်မာမာ သုတေသန ပြုမှု ရေးသားထုတ်ဝေခဲ့ခြင်းဖြစ်သည်။ **မြန်မာ့မြို့ဟောင်း တကောင်းရုပ်ပုံလွှာစာအုပ်**သည် တကောင်းနှင့်ပတ်သက်၍ ပြောင်းလဲလာသောအမြင်ကို သတင်းရှုထောင့်မှ တင်ပြမှု ဖြစ်ပါ၏။ ထိုအချိန်တွင် အချို့ကလည်း ဆရာ့တင်ပြမှုသည် အများတွေ့ရှိချက်များကိုသာ စုစည်းတင်ပြမှုဖြစ်သည်၊ သမိုင်း

www.burmeseclassic.com

www.burmeseclassic.com

သုတေသနစာအုပ်မဟုတ်၊ သတင်းအချက်အလက် စာအုပ်သာဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ဆရာကလည်း ထိုစာအုပ်ကို သုတေသနအမြင်ထက် သတင်းအမြင်နှင့် ရေးခြင်းဖြစ်ပါ၏။ သို့သော် ဆရာသည် တကောင်းနှင့် ပတ်သက်၍ ထိုမျှနှင့် တင်းတိမ်မနေဘဲ တစ်နှစ်၊ နှစ်နှစ်အတွင်း တကောင်းသို့ ဆယ်ကြိမ် ဆယ်ခေါက်မက သွားရောက်လေ့လာမှုများကို ပြုလုပ်ခဲ့ပြီး တကောင်းနှင့်ပတ်သက်သော တတိယမြောက် စာအုပ်ဖြစ်သည့် **'တကောင်းမှ အသစ်တွေ့ရှိမှု အထောက်အထားများ'** စာအုပ်ကို ထပ်မံရေးသားထုတ်ဝေခဲ့ပါ၏။

ဆရာ၏ ယခင်ထုတ်ဝေသောစာအုပ်များသည် အများတကာ သုတေသနပြု တွေ့ရှိမှုများကို စုစည်း၍တင်ပြမှု ဖြစ်သော်လည်း တတိယစာအုပ်ဖြစ်သော **'တကောင်းမှအသစ်တွေ့ရှိမှုအထောက်အထား'** စာအုပ်တွင် ဆရာသည် သူကိုယ်တိုင်တွေ့ရှိမှု သုတေသနပြုမှုများနှင့် အခြားသုတေသီတို့၏ တွေ့ရှိမှုများကို တဝက်စီ ပေါင်းစပ်ဖြည့်ဆည်း တင်ပြလာခဲ့သည်။

သို့သော် ယခုအခါ ဆရာသည် တကောင်းနှင့်ပတ်သက်၍ စတုတ္ထမြောက်စာအုပ်ကို ထုတ်ဝေလိုက်ပါ၏။ ဤစာအုပ်သည် ဆရာ၏ အုပ် ၁၂၀ မြောက်ဖြစ်၍ စာအုပ်အမည်မှာ **'တကောင်းမှ ပျူအရိုးအိုးများ'** ဖြစ်သည်။ ဤစာအုပ်တွင် ဆရာသည် မီဒီယာသမားဘဝ၊ သတင်းသမားဘဝကို စွန့်လွှတ်၍ ရှေးဟောင်း သုတေသီတစ်ဦးအနေနှင့် သူကိုယ်တိုင်ရှာဖွေတွေ့ရှိမှုများကို သုတေသနအမြင်နှင့် ရေးသားတင်ပြထားပါ၏။

မြန်မာနိုင်ငံတွင် သုတေသနပညာရှင်များ ရှားပါးလာချိန်တွင် ဆရာချစ်စံဝင်းသည် တကောင်းကို မီဒီယာ အရေးအသားကိုစွန့်၍ သုတေသနအမြင်ဖြင့် တင်ပြခြင်းကြောင့် ကျွန်တော့်အနေနှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

ဆရာသည် သူ၏တကောင်းနှင့်ပတ်သက်သော စတုတ္ထမြောက်စာအုပ်ဖြစ်သော **'တကောင်းမှ ပျူရိုးအိုးများ'** စာအုပ်တွင် အက္ခရာအမှတ်အသားပြုထားသော တကောင်းအိုး ၁၀ လုံးနှင့် အမှတ် ၁ မှ အမှတ် ၇၅ အထိတွေ့ရှိသော တကောင်းအိုး ၇၅ လုံး စုစုပေါင်း တကောင်းအိုး ၈၅ လုံးတို့၏ အကြောင်းကိုတွေ့ရှိမှု၊ တွေ့ရှိသည့်နေရာ၊ တွေ့ရှိပုံတွေ့ရှိနည်း၊ အိုးတစ်လုံးစီ၏ အတိုင်းအတာများနှင့်တကွ အိုးနှင့်ပတ်သက်သော သုံးသပ်တင်ပြချက်များနှင့်ပါ ရေးသားထားရာ ဤစာအုပ်သည် ဆရာ၏ တကောင်းအပေါ် သံယောဇဉ်ကြီးစွာ ပြုစုထားသော ကြိုးပမ်းမှုအဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ ထိုကြိုးပမ်းမှုသည် မြန်မာ့ရှေးဟောင်းသုတေသနအတွက် လိုအပ်နေသော ကိစ္စလည်းဖြစ်ပါ၏။ ဤစာအုပ်သည် မီဒီယာသမား၊ သတင်းသမားဘဝမှ ရှေးဟောင်းသုတေသီဘဝသို့ ကူးပြောင်း လာသော ဆရာချစ်စံဝင်း၏ မှတ်တိုင်တစ်ရပ်ဖြစ်သည်ဟု ဆိုရမည်လည်းဖြစ်ပါ၏။

ဆရာသည် အသက် ၆၀ ကာလထိ စာအုပ် ၈၀ ရေးသားခဲ့ပြီး ယခုအသက် ၆၆ နှစ်တွင် စာအုပ် ၁၂၀ အုပ်အထိ

www.burmeseclassic.com

www.burmeseclassic.com

ရေးနိုင်ခဲ့ရာ အသက် ၆၀ ကျော်မှ ၆ နှစ်တွင်စာ ၄၀ အုပ် ရေးသားခြင်း ဖြစ်၍တစ်နှစ်တွင် စာအုပ် ၆ အုပ်မှန်မှန် ရေးသားနိုင်မှုကို လေးစားရပါ၏၊ အသက် ၆၀ ကျော်မှ ရေးသည့် စာအုပ် ၄၀ တွင်တကောင်းစာအုပ် ၄ အုပ် ပါဝင်သောကြောင့်လည်း ဝမ်းသာရပါ၏။

ဆရာအား ရှေးဟောင်းသုတေသနလုပ်ငန်းကို ပညာရှင်ရှုထောင့်မှ လေ့လာဆည်းပူးမှုကို တိုက်တွန်းဆော်သြမှုပြုခဲ့သူမှာ အခြားသူမဟုတ် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ပင်ဖြစ်သည်၊ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) နှင့်ဆရာချစ်စံဝင်းတို့ ရန်ကင်းတွင် တစ်ရပ်ကွက်ထဲ အတူနေစဉ်က နေ့စဉ်က နံနက်တိုင်း လက်ဖက်ရည် အတူသောက်ရင်း ဆရာကြီးက ရှေးဟောင်း စိတ်ဓါတ်များသွတ်သွင်းပေးခဲ့ခြင်းဖြစ်ရာ ဆရာသည်မှုလက ရှေးဟောင်းအထုံရှိသည်နှင့်အညီ ရှေးဟောင်း သုတေသီ တစ်ဦးအမြင်ဖြင့် မြန်မာတကောင်းသည် ပျူတကောင်း ဖြစ်ကြောင်း လက်ဆုပ်လက်ကိုင်ပြရေသား၍ ဤစာအုပ်အား ထုတ်ဝေလိုက်သည်ကို ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) သည် ရောက်ရာဘဝမှ ကြည်နူးကျေနပ်မှာပါလေ . . .

တမ္ပဝတီဦးဝင်းမောင်

၂၄-၉-၂၀၀၅



## နိဒါန်း

သာလွန်မင်းတရားကြီး မေး၍ တောင်ဖီလာဆရာတော် အဖြေကျမ်းတွင် တကောင်းသည် မြန်မာ၏အမွန်ဟု ဆိုသည်။ ထို့ပြင် ခရစ်နှစ် ၁၇၁၁ ခု၊ လောကမာရ်အောင်စေတီတော် ဒါယိကာ တနင်္ဂနွေမင်းလက်ထက်တွင် ရေးသားသောဦးကုလား မဟာရာဇဝင်တော်ကြီးနှင့် ဗဒုံမင်းကိုယ်တော်တိုင် တိုက်တွန်း၍ ခရစ်နှစ် ၁၇၈၀ ပြည့်နှစ် တွင်းသင်းတိုက်ဝန် ဦးထွန်းညိုကိုယ်တိုင် ကျောက်စာတစ်ထောင်ကျော်နှင့် ပျို့မော်ကွန်းချင်းများကို အကိုးအကားပြုရေးသားသော တွင်းသင်းမဟာဝင်သစ်တို့တွင်လည်း တကောင်းအကြောင်း အပြည့်အစုံ ပါရှိသည်။

တစ်ဖန် ခရစ်နှစ် ၁၈၂၉ ခု စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက်တွင် အရိယဝံသ၊ အာဒိစ္စရံသီ မုံရွေးဆရာတော်ဘုရား ကြီးကိုယ်တိုင် ဦးစီး၍ သော်ကပင်ဆရာတော် အပါအဝင် အမတ်ကြီးမဟာဓမ္မသင်္ကြန်၊ မြင်းစုကြီးဝန်မဟာသီဟသူ စသော မြန်မာပညာရှိ(၉)ဦးနှင့် ပုဏ္ဏားပညာရှိ ရာဇဒေဝနှင့် ဘုမ္မိန္ဒြတို့ စုပေါင်း ပါဝင်၍ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိ (၁၃)ဦးတို့ ညှိနှိုင်းရေးသားပြုစုသည့် မှန်နန်းရာဇဝင်ကြီးတွင်လည်း တကောင်းအကြောင်း အကျယ်တဝင့် ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်နန်းမဟာရာဇဝင်တော်ကြီး၌ တကောင်းအကြောင်း ရေးရာတွင်–

မြန်မာဦးစွန်းထွန်းစဖြစ်သော တကောင်းပြည်၏ အခြေအမြစ်ကို လည်းကောင်း။ အာဒိစ္စဝံသ သာကီဝင်ဖြစ်သော မြန်မာတို့၏ အနွယ်အလာကို လည်းကောင်း နှောက်နှောင် ထင်ရှားစိမ့်သောငှာ–

မဇ္ဈိမပဒေ အဋ္ဌာကထာ စသော သာသနာကျမ်း

ဂေါတမ ပုရာဏ စသော လောကီကျမ်း

ရခိုင်ရာဇဝင်

တကောင်းရာဇဝင်

တကောင်းရွှေနန်းတည်သမိုင်း

ရခိုင်မဟာမုနိတည်သမိုင်း

ရခိုင်မဟာမုနိသမိုင်း

အရပ်ရပ် ရာဇဝင် ရာဇပုံစာဟောင်း မူဟောင်းတို့မှ ယုတ္တိ အာရုံ အလုံးစုံ ညှိနှိုင်း၍ ထုတ်နှုတ်ပြဆိုသည် ဟု ကျမ်း အကိုးအကားနှင့်တကွ တကောင်းအကြောင်းကို ဖော်ပြသည်။

ထိုမှတစ်ပါး မြန်မာစာပေ၊ မြန်မာရာဇဝင်၊ မြန်မာ့မော်ကွန်းမှတ်တမ်း အရပ်ရပ်တို့၌လည်း တကောင်းအကြောင်း ပါရှိ၏။ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ပြုစုပျိုးထောင်သော ချေင်းများတွင် တကောင်းအကြောင်း ပါရှိ၏။ တပင်ရွှေထီးချေင်း၊ သခင်ကြီးချေင်း၊ ဘုရင့်နှမတော်ချေင်း၊ ပလိပ်စားချေင်း၊ မင်းတရားမယ်တော်ချေင်း၊ ရခိုင်မင်းသမီးချေင်းတို့တွင် တကောင်း အကြောင်း ပါရှိ၏။ ရာဇဝံသတေးကဗျာတွင်လည်း တကောင်း ပါရှိသည်။ ဒမ္မူကွန်ချာကျမ်း၊ စမ္ဗူဒီပ ဥဆောင်းကျမ်း၊ ဆရာတော်ဦးယောကြီး၏ တကောင်းရာဇဝင်တို့တွင် တကောင်းအကြောင်း ပါရှိသည်။ သို့သော် မြန်မာရာဇဝင်သမိုင်းတို့တွင် မည်သို့ပင်ဆိုစေ ကိုလိုနီခေတ် မျက်နှာဖြူသမိုင်းရေးဆရာတို့က–

"ပုဂံနိုင်ငံကို စတင်တည်ထောင်သူမှာ အနော်ရထာဘုရင် (၁၀၄၄–၁၀၇၇) ဖြစ်လေသည်။ သူသည် မြန်မာပြည်၏ ပထမဆုံးဘုရင်ဖြစ်သည်။ သူသည် မြန်မာပြည်၏ ပထမဆုံးရှင်ဘုရင် ဖြစ်၍ မြန်မာရာဇဝင်အစသည် သူ့ခေတ်က မှစ၏"





ဟုရေးသားကာ ယင်းတို့သည် တကောင်းကို အစဉ်အဆက် ဒဏ္ဍာရီပုံပြင်များအတွင်းသို့ သွတ်သွင်းခဲ့ကြ၏။ တစ်ဖန် တကောင်းကို တူးဖော်ခဲ့သော မပြည့်စုံသည့် သုတေသနပြုမှုတို့ နှင့် မဝံ့မရဲရှိသော ဆုံးဖြတ်ချက်တို့ကလည်း တကောင်းမှ အနော်ရထာထက်စောသော အထောက်အထားမတွေ့ဟု မှတ်ချက်ပြုခဲ့ပြန်သောအခါ မြန်မာတို့၏အဦးအဖျားဆိုသော တကောင်းသည် ခရစ်နှစ် ၂၀၀၀ ပြည့်တိုင် ဒဏ္ဍာရီပုံပြင်ထဲမှ ရုန်းမထွက်နိုင်ဘဲ အပိတ်အလှောင်ခံနေခဲ့ရပါ၏။ ထို့ပြင် မြန်မာအစ ကျောက်ဆည်ကဟု (၁၉၃၀) ဝန်းကျင်သို့ ရောက်ရှိသောအခါ ပါမောက္ခဆရာကြီး ဂျီအိပ်ချ်လုပ် (စ) က အဆိုပြုခဲ့ပြန်ရာ တကောင်းသည် သမိုင်းကြောင်း အမှန်လမ်းမှ ဝေးကွာခဲ့ရပြန်ပါ၏။

သို့သော် တကောင်းနှင့် ပတ်သက်၍ အမှန်ကို သုတေသနပြု အစဖော်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးကား ရှိခဲ့သည်။ ထိုသူကား အခြားသူမဟုတ် ဂျာမန်လူမျိုး သုတေသီ အိန္ဒိယနိုင်ငံကျောက်စာ ဝန်ဟောင်း ဒေါက်တာဖူးရား Dr. Fuhrer ဖြစ်သည်။ ဒေါက်တာဖူးရားက–

ဂုတ္တစိုးစံနှစ် ၁၀၈ (ဝါ) အေဒီ ၄၁၆

ဂုတ္တစိုးစံနှစ် ၁၆၃ (ဝါ) အေဒီ ၄၁၈ နှင့်

သက္ကစိုးစံနှစ် ၅၃၂ (ဝါ) အေဒီ ၆၁၀

ရက်စွဲများထိုးထားသည့် ကျောက်စာများကို တကောင်းနှင့် ပုဂံဂူဆိပ်ဘုရားဝရုဏ်အတွင်း၌ တွေ့ခဲ့သည်ဟု အတိအလင်းရေးသားခဲ့၏။ ထိုရေးသားချက်ကို ကိုလိုနီသမိုင်းဆရာတို့က ပယ်ခဲ့သည်။ ဖူးရားသည် ဤစာကို ရေးသားချိန်တွင် ဉာဏ်အား ဆုတ်ယုတ်နေပြီ (ရူးနေပြီ) ဖူးရားသည် တကောင်းသို့ ခဏသာ ရောက်ရှိခဲ့သည်။ ဖူးရားလေ့လာသော ကာလက သူပုန်များရှိနေ၍ အေးအေးဆေးဆေး လေ့လာခြင်း မရှိ၍ ဖူးရာ ရေးသားချက်များသည် မမှန် စသည်ဖြင့် အကြောင်းမျိုးစုံပြကာ ဖူးရား၏ အဆိုကို ပယ်ခဲ့ကြ၏။ အမှန်စင်စစ် ဖူးရားသည် တကောင်းမှ သက္ကဋကျောက်စာများကို တကယ်တွေ့ရှိခဲ့ခြင်းဖြစ်၏။ တကောင်းဒေသတွင် ဖူးရားသည် ခဏသာနေခဲ့ခြင်းမဟုတ် သုံးနှစ်ခန့်နေခဲ့ဖူး၍ မန်လည်ဆရာတော်ကြီး၏ အိန္ဒိယမှ စွယ်တော်ပင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရေးကိစ္စများတွင် ဖူးရား ပါဝင်ကူညီခဲ့သေးကြောင်း အထောက်အထားများ ရှိခဲ့ပြီ ဖြစ်ပါ၏။

ကိုလိုနီသမိုင်းရေးဆရာတို့က မည်သို့ပင်ဆိုစေ မျိုးချစ်မြန်မာတို့သည် တကောင်းကို သံယော ဇဉ်မပြတ်ဘဲ ရှိခဲ့ကြ၏။ တကောင်းကို မမေ့မလျော့ဘဲ ရှိကြ၏။ တကောင်းကို လွန်ခဲ့သော အနှစ် ၁၀၀ ခန့်မှစ၍ မြန်မာတို့ မျက်ခြေမပြတ် လေ့လာခဲ့ကြ၏။ မြန်မာမျိုးချစ်ပုဂ္ဂိုလ် ကြီးများသည် တကောင်းကို ၁၉၀၀ ပြည့်ကျော်ကာလမှစ၍ အစဉ်အဆက် လေ့လာခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ကျောက်စာဝန်မစ္စတာတော် စိန်ခိုသည် တကောင်းသို့ ခက်ခက်ခဲခဲသွားရောက်၍ တကောင်း၏ အစမူလကို ရှာဖွေခဲ့၏။ မစ္စတာတော်စိန်ခိုသည် ၁၉၁၆ ခုနှစ်တွင်လည်း တကောင်းသို့ ထပ်မံသွားရောက်၍ ရှာဖွေလေ့လာမှုများ ပြုခဲ့သည်။ ၁၉၂၃ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်များတွင် ကျောက်စာဝန် ဦးမြသည် တကောင်းသို့ သွားရောက်၍ ကွင်းဆင်းလေ့လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်သို့ ရောက်သောအခါ ရှေးဟောင်း သုတေသန ညွှန်ကြားရေးဝန် မြန်မာပညာရှိမျိုးချစ် ပုဂ္ဂိုလ်ကြီး ဦးဖိုးလတ်နှင့် အဖွဲ့သည် တကောင်းသို့ သွားရောက်ခဲ့၏။ ဆရာကြီးဦးဖိုးလတ်နှင့် အဖွဲ့သည် ဧရာဝတီမြစ်ရိုး တစ်လျှောက်ရှိ ခက်သင်၊ မလည်၊ ကြံညှပ်၊ ထီးချိုင့်၊ ရွှေဂူ၊ ကောင်းတုံမှသည် ဆောင်ချမ်းဒေသများသို့တိုင် သွားရောက်လေ့လာကာ တကောင်းကို သုတေသနပြုခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ရှေးဟောင်း သုတေသနဦးစီးဌာနမှ သုတေသနဝန်ထောက် ဦးမြင့်အောင်နှင့်အဖွဲ့က တကောင်းအား သုတေသနပြု တူးဖော်ရန် ပဏာမ ကွင်းဆင်းလေ့လာသည်။

*

ရှေးဟောင်းသုတေသနဦးစီးဌာနသည် ၁၉၆၇–၆၈ နှင့် ၁၉၆၈–၆၉ ဘဏ္ဍာရေးနှစ်များတွင် တကောင်း၌ ကုန်းပေါင်း (၁၂)ကုန်းကို နှစ်ကြိမ် တူးခဲ့သည်။ ပထမအကြိမ်တူးဖော်မှုကို သုတေသနဝန်ထောက် ဦးစိန်မောင်ဦးနှင့် အဖွဲ့က ပြုလုပ်၍ ဒုတိယအကြိမ် တူးဖော်မှုကို ရှေးဟောင်းသုတေသန ပညာရှင် ဦးသန်းဆွေက ပြုလုပ်ခဲ့သည်။ ၁၉၉၃–၉၄ နှစ်များတွင် ဦးကိုကို၊ ဦးအောင်နိုင်မြင့်၊ ဦးတင်စိုးတို့က တကောင်းအား နှစ်ကြိမ်ထပ်၍ တူးသည်။



ထိုစဉ်က ရွှေပြားဖောင်းကြွ ဆင်းတုတော်တစ်ဆူ တူးဖော်ရရှိ၏။ ၁၉၉၇–၁၉၉၈–၁၉၉၉ ခုနှစ်များတွင် တကောင်းအား အကြိမ်ကြိမ်တူးဖော်ခဲ့၏။ (၁၆–၁–၉၇) မှ (၅–၂–၉၇) နေ့တိုင် ဆရာကြီးဒေါက်တာသန်းထွန်း ဦးဆောင် ပါဝင်သော (၁၁) ဦး ပါဝင်သော အဖွဲ့သည် တကောင်းဒေသသို့ ကွင်းဆင်းလေ့လာခဲ့၏။ ထိုစဉ်က အစီရင်ခံစာထွက်ရှိသည်။ ထိုသို့ အကြိမ်ကြိမ် တူးဖော်လေ့လာခဲ့ကြသော်လည်း ကံမကောင်း အကြောင်းမလှစွာဖြင့် တကောင်းမှ အနော်ရထာ (၁၁) ရာစုထက်စောသော အထောက်အထား တစ်စုံတစ်ရာကိုမျှ မရရှိခဲ့သောကြောင့် ၂၀၀၀ ပြည့်နှစ်တိုင် ရေးသားထုတ်ဝေသော ကျောင်းသုံးစာအုပ် စွယ်စုံကျမ်း အပါအဝင် အထွေထွေ အရပ်ရပ်သော စာအုပ်စာတမ်းများတွင် တကောင်းသည် (၁၁) ရာစုထက် မစောဟုသာ ရေးသားဖော်ပြခြင်း ခံခဲ့ရ၏။

တကောင်းကို ထိုကဲ့သို့ သဲသဲမဲမဲရှာဖွေရာတွင် တကောင်းမှ (၁၁) ရာစုလွန် အထောက်အထားများ ရှာဖွေ၍ မတွေ့ရှိခြင်းတော့ မဟုတ်။ ပျူတို့နှင့် ပတ်သက်သော အရိုးအိုးအပိုင်းအစများ၊ လက်စင်းရာအုတ်များ၊ ကြေးပစ္စည်းများ၊ အိုးခြမ်းပဲ့များကို အစဉ်အဆက် ရှာဖွေကြသော သုတေသီများ ပညာရှင်များသည် တွေ့တော့တွေ့ကြသည်သာ ဖြစ်သည်။ သို့သော် ထိုပစ္စည်းမျှလောက်ကို လက်ဆုတ်လက်ကိုင်ပြု၍ တကောင်းတွင် ပျူမြို့နိုင်ငံတော်ကြီး ထွန်းကားခဲ့သည်ဟု သမိုင်းပညာရှင်များက လက်မခံလိုခြင်းကြောင့် လည်းကောင်း၊ ရှေးအစဉ်အဆက် ဩဇာကြီးမားသော ဆရာကြီးလု(စ်)ကဲ့သို့ သူတို့၏ ပြောစကားကို မလွန်ဆန်လိုသောကြောင့် လည်းကောင်း တကောင်းသည် ၁၁ ရာစုထက် စောကြောင်း မပြောဖြစ်ခဲ့ကြခြင်း ဖြစ်သည်။

တကောင်း၏ အစကို ရှာဖွေခြင်းသည် မြန်မာနိုင်ငံသမိုင်း၏ အစ၊ မြန်မာရှေးဟောင်းသုတေသနလုပ်ငန်း နှလုံးသားကို ရှာဖွေခြင်းဖြစ်ရုံသာမက ဤကိစ္စသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် စပ်ဆိုင်သော ကိစ္စလည်းဖြစ်၍ အရေးကြီးလှပါ၏။ ထို့ကြောင့် ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) အသက်ရှင် ထင်ရှားရှိစဉ်က တမ္ပဝတီ ဦးဝင်းမောင် ပါဝင်လျက် သူနှင့် သူ၏ မန္တလေးဗိသုကာပညာရှင်အဖွဲ့သည် တကောင်းသို့အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



သွားရောက် လေ့လာခဲ့ရာမှ တကောင်းပတ်ဝန်းကျင်မှ ပျူခေတ် မြေပေါ် အထောက်အထားများကို စောင်ရှာဖွေတွေ့ရှိခဲ့၏။ ထိုတွေ့ရှိမှုသည် တကောင်းအား သုတေသနပြုသူများကို တအားတက်စေခဲ့သည်။ ထို့နောက် ဦးမင်းဟန် (ဦးပဏ္ဍိတာနန္ဒ) သည် ဆင်ညှပ်ကုန်းရွာမှ ဦးတင်ဝင်းကုန်းကို တွေ့ရှိခဲ့၏။ ယင်းသို့သော ဖြစ်ပေါ်တွေ့ရှိလာရသော အထောက်အထားများကို အခြေခံ၍ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာန ဝန်ထမ်းများနှင့် သုတေသီများ ပူးပေါင်းကာ ၂၀၀၃ ခုနှစ်ဆန်းမှစ၍ တကောင်းကို ဖိဖိစီးစီး သုတေသနပြုမှုများ ဆောင်ရွက်ခဲ့ကြ၏။

ထိုဆောင်ရွက်မှုသည် အောင်မြင်သည်ဟု ဆိုရမည် ဖြစ် ၏။ ၂၀၀၃ ခုနှစ် နှစ်ဆန်းတွင်ပင် တကောင်းမှ ပျူလူမျိုးတို့ အသုံးပြုလေ့ရှိသော လက်စင်းရာပါ အုပ်ချုပ်များ၊ ပျူဒင်္ဂါးများ၊ ပျူပုတီးစေ့များ၊ ကြေးနှင့် သံထည်ပစ္စည်းများ၊ မောင်တင့်တယ်တို့ခေတ် သံချက်ဖိုကြီးများ၊ ပျူခေတ် ပန္နက်ပုံစံများနှင့် ပျူအရိုးများကို တွေ့ရှိခဲ့ရ၏။ တကောင်းမှ ပျူအရိုးအိုးကို အမှတ် (၁) နှင့် (၂) တို့ကို (၁၉-၅-၂၀၀၃) ခုနှစ် တကောင်း ဆင်ညှပ်ကုန်းမှ ယဉ်ကျေးမှုဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၏ ခရီးစဉ်တွင် စတင်တွေ့ ရှိ၏။ အရိုးအိုးအမှတ် (၁) တွင် နွားလားဥသဘပုံ (၂၀) ပါဝင်၍ သံမှိန်းနှစ်လက်နှင့် အရိုးများ ပါဝင်သည်။ တတိယ အရိုးအိုးကိုကား (၂၀-၆-၂၀၀၃) ရက်နေ့တွင် တကောင်းမြို့လည်ခေါင်မှ စာရေးသူကိုယ်တိုင် တွေ့ရှိခြင်း ဖြစ်သည်။ ထိုအိုးအတွင်းမှ ခရုပတ်ပုံ ကြေးခြူလုံး (၅) လုံး ရရှိ၏။ ထိုခြူမျိုးကို ထိုင်းနိုင်ငံ ဘန်ချိုင်းဒေသတွင်လည်း တွေ့ရှိရာ ထိုင်းကြေးခြူများကို ကမ္ဘာ့သုတေသန ပညာရှင်တို့က BC ၃၀၀ မှ ပစ္စည်းဟု လက်ခံခဲ့ကြ၏။ ထို့ကြောင့် ငုံ့ခံတု မြန်မာပစ္စည်းသည်လည်း ထိုခေတ်ကာလထက် နောက်မကျဟု မှတ်ယူနိုင်ပါ၏။

ကျောက်ခေတ်နှင့် ကြေးခေတ်ကာလများတွင် လူများ သေပါက မီးသင်္ဂြိုဟ်မှုပဲ မြေမြှုပ်သင်္ဂြိုဟ်လေ့ရှိသော်လည်း ပျူခေတ်တွင် ပျူလူမျိုးတို့သည် ယင်းတို့ သေဆုံးပါက အလောင်းကို မီးရှို့၍ ကျန်ရစ်သော အရိုးများ၊ ပြာများ၊ မီးသွေးစများနှင့် သေသူ၏ အသုံးအဆောင်ပစ္စည်းများကို အိုးတွင်ထည့်





၍ မြေတွင်မြှုပ်နှံသော ဓလေ့ထုံးစံရှိသည်။ တကောင်းမှ ၂၀၀၃ ခုနှစ်အတွင်း အရိုးအိုးနှင့် ပျူအသုံးအဆောင်ပါအိုးရှိသော အိုး (၁၀) လုံးကို မြေထဲမှ တူးဖော်ရရှိရာ ရေတကောင်းများမှအပ အိုးအားလုံးတွင် အရိုးများပါရှိ၏။ ယင်းအိုးအားလုံးကို ပျူအရိုးအိုးချည်းသာ ဖြစ်သည်ဟု သုတေသီတို့က တညီတညွတ်တည်း သတ်မှတ်ခဲ့၏။ ထိုအချက်များသည် တကောင်း၌ ပျူမြို့ပြယဉ်ကျေးမှုကြီး ခရစ်နှစ်မတိုင်မီ အနှစ် (၅၀၀) ကျော်ကပင် ထွန်းကားခဲ့ကြောင်း မငြင်းဆိုနိုင်သည့် သက်သေအထောက်အထားဖြစ်၏။

ယခုအခိုင်အမာ တူးဖော်တွေ့ရှိသောအခါတွင်ကား တကောင်းသည် အေဒီ (၁၁) ရာစုထက် စောရုံသာမက ဘီစီတစ်ထောင်စုခန့်က ဟု၍ပင် မြန်မာ့သမိုင်းကို အမှန်တကယ် ထုတ်ဖော်ရေးသားရန် အကြောင်းတရားများ လက်ဆုပ်လက်ကိုင် ရရှိလာရပြီဟု ဆိုရမည် ဖြစ်ပါ၏။

၂၀၀၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက တကောင်းမှ တူးဖော်တွေ့ရှိရသော ပစ္စည်းများက ယခင်တွေ့ရှိရသော ပစ္စည်းများထက် ပို၍ခိုင်မာ၏။ ယခင်ထက် ပို၍ ထုထည်ကြီးမား၏။ များပြား၏။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့က တကောင်း အ-ထ-က ကျောင်းအုပ်ကြီး ဦးဝင်းမြင့်သည် ကျောင်း ဝင်းအရှေ့တောင်ထောင့်တွင် အိမ်သာကျင်းတူးရာမှ ညောင်ရေအိုးသဏ္ဌာန် ဆင်နှင့် နွားရုပ်ခြံရံလျက် လူမျက်နှာတံဆိပ်ခပ်နှိပ်ထားသော အိုးတစ်လုံးကို ကြေးခြူ (၁၅) လုံး၊ မြေပုတီးစေ့ (၁၃) လုံး၊ အခြားအသုံးအဆောင်များနှင့်အတူ မြေအနက် (၄) ပေ (၃) လက်မမှ တူးဖော်ရရှိ၏။ ထိုတွေ့ရှိမှုကို အခြေခံ၍ ထိုနေရာတွင် ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့က ဆက်လက်တူးဖော်ရာ ယင်းနေရာမှ ပျူအရိုးအိုး၊ ရေတကောင်းနှင့် ခရွက် စုစုပေါင်း (၂၃) လုံးရရှိ၏။ ဆက်လက်တူးဖော်ရာ ပထမတွေ့ရှိသော နေရာမှ မြောက်ဘက် တစ်ပေခန့်အကွာ မြေပြင်မှ အနက် (၂) ပေ (၆) လက်မတွင် ပျူအရိုးအိုးနှင့် ရေတကောင်း (၁၂) လုံးတို့ကို တွေ့ ရှိရသည်။

ယင်းတွေ့ရှိမှုကို အခြေပြု၍ ထိုဝန်းကျင်တွင် ဆက်လက် တူးဖော်ရာ အနီးအနား (၆) ပေအနက်မှ ပျူအရိုးအိုးနှင့် ရေတကောင်း (၂၅) လုံး၊ အနီးအနား (၃) ပေ (၈) လက်မ နေရာမှ ပျူအရိုးအိုး (၈) လုံး၊ စုစုပေါင်း ပျူ



www.burmeseclassic.com

www.burmeseclassic.com



အရိုးအိုးနှင့် ရေတကောင်း (၆၄) လုံးကို တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း တွေ့ရှိခဲ့သည်။ တတိယနေရာမှ နောက်ထပ် အိုးတစ်လုံး ထပ်တွေ့ရာ စုစုပေါင်း တွေ့ရှိသည့် အိုး (၆၅) လုံး ဖြစ်သည်။ ထိုတွေ့ရှိမှုက တကောင်း၌ ပျူလူမျိုးတို့သည် မြို့ပြ နိုင်ငံထူထောင်၍ အခြေတကျနေထိုင်သွားကြောင်း အခိုင်အမာ အတည်ပြုနိုင်သည့် အထောက်အထားဖြစ်သည်။ ထိုကဲ့သို့ ပျူအရိုးအိုးများ အစုလိုက် အပြုံလိုက် တွေ့ရှိမှုမျိုးကို ယခင်က ကြုံတွေ့ခဲ့ရခြင်း မရှိပါ။ ယခု ဤစာအုပ်သည် တကောင်းမှ ယခုကဲ့သို့ အစုလိုက် အပြုံလိုက် တွေ့ရှိရသော ပျူအရိုးအိုး ၇၅ လုံးကို မပျောက်မပျက်အောင် မှတ်တမ်းတင်ထားရှိမည့် စာအုပ်ပင်ဖြစ်သည်။

ထို့ပြင် တကောင်းလွင်ပြင်မှ သံချက်ဖို အလုံး (၃၀) ခန့်ကို နတ်လှေကား၊ ကြည့်ပ်ရွာတွင်း၊ ပုတီးဖြူဝန်းကျင်နေရာတို့မှ တွေ့ရှိခဲ့ရပြီး ကျောက်ခေတ်ဦး ကျောက်ခေတ်နှောင်းမှ ကျောက်လက်နက်ပစ္စည်းများ၊ ကြေးခေတ်သုံးမိုးကြိုးသွားများ၊ ဒင်္ဂါးများ၊ အက္ခရာအရေးအသားပါ အုတ်ချပ်များကိုလည်း ဆက်လက်တွေ့ရှိခဲ့ရာ ထိုအချက်တို့က တကောင်းလွင်ပြင်တွင် ပျူတိုင်းရင်းသားများသာမက ပျူအကြီးလူသားများပင် နေထိုင်ခဲ့သည် ဆိုသော ခိုင်မာသော အထောက်အထားများကို ရရှိစေခဲ့၏။

ထို့ပြင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် တကောင်းနှင့် ခေတ်ပြိုင် ထွန်းကားခဲ့သော ပဥ္စာလ (၅) မြို့ အပါအဝင် ခေါသန္တီ၊ ရသား၊ ပန်းကိုင်း၊ ငှက်ပျောတိုင်း၊ ဘော၊ ဇင်း အစရှိသော ဒေသများတွင်လည်း ပျူယဉ်ကျေးမှု အထောက်အထားများကို တွေ့ရှိခဲ့ပြီး ဖြစ်သည်။

တကောင်း၏ တည်နေရာကို ဖော်ပြကြရာတွင် ရှေးဟောင်း မြန်မာစာပေ မြန်မာကျမ်းဂန်၊ မြန်မာ့သမိုင်းရာဇဝင်များတွင် တကောင်း၏ အနောက်ဘက်တွင် ဧရာဝတီမြစ် စီးဆင်းခဲ့သည်ဟု မဆိုခဲ့၊ ယခုမူ ဧရာဝတီမြစ်သည် တကောင်း၏ အနောက်ဘက်မှ စီးဆင်းလျက် ရှိလေရာ တကောင်းလွင်ပြင်တွင် ဧရာဝတီမြစ်ကြောင်း ပြောင်းလဲစီးဆင်းသည့်ကာလကို သိရှိပါက တကောင်းသက်တမ်း တွက်ချက်နိုင်မည်ဖြစ်ရာ သုတေသီပညာရှင်များ ပါဝင်သော ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လေ့လာရေးအဖွဲ့သည်





၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့မှ (၂၆) ရက်နေ့အထိ တကောင်းသို့ သွားရောက်လေ့လာခဲ့ရာ ယင်းအဖွဲ့က ဧရာဝတီသည် လွန်ခဲ့သောနှစ် (၄၀၀၀) ခန့်က မြစ်ကြောင်းလဲခဲ့သည်ဟု ဆိုပေရာ ဧရာဝတီ မပြောင်းလဲခင်က တည်ရှိခဲ့သော တကောင်းသည် နှစ်ပေါင်း (၄၀၀၀) အထက်ကပင် တည်ရှိခဲ့သည် ဆိုသည့် အချက်ကို ဧရာဝတီက သက်သေခံခဲ့ပြန်ပါ၏။ တစ်ချိန်တည်းမှာပင် ပျူမြို့များသည် ဧရာဝတီမှ (၁၀) မိုင်ကျော်အကွာတွင်သာ ရှိသည်။ ယခုမူ တကောင်းသည် ဧရာဝတီမြစ်ကမ်းတွင် မေးတင်၍ တည်ရှိနေသောကြောင့် တကောင်းသည် ပျူဟုတ်ဟန်မတူဟူသော အဆိုသည်လည်း ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုဖြစ်ရပ်က ထိုအဆိုကို ပျက်ပြယ်စေခဲ့ပြီဖြစ်ပါ၏။

ထို့ကြောင့် ဧရာဝတီမြစ်ပြောင်းလဲမှုကို မလေ့လာမီနှင့် တကောင်းမှ ပျူအရိုးအိုးနှင့် အခြားပျူအထောက်အထားများကို မတွေ့မီက ရေးသားချက်တို့ကို ပြုပြင်ပယ်ဖျက်ကြရတော့မည် ဖြစ်ပါ၏။ ၂၀၀၃ ခုနှစ်မှစ၍ တကောင်းမှ တွေ့ရှိခဲ့ရသော မြေအောက်အထောက်အထားများအရ တကောင်းမြို့ဟောင်းသည် (၁၁) ရာစုထက်မစော၊ (၁၁) ရာစုထက်စောသော အထောက်အထားများ တကောင်းမှ မရရှိဆိုသည်မှာ မဟုတ်မမှန်တော့ပြီဖြစ်ကြောင်း ဤစာအုပ်ဖြင့် တင်ပြမည်ဖြစ်ပါ၏။ တွေ့ရှိခဲ့ရသော မြေအောက်အထောက်အထားများက တကောင်းတွင် ပျူမြို့ပြနိုင်ငံကြီး ထွန်းကားခဲ့ကြောင်း သက်သေပြခဲ့ပြီး ဖြစ်၏။ ထိုမျှသာမက ယခုတွေ့ရှိမှု အထောက်အထားများသည် မြန်မာသမိုင်းနှင့် မြန်မာရှေးဟောင်း သုတေသနလုပ်ငန်းအတွက်သာမက မြန်မာတိုင်းရင်းသားအားလုံးတို့အတွက် ဇာတိသွေး၊ ဇာတိမာန်ဘက်ဖွယ် အရေးကြီးသော အထောက်အထားများဖြစ်၍ ဤတကောင်းအိုးဆိုင်ရာ မှတ်တမ်းစာအုပ်ကို အလေးအနက်ထား ရေးသားထုတ်ဝေရပါကြောင်း။

ချစ်စံဝင်း

၁-၁၂-၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com

(ဃ)

## မြန်မာ့တကောင်း ပျူတကောင်း

ရေး–ဏ္ဍနွာဆွေ

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၃၁) (၂၂၄၅)

၁။ အရိုးကို အရွက်မဖုံးသင့်ပေဘူး၊ တစ်သက်လုံးမှတ်ကြမှ နောင်အရှည် တည်မည်...အောင်သပြေစည် မင်္ဂလာအပေါင်းနဲ့ အစဉ်အလာကောင်း ဖြင့် မပျက်စကောင်းပေသည်...ဟို...အထက် တကောင်းကစခဲ့တဲ့ ကျွန်တော်တို့ရဲ့ မြန်မာမျိုးနွယ်သာကီ...။

၂။ (မြန်မာအစမှာ၊ တကောင်းကလို့ ဆိုသည်၊ အကြောင်းပြဖို့လိုပေ သည်။ ရှာဖွေမည်၊ ကြာပါစေ၊ ရှာလေလေ တွေ့နိုင်ပါသည်...)၂ ကမ္ဘာကုန်ကျယ်သရွေ့၊ တွေ့အောင်ရှာမည်...တစ်နေ့တစ်လံ ပုဂံ ဘယ်ရွေ့၊ ဒီကနေ့တော့ တကယ်တွေ့ပြီ...မြေအောက်မှာ တိမ်မြုပ် နေတဲ့ မြေမီးဖုတ်အိုးတွေက သက်သေခံသည်...လက်စင်းရာပါအုတ် ချပ်တွေက လုပ်ဇာတ်မဟုတ်ကြောင်း ထင်ရှားသည်...ကျောက်၊ ကြေး၊ သံထည် လက်ရာများနဲ့ မက်စရာ ပျူပုတီးတွေက **"တို့ အမျိုးဟာ ပျူအစစ်ပါကွဲ့လို့"** ခုခေတ်မှ လူဖြစ်ကြသူတွေကို ပြော နေပြီ...မြန်မာပညာရှင် ဦးဖိုးလတ်ကို မြင်စမ်းစေချင်သည်၊ သူ့ခမျာ သေရာက ထပြီး **"ဒါမှ မြန်မာ့ တကောင်း၊ ပျူတကောင်းကွလို့"** ခါးတောင်းကြိုက်ခါ၊ လက်ခမောင်းခတ်ရင်း၊ ခပ်တင်းတင်းပဲ ကမ္ဘာကို ကြွေးကြော်မည်...။

၃။ (မြန်မာအစမှာ၊ တကောင်းကလို့ ဆိုသည်၊ အကြောင်းပြဖို့လိုပေသည်။ ရှာဖွေမည်၊ ကြာပါစေ၊ ရှာလေလေ တွေ့နိုင်ပါသည်...)၂ ကမ္ဘာကုန် ကျယ်သရွေ့၊ တွေ့အောင်ရှာမည်... တစ်နေ့တစ်လံ ပုဂံဘယ်ရွေ့၊ ဟော...သည်ကနေ့တော့ တကယ်တွေ့ပါလေပြီ...။



အခန်း–၁

## လူယဉ်ကျေးမှုအစ မြေမီးဖုတ်အိုးက

လူယဉ်ကျေးမှု အစ အိုးလုပ်ခြင်းကဟု ဆိုနိုင်၏။

လူတို့သည် မြေမီးဖုတ်အိုးများကို ပြုလုပ်ရင်း လူယဉ်ကျေးမှုကို တည်ထောင်ခဲ့ကြ၏။ အစောဆုံး လူ့အသုံးအဆောင်ပစ္စည်းသည် မြေမီးဖုတ် အိုးများဖြစ်၍ ယင်းတို့ကို မျက်မှောက်ကာလ ၂၁ ရာစုတိုင် မြေအိုးများကို နေရာအနှံ့အပြား၌ တွင်ကျယ်စွာ သုံးစွဲနေကြဆဲ ဖြစ်၏။

မြေအိုးများကို လူသည် ကျောက်ခေတ်ကာလကပင် စတင် သုံးစွဲခဲ့ ကြ၏။ မီးကို တွေ့ရှိခြင်း၊ အိုးကို အသုံးပြုခြင်း၊ အသားစိမ်း ငါးစိမ်းများကို မီးနှင့် ချက်ပြုတ်စားသောက်ခြင်း စသော ကိစ္စများသည် ရှေးဦးလူသားတို့ ရှေးမနှောင်း ဆောင်ရွက်ခဲ့ကြသောကိစ္စများ ဖြစ်နိုင်၏။

ရှေးဦးလူသားတို့သည် မြေစေးကို ပထမပုံစံအမျိုးမျိုး ပြောင်းလဲ၍ ရသော ပစ္စည်းအဖြစ် မြင်ကြမည် ဖြစ်၏။ မြေစေးသည် ရေနှင့်တိုက ပျော့သည်။ နေပူလျှင် မာသည်။ ရေနှင့် များများထိလျှင် အရည်ပျော်တတ် သည်ကို သတိထားမိကြ၍ မာနေသော မြေကြီးခဲများနှင့် ဗိုရ္ဆာန်များ ခေါက်ဖမ်းယူမှုများလည်း ပြုကောင်းပြုကြမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေစေး၏ သဘောသဘာဝကို သိရှိမှုနှင့် မီးကို တွေ့ရှိမှုသည် အိုးပြုလုပ်သုံးစွဲရန် အလွန်ခိုင်မာသော အခြေခံအကြောင်းတရားများ ဖြစ်၏။ မြေစေးကို အိုးခွက်ပန်းကန်သဏ္ဌာန် ပြုလုပ်၍ အသုံးပြုရာတွင် ကွဲလွယ်ခြင်း ရေထည့်၍ မရခြင်းတို့ ရှိရာမှ မြေကြီးကို ခွက်သဏ္ဌာန် အိုးသဏ္ဌာန် ပြုလုပ်၍ မီးဖုတ်ပါက တာရှည်ခံခြင်း၊ ရေထည့်၍ရခြင်း၊ အသုံးဝင်ခြင်းတို့ကြောင့် လူသည် အိုးကို စတင်လုပ်ကြသည်။

အိုးတွင်ထည့်၍ သားငါးနှင့် သီးနှံများကို ထည့်သွင်း ချက်ပြုတ်စားသောက်ရာမှ ချက်ပြုတ်စားသုံးသော ယဉ်ကျေးမှုအစဉ်အလာကြီး ပေါ်ထွန်းလာခဲ့မည် ဖြစ်သည်။

ရွှံ့စေးသည် ရုပ်လုံးဖော်ရန် လွယ်ကူသော ပစ္စည်းဖြစ်၏။ ရွှံ့စေးဖြင့်ပြုလုပ်ထားသော BC၃၇၀၀၀ မှ BC၁၂၀၀ လောက်က တိရစ္ဆာန်သတ္တဝါတို့၏ ရုပ်လုံးများကို ပြင်သစ်နှင့် ဥရောပအရှေ့ပိုင်းနိုင်ငံများ၏ ဂူများတွင်းမှ ရှာဖွေတွေ့ရှိခဲ့၏။ ထိုရုပ်လုံးများသည် လူသားတို့မြေကို စတင် အသုံးပြုသည်၊ အစောဆုံး ကျန်ရစ်သည့် လက်ကျန်ပစ္စည်းများ ဖြစ်၏။ ရွှံ့စေးကို ပုံပြုမီးဖုတ် အသုံးပြုသော အတတ်ပညာသည် လူ့ယဉ်ကျေးမှု ဖြစ်ထွန်းမှုကို များစွာ အထောက်အကူပြုခဲ့သည်။

အရှေ့တောင်အာရှတွင် အိုးကို လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀၀ လောက်ကစပြီး သုံးစွဲခဲ့ကြသည်ဟု ယူဆကြ၏။ အိုးလုပ်တတ်စအချိန်တုန်းကတော့ ချောမောလှပသည့် အိုးများကို.လုပ်နိုင်ခြင်း မရှိသေးဘဲ လက်လုပ်အိုးများကိုသာ သုံးကြဦးမည် ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးသည့် လုပ်ငန်းထွန်းကားလာသောအခါ အိုး၏ အသုံးသည်လည်း ပို၍ ကျယ်ပြန့်လာ၏။ သီးနှံမျိုးစေ့များကို အိုးတွင်ထည့်၍ သိုလှောင်ခြင်း၊ စိုက်ပျိုးရန်အတွက် ရေစိမ်ရန် အိုးကို အသုံးပြုခြင်း၊ ရေကို အိုးတွင် ထည့်ထား၍ တာရှည်အသုံးပြုခြင်း ပြုလုပ်နိုင်ကြ၏။

လူသားတို့ အိုးကို ပြုလုပ်နိုင်ရေးမှာ သူ၏ ပတ်ဝန်းကျင်တွင် မြေ၊ ရေ၊ လေ၊ မီး အဆင့်ဆင့်ရှိ၍ စောစောကပင် ပြုလုပ်နိုင်သော်လည်း အိုးလုပ်ခြင်းထက် ပိုမိုရှုပ်ထွေးသော စိုက်ပျိုးခြင်းအတတ်ကိုကား နောက်ကျမှ





တတ်မြောက်ကြမည်ဟု မျှော်လင့်ရ၏။ သို့သော် စိုက်ပျိုးရေးလုပ်ငန်း ပေါ်ပေါက်လာမှုကြောင့် အိုးအသုံးတည့်မှု ပိုများလာမည် ဖြစ်ပါ၏။

အရှေ့တောင်အာရှဆိုင်ရာ သမိုင်းကို ကျောက်ခေတ်၊ သစ်သားခေတ်၊ တစ်နေရာတည်းမှ အခြေစိုက်နေထိုင်သည့်ခေတ်၊ ဒေသဆိုင်ရာ ချဲ့ထွင်သောခေတ် ဟူ၍ ခေတ်များကို ခွဲခြမ်းလေ့လာ လိုကြသည်။ ကျောက်ခေတ်ဆိုသည်မှာ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀၀ အထက်က ဖြစ်ပြီး ကျောက်လက်နက်များကို စွဲကိုင်အသုံးပြု၍ ပတ်ဝန်းကျင်ကို အန်တုသော ခေတ်ဖြစ်၏။ သစ်သားခေတ်ဆိုတာက ကျောက်လက်နက်ပစ္စည်းတွေကို သစ်သားအရိုး၊ သစ်သားလက်ကိုင်တပ်တပ်၍ အသုံးပြုခြင်း သစ်သားနှင့် ပတ်သက်သော လက်နက်ကို သုံးခြင်း၊ သစ်သားလှေ၊ သစ်သားတံတားလုပ်၍ ကူးခြင်းမျိုးများ ပါဝင်မည်ဟု ယူဆရ၏။ ထိုနောက်ပိုင်းတွင် လူသားများသည် အကြောင်းတစ်ခုခုကြောင့် မိမိတို့နေထိုင်ရာ ဒေသထဲမှာ စွဲမြဲစွာ နေထိုင်ခဲ့ကြသည်။ ထိုကာလတွင် သီးခြားဓလေ့များ သီးခြားဟန်ပန်များနှင့် ကွဲပြားစွာ နေထိုင်ကြသည် တစ်အုပ်စုနှင့်တစ်အုပ်စု အဆက်အသွယ်မရှိကြသဖြင့် ကျောက်လက်နက်လုပ်တာ၊ သစ်သားလက်နက်လုပ်ထားခြင်းလည်း တစ်ပုံစံနှင့်တစ်ပုံစံ မတူဘဲရှိလာ ကြသည်။ ထိုကာလသည် နှစ်ပေါင်းတစ်သောင်းခန့်ကြာလိမ့်မည်ဟု ယူဆကြ၏။

သည်နောက်တွင် မိမိတို့နေထိုင်ရာ ဒေသလေးက လူတွေ များလာမည်။ စားနပ်ရိက္ခာနည်းလာမည်။ ရာသီဥတုမကောင်းတာကြောင့် ဒေသခံ စွဲမြဲနေထိုင်သောဓလေ့ကို စွန့်ပြီး အခြားဒေသများသို့ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းသွားမှုများကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀၀ မှ ၁၂၀၀၀ လောက်က အထိ ပြုလုပ်ကြသည်ဟု ယူဆကြ၏။ ဤကာလတွင် အိုးလုပ်သည့်အတတ်ကို လူသားတို့ တတ်မြောက်ခဲ့ကြ၏။

မြေအိုးသည် လူသားတို့အတွက် အမှန်တကယ်လည်း အသုံးဝင်၏။

ယနေ့အထိလည်း အသုံးဝင်လျက် ရှိ၏။ ကမ္ဘာပေါ်တွင် ကြေးအိုး၊ သတ္တုအိုး၊ ရွှေအိုး၊ ဒန်အိုး၊ စတီးအိုးများ ပေါ်လျက် ရှိသည်တိုင် မြေမီးဖုတ်အိုးများ၊ စဥ့်အိုးများသည် ကျယ်ကျယ်ပြန့်ပြန့် အသုံးဝင်လျက်ပင် ရှိသည်။




www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုဖွံ့ဖြိုး ကိုးတက်ရေးအတွက် အိုးသည် အလွန် အခြေခံကြသည်။ လူသည် ပထမ ဖင်လုံးပြောင်ချောအိုးများကိုသာ လက်နှင့်လုပ်ကြမည်ဖြစ်၏။ ဖင်လုံးပြောင်ချောနေ၍ အိုးသည် တည်ထားဖို့အတွက် မငြိမ်။ ထို့ကြောင့် ဖင်ငြိမ်အောင် အောက်ခြေက ရွတ်ကိုထည့်၍ ပြုလုပ်လာ၏။



ဖင်လုံးအိုး



ကျွတ်ခွေပါအိုး



လည်ပင်းပါအိုး



သောင်ရေအိုး

တစ်ဖန် အိုးအဝကျယ်ပါက ရေခပ်ရေသယ်ရာတွင် ဘောင်ခတ်တတ်သောကြောင့် အိုးတွင် လည်ပင်းထည့်လာ၏။

အိုးတွင်၊ သစ်ပင်ပန်းပင် စသည်တို့ ထည့်ထားလိုသောအခါ ဘောင်ရေအိုးကဲ့သို့သော လည်ပင်းရှည် အောက်ခြေ ကရွတ်ပါ အိုးများကို တီထွင်ကြံဆလာမည်ဟု ယူဆရပါ၏။ ထို့ကြောင့် အိုးပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်လာခြင်းသည် လူသည် သူ့အတွက် အသုံးဝင်မည့် ပုံအမျိုးမျိုးက ကြံစည်လုပ်ကိုင်ရာမှ ဖြစ်ပေါ်လာသည်ဟု ယူဆရမည်။





အိုးထိန်းစက်သည် ကမ္ဘာပေါ်၌ BC ၂၃၀၀ လောက်က ပေါ်ပေါက်ခဲ့သည်ဟု အဆိုရှိ၏။ အိုးထိန်းစက်အား မည်သူစတင်တီထွင်ခဲ့သည်နှင့်စပ်သက်၍ လူ့သမိုင်းတွင် မှတ်တမ်းမရှိသော်လည်း အိုးထိန်းစက်ကြောင့် လူတို့တွင် တီထွင်ကြံဆဆန်းသစ်မှုများ ဖြစ်ပေါ်စေခဲ့ရုံသာမက အတတ်ပညာပေါက်ကွဲမှု ခေတ်တစ်ခေတ်ကို ဖြစ်ပေါ်စေခဲ့ပါ၏။ အီဂျစ်များကမူ အိုးထိန်းစက်ကို သူတို့၏ နတ်ဘုရားများက ဖန်ဆင်းပေးသည်ဟု ယုံကြည်ကြ၏။ နောက်ပိုင်းတွင် အိုးတွင် စဥ့်သုတ်၍ ခိုင်ခန့်လှပအောင် လုပ်ဆောင်ခဲ့ကြ၏။ ပထမဆုံး စဥ့်ကိရိယာပစ္စည်းများကို BC ၄၀၀၀ ခန့်က အီဂျစ်နှင့် မက်ဆိုပိုတေးမီးယားတွင် စတင်တွေ့ခဲ့၏။ BC ၁၆၀၀ ခန့်တွင် စဥ့်လုပ်ငန်းအတတ်ပညာ ပိုမိုတိုးတက်လာခဲ့ပြီး BC ၂၀၀ မှ AD ၂၂၀ လောက်အကြားတွင် ဟရုတ်ပြည်တွင် မြင့်မားသော အပူချိန်ပေး၍ စဥ့်ပစ္စည်းများကို လုပ်ဆောင်နေကြပြီ ဖြစ်ကြောင်း သိရှိရသည်။

အိုးလုပ်ရန် မြေစေးကို ကိုင်တွယ်ရင်း မြေနှင့် သူ့ပတ်ဝန်းကျင်တွင်ရှိသော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ အရုပ်အမျိုးမျိုး ပြုလုပ်၍ မီးဖုတ်ရာမှ မြေမီးဖုတ် ရုပ်လုံးရုပ်ထုများ ရလာ၏။ ထိုအရာများကို ဧည့်ခန်း အိမ်အဝထားကြမည်။ ယင်းမှ သစ်သားဖြင့် အရုပ်ပြုလုပ်မှု၊ ကြေးသွန်းလောင်းအရုပ်ပြုလုပ်မှုသဖြင့် အရုပ်သွန်းလောင်း ပြုလုပ်မှု စသည်တို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကျယ်ပြန့်လာနိုင်၏။


အိုးလုပ်နေသော အိုးလုပ်သမားသည် ဖင်လုံးပြောင်ချောကြီးဖြစ်နေသော သူ့အိုးကို တစ်ခါတစ်ရံ စိတ်တိုင်းမကျ ဖြစ်လာသည်။ ပြောင်ချောကြီးနေရာတွင် တစ်စုံတစ်ခုကို ထည့်လို၏။ ဘာထည့်ရမည်ကို စိတ်ကူး၍နေသော ရှိ၏။ တစ်နေ့တွင်တော့ အိုးကိုယ်ထည် ပြောင်ချောပေါ်တွင် တစ်စုံတစ်ရာ ထည့်သွင်းဖော်ပြရန် စိတ်ကူးနေစဉ် မိုးရွာချသည်။ မိုးစက်ကလေးများကို မြင်၏။ ဒီမိုးစက်ကလေးများကို သူ့အိုးပေါ်တွင် တင်လိုက်ပါကလှပေမွှဟု စိတ်ကူး၏။ လေငြိမ်သည့်အခါ မိုးစက်လေးများက ထောင်လိုက်တည့်တည့်ကျ၏။ လေတိုက်သောအခါ အနည်းငယ် စွေ၍ကျသည်။



www.burmeseclassic.com


www.burmeseclassic.com





တစ်ခါတစ်ရံတော့လည်း မိုးစက်များ ရှပ်ယှက်ခတ်ကျနေသည်ကို အိုးပေါ်၌ တင်မိမည်ဖြစ်၏။ ဤသို့ဖြင့် အိုးများပေါ်သို့ ဒီဇိုင်းများ ရောက်ရှိလာ၏။

တစ်ခါတစ်ရံတွင်တော့ အိုးလုပ်သူသည် မြစ်ကမ်းနံဘေး၌ နေကောင်းနေမည် ဖြစ်၏။ သာယာသောတစ်နေ့တွင် ချစ်စရာလှိုင်းတွန့်လေးများကို မြစ်ပြင်၌ မြင်ရမည် ဖြစ်၏။ ထိုအခါ အိုးခတ်သူက ထိုလှိုင်းတွန့်လေးများကို အိုးပေါ်သို့တင်ရန် ကြိုးစား၏။ အိုးခတ်သူသည် လှိုင်းများ အိနေပုံ၊ တစ်ခါတုန်း မြစ်ပြင်တွင် မုန်တိုင်းကျပါက ဘောင်ဘင်ခတ်နေသော လှိုင်းများ၏ ပုံအမျိုးမျိုးကိုလည်း အိုးအပေါ်၌ တင်ပြချင်တင်ပြမည် ဖြစ်သည်။ လှိုင်းများနှင့် မိုးစက်များကို ရေးဆွဲနေရာ ဒေါင်လိုက် မျဉ်းများကို ဟိုဘက်ဒီဘက် အပြန်အလှန်ဆွဲရင်းက ဆန္ဒင်းမကင်းပုံအမျိုးမျိုး ဒေါင်လိုက်မျဉ်းများကို အပြန်အလှန် ဆွဲရာမှ လေးထောင့်အကွက်အမျိုးမျိုးလည်း ရရှိလာနိုင်သည်။



အိုးပေါ်မှဒီဇိုင်း





အိုးခတ်သူသည် သူတွေ့နေသော တောင်တန်းကြီးများ၊ သင်ပင်များ သစ်ရွက်များ နေပုံ၊ လပုံများနှင့် သူရည်မှန်း ကိုးကွယ်မှုပြုသူတို့၏ ပုံများ နတ်ဘုရားများ၏ ပုံတို့ကိုလည်း စိတ်ရည်သန်ကာ ဆွဲကြမည်။ မြန်မာတန်းချီ အစသည် နံရံပေါ်မှသာမက မြေအိုးများပေါ်မှလည်း စနိုင်ကြပါ၏။

လူသားတို့ အိုးအလုံးများကို လုပ်နေရသည်မှာ ငြီးငွေ့လာသောအခါ သူ့ပတ်ဝန်းကျင်တွင်ရှိသော ဖရုံသီးကိုကြည့်ကာ ဖရုံသီးပုံအိုး၊ ဘူးသီးအိုး ဆွဲ့ကာ ဘူးသီးပုံအိုးများကို လွတ်လပ်စွာ ရေးကြမည် ဖြစ်၏။ အိုးပေါ်တွင် အချုပ်အချယ်မရှိ လွတ်လပ်စွာ ရေးဆွဲနိုင်ခွင့်လည်း ထိုလူသား ရရှိခဲ့၏။ ထိုမှတစ်ဆင့် လူသားသည် ဖလားပုံအိုး၊ စောက်ရှိသောအိုး၊ ရေသောက်ရန် ခွက်၊ ထမင်းစားရန်ပန်းကန်၊ ဟင်းချက်ရန်အိုး၊ ထမင်းချက်ရန် အိုးများ တိုးချဲ့တီထွင်ပြုလုပ်လာ၏။

နတ်ပူဇော်ပွဲများအတွက် အိုးများလည်း အိုးခတ်သူက လုပ်ဆောင်ပေးရမည် ဖြစ်သည်။ အိုးအနားလေးများ၊ အတွန့်လေးများ ပြုလုပ်ခြင်း အိုးပေါ်တွင် ဆင်ပုံ၊ နွားပုံ၊ နေပုံ၊ လပုံ တံဆိပ်ခပ်နှိပ်ခြင်းတို့ကိုလည်း ပြုလုပ်လာမည် ဖြစ်၏။

အိုးကို ပြုလုပ် မီးဖုတ်အသုံးပြုရာမှ အိမ်မိုးရန်အတွက် မြေကြီးအမိုးပြားများ အုတ်အမျိုးမျိုးကိုလည်း ပြုလုပ်အသုံးပြုလာရာက အိုးလုပ်ငန်းမှ တစ်ဆင့် ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းတိမ်၊ ပန်းတဉ်း စသော ပန်းဆယ်မျိုး အတတ်ပညာများ အဆင့်ဆင့် စိတ်ကူးပွားလာမည်ဖြစ်ရာ လူ့ယဉ်ကျေးမှုအစ အိုးလုပ်ငန်းက ဟူ၍ ဆိုဖွယ်ရာပင် ရှိပါ၏။ အိုးလုပ်ရင် အိုးခတ်ရင်းမှ အတွေးအခေါ်များလည်း ကျယ်ပြန့်နက်နဲလာနိုင်ပါ၏။

ယနေ့ထက်တိုင် လူတို့သည် မြေမီးဖုတ်အိုးမျိုးစုံကို ဘာသာရေး လုပ်မှုရေးကိစ္စ နေ့စဉ်စားသုံးမှုကိစ္စတို့နှင့် ယှဉ်ကြည့်မှု အခမ်းအနားများတွင် မွေးသည်မှ သေသည်အထိ အသုံးပြုလျက်ရှိသည်။ လူမျိုးတစ်မျိုးနှင့် တစ်မျိုးလည်း အိုးလုပ်ပုံခြင်း မတူကြပေ။ သူ့အတွေးနှင့်သူ သူ့ယဉ်ကျေးမှုရိုက် နှင့်သူ ဖြစ်၏။ အိုးများကို ဆီမီးထွန်းရန်အိုးမှအစ ရာဝင်အိုးဆယ်အိုးကြီး များအထိ ပြုလုပ်အသုံးပြုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးပိထည့်ရန်အိုး၊ ဆီထည့်ရန်အိုး၊ ဇရပ်ဆုံ စသည်ဖြင့် အသုံးအစား အမျိုးမျိုးကို လိုက်၍လည်း အိုးများကို အသုံးပြုကြ၏။ အိုးများ တာရှည်ခံရန် လုပရန်တို့အတွက် စဉ့်သုတ်ကာ စဉ့်အိုးများအဖြစ် သုံးသည်။ အိုးများက နှုတ်သီးတပ်၍ ရေနွေးအိုးလက်ကိုင်ခိုင်းကို အိုးဘေးမှ အိုးအပေါ်မှ စသည်ဖြင့် ပြုလုပ်၍လည်း စိတ်ကူးရတိုင်း ပြုလုပ်အသုံးပြုကြ၏။ အိုးလုပ်ရင် နောက်ပိုင်းမှ လူသားများဟာ အိုးထိန်းစက်ကို တီထွင်လာနိုင်ခဲ့၏။ အိုးထိန်းစက်လာနိုင်မှုကြောင့် လုပသော အိုးများကို ထုတ်လုပ်နိုင်လာ၏။

အိုးထိန်းစက်ကို မည်သူစတင်တီထွင်သည်ကို မသိရသော်လည်း အိုးထိန်းစက်ပေါ်လာမှုသည် လူ့ယဉ်ကျေးမှုကို အကြီးအကျယ် ပြောင်းလဲစေခဲ့ပါ၏။

အိုးသည် သမိုင်းလေ့လာရေးအတွက်လည်း အဓိက အသုံးဝင်သော ပစ္စည်းတစ်ရပ်ဖြစ်၏။ အိုးပေါ်ပေါက်ခဲ့သည်မှာ လူပေါ်စကပင် ဖြစ်သောကြောင့် လူ့သမိုင်း လူဖြစ်စဉ်ကို လေ့လာရာတွင် လူတို့ ပြုလုပ်ခဲ့သော အိုးများနှင့် အိုးခြမ်းပဲ့များကို လေ့လာ ခြင်းဖြင့် လူ့သမိုင်းခြေရာကောက်မှုကို ပြုလုပ်နိုင်ပါ၏။ အိုးခြမ်းပဲ့များသည် တန်ဖိုးမရှိသောကြောင့်လည်း လူများသည် ဟိုနေရာ သည်နေရာသို့ ယူမသွားကြဘဲ မူလနေရာတွင်သာ ထားသောကြောင့် ထိုနေရာတွင် တွေ့သော အိုးခြမ်းပဲ့သည် ယင်းနေရာတွင်ပင် ပြုလုပ်အသုံးပြုခဲ့သောအိုးမှ အိုးခြမ်းပဲ့ဟု ဆိုနိုင်၏။ ထို့ပြင် အိုးများသည် မြေအောက်တွင် နှစ်ပေါင်းများစွာ မဆွေးမမြေ့ တည် ရှိနေသဖြင့်လည်း လေ့လာမှုအတွက် အထောက်အကူပြုသည်။

လူမျိုးတစ်ဦးချင်းစီအနေဖြင့် အိုးကို မိမိတို့ အသုံးတည့်သလို တစ်မျိုးစီ တီထွင်အသုံးပြုတတ်ကြလေရာ ပျူလူမျိုးတို့က သူတို့သေသောအခါ သေသူ၏ အလောင်းကို မီးရှို့၍ ရရှိသော ပြာမီးသွေးနှင့် အရိုးစများကို မြေမီးဖုတ်အိုးတွင် ထိုသူအသက်ရှင်စဉ်က သူကိုယ်တိုင် အသုံးပြုခဲ့သော ပစ္စည်းများကို အိုးတွင် ထည့်၍ မြှုပ်နှံသောဓလေ့ ရှိ၏။

ထို့ကြောင့် ဒေသတစ်ခုတွင် ပျူလူမျိုး နေထိုင်ခဲ့ခြင်း ရှိမရှိ ဆိုသော အချက်ကို လေ့လာပါက ပျူအရိုးအိုးများ ရှိမရှိဆိုသော အချက်ကို အလေး





ထားကာ လေ့လာ၏။ ပျူအရိုးအိုးများ တွေ့ပါက ထိုဒေသကို ပျူတို့ နေထိုင်ခဲ့ဖူးသော ဒေသအဖြစ် အသိအမှတ်ပြုကြ၏။ လက်စင်းရာအုတ်များကို အသုံးပြုခဲ့ကြ သောကာလတွင် ပျူလူမျိုးတို့ မြို့ပြတည်ထောင်နေခဲ့ကြသေရာ အုတ်များတွင် လက်စင်းရာပါပါကလည်း ပျူဒေသပေလားဟု စဉ်းစားတတ်ကြ၏။ လက်စင်းရာပါရှိတိုင်း ပျူတို့နေထိုင်ရာဒေသ မဟုတ်သော်လည်း ဒေသတစ်ခုတွင် လက်စင်းရာပါအုတ် မတွေ့ပါက ပျူဟုတ်မဟုတ် အမှန်ပင် သံသယပွားအပ်ပါ၏။

ကျွန်တော် ယခုရေးသားတင်ပြမည့် အကြောင်းအရာသည် အိုးသမိုင်း မဟုတ်သလို မြန်မာအိုးလုပ်ပြုလုပ်ခြင်း အတတ်ပညာလည်း မဟုတ်ပါ။ ကျွန်တော်သည် အိုးနှင့်ပတ်သက်သည်များကို ယေဘုယျနိဒါန်းမိတ်ဆက်တင်ပြခြင်းသာ ဖြစ်၍ ဤစာအုပ် ဖြင့် တကယ်တင်ပြမည်အကြောင်းမှ တကောင်းမှ တွေ့ရှိတူးဖော်ရရှိသော ပျူအရိုးအိုးများအကြောင်း ဖြစ်ပါသည်။

တကောင်းမှ ယခင်က ၁၁ ရာစုထက် စောသော အထောက်အထား ဘာမျှမရရှိ။ တကောင်းတွင် ပျူအရိုးအိုးများ လောက်လောက်လားလား ဆောက်ထောက်ထားထား မရှိဟု ဆိုခဲ့ကြရာမှ ၂၀၀၃ ခုနှစ်မှ စ၍ ရင်ကို ခွဲ၍ အသည်းကို ပြလိုက်သလို ပျူအရိုးအိုး အများအပြား တွေ့ရှိခဲ့ရ၏။ ဤတွေ့ရှိသော အရိုးများအကြောင်းကို ဤစာအုပ်ဖြင့် မှတ်မှတ်သားသား တင်ပြခြင်း ဖြစ်ပါသည်။

တကောင်းမှ ပျူအရိုးများ တွေ့ရှိမှုသည် သမိုင်းဆိုင်ရာ အယူအဆများကို ပြောင်းလဲစေပါ၏။ တကောင်းသည် ယခင်က အနော်ရထာလက်ထက်ထက် မစောဟု ဆိုရာမှ ယခုအခါ တကောင်းသည် ဟန်လင်းဗိဿနိုး စသော ပျူမြို့ပြနိုင်ငံများထက် ရှေးကျသည်။ တကောင်းမှ တွေ့ရှိတူးဖော်သော အိုးများထဲမှ ပျူအသုံးအဆောင်ပစ္စည်းများသည် BC ၃၀၀ ရာစုမှ BC ၇၀၀ ရာစုလောက်က ပျူအသုံးအဆောင်ပစ္စည်းများကို တွေ့ရှိရခြင်းဖြင့် တကောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်ကပင် မြို့ပြနိုင်ငံတစ်ခုအဖြစ် တည်ရှိနေသော ဒေသကြီးတစ်ခုဖြစ်နေသည်ကို နှိုင်းယှဉ်တွက်ချက် ခန့်မှန်း၍ ရရှိပါ၏။

လွန်ခဲ့သော ၁၁ ရာစုကမှ တကောင်းဟုဆိုလျှင် တကောင်းသည် နှစ်ပေါင်း ၁၀၀၀ ခန့်မျှသာ ရှိဦးမည် ဖြစ်၏။ ယခုတွေ့ရှိရသော အထောက်



www.burmeseclassic.com

www.burmeseclassic.com



အထားများအရ တကောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကပင် တည်ရှိခဲ့သော ပျူမြို့ပြနိုင်ငံတစ်ခုဖြစ် လျှင် မြန်မာ့သမိုင်းဆိုင်ရာ အချို့သော သက္ကရာဇ်များကို နှစ်ပေါင်း ၂၀၀၀ ခန့်ရှေ့သို့ တိုးကြရမည် ဖြစ်၏။ တကောင်းအား AD၁၁ ရာစုဟု ဆိုရာမှ BC၇၀၀ ရာစုဟု ပြောင်းလဲသတ်မှတ်ရမည် ဖြစ်ရာ ဤကိစ္စသည် အရေးကြီးသောကိစ္စဖြစ်သည်။ တကောင်းအား တူးဖော်ခဲ့သော်လည်း မတွေ့ရသေးသော ကာလက မတွေ့မမြင်ရ၍ အသိအမှတ် မပြုခဲ့ကြသေးသော တကောင်းကို ယခု တူးဖော်တွေ့ရှိပြီးဖြစ်၍ တကောင်းအား ပြောင်းလဲသတ်မှတ်ကြရမည် ဖြစ်၏။

ဤစာအုပ်သည် တကောင်းနှင့် ပတ်သက်၍ ကိုယ်တိုင်ကိုယ်ကျ တူးဖော်တွေ့ရှိသူ တစ်ဦး၏ မှတ်တမ်းလည်း ဖြစ်ပါ၏။ တကောင်းသို့ ကျွန်တော်သည် ၁၉၇၆ ခုနှစ်မှ စတင်ရောက် ရှိခဲ့သည်။ ဤစာအုပ်တွင် ၂၀၀၃ ခုနှစ်မှစ၍ တကောင်းမှ တူးဖော်တွေ့ရှိရသမျှသော ပျူအိုးများကို လေ့လာနိုင်ရန် တစ်လုံးခြင်း မှတ်တမ်းတင်၊ တင်ပြအပ်ပါသည်။

❖



အခန်း - ၂

## ဆယ်ကြိမ်ဆယ်ခါရောက် တကောင်း

ဤစာအုပ်ကို ရေးသားချိန်တွင် တကောင်းသို့ ကျွန်တော် ရောက်ခဲ့ပြီးဖြစ်သော အကြိမ်ပေါင်း ၁၀ ကြိမ်မျှ ရှိပြီ ဖြစ်သည်။ ပထမဆုံးအကြိမ် ၁၉၇၆ ခုနှစ် နိုဝင်ဘာလအတွင်းက ဖြစ်၏။ ကျွန်တော် ကိုးကြိမ် ဆယ်ကြိမ်မျှ စဉ်ဆက်မပြတ် တကောင်းသို့ ရောက်ရခြင်းသည် အကြောင်းမဲ့ မဟုတ်၊ တကောင်းနှင့် ပတ်သက်၍ မြန်မာတို့က မြန်မာအစ တကောင်းကဟု ဆို၏။ သို့သော် ဆရာကြီးပါမောက္ခလူ(စ) နှင့် သူ၏ အသိုင်းအဝိုင်းက မြန်မာအစ ကျောက်ဆည်ကဟု ဆို၏။

ကျွန်တော် မြန်မာရာဇဝင်ကို စသင်တော့ ၁၉၅၅–၁၉၅၆ ခုနှစ်လောက်က ဖြစ်၏။ ကျွန်တော်၏ ရာဇဝင်ဆရာကြီးက ဆရာညွန့်ကြီးဖြစ်၏။ အလွန်သဘောကောင်း၏။ တစ်နေ့တွင် ဆရာကြီးက မြန်မာအစ တကောင်းကဟု မြန်မာတွေက ဆိုသည်။ သို့သော် ထိုအယူအဆ ပြောင်းသွားပြီး ယခုတော့ မြန်မာအစ ကျောက်ဆည်ကဟု ဆိုကြသည်ဟု ဆို၏။ မြန်မာအစတကောင်းက ပြောကြစဉ်လာ သာကီနွယ်ရင်း ဝင်ရောက်ခြင်း မင်းအဘိရာဇာ ဆိုသော သံပေါက်က ကျွန်တော်တို့နှုတ်တွင် စွဲနေ၏။ ဤအချိန်တုန်းက ကျွန်တော်သည် အသက် ၁၄ သားအရွယ်လောက်သာ ရှိသေး၏။ သို့သော် သိချင်၊ တတ်ချင်စိတ်ရှိသော အရွယ်ဖြစ်၏။ မြန်မာအစ တကောင်းက



www.burmeseclassic.com

www.burmeseclassic.com



သာဆိုသည် တကောင်း ဘယ်အရပ်တွင် ရှိသည်မသိ။ တစ်ဖန် တကောင်းမှ စကားပင်ကြီး မြောလာသောအခါ မောင်တင့်တယ်တို့ မောင်နှမနတ်ဖြစ်ပြီး ပါလာသောကြောင့် ပုဂံမှ ဆီးဆယ်ကိုးကွယ်သည့်အကြောင်းကို ဆက်သင်ရသည်။ မောင်တင့်တယ်တို့ မောင်နှမဇာတ်လမ်းက လွမ်းချင်စဖွယ်ဖြစ်၏။

သည်လိုနှင့် ရာဇဝင်နှင့် ပထဝီဝင်ကို သေလောက်အောင် စိတ်ဝင်စားသော ကျွန်တော်သည် တက္ကသိုလ်ရောက်လာတော့ ပါဏဗေဒ Biology သွားယူမိသောကြောင့် ဥပစာတန်းကို သိပ္ပံနှင့် အောင်၏။ ဥပစာတန်းအောင်ပြီးသောအခါ ကျွန်တော် သည် သိပ္ပံဘာသာရပ်ကို စွန့်၍ မိမိငယ်စဉ်ကပင် ဝါသနာပါရင်းဖြစ်သော အနောက်တိုင်းရာဇဝင်၊ အရှေ့တိုင်းရာဇဝင်နှင့် မြန်မာစာတို့ကို ပြောင်းယူကာ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့၏။

နောက်တော့ ကျွန်တော်ကျောင်းဆရာလုပ်သည်။ ပြီးတော့ သတင်းစာဆရာလုပ်၏။ ကျောင်းသားဘဝသင်ကြားမှု တစ်လျှောက်လုံးတွင် ကျွန်တော်သည် တကောင်းကို စိတ်ဝင်စားခဲ့၏။ မြန်မာအစသည် တကောင်းဟူ၍လည်း ခွဲခြမ်းစွာ ယုံကြည်ခဲ့၏။ ကျောင်းဆရာဘဝရောက်တော့ စာကို ကျယ်ကျယ်ပြန့်ပြန့်ဖတ်လာရင်း ဆရာဦးသိန်းဖေမြင့်၏ တကောင်းအကြောင်း ဆောင်းပါးကို ဖတ်ရှုရသောအခါ တကောင်းပိုးက ကြွလာပြန်ပါ၏။ တကောင်းနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို လက်လှမ်းမှီသမျှ စုဆောင်း ဖတ်ရှုပါ၏။ ထိုသို့ တကောင်းကို စိတ်ဝင်စားစဉ် သတင်းစာဆရာဘဝဖြင့် ၁၉၇၆ ခုနှစ် နိုဝင်ဘာလတွင် တကောင်းသို့ ရောက်ခဲ့၏။ တကောင်းသို့မရောက်မီ အင်းနက်နှင့် ရေလယ်ကျွန်းတို့တွင် သင်္ဘောဆိုက်၏။ သင်္ဘောက ကုန်များ အပြည့်နှင့် အသက်ပင်မရှုရဲ။ ထို့နောက် တကောင်းဆိပ်ကမ်းသို့ ရောက်၏။ တကောင်းဟု ဆိုသောကြောင့် ကျွန်တော်သည် သင်္ဘောပေါ်မှဆင်းကာ တကောင်းကို လေ့လာသည်။ မြို့ရိုးအချို့ကို တွေ့ရ၍ တကောင်းက အိမ်ခြေဘယ်လောက်ရှိသလဲဟု ဆိုတော့ ၇၀၀ လောက်ရှိသည်ဟု ဆို၏။ ကျွန်တော် သင်္ဘောပေါ်မှဆင်းတော့ ဆိပ်ကမ်းတွင် ဈေးတန်းတစ်ခု ရှိ၏။ ထိုဈေးတွင် ဈေးချိုသောကြောင့် သင်္ဘောသီးတစ်လုံးကို ပြား ၄၀ နှင့် ဝယ်ခဲ့သည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ပါသည်။ ကျွန်တော်သည်





တကောင်းမြို့တွင်းသို့ ဝင်၍တော့ ကြည့်လိုသည်။ သို့သော် သင်္ဘောက ဆောင့်မည်မဟုတ်သဖြင့် ဆိပ်ကမ်းလေးကိုသာ ဓာတ်ပုံရိုက်၍ ပြန်ခဲ့ရ၏။

တကောင်းကို ကျွန်တော် မြင်ဖူးတွေ့ဖူးပြီ ဖြစ်၏။ နောက်တစ်ကြိမ်ကြရင်တော့ ကျကျနန လေ့လာရမည် ဖြစ်ပါ၏။

## ဒုတိယအကြိမ် ရောက်ရှိခြင်း

တကောင်းကို ကျွန်တော်သည် ၁၉၉၈၊ မတ်လ ၂၈ ရက်နေ့တွင် ဒုတိယအကြိမ် ရောက်ရှိပါ၏။ ကျွန်တော်သည် ဧရာဝတီစာပေခရီးကို စာရေးဆရာ၊ သတင်းစာဆရာနှင့် အခြားစိတ်ဝင်စားသူ စုစုပေါင်း (၄၁) ဦးနှင့်အတူ ၁၉၉၈ ခုနှစ်က သွားခဲ့၏။ ထိုနှစ်က တည်တော်ဆရာတော် ပျံလွန်တော်မူသော နှစ်နှင့်ကြုံသောကြောင့် ထီးချိုင့်တွင်တစ်ညဝင်အိပ်၏။ ထီးချိုင့်တွင် မန္တလေးတက္ကသိုလ်မှ သမိုင်းသုတေသီ ဦးမင်းဟန်နှင့် တွေ့ရာ ဦးမင်းဟန်က 'ဆရာ တကောင်းမှ တကယ်ထူးခြားတဲ့ အထောက်အထားကို ကျွန်တော် တွေ့ထားကယ်။ ဆရာမျက်မြင်ကိုယ်တွေ့ကြည့် ပြီးမှပြန်ပါ' ဟု ဆိုသောကြောင့် ကျွန်တော်သည် ဧရာဝတီ စာပေခရီးကို အစီအစဉ်မရှိဘဲ တကောင်းတွင် တစ်ညရပ်နားက ဆင်ညှပ်ကုန်း ဦးတင်ဝင်းယာထဲသို့ သွားကြသည်။ စက်ဘီးသုံးစီးငှား၍ တကောင်းမှ ဆင်ညှပ်ကုန်းသို့ တစ်နာရီခွဲခန့် သွားရ၏။ ကျွန်တော် ငှားလာသောစက်ဘီးက ဘရိတ်မမိ၍ အတော်စီးရခက်၏။ သွားရသောလယ်ကွက်က အနိမ့်အမြင့်ချိုင့်များ ကျင်းများက တင်းကြမ်း။ ဆင်ညှပ်ကုန်းရောက်တော့ လှည်းတစ်စီးကို မေတ္တာရပ်ခံကာ ဦးတင်ဝင်းယာထဲသို့ သွားသည်။ ဦးတင်ဝင်းမိသားစုက သဘောကောင်းပါသည်။ ကျွန်တော်သည် တွေ့ရှိရသော ပစ္စည်းများကို တစ်စချင်း ကောက်ချက်ချ၍ ဆက်စပ်ကြည့်သည်။ တစ်နေရာနှင့်တစ်နေရာ ရေသွယ်သည့် မြေမီးဖုတ်ပစ္စည်းများပါလားဟု ထင်မိ၏။ နောက်တော့ အိမ်အမိုးပစ္စည်းများ ဆိုကြ၏။ ခေါ်ကြီးကြီးအရွယ်များကို ဂုံနီအိပ်နှင့် ထည့်ပြီး ဦးတင်ဝင်းအား ထိုအရာများကို ယူမသုံးရန် ခြံတတ်ထားရန် မှာကြားပြီး အချိန်လည်း သိပ်မရှိ၍ ပြန်ခဲ့၏။ ဆင်ညှပ်ကုန်းတွင် တွေ့ရှိခဲ့သော လက်စင်းရာပါ အုတ်အချို့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သယ်လာခဲ့သည်။ ကျွန်တော် သယ်လာသော လက်စင်းရာပါအုတ်များသည် တကောင်းသည် ပျူဖြစ်ကြောင်း တစ်စိတ်တစ်ဒေသ ပြောနေသကဲ့သို့ ရှိ၏။ ဦးတင်ဝင်းကုန်းမှ အစပေါင်း (၃၁) စယူဆောင်လာ၍ ယင်းတို့ကို ရေဆိပ်အနီးရှိ အိမ်တွင် အပ်ထားခဲ့ပြီး နောက်တစ်နေ့တွင်မှ သင်္ဘောနှင့် ဝင်သယ်ကာယူခဲ့သည်။ ယင်းပစ္စည်းများကို ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) နှင့် ဦးဝင်းမောင် တမ္ပဝတီတို့ စိတ်ဝင်စားစွာ လေ့လာကြ၏။ ထို့နောက် မန္တလေး ရှေးဟောင်း သုတေသနဦးစီးဌာနမှ ထိုနေရာကို သွားရောက်တူးဖော်ပြီး ထိုနေရာသည် BC၅ ရာစုမှ BC၇ ရာစုအတွင်း အဆောက်အအုံ နေရာဖြစ်၍ စုပုံနေသော အရာတို့မှ အိမ်အမိုးပြားများနှင့် ခေါင်အုပ်များ ဖြစ်သည်ဟု အဆုံးအဖြတ် ပြုကြပါသည်။

မည်သို့ပင်ဖြစ်စေ ဧရာဝတီစာပေခရီးသည် တကောင်း၏ အစကို ပီပီပြင်ပြင် ဖော်ထုတ်နိုင်၍ ကျွန်တော်၏ ဘဝတွင် ဂုဏ်ယူဖွယ်ရာ ခရီးတစ်ရပ်ဖြစ်ခဲ့သည်။

## တတိယအကြိမ် ရောက်ရှိခြင်း

တကောင်းသို့ တတိယအခေါက်ကတော့ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ ခရီးဖြစ်၏။ တကောင်း ရွှေမြင်တင် ဆရာတော်က အမေနေ့ အခမ်းအနား ပြုလုပ်လိုပါသည်ဟု ဆိုသောကြောင့် ကျွန်တော်နှင့်အတူ မန္တလေးမှ ဦးမောင်မောင်စန်း၊ ကဗျာဆရာ မောင်သင်းပန်တို့ သွားကြသည်။ ဆရာတော်က မော်တော်ကားနှင့် လာကြိုရာလမ်းတွင် ကားပျက်နေ၍ အအေးဒဏ်တော်တော်ခံရ၏။ တကောင်းသို့ ညတစ်နာရီလောက်မှ ရောက်သည်။ နောက်တစ်နေ့တွင် တကောင်း၌ မြေပေါ်အထောက်အထားများ ရှာဖွေခဲ့၏။ အုတ်ခွက်ဘုရား သုံးလေးဆူနှင့် ပုဂံခေတ် ဘုရားမဏ္ဍပ်တော်နှစ်ဆူ တွေ့ရှိ၍ ပင့်ဆောင်လာခဲ့သည်။ ဆရာကြီးဦးမောင် မောင်တင် (မဟာဝိဇ္ဇာ) နှင့် တမ္ပဝတီဦးဝင်းမောင်တို့၊ ဦးတင်ဝင်းကုန်းသို့ လာရောက် လေ့လာခဲ့ကြကြောင်း သိရ၏။





## စတုတ္ထအကြိမ် ရောက်ရှိခြင်း

ကျွန်တော်သည် ထိုအတောအတွင်း မြန်မာအစ လေ့လာချက်တာတမ်း ဟုသော စာအုပ်ငယ်တစ်အုပ်ကို မြဝတီစာပေတိုက်မှ သက်ဆိုင်ရာ တာဝန်ရှိသူများထံ ခွင့်ပန်၍ ရိုက်ထုတ်ခဲ့၏။ ထိုစာအုပ်ငယ်တွင် ဧရာဝတီစာပေခရီးမှ အထောက်အထားက တကောင်းသည် ပျူဖြစ်ကြောင်း ခိုင်မာသည်ကို သက်သေအနေဖြင့် တင်ပြသောစာအုပ်ဖြစ်ပါ၏။ ထိုစာအုပ်ထုတ်ချိန်နှင့် ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပြောင်းရွှေ့လာသော အချိန်နှင့် တိုက်ဆိုင်မှုသည် မြန်မာ့သမိုင်းကို တစ်ဆစ်ချိုး ပြောင်းလဲစေခဲ့သည်ဟု ဆိုနိုင်ပါ၏။ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် တပ်မတော်သားအရာရှိ ငယ်ဘဝကပင် တကောင်းတွင် တပ်ခွဲစခန်းချခဲ့ဖူးပြီး တကောင်းကို သံယောဇဉ်ရှိသူဖြစ်သည်။ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး မကြာမီပင် တကောင်းသို့ သွားရောက်ရန် ခရီးစဉ်ဖြစ်ပေါ်ခဲ့သည်။ ၁၈-၅-၂၀၀၃ နေ့တွင် သွားရောက်ခဲ့သော ယဉ်ကျေးမှုဝန်ကြီး၏ ခရီးစဉ်တွင် ပါဝင်လိုက်ပါခြင်းဖြင့် ကျွန်တော်သည် တကောင်းသို့ စတုတ္ထအကြိမ်မြောက် ရောက်ရှိသည်။ ဤခရီးစဉ်သည် အလွန်ထူးခြားသော ခရီးစဉ်ဖြစ်သည်။ တကောင်း၏ အစဉ်အလာ ပြောင်းစေခဲ့သော ခရီးစဉ်ဖြစ်သည်။ ဝန်ကြီးနှင့် အဖွဲ့သည် ၁၈-၅-၂၀၀၃ နေ့တွင် တကောင်းသို့ ရောက်ရှိခဲ့ပြီး ၁၉-၅-၂၀၀၃ နေ့တွင် တကောင်းမှ ဆင်ညှပ်ကုန်းသို့ သွားရောက်၏။ ထိုနေ့က မိုးရွာသွန်းနေသည်။ ထို့ကြောင့် ဦးတင်ဝင်းကုန်းအထိ ကားမရောက်ဘဲ ရွာလယ်၌ တူးဖော်ထားရှိသော ကျင်းတစ်ကျင်းကို ဝင်ရောက်လေ့လာရာမှ တကောင်းအိုးအမှတ် (၁) နှင့် အမှတ် (၂) တို့ကို တွေ့ရှိသည်။ ထိုအရိုးအိုးနှစ်လုံးသည် တကယ့်ပျူအရိုးအိုးများဖြစ်၍ တကောင်းမှ အိုးတွင် အရိုးထည့်ကာ မြှုပ်နှံလေ့ မရှိဆိုသော အဆိုကို စတင်ချေဖျက်ခဲ့သော တကောင်းမှ ပျူအရိုးအိုးနှစ်လုံးပင် ဖြစ်သည်။

## ပဥ္စမအကြိမ် ရောက်ရှိခြင်း

တကောင်းသို့ ကျွန်တော်၏ ပဥ္စမအကြိမ် ခရီး ၁၈-၆-၂၀၀၃ ခု နှဖြစ်၏။ ပထမဝန်ကြီး ခရီးစဉ်အပြီး တစ်လတိတိ အကြာတွင် ဖြစ်သည်။ ယဉ်ကျေးလိမ္မာ မျိုးမြန်မာစာတမ်းဖတ်ပွဲတွင် မြန်မာ့မြို့ဟောင်းတကောင်းရုပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ခွဲ့တတာခြင်းအတွက် အချက်အလက်နှင့် ပစ္စည်းများ စုဆောင်းရန် သွားရောက်ခြင်း ဖြစ်သည်။ ထိုသို့ သွားရောက်ရာတွင် မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်နှင့် တမ္ဗဝတီ ဦးဝင်းမောင်တို့က သူတို့လည်း တကောင်းသို့ သွားစရာရှိသည်ဟု ဆို၍ အတူသွားကြရန် ချိန်းဆိုကာ ကျွန်တော် ရန်ကုန်မှထွက်လာခဲ့သည်။ မန္တလေးတွင် ဦးဝင်းမောင်တို့နှင့် ဆက်သွယ်ရာ ကိစ္စရှိနေ၍ နောက်နေ့မှ လိုက်လာခဲ့မည် ဆိုသောကြောင့် ကျွန်တော်နှင့် မန္တလေးမှ သတင်းထောက်ဦးအုန်းငွေတို့ တကောင်းသို့ ကြို၍ ထွက်ခဲ့၏။ ဦးအုန်းငွေက ဓာတ်ပုံပါရိုက်သောကြောင့် ဓာတ်ပုံရရှိရေးအတွက်လည်း များစွာ အကူအညီရသည်။ တကောင်းသို့ ဖွန်လ ၁၈ ရက်နေ့ရောက်ရာ ၁၉ ရက်နေ့တွင် ကြည့်ရှုပ်သွားခဲ့၏။ ၂၀ ရက်နေ့တွင် တကောင်းမြို့တွင်းသို့ သွားရောက်ခဲ့ရာ မြို့လယ်ခေါင်ဈေးထိပ် ညောင်ပင်ခြေရင်းမှ ပျူအရိုးအိုးအင်္ဂါအရပ်ရပ်နှင့် ပြည့်စုံသော အရိုးအိုးအမှတ် ၃ ကို တွေ့ရှိခဲ့သည်။ ထိုအရိုးအိုးအတွင်းမှ ကြေးခြူငါးလုံး ရရှိ၍ ပျူအမျိုးသမီးငယ်တစ်ဦး၏ အရိုးအိုးဟု သတ်မှတ် ကာ ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုအရိုးအိုးတွေ့ရှိမှုနှင့် ပတ်သက်၍ ဟန်လင်းထက် လည်းကောင်း၊ ဗိဿနိုးထက် လည်းကောင်း ဆောသော အထောက်အထား တစ်ကောင်းမှ တွေ့ရှိပြီဟု ကြေညာခဲ့ပါသည်။

## ဆဋ္ဌမအကြိမ် ရောက်ရှိခြင်း

တကောင်းသို့ ကျွန်တော် ဆဋ္ဌမအကြိမ် ရောက်ရှိသည်နေ့ ၂၃-၂-၂၀၀၄ နေ့ ဖြစ်၏။ ၂၀၀၄ ခု ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၆ ရက်နေ့အထိ ဖြစ်သည်။ ထိုအခေါက်သွားရောက်စဉ်က ယဉ်ကျေးမှုဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင် ခေါင်းဆောင်၍ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒပါမောက္ခ ဒေါက်တာတင်သိန်း အပါအဝင် ပညာရှင် ၁၂ ဦး ပါဝင်၏။ သွားရောက်သည်။ ရည်ရွယ်ချက်မှာ တကောင်းဒေသ၌ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲခဲ့သည်ကို လေ့လာရန် ဖြစ်၏။ ဇမ္ဗူဒီပဦးဆောင်းကျမ်းတွင် တကောင်း၏တည်နေရာကို ပြဆိုရာတွင် တကောင်းအနောက်ဘက်တွင် ဧရာဝတီမြစ်ရှိသည်ဟု မဆို။





ယခုအနေအထားတွင် ဧရာဝတီသည် တကောင်း၏ အနောက်ဘက်မှ ကပ်လျက် စီးနေသည်ကို တွေ့ရ၏။ တကောင်းသည် ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမီကပင် တည်ရှိခဲ့သော မြို့တစ်မြို့ဖြစ်ရာ ဧရာဝတီမြစ် ဘယ်အချိန်က မြစ်ကြောင်းပြောင်းလဲသည်ကို သိရှိပါက ထိုအရင်ကပင် တကောင်း တည်ရှိခဲ့သည် ဖြစ်၏။ ဧရာဝတီမြစ်သည် လွန်ခဲ့သော အနှစ် ၄၀၀၀ က ၍ မြစ်ကြောင်း ပြောင်းလဲခဲ့သည်ဟု ပညာရှင်များက ဆိုပေရာ တကောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကျော်ကပင် တည်ရှိခဲ့သော မြို့အဖြစ် သက်သေပြနိုင်ပါ၏။

နောက်အချက်တစ်ချက်မှာ ပျူမြို့ကြီးများသည် အထူးသဖြင့် ဧရာဝတီမှ ၁၀ မိုင်မှ ၁၅ မိုင်ခန့်ဝေးသော နေရာများတွင်သာ တည်ရှိခဲ့ရာ ဧရာဝတီမြစ်ကမ်းပေါ် မေးတင်လျက်တည်ရှိနေသော တကောင်းသည် ပျူမှ ဟုတ်ပါလေစဟု သံသယရရှိကြ၏။ ဧရာဝတီမြစ်ကြောင်း မပြောင်းမီ မြစ်ကြောင်းဟောင်း အတိုင်းက ဆိုပါက ဧရာဝတီသည် တကောင်းမှ ၁၀ မိုင်၊ ၁၅ မိုင်အကွာမှ စီးဆင်းခဲ့သည်ကို တွေ့ရှိခဲ့ပါ၏။

နောက်တစ်ချက် စဉ်းစားစရာ ရှိသည်မှာ ပျူလူမျိုးတို့သည် တကောင်း၊ ဟွင်ပြင် တကောင်း၊ ဖုန်ကုန်းဆင်ညှပ်ကုန်း ပုတီးဖြူကြည်ပ် အစရှိသော ဒေသများ၌ နေခဲ့ကြရာ ဧရာဝတီ မြစ်ကြောင်း ပြောင်းသည့်ဒဏ်ကို သူတို့ခံခဲ့ရဖူးသောကြောင့် နောင်ပျူမြို့ပြနိုင်ငံများကို တည်ရာတွင် ဧရာဝတီမှ ၁၀ မိုင်၊ ၁၅ မိုင် ဝေးသောနေရာတွင်မှ ရွေးတည်ကြလေသလားဟုလည်း စဉ်းစားဖွယ်ရာ ဖြစ်ပါ၏။ ဧရာဝတီမြစ်ကြီး တကောင်းအရပ်၌ လွန်ခဲ့သော နှစ် ၄၀၀၀ က အမှန်တကယ် ပြောင်းလဲခဲ့ကြောင်း ပညာရှင်များက အတည်ပြုခဲ့ရုံသာမက တိုင်းပြည်သို့လည်း ကြေညာခဲ့ပါ၏။

## သတ္တမအကြိမ် ရောက်ရှိခြင်း

ကျွန်တော် သတ္တမအကြိမ် တကောင်းသို့ ရောက်ခဲ့သည့်နေ့မှာ ၂၀၀၄ ခု မေလ ၁၆ ရက်နေ့ ဖြစ်ပါ၏။ တကောင်းမှ ပျူအရိုးအိုး အမှတ် ၁၊ အမှတ် ၂ နှင့် အမှတ် ၃ တို့ကို သာမက အမှတ် ၁၀ အထိ အိုးများကိုလည်း တွေ့ခဲ့ပြီ ဖြစ်၏။ တကောင်းမှ လက်စင်းရာပါအုတ်များ၊ အလွန်ရှေး



www.burmeseclassic.com

www.burmeseclassic.com



ကျသော ရှစ်မြှောင့်စေတီတော်၏ ပန္နက်များလည်း ပေါ်ထွက်ခဲ့ပြီ ဖြစ်၏။ တကောင်းမှ ဒင်္ဂါးများလည်း ရရှိခဲ့၏။ ပျူအသုံးအဆောင်ပစ္စည်းများလည်း တွေ့ခဲ့ပြီဖြစ်ရာ တကောင်းသည် ပျူဖြစ်ကြောင်း ခိုင်လုံစွာ ပြောဆိုနိုင်ပြီဖြစ်၍ တိုင်းပြည်သို့ မျက်မြင်ကိုယ်တွေ့ တင်ပြရန် မြဝတီရုပ်မြင်သံကြားအဖွဲ့ကို ဦးဆောင်၍ သွားခဲ့ခြင်း ဖြစ်သည်။ ထိုသို့ သွားစဉ်က ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်လည်း ပါဝင်၍ တကောင်းမှ ပျူအထောက်အထားတွေ့ရှိမှုများနှင့် အနော်ရထာလက်ထက် လေးမျက်နှာဘုရားကြီး ပြန်လည်တည်ဆောက်မှုများကို မှတ်တမ်းတင်ခဲ့သည်။

## အဋ္ဌမအကြိမ် ရောက်ရှိခြင်း

တကောင်းသို့ ကျွန်တော်သည် အဋ္ဌမအကြိမ်အဖြစ် ၉–၈–၂၀၀၄ ခုနေ့က သွားရောက်ခဲ့ပြန်ပါ၏။ သွားရောက်ခဲ့ခြင်း၏ အကြောင်းမှာ တကောင်း အ–ထ–က အတွင်းမှ ပျူအရိုးအိုးအမှတ် ၁၁ ကို တွေ့ရှိရာ ဤအရိုးအိုးသည်လည်း ပျူအရိုးအိုးလက္ခဏာများ ပီပြင်မှုရှိသော အရိုးအိုးဖြစ်သည်။ အမှတ် ၁၁ ကို တူးဖော်တွေ့ရှိသော အိမ်သာကျင်းအတွင်း၌ အခြားအိုးတစ်လုံး၏ နှုတ်ခမ်းအစကိုလည်း တွေ့ရသည်ဟုဆိုရာ ထုံးစံအတိုင်းဆိုပါက ထိုပတ်ဝန်းကျင်ကို ဆက်တူးရမည်ဖြစ်၏။ သို့သော် မတူးဖြစ်ခဲ့ကြ။ ကျွန်တော်မှာလည်း တကောင်းတွင် ရေကြီးနေသည်ဟု ဆို၍ ပျူအရိုးအိုးအမှတ် ၁၁ ကို တွေ့တွေ့ခြင်း ပတ်ပန်းကျင်ကို သွားတူးသင့်သော်လည်း မသွားဖြစ်ဘဲ ဩဂုတ်လအတွင်းရောက်မှ ယဉ်ကျေးမှုဝန်ကြီးထံ ခွင့်ပန်၍ တကောင်းသို့ အဋ္ဌမအကြိမ် ရောက်ရှိခဲ့ခြင်း ဖြစ်ပါ၏။ ကျွန်တော် တကောင်း သို့ ၉–၈–၂၀၀၄ နေ့တွင် ရောက်ရှိပြီး ၁၀–၈–၂၀၀၄ နေ့တွင် ထိုနေရာအား TG-31 ကုန်းအဖြစ် သတ်မှတ်၍ တူးရာ TG-31 A နှင့် TG-31 B နေရာတို့ကို ဖော်ထုတ်နိုင်ခဲ့၏။ ဆက်လက်၍ ဦးအေးလွင်နှင့် ဆရာတော် ဦးပဏ္ဍိတာနန္ဒတို့ ဆက်တူးရာ TG-31 နှင့် TG-31 D တို့ကို တွေ့ရှိခဲ့သည်။ ဤတွေ့ရှိမှု ကြီးသည် တကောင်း၏ ရုပ်ပုံလွှာ သိသာထင်ရှားစွာ ပေါ်လွင်လာမှု ဖြစ်သည်။ မြန်မာတကောင်း၊ ပျူတကောင်း ဖြစ်ကြောင်း သိသာထင်ရှားစွာ ပြဆိုခဲ့သောအချက် ဖြစ်၏။





## နဝမအကြိမ် ရောက်ရှိခြင်း

တကောင်းသို့ နဝမအကြိမ်အဖြစ်ကား ၂၇–၉–၂၀၀၄ ခု နေ့မှ ၂၉–၉–၂၀၀၄ ခုနေ့အထိ ဤစာအုပ်ကို ရေးသားရန်အတွက် TG-31 ကုန်းမှ တွေ့ရှိသော အရိုးအိုး ၆၅ လုံးကို တိုင်းတာရန် တစ်လုံးခြင်းအမှတ်တပ်ဆောင်ရန် ဒီဇိုင်းများ ကူးရေးရန်အတွက် သီးသန့်သွားရောက်ခြင်း ဖြစ်ပါ၏။ ကျွန်တော်နှင့်အတူ မန္တလေး ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဒန်းချီ ဦးသောင်းညွှန့်၊ သတင်းထောက်နှင့် သတင်းစာကိုယ်စားလှယ် ဦးအုန်းငွေ၊ မြဝတီဦးသန်းဌေးနှင့် ပန်းမျိုးတစ်ရာ ဦးအေးလွင်တို့ ပါရှိသည်။ မူလက ဤခရီးကို မော်ကွန်းစိုးမြင့် လိုက်မည်ဆို၍ ရထားလက်မှတ်ဝယ် ပြီးကာမှ မလိုက်ဖြစ်၍ ပန်းမျိုးတစ်ရာ ဦးအေးလွင် လိုက်ပါလာခြင်းဖြစ်သည်။ ဤစာအုပ်ပါ ဓာတ်ပုံများအားလုံးကို ဦးအုန်းငွေမှ ရိုက်ကူးပါသည်။ မြဝတီဦးသန်းဌေးကလည်း အခုတော့ တကောင်းဦးသန်းဌေး ဖြစ်၍နေပါပြီ။

## ဒသမအကြိမ် ရောက်ရှိခြင်း

တကောင်းသို့ ကျွန်တော်သည် ဒသမအကြိမ်အဖြစ် ၁၆–၁၀–၂၀၀၄ ခုမှ ၂၄–၁၀–၂၀၀၄ ခုနေ့အထိ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဦးစီးဌာနပါမောက္ခ ဒေါ်ရည်ရည်အောင်နှင့် ရှေးဟောင်းဘွဲ့လွန်နှင့် မဟာဝိဇ္ဇာတန်းမှ ကျောင်းသားများ သွားရောက်လေ့လာမည်ဟု ဆို၍ တကောင်းမှ တွေ့ရှိရသော ပျူအထောက်အထားများကို ရှင်းလင်းပြရန် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ဆရာမကြီးဒေါ်ရည်ရည်အောင်နှင့်အဖွဲ့ အခက်အခဲမရှိ နေနိုင်လေ့လာနိုင်အောင် နေထိုင်ရေး စားသောက်ရေးမှအစ စီစဉ်ပေးခဲ့ပါသည်။ ကျောင်းသူကျောင်းသားများနှင့် ဆရာဆရာမများ TG-31 အပါအဝင် တကောင်းဒေသအား နှံ့နှံ့စပ်စပ် လေ့လာခဲ့ကြပါသည်။ ထိုအဖွဲ့သည် တကောင်းကို ၂၉–၁၀–၂၀၀၄ အထိ လေ့လာခဲ့ကြသော်လည်း ကျွန်တော်သည် ဆိုကရေးတီးပြိုင်ပွဲကြီးနှင့် ကျိုက်ကလော့ အမေ့မေတ္တာစာမူပြိုင်ပွဲ ရှိနေ၍ ၂၅–၁၀–၂၀၀၄ နေ့အရောက် ရန်ကုန်သို့ ပြန်ခဲ့ပါ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃

## အက္ခရာဖြင့် အမှတ်အသားပြုထားသော တကောင်းအိုးများ

တကောင်းမှ ရရှိသော အိုးများကို နံပါတ်ထိုးရာတွင် နှစ်မျိုးနှစ်စား ခွဲထားပါ၏။ တစ်မျိုးမှာ ကကြီး၊ ခခွေး နံပါတ် ပေးထိုးထားပြီး နောက်တစ်မျိုးကို တစ်နံပါတ်၊ နှစ်နံပါတ်ပေးထိုးထားပါ၏။

ဤသို့ထိုးထားခြင်းမှာလည်း တကောင်း၏ အိုးသမိုင်းဖြစ်စဉ်အရ အထိုးထားရခြင်း ဖြစ်ပါသည်။ တကောင်းအိုးများကို မှတ်သားထားရာတွင် ကကြီး ကခွေး နံပါတ်ပေးထားသော အိုး (၁၀) လုံး ရှိပါ၏။ တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ပေးထားသောအိုးက ၇၅ လုံး ရှိပါသည်။

တကောင်းမှ ပျူအထောက်အထားဆိုင်ရာ အရိုးအိုးများ၊ အိုးခြမ်းပဲ့များကို ရှေးအခါကပင် တွေ့ရှိခဲ့ပြီး ဖြစ်ပါ၏။ သို့သော် တကောင်းမှ အနော်ရထာလက်ထက် ၁၁ ရာစုထက် မစောဟူ သော အတိတ်တခွေက ခြောက်လှန့်ခြင်းခံထားရသောကြောင့် ယခင်တကောင်းကို သုတေသနပြုခဲ့ကြသူတို့သည် အိုးမြင်တိုင်း အိုးခြမ်းပဲ့တွေ့တိုင်း ပျူဟူ၍ မသတ်မှတ်ဝံ့ကြဘဲ သံသယဖြစ်ခဲ့ကြ၏။ တစ်စုံတစ်ယောက်က အိုးတစ်လုံး လာရောက်အပ်နှံလျှင်ပင် ထိုအိုးသည် တကောင်းမှ ရတာမှ ဟုတ်ပါလေစ၊ အခြား ဒေသ အရပ်က ရောက်လာသော အိုးပေပဲလားဟု သံသယဝင်ကာ တကောင်းမှ



www.burmeseclassic.com

တွေ့ရှိသမျှသော အိုးအားလုံးကို ပျူအရိုးအိုးများအဖြစ်မှ ပယ်ခဲ့ကြ၏။ တကောင်းသည် အိုးခြမ်းပဲ့တောင်ပုံရာပုံပေါသော မြို့ဖြစ်၏။ အိုးခြမ်းပဲ့တိုင်းတွင်လည်း ဒီဇိုင်းများ ပါရှိ၏။ အချို့သော အိုးခြမ်းပဲ့များသည် လက်လုပ်အိုးများမှ အိုးခြမ်းပဲ့များ သေချာပါလျက် တကောင်းကို ပျူဟု၍ မတွေးတော့ဘဲရှိခဲ့ပါ၏။ ကိုယ်တူးဖော်၍ မြေကြီးထဲမှ အိုးထွက်မလာသမျှ မယုံဟူသော သံဓိဋ္ဌာန်ချက် ခိုင်ခိုင်မာမာဖြင့် မြေပေါ်အထောက်အထားများအဖြစ် တွေ့ခဲ့ရသော အိုးများကို ပယ်ခဲ့ကြပါ၏။ ထို့ကြောင့် ကျွန်တော်တို့သည် တကောင်းအိုးများကို နံပါတ်ပေးရာတွင် ကျွန်တော်တို့ကိုယ်တိုင် တူးဖော်ရရှိခြင်း မဟုတ်သော လူထုက သူတို့ ဘယ်နေရာ ဘယ်ဒေသမှ ရရှိခဲ့သည်ဆိုကာ လာရောက်အပ်နှံသော အိုးများကို ကကြီး ခခွေးနံပါတ်ပေးခဲ့ရပါ၏။

တစ်ဖန် သက်ဆိုင်ရာ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင်သော် လည်းကောင်း၊ ကျွန်တော်တို့ကိုယ်တိုင်သော်လည်း၊ သက်ဆိုင်အာဏာပိုင်များ ဒေသခံပြည်သူများ၊ ရပ်ရွာဒေသခံပြည်သူများ ရပ်ရွာဒေသရှိ ဆရာတော်၊ သံဃာတော်များ၏ ရှေ့မှောက်တွင် မြေကြီးထဲမှ တိတိကျကျ တွေ့ရှိခဲ့သော အိုးများကိုကား တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ပေးထားပါသည်။


ထိုသို့နံပါတ်ပေးထားသောအိုးများကို တကောင်းဒေသမှ ရှေးဟောင်းပစ္စည်းများကို စုဆောင်း စောင့်ရှောက်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနမှ လွှဲအပ်ထား တာဝန်ပေးအပ်ထားသည့် လေးမျက်နှာဘုရားကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော်ဦးပဏ္ဍိတာနန္ဒ၊ ပညာရှင်တမွဝတီ ဦးဝင်းမောင်၊ ညွှန်ကြားရေးမှူး ဦးအေးမောင်၊ ထိန်းသိမ်းရေးမှူး ဦးအေးလွင်တို့နှင့် တိုင်ပင်၍ စာရေးသူကိုယ်တိုင် အမှတ်အသားပြု အစဉ်လိုက် ပေးထားသော နံပါတ်များ ဖြစ်သည်။ သတင်းစာနှင့် မီဒီယာများသို့ သတင်းထုတ်ပြန်ရာတွင် လည်းကောင်း၊ တကောင်းပြတိုက်၌ သိမ်းဆည်းထားရာတွင် လည်းကောင်း ယခု နံပါတ်များဖြင့်ပင် သတင်းထုတ်ပြန်၍ သိမ်းဆည်းထားရှိပါသည်။

ဤနံပါတ်များသည် အတည်လည်း ဖြစ်သည်။ အမျိုးမျိုး အဖုံဖုံ ထပ်မံ၍ ပြောင်းလဲခြင်းကြောင့် အမှတ်အသားများ မှားယွင်းမှုများ ရှိနိုင်ပါသည်။






## တကောင်းအိုးအမှတ် (က)



အိုးနံပါတ် (က) သည် ထူးခြားသော ဒီဇိုင်းပုံဖြစ်၍ အိုးသားထူသည်။ ပုံတွင် မြင်တွေ့ရသည့်အတိုင်း ဒီဇိုင်းပါရှိ၏။ ဤအိုးကို ၁၉၉၁ ခုနှစ်လောက် ကုန်အမှတ် ၂၁ အနီးမှ တွေ့ရှိရပြီး ရယကဥက္ကဋ္ဌ ဦးလှထွန်းထံ အများပြည်သူလူထုက လာရောက်အပ်နှံသော အိုးဖြစ်၏။ ရေတကောင်းအမျိုးအစားဖြစ်ပြီး အိုးခြေကရွတ်ခွေပိုင်း ပါရှိ၍ အိုးနှုတ်ခမ်းကွဲနေသည်။ ယခု လေးမျက်နှာဘုရားဝင်းအတွင်းရှိ ပြတိုက်တွင် သိမ်းဆည်းထားသည်။ တကောင်းပြတိုက်ကြီးပြီးပါက ပြတိုက်ကြီးသို့ ပို့ဆောင်သိမ်းဆည်းရန် ဖြစ်သည်။




အိုးအမှတ် (က) ၏
အတိုင်းအတာများ
(က) လက်ရှိအမြင့် = ၆
(ခ) အချင်း = ၉ လက်မ
(ဂ) အောက်ခြေကရွတ်ခွေ
အမြင့် = ၄ လက်မ
(ဃ) အောက်ခြေကရွတ်ခွေ
အချင်း = ၄ ၁ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးနံပါတ် (ခ)






တကောင်းအိုးနံပါတ်(ခ) သည်လည်း ရေတကောင်းအိုး ဖြစ်သည်။ ပကတိကောင်းမွန်သော အိုးဖြစ်၍ အုတ်ခဲရောင်အဆင်းရှိ၏။ ရေတကောင်းအဝမှ အောက်ခြေကရွတ်ခွေတိုင် ကောင်းမွန်သည်။ ဤအိုးထူးခြားချက်မှာ အိုးကိုယ်ထည်ပေါ်တွင် အစက်အပျောက် စက်ဝိုင်းနှစ်ထပ်ပါရှိခြင်း ဖြစ်၏။ အစက်အပျောက် အဝိုင်းနှစ်ဆင့်တွင် တစ်ဆင့်စီ၌ အဝိုင်း ၂၁ ခု နှစ်ခုပေါင်း အဝိုင်း ၄၂ ခု ပါရှိ၏။ ဒီဝိုင်းနှစ်ထပ်ရှိသည်အနက် အတွင်းစက်ဝိုင်းတွင် အစက် ၁၂ စက်နှင့်အပြင် စက်ဝိုင်းတွင် အစက် ၁၉ စက်ပါရှိ၏။ စက်ဝိုင်းအလယ်တွင် အဝိုင်းတစ်ခု ထပ်မံပါရှိသည်။ ဤအိုးကို ၁၉၇၃ ခုနှစ်က သမဝါယမ အဆောက်အအုံဆောက်ရန် တိုင်တူးရာမှ အနက် ၁၀ ပေခန့်တွင် တွေ့ရှိခြင်း ဖြစ်၏။ တွေ့ရှိသူမှာ ဦးမြင့်သိန်းဖြစ်၍ တကောင်းမှ ရွှေဘုရားတွေ့ရှိသော နှစ်လောက်က တွေ့ရှိခြင်းဟု ဆိုသည်။

### အမှတ်(ခ) ၏ အတိုင်းအတာများ

(က) အိုးထိပ်ဝအချင်း = ၁.၂"
(ခ) အိုးတစ်ခုလုံးအမြင့် = ၈.၆"
(ဂ) အိုးလည်ပင်းအမြင့် = ၂.၂"
(ဃ) အိုးအချင်း = ၆.၂လက်မ
(င) အောက်ခြေကရွတ်အမြင့် = ၀.၇"
(စ) အောက်ခြေကရွတ်အချင်း = ၃.၆
(ဆ) အစက်ပါအဝိုင်းပေါင်း=၄၂ ဝိုင်း
(ဇ) အဝိုင်း၏အချင်း = ၀.၇၅"



ရှာဖော်တွေ့ရှိပြီး အိုးကို တွေ့ရှိသူတို့က ရယကဥက္ကဋ္ဌ ဦးလှထွန်းထံတွင် သာရောက်အပ်နှံထားရာ ဦးလှထွန်းက သိမ်းဆည်းထားရှိပြီး ယခုအခါ ပြ တိုက်သို့ လွှဲပြောင်းပေးပြီး ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



## အိုးအမှတ် (ဂ)




အိုးအမှတ် ဂ သည် အောက်ခြေကရွတ်ခွေပါရှိသော အိုးတစ်လုံးဖြစ်သည်။ ရေတကောင်းအပေအနှုတ်ခမ်းရော အောက်ခြေပါကွဲပျက်နေသည်။ အမှတ် (၁) ရပ်ကွက် ဒေါ်တာတာအိမ်တွင် အိမ်သာကျင်းတူးရာမှ ၂၀၀၂ ခုနှစ်က တွေ့ရှိပြီး ရယကဥက္ကဋ္ဌဦးလှထွန်းထံ လာရောက်အပ်နှံသောကြောင့် ဥက္ကဋ္ဌမှ သိမ်းဆည်းထားသော အိုးဖြစ်၏။

အမှတ် ၁ ရပ်ကွက် မြို့ရုံးအနီးမှ တွေ့ရှိရခြင်း ဖြစ်ပြီး အိုးနှင့်အတူ မြေသီးစေ့သုံးစေ့လည်း ရရှိသည်။ အိုးတွင် ဒီဇိုင်းပါရှိ၏။ ဒီဇိုင်းပုံမှ မီးတောက်နေသောပုံဟု ထင်မှတ်ရ၏။







အိုးအမှတ် (ဂ)

အိုးအမှတ် ဂ ၏ အတိုင်းအတာများ

(က) လက်ရှိအမြင့် = ၅.၅ လက်မ

(ခ) အိုးအချင်း = ၄.၃ လက်မ

(ဂ) အောက်ခံကရွတ်ခွေ အချင်း = ၃.၄ လက်မ

(ဃ) အောက်ခံကရွတ်ခွေ အမြင့် = ၁.၂ လက်မ

(င) ဒီဇိုင်းပုံမှ လေးထောင့်ပုံဖြစ်၍ အလျား = ၀.၈ လက်မနှင့် အနံ ၀.၆ လက်မရှိပြီး ဒီဇိုင်း အရေအတွက် စုစုပေါင်း ၁၉ ခုရှိ၏။ အိုးဗိုက်တွင် ပတ်ပတ်လည် ရိုက်နှိပ်ထားသည်။

## တကောင်းအိုးအမှတ် (ဃ)





www.burmeseclassic.com

www.burmeseclassic.com




အမှတ် ဃ အိုးသည် ချက်ပြုတ်အိုးတစ်လုံးဖြစ်၍ ဖင်လုံးပြီး အောက်ပိုင်းတစ်ဝက်တွင် အထစ်အထစ်တုန်း ဒီဇိုင်းများ ပါရှိ၏။ အိုးအမှတ် ဃ ကို တကောင်းမြို့ ၃ ရပ်ကွက် ၂၁ လမ်း ရေဆိပ်ဆင်းလမ်းမှ အိုးလက်ခတ်တစ်နှင့်အတူ တွေ့ရှိရသည်။ တွေ့ရှိသော နေ့ရက်မှ ၂၀၀၄ မှ ဇွန်လအတွင်းက ဆရာတော်ဦးပဏ္ဍိတာနန္ဒ တွေ့ရှိကောက်ရခြင်းဖြစ်သည်။ ယခု တကောင်းပြတိုက်တွင် သိမ်းဆည်းထားရှိသည်။ နှုတ်ခမ်းပဲ့နေပြီး အိုးအောက်ပိုင်းအနက်ရောင်ရှိ၏။

အိုးအမှတ်(ဃ) ၏ အတိုင်းအတာများ

(က) အိုး၏အမြင့် = ၅ လက်မ
(ခ) အိုးမျက်နှာဝအကျယ် = ၇ လက်မ
(ဂ) အိုးအချင်း = ၇.၃ လက်မ

## တကောင်းအိုးအမှတ် (င)

အိုးအမှတ် င သည် ပြောင်ချောဒီဇိုင်းမပါသဖြင့် အိုးအရိုးလုံးတစ်ခုဖြစ်ပြီး အိုးမှာ အတော်ပျက်စီးနေသည်။ အိုးကို ပြန်ဆက်ထားပြီး ဖြစ်၍ ဤအိုးကို တကောင်းနှင့် ဆင်ညှပ်ကုန်းကြား ပေါ်တော်မူကုန်းလှည်းလမ်းမပေါ်မှ ဦးပဏ္ဍိတာနန္ဒနှင့် ဦးအောင်ကျော်တို့ ၂၂-၇-၂၀၀၃ နေ့က တွေ့ရှိသည်။ အိုးအတွင်းမှ မြေကို စစ်ဆေးကြည့်ရှုရာ အရိုးစများ ရရှိသည်။




အိုးအမှတ် (င) ၏ အတိုင်းအတာများ

(က) လက်ရှိအိုးအမြင့် = ၇.၂လက်မ
(ခ) အိုးအချင်း = ၇.၅လက်မ
(ဂ) အိုးမျက်နှာဝအချင်း= ၅.၂လက်မ







အိုးအမှတ် (င)




www.burmeseclassic.com


www.burmeseclassic.com



## တကောင်းအိုးအမှတ် (စ)



အိုးအမှတ် (စ) သည် ဖင်လုံး ဒေါင်လိုက်အစင်းများ ပါရှိသော အရိုးအိုးတစ်လုံး ဖြစ်သည်။ အိုးအတွင်း၌ အရိုးများ ရှိသည်။



အိုးအမှတ် (စ) ၏
အတိုင်းအတာများ
(က) လက်ရှိအိုးအမြင့် =
(ခ) အိုးအချင်း =
(ဂ) အိုးမျက်နှာဝအချင်း =






## တကောင်းအိုးအမှတ် (ဆ)

အိုးအမှတ် ဆ သည် ရေတကောင်းများဖြစ်၍ အိုးအရေအတွက်အားဖြင့် အိုးအမှတ် ဆ–၁၊ အိုးအမှတ် ဆ–၂ အိုးအမှတ် ဆ–၃ အိုးအမှတ် ဆ–၄ ဟူ၍ လေးလုံးပါရှိသည်။ အားလုံး ရေတကောင်းများ ဖြစ်၍ အိုးအမှတ် ဆ-၁ သည် အိုးထည့်ပိုင်း ကွဲအက်နေ၏။ အိုးအမှတ် ဆ–၂ သည် နှုတ်ခမ်းပဲ့နေသည်။ အိုးအမှတ် ဆ–၃ သည် အကောင်းပကတိ ရရှိပြီး အိုးအမှတ် ဆ–၂ မှာ အောက်ခြေ ကရွတ်ခွေ (ခွာ) နှင့် နှုတ်ခမ်းပိုင်း အက်နေသည်။

ဤအိုးလေးလုံးကို တကောင်းဒေသ ဆင်ညှပ်ကုန်းရှာ ဦးသာကျော်ကုန်းမှ ရရှိသော အိုးများ ဖြစ်သည်။ ဦးသာကျော်ကုန်းမှ အိုးများသာမက လက်စင်းရာပါ အုတ်ချပ်များကိုပါ ရရှိသည်။





အိုးအမှတ် ဆ–၁ နှင့် ဆ–၂



www.burmeseclassic.com

www.burmeseclassic.com





အိုးအမှတ် ဆ-၃၊ ဆ-၄

ဤအိုးများကို တကောင်းဒေသ သဲလွန်စကို ရှာဖွေရင်း ဆရာကြီး ဦးမောင်မောင်တင် (MA)နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့ တွေ့ရှိခြင်း ဖြစ်သည်။ ယင်းအိုးများကို တမ္ပဝတီ ဦးဝင်းမောင်ထံတွင် သိမ်းဆည်းထားရှိသည်။ အိုးများကို ၁၉၉၇ ခုနှစ်က တကောင်းနှင့် ပတ်သက်သော ပျူခေတ်ဆိုင်ရာ မြေပေါ်အထောက်အထားများ ရှာဖွေရင်း တွေ့ရှိခဲ့ခြင်း ဖြစ်၏။ ဤအိုးများကို တွေ့ရှိခြင်းကြောင့် တကောင်းသည် ပျူဒေသတစ်ခုဖြစ်ကြောင်း သက်သေအထောက်အထားရှာရာတွင် များစွာ အားတက်မှုများကို ဖြစ်စေသည်။ အိုးအမှတ် ဆ-၁/၂/၃/၄ အိုးများက တကောင်းသည် ၁၁ ရာစု အနော်ရထာလက်ထက်,ထက် မစောဟူသော အယူအဆကို ခြေဖျက်ရန် ပညာရှင်များကိုယ်တိုင်ကိုယ်ကျ ရှာဖွေတွေ့ရှိသော မြေပေါ် အထောက်အထားတစ်ရပ် ဖြစ်သည်။





ယခု အက္ခရာများနှင့် အမည်ပေး ဖော်ပြထားသော အိုးအငယ်တစ်လုံးသည် တကောင်းဒေသအား ပျူမြို့ပြနိုင်ငံတစ်ရပ်အဖြစ် ဖော်ပြရာတွင် အခိုင်အမာ သက်သေအထောက်အထားများအဖြစ် တင်ပြသောအိုးများ မဟုတ်ပါ။ ယင်းအိုးများကို မည်သည့်နေရာ မြေကြီးအနက် မည်မျှက မည်သို့မည်ပုံ တွေ့ရှိခဲ့သည်များနှင့် ပတ်သက်၍ တိတိကျကျ မသိရပါ။ အချို့အိမ်သာကျင်းတူးရာမှ တွေ့ရှိပြီး မိမိတို့အိမ်တွင် သုံးနှစ်သုံးမိုး ထားရှိပြီးကာမှ အဲသလိုအိုးများကို တွေ့လျှင် ရယကကို အပ်ရသည်ဟု သူပြောငါပြောပြောကာမှ လာအပ်၍ ရရှိသောအိုးများ ပါဝင်သည်။

သို့သော် ဤအိုးများသည်လည်း ဒီဇိုင်းများ ပါရှိခြင်း၊ လက်လုပ်အိုးများ ပါရှိခြင်း၊ အိုးပုံသဏ္ဍာန် အဆန်းများ ပါရှိ ခြင်းတို့ကြောင့် တကောင်းဆိုင်ရာ ပျူအထောက်အထား အိုးများကို တင်ပြရာတွင် ယေဘုယျမှတ်တမ်းတင်နိုင်ရန်အတွက် ယင်းအိုးများကို ဖော်ပြအပ်ပါ၏။ နောင် ယခုကဲ့သို့ နေရာအတိအကျမသိ ရရှိလာ ရောက်အပ်နှံသည့် အိုးများကို တကောင်းပြတိုက်အတွက် အက္ခရာများဖြင့်သာ ဆက်လက်မှတ်တမ်းပြုသွား သိမ်းဆည်းမည်ဖြစ်ပါ၏။

❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၄

## အိုးအမှတ် ၁ မှ အိုးအမှတ် ၁၀

ယခုဖော်ပြလတ္တံ့သော အိုးများသည် တကောင်းမြို့ဟောင်းသည် အမှန်တကယ် ပျူမြို့ပြနိုင်ငံတစ်ခုဖြစ်ကြောင်း အခိုင်အမာပြဆိုသည့် သက်သေအထောက်အထားများ ဖြစ်သည်။ ဤသက်သေအထောက်အထားအိုးများသည် သုတေသီတို့က နှစ်ပေါင်းနှစ်ရာချီ၍ ရှာဖွေခဲ့သော်လည်း ငုပ်လျှိုးနေရာ ယခုမှ ကြည့်တော့ ရှုတော့ဟု ဆိုကာ ချထားသော ကာလကာကို ဖွင့်ပြသည့်အလား ပေါ်ပေါက်လာသော အိုးများဖြစ်သည်။

အိုးအမှတ် ၁ နှင့် အမှတ် ၂ ကို စတင်တွေ့ရှိသော ခရီးစဉ်မှာ ၁၉၉၃ ခုနှစ် မေလ ၁၉ ရက်နေ့က ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၏ ခရီးစဉ်တွင် စတင်တွေ့ရှိခြင်း ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးသည် ဝန်ကြီးတာဝန် မထမ်းဆောင်မီ ယခင် တပ်မတော်သားအရာရှိဘဝက တကောင်းဒေသသို့ ရောက်ရှိကာ စိတ်ဝင်စားဖွယ်ကောင်းသော ဤဒေသနှင့် ပတ်သက်၍ ထိုစဉ်ကပင် အမှတ်အသားများ ပြုခဲ့သူဖြစ်သည်။ အခွင့်သာပါက တကောင်းကို သုတေသနပြုရန် ထိုစဉ်ကပင် စိတ်ကူးခဲ့သူ ဖြစ်သည်။ ထို့ပြင် တကောင်းနှင့် ပတ်သက်သော စာပေကျမ်းဂန်များကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာလိုက်စားခဲ့သူလည်း ဖြစ်သည်။ ဝန်ကြီးဖြစ်လာသောအခါ တကောင်းဒေသကြီးအား



www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ ရှာဖွေရန် စိတ်အားထက်သန်မှု ရှိသည်နှင့်အညီ လက်တွေ့ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

တကောင်းအား ၁၁ ရာစုထက်စောကြောင်း တကောင်းမြို့ဟောင်း၌ အမှန်တကယ် ပျူမြို့ပြနိုင်ငံတစ်ခု ထွန်းကားခဲ့ကြောင်း ယခုကဲ့သို့ ခိုင်မာသော သက်သေအထောက်အထားများ စဉ်ဆက်မပြတ် တွေ့ရှိရခြင်းသည် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၏ လှိုက်လှိုက်လှဲလှဲ အားပေးမှု၊ ကိုယ်တိုင် စိတ်ဝင်စားစွာ လုပ်ဆောင်မှုတို့၏ ကျေးဇူးများစွာ ပါဝင်ပါသည်။ ဝန်ကြီး၏ လမ်းညွှန်ပေးမှု ကျေးဇူးသည်လည်း ကြီးမားလှပါသည်။

စာရေးသူသည် မြန်မာပညာရှိ ဦးဖိုးလတ်၊ ဆရာကြီးဦးသိန်းဖေမြင့် အစရှိသော ပုဂ္ဂိုလ်ကြီးများ တကောင်းအကြောင်းကို ရေးသားစဉ်မှ စ၍ တကောင်းကို ပို၍ စိတ်ဝင်စားခဲ့၏။ ဆရာကြီး ဦးမောင်မောင်တင် (MA) နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့ တကောင်းသို့ သွားရောက်ကြစဉ် ပါဝင်လိုက်ပါ မသွားနိုင်သော်လည်း ကျွန်တော်သည် တကောင်းဆိုင်ရာ သတင်းများကို ကျွန်တော်နှင့် ရင်းနှီးသူ ဦးမင်းဟန်ထံ အမြဲစုံစမ်းနေပါ၏။ ၁၉၉၈ ခု မတ်လ အတွင်းက ကျွန်တော်သည် ရေဝတီစာပေခရီးသွားခဲ့ရာ ထီးချိုင့်အရောက်တွင် ဦးမင်းဟန်နှင့် တွေ့သည်။ ဤတွေ့ရှိမှုသည် တကောင်းအတွက် အပြောင်းအလဲတစ်ခု စောစီးစွာ ပေါ်ပေါက်ဖို့ အကြောင်းဖန်လာခဲ့ပါသည်။ ဦးမင်းဟန်က တကောင်း၌ ကေန်မုချ ပျူအထောက်အထားဟု ပြောကြားနိုင်မည့် နေရာတစ်ခုကို တွေ့ထားသည်ဟု ဆိုသောကြောင့် ကျွန်တော်သည် အစီအစဉ် မရှိဘဲ ရေဝတီစာပေခရီးမှ ပဒုမ္မာသင်္ဘောကို တကောင်းတွင် တစ်ညအိပ်၍ ထိုနေရာသို့ သွားရောက်လေ့လာသည်။ ထိုနေရာမှ မြေမီးဖုတ်ပစ္စည်းများကို ခေတ်ကာလပိုင်းခြား တပ်အပ်သေချာ မပြောနိုင်သော်လည်း အဖိုးတန် အထောက်အထားများ ဖြစ်မည်ဟု ယူဆ၍ ကျွန်တော်သည် အပိုင်းအစ ၃၁ ခု ကို ဆံညှပ်ကုန်း ဦးတင်ဝင်း၏ ယာထဲမှ ရန်ကုန်သို့ သင်္ဘောဖြင့် သယ်ခဲ့ပါ၏။

ထိုပစ္စည်းများကို ဆရာကြီးဦးမောင်တင် (MA) နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့ လေ့လာပြီး တကောင်းသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်





ကြပြန်၏။ ထို့နောက် တမ္ပဝတီ ဦးဝင်းမောင်က ရေဝတီစာပေခရီးမှ တွေ့ရှိခဲ့သော မြေမီးဖုတ်ပစ္စည်းများသည် ပျူအထောက်အထားပစ္စည်းများ ဖြစ်နိုင်ကြောင်း အကိုးအကားနှင့်တကွ မြဝတီမဂ္ဂဇင်းနှင့် ကိုမြတ်ခိုင်၏ ဟောဂျာနယ်တို့တွင် ရေးသားတင်ပြခဲ့ပါ၏။ ဦးမင်းဟန်ကလည်း နိုင်ငံတော်သို့ တင်ပြ၍ ဦးတင်ဝင်းကုန်းအား တူးဖော်ခဲ့ရာ ထိုနေရာမှ အနော်ရထာထက် စောသော အထောက်အထားများ ရရှိခဲ့၏။ ထို့ကြောင့် ၂၀၀၁ ခု မတ်လ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက **'ဆင်ညှပ်ကုန်းကျေးရွာမှ ပုဂံအနော်ရထာမင်းမတိုင်မီ AD ၅ရာစုခန့်ဟု ခန့်မှန်းရသော အထောက်အထား တကောင်းဒေသမှ ပထမဆုံး တူးဖော်တွေ့ရှိပြီ'**ဟု ကြေညာပေးခဲ့သည်။


ထိုကြေညာချက်သည် ၁၉၃၀ ပြည့်ကာလမှစ၍ တကောင်းသည် အနော်ရထာထက် မစောဟု ကောင်းစွာ လည်ပတ်ခဲ့သော ဘီးကြီးကို ပထမဆုံးအကြိမ် တရားဝင်ဘရိတ်အုပ်လိုက်ခြင်းလည်း ဖြစ်ပါ၏။ ထိုကြေညာချက်ကြောင့် ကျွန်တော်တို့သည် များစွာ အားတက်လာခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် မြန်မာအစလေ့လာချက် စာအုပ်ငယ်ကို မြဝတီစာပေတိုက်မှ ထုတ်ဝေခဲ့သည်။ ထိုစာအုပ်သည် တကောင်းမှ ပျူခေတ်ဆိုင်ရာ အထောက်အထား စတင်တွေ့ရှိပြီ ဟူသော အချက်ကို ခေါင်းလောင်းထိုးကြေညာခြင်းပင် ဖြစ်သည်။ ထိုစာအုပ်ကို သမိုင်းနယ်ပယ် ယဉ်ကျေးမှုနယ်ပယ်မှ ပုဂ္ဂိုလ်များထံ လက်ဆောင်ပေးပို့ခဲ့၏။ ယင်းစာအုပ်ကို ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံသို့လည်း ပေးပို့ရာ ဝန်ကြီးက တကောင်းသို့ သွားရောက်မည့် ခရီးစဉ်ရှိသည် လိုက်လိုကလိုက်နိုင်ကြောင်း ပြောကြားခဲ့ပါ၏။ ကျွန်တော်သည် ဝန်ကြီးခရီးစဉ်ဖြင့် တကောင်းသို့ ဝမ်းမြောက်ဝမ်းသာ လိုက်ပါသွားခဲ့သည်။ ထိုခရီးစဉ်အရ ရန်ကုန်မှ တကောင်းသို့ ၁၈-၅-၂၀၀၄ ခုနေ့တွင် ရောက်ခဲ့ကြရာ ထိုနေရာတွင် လေယာဉ်ပျက်နေ၍ မိုးချုပ်မှ တကောင်းသို့ ရောက်၏။ နောက်တစ်နေ့ ၁၉-၅-၂၀၀၄ နေ့တွင် တကောင်းမှ ၆ မိုင်ခန့် ဝေးသော ဆင်ညှပ်ကုန်းသို့ စက်လှေဖြင့် ထွက်ခဲ့ကြသည်။ မြစ်ဆိပ်တွင် ဆင်ညှပ်ကုန်းရွာမှ ရွာသူရွာသား ကျောင်းသူ/ကျောင်းသားတို့က ကြိုဆိုကြ၏။ မိုးက တဖွဲဖွဲရွာနေသည်။ ပထမဦးတင်ဝင်းကုန်းအထိ သွားရန်



www.burmeseclassic.com

www.burmeseclassic.com







ညှိမှန်းထားသော်လည်း မိုးသည်းနေ၍ ရွာမြောက်ဖျားရှိ စမ်းသပ်တူးထားသော ကုန်းသို့သာ သွားရောက် လေ့လာခဲ့ကြ၏။ ထိုတူးဖော်ထားသည့် ကုန်းအား လေ့လာစဉ် ဦးလှကြီး မောင်မောင်နှင့် ဦးသိန်းလွင်တို့က အရိုးအိုးအမှတ် (၁) နှင့် အရိုးအိုးအမှတ် (၂) တွေ့ရှိထားသည်ကို ပြသပါသည်။ ဝန်ကြီးက သေချာစွာစစ်ဆေးကြည့်ရှုပြီး အရိုးအိုးများဖြစ်ရန် သေချာကြောင်းနှင့် အေးအေး ဆေးဆေးရှိမှ အိုးအတွင်း၌ ဘာရှိသည်ကို လေ့လာစစ်ဆေးကြည့်ရှုရန် လို ကြောင်း ပြောကြားသည်။ ထိုအိုးများကို ဆင်ညှပ်ကုန်းရွာ ရယကထံတွင်ပင် သိမ်းဆည်းထားရှိခဲ့သည်။ ကျွန်တော်တို့ တစ်လခန့်ကြာပြီး ဒုတိယအကြိမ် ဆင်ညှပ်ကုန်းသို့ လာရောက်သောအခါတွင်မှ အိုးအမှတ် (၁) အိုးအမှတ် (၂) နှင့် အိုးအမှတ် (၄) တို့ကို ဦးလှကြီးမောင်မောင် တမ္ပဝတီဦးဝင်းမောင် ဦးပဏ္ဍိတာနန္ဒ ဦးတင်ဝင်းဦးတို့နှင့်အတူ စာရေးသူကိုယ်တိုင် အိုးအတွင်းမှ ပစ္စည်းများ ဆင်ညှပ်ကုန်းရွာ ဦးမြင့်ဆောင်၏ နေအိမ်တွင်ပင် အများပြည်သူတို့ ရှေ့၌ စစ်ဆေးမှုပြုပြီး တွေ့ရှိသမျှသော ပစ္စည်းများကို မှတ်တမ်းတင်ရခြင်း ဖြစ်ပါသည်။ စစ်ဆေးရာတွင် အိုးအတွင်းရှိ မြေကြီးများသည် ခြောက်သွေ့နေ၍ အိုးထဲသို့ ရေထည့်ပြီး ရွှံ့များ ရေနူးမှ နှိုက်ထုတ်ကာ ဇကာချ၍ စစ်ဆေး သည်။ ထို့နောက် တမ္ပဝတီဦးဝင်းမောင်၊ ဦးပဏ္ဍိတာနန္ဒနှင့် ဦးတင်ဝင်းဦးတို့က အိုးများအတွင်းမှ ရရှိသော ပစ္စည်းများကို တစ်ခုချင်း မှတ်တမ်းပြုလုပ်၍ အိုးများကိုလည်း တိုင်းတာသည်။

**တကောင်းအိုးအမှတ် (၁)**

(က) **တွေ့ရှိသည့်နေ့ရက်။** ။ ၁၉-၅-၂၀၀၃

(ခ) **အတွင်းမှ ပစ္စည်းများစစ်ဆေးသည့်နေ့ရက်။** ။ ၂၁-၆-၂၀၀၃ ညနေ ၄ နာရီ။

(ဂ) **ပစ္စည်းများ စစ်ဆေးသည့်နေရာ။** ။ ဆင်ညှပ်ကုန်း ဦးမြင့်ဆောင်၏ နေအိမ်။

(ဃ) **အိုးတွေ့ရှိသည့်နေရာ။** ။ တကောင်းဆင်ညှပ်ကုန်းလမ်း ဆင်ညှပ်ကုန်းရွာ မြောက်ဘက်ပေါ် တော်မူကုန်းနေရာ (GPS) N 23° 27' 20.3" E 96° 00' 53" ပင်လယ်ပြင် မျက်နှာပြင်အထက် ၃၇၄ ပေတွင် တွေ့ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် (၁)





(င) စတင်တူးဖော်တွေ့ရှိသူ။ ။ ရှေးဟောင်းသုတေသန ဦးစီးဌာန ယခင်ဆရာကြီး ဦးမောင်မောင်တင်နှင့် တမ္ပဝတီ ဦးဝင်းမောင်တို့ ရေတကောင်းများ ရှာဖွေသော နေရာပင် ဖြစ်သည်။ အိုးအမှတ် (၁) သည် အုတ်ခဲရောင်ရှိ၍ အောက်ခြေကရွတ်ခွေ (ခွာ) ပါရှိသည်။ အိုးသည် အက်ကွဲနေ၍ တမ္ပဝတီ ဦးဝင်းမောင် ပြန်ဆက်ထားၿပီး အိုးအဝနှုတ်ခမ်းပိုင်း ကျိုးပဲ့နေသည်။

## အိုးအမှတ် (၁) ၏ အတိုင်းအတာ

(က) လက်ရှိအိုးအမြင့် ၁၁.၉လက်မ (၃၀ စင်တီမီတာ)
(ခ) အိုးအချင်း ၁၀.၃ လက်မ (၂၆ စင်တီမီတာ)
(ဂ) လက်ရှိအိုးအဝင်အချင်း ၇လက်မ (၁၇.၅စင်တီမီတာ)
(ဃ) အိုးအောက်ခြေကရွတ် (ခွာ) အမြင့် ၇လက်မ (၁၇.၅စင်တီမီတာ)
(င) အောက်ခြေကရွတ် (ခွာ) အချင်း ၇လက်မ (၁၇.၅စင်တီမီတာ)

## အိုးအတွင်းမှ တွေ့ရှိရသော ပစ္စည်းများ

(က) အလျား ၂၃ စင်တီမီတာနှင့် ဖျက်အကျယ် ၂.၇စင်တီမီတာရှိ သံမိန်တစ်လက်။
(ခ) အလျား ၂၉ စင်တီမီတာနှင့် ဖျက်အကျယ် ၂.၇စင်တီမီတာရှိ သံမိန်တစ်လက်။ စုစုပေါင်း သံမိန်းနှစ်လက်။
(ဂ) အမြင့် ၂ စင်တီမီတာ အချင်း ၂.၅ စင်တီမီတာရှိ လေးဆင့်သံကွင်းလက်စွပ်
(ဃ) မြေပုတီးစေ့တစ်လုံး
(င) အရိုးများနှင့် မီးသွေးပြာများ




www.burmeseclassic.com

www.burmeseclassic.com



## အိုးလည်ရစ်တွင် ပါရှိသော နွားရုပ်ဒီဇိုင်း



တကောင်းဒေသမှ တွေ့ရှိရသော ပျူအရိုးအိုး အမှတ်(၁)၏ ထူးခြားချက်မှာ အိုးလည်ပင်းတွင် စက်ဝိုင်း ၂၀ ပါရှိ၍ စက်ဝိုင်းတစ်ခုချင်းစီ၏ အတွင်း၌ နွားရုပ် တစ်ရုပ်စီ (စုစုပေါင်း နွားရုပ် ၂၀) ပါရှိခြင်း ဖြစ်သည်။ နွားရုပ်၏ အောက်ခြေတွင် ပျူဒင်္ဂါးများတွင် ပါရှိလေ့ရှိသော နေမှ အလင်းရောင်ထွက်နေပုံ အမှတ်အသား လည်း ပါရှိ၏။


သံမှိန်းနှစ်လက်သည် သေဆုံးသူ အသက်ရှင်စဉ်က စွဲကိုင်အသုံးပြုခဲ့သော ပစ္စည်းများ ဖြစ်နိုင်ခြင်းကြောင့် အရိုးအိုးပိုင်ရှင်သည် အမျိုးသားတစ်ဦးဟု မှတ်ယူနိုင်သည်။ သေဆုံးရာတွင် အလောင်းကို မီးရှို့၍ အိုးတွင် ထည့်သွင်းမြှုပ်နှံသော ဓလေ့သည် ပျူတို့ပြုလုပ်သော ဓလေ့ဖြစ်၍ ပျူအမျိုးသားတစ်ဦးဟု ယူဆရသည်။ နွားရုပ် ပီပီပြင်ပြင်ပါရှိသောကြောင့် နွားကို ယဉ်ကျေးအောင် ပြုလုပ်၍ အိမ်မွေးတိရစ္ဆာန်အဖြစ် အသုံးပြုနေပြီဟု ခန့်မှန်းနိုင်ပြီး နွားရုပ်ကို ပီပီပြင်ပြင် ရေးဆွဲနိုင်မှုက ထိုကာလ၏ ပန်းချီလက်ရာကိုလည်း ခန့်မှန်း၍ ရရှိသည်။ သံမှိန်းနှစ်လက်နှင့် လေးဆင့်သံ ကွင်းလက်စွပ်တို့က ထိုခေတ်ကာလ၏ ပန်းပဲလုပ်ငန်းကို မှန်းဆနိုင်၏။ ပန်းပဲလုပ်ငန်း ကျွမ်းကျင်မှုရှိ၍ လက်ရာမြောက်ကာ သံမှိန်းနှစ်လက်သည် ယနေ့ခေတ်ကာလ ကျေးလက်ပန်းပဲဖိုများတွင် ထုတ်လုပ်လျက်ရှိသော သံမှိန်းများသည်လည်း ဤအဆင့်များသာ ရှိသည်။ ယင်းသံပစ္စည်းများကို တွေ့ရှိမှုအရ ကြေးခေတ်ကို လွန်မြောက်၍ သံခေတ်သို့ ရောက်ရှိပြီးကာလတွင် ကွယ်လွန်ခဲ့သော အရွယ်ရောက်ရှိပြီး အိမ်ထောင်ဦးစီး ပျူအမျိုးသားတစ်ဦး၏ အရိုးအိုးဟု ယူဆနိုင်ပါသည်။

တကောင်း အရိုးအမှတ် (၁) ကို တကောင်း လေးမျက်နှာဘုရား ယာယီပြတိုက်တွင် သိမ်းဆည်းထားရှိသည်။





## တကောင်းအိုးအမှတ်(၂)





www.burmeseclassic.com

www.burmeseclassic.com



ပျူအရိုးအိုးအမှတ် ၂ ကို အမှတ် ၁ တွေ့ရှိသော နေရာကပင် တွေ့ရှိသည်။

| | | | |
|---|---|---|---|
| (က) | တွေ့ရှိသည့်နေ့ရက်။ | ။ | ၁၉-၅-၂၀၀၃ |
| (ခ) | အတွင်းမှ ပစ္စည်းများ ။ ထုတ်ယူစစ်ဆေးသည့်နေ့ရက် | ။ | ၂၁-၆- ၂၀၀၃ |
| (ဂ) | ပစ္စည်းများထုတ်ယူသည့်နေရာ။ | | ဆင်ညှပ်ကုန်း ဦးမြင့်ဆောင်၏ နေအိမ်။ |
| (ဃ) | အိုးတွေ့သည့်နေရာ။ | ။ | တကောင်း ဆင်ညှပ်ကုန်းလမ်း ဆင်ညှပ်ကုန်းရွာ မြောက်ဘက် ပေါ်တော်မူကုန်းနေရာ။ G-PS- N23° 27' 20.3" E 96° 00' 53" ပင်လယ်ရေမျက်နှာပြင်အထက် ၃၇၄ ပေတွင် တွေ့ရှိသည်။ |
| (င) | စတင် တူးဖော်တွေ့ရှိသူ။ | ။ | ရှေးဟောင်းသုတေသနဦးစီးဌာန။ |

အိုးအမှတ် ၂ သည် ဖင်လုံးအမျိုးအစားဖြစ်ပြီး နှုတ်ခမ်းပိုင်း လုံးဝပျက်စီးနေသည်။ လည်ရစ်အောက်ဘက်တစ်ခုလုံးတွင် ဒေါင်လိုက်အစင်းကြောင်းရာများ အပြည့်ပါဝင်သည်။

အိုးအမှတ် (၂) ၏ အတိုင်းအတာ

| | | | |
|---|---|---|---|
| (က) | အိုးထိပ်အကျယ် | = | ၅.၆လက်မ (၁၄ စင်တီမီတာ) |
| (ခ) | အိုးအချင်း | = | ၈.၃လက်မ (၂၁ စင်တီမီတာ) |
| (ဂ) | အိုးလက်ရှိအမြင့် | = | ၁၁.၉လက်မ (၃၀ စင်တီမီတာ) |





အိုးအတွင်းပါဝင်သည့်ပစ္စည်းများ

အိုးအတွင်းမှ အရိုးစများ၍ မီးသွေးများနှင့် ပြာရောနေသော မြေကြီးသာ အခြား ဘာမျှ မတွေ့ရပါ။

အိုးအမှတ် (၁) (၂) (၄) အတွင်းမှ မြေသားများကို စာရေးသူကိုယ်တိုင် ဇကာချ စစ်ဆေးပါသည်။

တကောင်းအိုးအမှတ် (၂) ကို တကောင်းလေးမျက်နှာဘုရား ယာယီပြတိုက်တွင် သိမ်းဆည်းထားရှိသည်။

## တကောင်းအိုးအမှတ် - ၃

အိုးအမှတ် ၃ သည် တကောင်းသမိုင်းကို တိတိလင်းလင်း ပြောင်းလဲပေးခဲ့သောအိုးဖြစ်သည်။ ပျူအရိုးအိုး အင်္ဂါလက္ခဏာတို့ ပြည့်ပြည့်စုံစုံပါဝင်သော အိုးလည်း ဖြစ်သည်။ လူသိရှင်ကြား တကောင်းမြို့လည်ခေါင်မှ ပေါ်ထွက်လာသော အိုးဖြစ်သည်၊ တကောင်းကို အနော်ရထာထက်စောဟု နှစ်ပေါင်းများစွာ ပြောဆိုခဲ့သည်များကို မခံမရပ်နိုင်၍ မြေကြီးထဲမှ အလိုလို ထိုးထွက်လာသော အိုးဟုပင် ဆိုနိုင်သည်။ ထိုအိုးကို ၂၀-၆-၂၀၀၃ ခုနေ့ မနက် ၉ နာရီတိတိ အချိန်က ရယကရုံးရှေ့ ဇိနမာန်အောင်ဘုရား၊ မောင်ပေါက်ကျိုင်းဘုရားနှင့် တကောင်းဘိုးဘိုးကြီး နတ်ကွန်းတို့၏ အလယ်ရှိ ညောင်ပင်ကြီးခြေရင်း တကောင်းဘိုးဘိုးကြီးနတ်ရုပ်မှ ၆၀ အကွာ ရေမြောင်းတွင်းမှ တွေ့ရှိရသော အိုးဖြစ်၏။ ဤနေရာကို နန်းတော်ကုန်းနေရာဟုလည်း သတ်မှတ်ထားရှိသည်။ ဤအိုးကို စာရေးသူကိုယ်တိုင် တွေ့ရှိတူးဖော်စစ်ဆေးခဲ့ရသော အိုးဖြစ်၍ ထိုအိုးကို တွေ့ရှိစဉ် စာရေးသူနှင့်အတူ ဦးပဏ္ဍိတာနန္ဒနှင့် မန္တလေးသတင်းထောက်ဦးအုန်းဌွေတို့ပါရှိ သည်။

တွေ့ရှိပုံမှာ စာရေးသူသည် တကောင်းဘိုးဘိုးကြီးနတ်စင်မှ ဆင်းလာပြီး နတ်စင်ရှေ့ရှိ ညောင်ပင်ရင်းသို့ လှမ်းကြည့်လိုက်ရာ ညောင်ပင်ခြေရင်းတွင် ရေမြောင်းတစ်ခု တွေ့ရ၏။ မိုးကာလ မိုးရွာပြီးစတွင် ထိုကဲ့သို့သော ရေ



www.burmeseclassic.com

www.burmeseclassic.com



မြောင်းများတွင် ဒီဇိုင်းပါ အိုးခြမ်းပဲ့များနှင့် ပျူပုတီးစေ့များကို တွေ့တတ်လေ့ ရှိရာ စာရေးသူသည် ထိုမြောင်းအား ဆောင့်ဆောင့်ထိုင်၍ ကြည့်ရှုရာ အိုးခြမ်းပဲ့တစ်စထောင်နေပုံသည် ထူးခြားမှုရှိသောကြောင့် ထိုအိုးခြမ်းပဲ့ကို ပါလာသောတုတ်ဖြင့် ဖော်ကြည့်ရာ–

အိုးခြမ်းပဲ့မဟုတ်ဘဲ အိုးတစ်လုံး၏ နှုတ်ခမ်းပိုင်းဖြစ်နေ၍ စာရေးသူသည် ဦးပဏ္ဍိတာနန္ဒနှင့် ဦးအုန်းငွေတို့ကို ခေါ်ပြပြီး ထိုအိုးကို ဝိုင်းတူးကြသည်။ အနီးအနားရှိ အိမ်များမှ ပေါက်တူးနှင့် သံတူရွင်းကို ငှား၍ တူးကြရာ မြေပျော့၍ အိုးကို အကောင်းပကတိ ရရှိ၏။

အိုးကို နံနက် ၉ နာရီတွင် တွေ့ရှိပြီး တူးကြရာ နာရီဝက်ခန့်အကြာတွင် မြေကြီးတွင်းမှ ထုတ်ယူရရှိ၏။ တူးဖော်စဉ် တကောင်းမြို့သူမြို့သားတို့ စုဆောင်းရောက်ရှိလာကြပြီး ဝိုင်း၍ ကြည့်ရှုနေကြသည်။ အိုးတွေ့ရှိရသောနေရာသည် ငါးကြင်းပုံ မြို့ရိုးအတွင်းရှိ ဈေးထိပ်တွင်လည်း ဖြစ်သောကြောင့် လူသွားလူလာ အလွန်များသောနေရာ၊ မော်တော်ကားများ သွားလာနေသောနေရာဖြစ်၍ မကွဲမရှ တွေ့ရပုံမှ အလွန်မှ ကုသိုလ်ကံကောင်းသည်။ တကောင်းသည် ပျူဖြစ်ကြောင်း သီးချိန်တန်၍ မြေကြီးမှ အလိုလိုပေါ်လာသည့် အလားလည်းရှိ၏။ ထိုနေ့က ထိုအိုးကို တွေ့ရှိပြီး မန္တလေးမှ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်နှင့် တမ္ပဝတီဦးဝင်းမောင်တို့ ရောက်ရှိလာရာ အားလုံး သဘောတူညီချက်ဖြင့် အိုးအတွင်းမှ မြေသားများကို နှိုက်ယူစစ်ဆေးရန် ဆုံးဖြတ်သည်။ သဘောတူဆုံးဖြတ်ပြီး တကောင်းရယကရုံးခန်းတွင်ပင် အတွင်းမှ မြေသားများကို စာရေးသူကိုယ်တိုင် နှိုက်ယူစစ်ဆေး မှတ်တမ်းပြုစုခဲ့သည်။

(က) အိုးကို တွေ့ရှိသည့်နေ့ရက်။ ။၂၀–၆–၂၀၀၃ (နံနက် ၉နာရီ)

(ခ) အိုးတွင်းမှ ပစ္စည်းများ စစ်ဆေးသည့်နေ့ရက်။ ။ ၂၀–၆–၂၀၀၃ (ညနေ ၃ နာရီ)

(ဂ) ပစ္စည်းများ စစ်ဆေးသည့်နေရာ။ ။ တကောင်းမြို့လည် ရှိ ရယကရုံးခန်း။





(ဃ) အိုးတွေ့ရှိသည့်နေရာ။ ။ တကောင်း ရယကရုံး၊ ဓိန္နမာန့်အောင်စေတီတော်၊ မောင်ပေါက်ကျိုင်းဘုရား၊ ဘိုးဘိုးကြီးနတ်ကွန်းတို့၏ ရှေ့ကွက်လပ်၊ ညောင်ပင်ခြေရင်း။

N 23° 30' 6.8"

E 29° 00' 42.1"

အိုးသည် နှုတ်ခမ်းပိုင်းကွဲနေသည်။ အိုးကို မြေကြီးထဲမှ ထုတ်ယူပြီးနောက် တဖြည်းဖြည်း ခြောက်လာရာမှ ကွဲလာသည်။ အိုးအတွင်းမှ ပစ္စည်းများ ထုတ်ယူရင်းလည်း ကွဲသည်။ သို့သော် မူလအိုးသဏ္ဌာန်ပေါ်အောင် ပြန်လည်ဆက်ထားသည်။ ပြန်လည်ဆက်သူမှာ တမ္ပဝတီဦးဝင်းမောင်ဖြစ်၍ ဦးဝင်းမောင်သည် ထိုသို့အိုးများကို ဆက်ရာတွင် စိတ်ရှည်မှု ရှိပြီး ဝါသနာပါသည်။

အိုးအမှတ် (၃) အိုးအတိုင်းအတာ



(က) အိုးအမြင့် ၁၃.၁လက်မ (၃၃ စင်တီမီတာ)

(ခ) အိုးအချင်း ၁၀.၉လက်မ (၂၇.၅ စင်တီမီတာ)

(ဂ) အိုးထိပ်ဝအကျယ် ၈.၇၅ လက်မ (၂၂ စင်တီမီတာ) အိုးအရောင်မှာ အုတ်ခဲရောင် ရှိပြီး အိုးထည်တွင် အနက် ပြာရောင်အကွက်ပါရှိ၏။ မီးဖုတ်စဉ်က မီးသားပိုရသဖြင့် နက်သွားခြင်း သို့မဟုတ် ထိုနေရာမှ မြေအမျိုးအစားသည် ထူးခြားမှုရှိ၍ မီးဖုတ်ရာတွင် နက်ပြာသွားခြင်းများ ဖြစ်နိုင်၏။

ပင်လုံးအိုး၊ အိုးပေါ်တွင် မည်သည့် ဒီဇိုင်းအမှတ်အသားမှမပါ ပြောင်ချောအိုးဖြစ်၍ လည်ပင်းတွင် ဖောင်းရစ်တစ်ခုပါသည်။

www.burmeseclassic.com



## အိုးအတွင်းမှ ရရှိသော ပစ္စည်းများ

က။ ၂.၄ စင်တီမီတာ အချင်းရှိ ကြေးလက်စွပ်ငါးကွင်း။
ခ။ တစ်စင်တီမီတာရှိ ကြေးခြူငါးလုံး။
ဂ။ ၂.၅ စင်တီမီတာရှိ မြေပုတီးစေ့ရှစ်လုံး။
ဃ။ ၀.၇ စင်တီမီတာရှိ သလင်းကျောက်ဖြူ ပုတီးစေ့တစ်လုံး (QUARTZ)
င။ ၀.၇ စင်တီမီတာရှိ လိမ္မော်ရောင်ကျောက်ပုတီးစေ့တစ်လုံး
စ။ မီးကျွမ်းနေသော ရှေ့သွားနှင့် အံသွား ၄ ချောင်း (CARNE-UAN)
ဆ။ ၁.၇ စင်တီမီတာအချင်းရှိ သံနကွင်းတစ်ခု
ဇ။ ရွှေပြားလိပ်ငယ်နှစ်ခု
ဈ။ ခြောက်မြှောင့်ကျောက်ပတီးစေတစ်လုံး
ည။ ဖြူနီဝါစိမ်းနက်ဖန် ပုတီးစေ့ငယ်များ
ဋ။ အခြားအရိုးစများ မီးသွေးနှင့် အရိုးပြာများ

## ပျူအရိုးအိုးအမှတ် ၃ နှင့် ပတ်သက်၍ ခန့်မှန်းချက်

အရိုးအိုးအတွင်းမှ ကြေးခြူကျောက်ပုတီးစေ့ မြေပုတီးစေ့ စသော အလှပြင်ပစ္စည်းများကို တွေ့ရှိရသောကြောင့် ခေတ်ဥစ္စာပြည့်စုံသော ပျူအမျိုးသမီးငယ်တစ်ဦး၏ အရိုးအိုးဟု ခန့်မှန်းရသည်။ ကြေးပစ္စည်းများကိုသာ အကောင်းဆုံး၊ တန်ဖိုးထားဝတ်ဆင်ခြင်း၊ လက်လေးချောင်းစလုံးတွင် ကြေးလက်စွပ်ဝတ်ဆင်ထားခြင်း၊ သံကွင်းတစ်ခုလည်း သေသူ၏ အရိုးအိုးတွင်မှ တွေ့ရှိရခြင်းကြောင့် ကြေးခေတ်ကုန်သံခေတ်ဦးကာလမှ သေဆုံးသူတစ်ဦး၏ အရိုးအိုးဟု မှတ်ယူနိုင်ပါ၏။ ထို့ပြင် တွေ့ရှိရသော ကြေးခြူတို့မှာ ထိုင်းနိုင်ငံ ဘန်ချိုင်းမှ တွေ့ရသော ကြေးခြူများ၊ ပုတီးစေ့များနှင့် တစ်ပုံစံတည်း၊ တစ်ထပ်တည်းတူသည်။ ထိုင်းနိုင်ငံ ဘန်ချိုင်းမှ ကြေးချူများကို BC၃၀၀ စုမှ AD ၂၀၀ စုအတွင်းဟု သတ်မှတ်သည်။ တကောင်းအမှတ် ၃ အိုးသည် သံနှင့်အတူတွဲ တွေ့ရှိမှုကြောင့် BC၃ ရာစုမှ ADတစ်ရာစုအတွင်း





ဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။ ခရုပတ်ပုံပါ ယင်းခြူမျိုးကို ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ (မှော်ဇာ)တို့မှလည်း တွေ့ရှိရသည်။

## ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြေညာချက်

တကောင်း ပျူ အရိုးအိုးအမှတ် ၃ နှင့် ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၀၃ ခု ဇွန်လ ၃၀ ရက်နေ့က အများပြည်သူသို့ သိရှိစေရန် ကြေညာသည်မှာ–

ဇွန်လ ၂၀ ရက် နံနက်ပိုင်းက တကောင်းမြို့ဟောင်းနန်းတော်ကုန်းအတွင်း ကားလမ်းဘေး၌ မိုးရေတိုက်စားပြီး မြေအိုးနှုတ်ခမ်းတစ်ခု ပေါ်နေ၍ တူးဖော်ကြည့်ရာ အရိုးအိုးတစ်ခုကို ရရှိသည်။ ယင်းအိုးသည် ဗိဿနိုးမြို့ဟောင်း၌ တွေ့ရှိသော ပျူအရိုးအိုးများနှင့် တူးပြီး ရှေးကျသော ပျူအရိုးအိုးတစ်လုံး ဖြစ်သည်။ ယခုတွေ့ရှိသော ပျူအရိုးအိုးနှင့် အိုးတွင်ပါရှိသော ပစ္စည်းအထောက်အထားများသည် သရေခေတ္တရာ၊ ဗိဿနိုးမြို့များ၌ တူးဖော်ရရှိသည့် ပျူခေတ်လက်ရာ ပစ္စည်းများထက် ပိုမိုရှေးကျသည်ဟု ယူဆရသည်။

ဟု သတင်းထုတ်ပြန်ခဲ့၏။

တကောင်းအရိုးအိုးအမှတ် (၃)ကို တကောင်းလေးမျက်နှာဘုရားသာယံပြတိုက်တွင် သိမ်းဆည်းထားရှိသည်။




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၄)




(က) တွေ့ရှိသည့်နေ့ရက်။ ။ ၂၀၀၂ ခုနှစ်၊ နှစ်ကုန်ပိုင်း တွေ့ရှိသည်။

(ခ) အိုးအတွင်းမှ ပစ္စည်းများကို စစ်ဆေးသည့်နေ့ရက်။ ။၂၁-၆-၂၀၀၄ (ညနေ ၄ နာရီ)

(ဂ) ပစ္စည်းများ ထုတ်ယူစစ်ဆေးသည့်နေရာ။ ။ ဆင်ညှပ်ကုန်း ဦးမြင့်ဆောင်နေအိမ်။

(ဃ) တွေ့ရှိနေသည့်နေရာ။ ။ ဆင်ညှပ်ကုန်းကျေးရွာ ဆိပ်ကမ်းမှူး ဦးမြင့်သိန်း၏ အိမ်ဝင်းနံဘေးမှ ရရှိသည်။


(င) စတင်တူးဖော်တွေ့ရှိသူ။ ။ ဦးမြင့်သိန်း





အမှတ် (၄) အရိုးအိုးသည် အိုးသားထူ၍ သပိတ်ပုံအိုးဖြစ်သည်။ ထို့ကြောင့် အောက်ပိုင်း လုံးဝန်းပြောင်ချောနေ၍ အိုး၏အပေါ်နှုတ်ခမ်းပိုင်းအားလုံး ပျက်စီးနေသည်။ အိုးအတွင်းမှ အရိုးအမြောက်အများ တွေ့ရှိသည်။

### အိုးအမှတ် ၄ ၏ အတိုင်းအတာ



အမှတ်(၄)

(က) အိုးအချင်း။ ။ ၁၀.၃ လက်မ (၂၆ စင်တီမီတာ)

(ခ) ကျန်ရစ်သောအိုးအမြင့် ၉.၉ လက်မ (၂၅ စင်တီမီတာ)

အိုးအတွင်း၌ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ ပါရှိခြင်း၊ များပြားသော အရိုး အစအနများကို တွေ့ရှိရခြင်းကြောင့် ပျူအမျိုးသမီးကြီးတစ်ဦး၏ အရိုးအိုးလေလားဟု ခန့်မှန်း တကောင်းအရိုးအိုး အမှတ် ၄ အတွင်းမှ မြေစာများကို စာရေးသူကိုယ်တိုင် နှိုက်ယူဇကာချစစ်ဆေးသည်။

### အိုးအတွင်းမှ တွေ့ရှိရသော ပစ္စည်းများ

(က) မြေပုတီးစေ့ ၄ လုံး

(ခ) အချင်း ဝ.၈ စင်တီမီတာရှိ လိမ္မော်ရောင် ကာနေးလ်ရှင်းကျောက်ပတီးစေ့ ၂ လုံး

(ဂ) အချင်း ဝ.၅ စင်တီမီတာရှိ ခြောက်မြောင့်ပါ အဖြူအနက်ကျားကျောက်ပုတီးစေ့တစ်လုံး

(ဃ) အချင်း ဝ.၃ စင်တီမီတာရှိ ဖန်ပုတီးစေ့တစ်လုံး

(င) အချင်း ဝ.၃ စင်တီမီတာရှိ ဆလင်ဒါပုံ ပုတီးစေ့တစ်လုံး


တကောင်းအရိုးအိုး အမှတ် ၄ ကို တကောင်းလေးမျက်နှာဘုရားသာယာပြတိုက်တွင် သိမ်းဆည်းထားရှိ၏။



www.burmeseclassic.com

www.burmeseclassic.com





တကောင်းမှ တူးဖော်တွေ့ရှိရသည့် အရိုးအိုး
Aအုပ်စု၊ B အုပ်စု၊ C အုပ်စု တို့ကို တွေ့ရစဉ်





## တကောင်းအိုးအမှတ် – ၅

(က) တွေ့ရှိသည့်နေရာ။ ။ အိုးအမှတ် (၄) (၆) အိုးများနှင့် အတူ ဆင်ညွပ်ကုန်းကျေးရွာ ဦးမြင့်သိန်း၏ အိမ်ဝင်းနံဘေးမှ ရရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ ဦးမြင့်သိန်း။

အိုးအမှတ် ၅ ၏ အတွင်းမှ မြေစိုင်မြေသားများကို ထုတ်ယူစစ်ဆေးခြင်း မပြုရသေးပါ။ အိုးသည် အုတ်ခဲရောင်ရှိ၍ အပေါ်နှုတ်ခမ်းသားအပိုင်းကွဲပဲနေသည်။ အိုးသားထူ၍ ရေတကောင်း အမျိုးအစားဖြစ်ပြီး အိုးတွင် အောက်ခြေကရွတ် (ခွာ) ပါရှိသည်။ အိုးတွင် တံဆိပ်နှိပ်ထားသော ဒီဇိုင်းပါရှိသည်။ အိုးကိုယ်ထည်တွင် ဖောင်းရစ်အစင်းကြောင်းနှစ်ကြောင်း ပါရှိသည်။

### အမှတ် ၅ အိုး၏ ဒီဇိုင်း

အမှတ် ၅ အိုးဒီဇိုင်းတစ်ခုချင်းစီ၏ အချင်းသည် စင်တီမီတာ လက်မရှိ၍ နေခြည်ဖြာထွက်နေပုံ ဖြစ်၏။ ဖြာထွက်နေသော နေခြည်တန်း ရှစ်ခုရှိ၍ ဒီဇိုင်း၏ အနားတွင် အစက်အပြောက်များ ပါရှိ၏။ ပထမအတန်းတွင် တံဆိပ် ၁၆ ခုနှင့် ဒုတိယအောက်ဘက်တန်းတွင် တံဆိပ် ၁၆ခုရှိပြီး စုစုပေါင်းတံဆိပ် ၃၂ခုပါရှိသည်။

### အိုးအမှတ် ၅ ၏ အတိုင်းအတာ



(က) အိုးအမြင့် ၉.၁လက်မ (၂၃ စင်တီမီတာ)
(ခ) အိုးကိုယ်ထည်အချင်း ၇.၇၅ လက်မ (၆.၅ စင်တီမီတာ)
(ဂ) အိုးအဝအချင်း
(ဃ) အိုးအဝအောက်ဘက်ရှိ ဖောင်းကြွနေရာအချင်း
(င) အိုးလည်ပင်း
(စ) အိုးကရွတ်ခွေ(ခွာ)အမြင့်
(ဆ) အိုးကရွတ်ခွေ(ခွာ)အချင်း



www.burmeseclassic.com

www.burmeseclassic.com





အိုးအမှတ် ၅






## တကောင်းအိုးအမှတ် ၆

(က) တွေ့ရှိသည့်နေရာ။ ။ အိုးအမှတ် ၅ အမှတ် ၄ တို့နှင့်အတူ ဆင်ညှပ်ကုန်းကျေးရွာ ဦးမြင့်သိန်း၏ အိမ်ဝင်းနံ့သားမှ ရရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ ဦးမြင့်သိန်း

အိုးအမှတ် ၅ အတွင်းမှ မြေသားများကို ထုတ်ယူစစ်ဆေးခြင်း မပြု သေးပါ။ အိုးအရောင်မှ အုတ်ခဲရောင်ရှိ၍ အောက်ခြေကရွတ်ခွေ (ခွာ) ပါ သော ရေတကောင်း အမျိုးအစားအိုး ဖြစ်သည်။ အိုးကိုယ်ထည်တွင် င်းရာနှစ်ကြောင်း ပါရှိသော်လည်း ဒီဇိုင်းတံဆိပ် မပါရှိပါ။ အိုးကိုယ် ည်၏ အောက်ပိုင်းတွင် အစင်းအခြစ်ရာများ ပါရှိ၍ အိုးနှုတ်ခမ်းပဲ့နေသည်။



အမှတ် ၆ အိုး၏ အတိုင်းအတာ

(က) အိုးအမြင့်။ ။ ၈၃ လက်မ (၂၁ စင်တီမီတာ)

တကောင်းအိုးအမှတ် ၆ ကို တကောင်း လေးမျက်နှာဘုရား ယာယီ ပြတိုက်တွင် သိမ်းဆည်းထားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၇

(က) တွေ့ရှိသည့်နေရာ။ ။ တကောင်းမြို့၊ အမှတ် (၂) ရပ်ကွက် အောင်တံခွန်ပညာရိပ်သာအနီး၊ ရောဝတီ မြစ်ဆိပ်သို့ အဆင်းလှည်း လမ်းဘေး ရရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ ဆရာဦးအောင်ကျော်၊ အောင်တံခွန် ပညာ ရိပ်သာ။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၂၀၀၃ ဇွန်လ ၂၉ ရက်

အိုးအမှတ် ၇ အိုးများကို တစ်စုတစ်ဝေးတည်း တွေ့ရှိခဲ့ခြင်း ဖြစ် သည်။ စုစုပေါင်း အရေအတွက်အားဖြင့် ၆ လုံးရှိသည်။ ထို့ကြောင့် ယင်း အိုးများကို (၇–က) (၇–ခ) (၇–ဂ) (၇–ဃ) (၇–င) နှင့် (၇–စ) ဟူ၍ အမည်ပေးထားသည်။ အိုးများမှာ ရွယ်တူ ဆင်တူအိုးများဖြစ်၍ အားလုံး ရေတကောင်းများချည်း ဖြစ်သည်။ ဤမျှ များပြားသော အရေအတွက်ရှိသည့် ရေတကောင်းများ အနီးတွင် အရိုးအိုးရှိတတ်သောကြောင့် ဦးပဏ္ဍိတာနန္ဒ နှင့် ဦးအောင်ကျော်တို့ အနီးအနားတွင် ထပ်မံ ရှာဖွေရာ အရိုးအိုးမတွေ့ ရသော်လည်း ပစ္စည်းအချို့ ရရှိသည်။

### အနီးမှ ရရှိသော ပစ္စည်းများ

(က) ဆက်စပ်၍ မရလောက်အောင် ကြေမွနေသော ဒီဇိုင်းပါ အိုးခြမ်းပဲ့များ
(ခ) အရိုးအစအနများ၊ မီးသွေးစများ
(ဂ) မြေပုတီးစေ့ လေးလုံး
(ဃ) ကြေးခွန်း (ကျိုး) တစ်ချောင်း
(င) သံဓားထိပ်ပိုင်းပြတ် တစ်ခု
(စ) သွားစွယ်တစ်ချောင်း

အရိုးအိုးငယ်တစ်လုံး ဖြစ်၍ အိုးမှာ ကြေမွပျက်စီးသွားသောကြောင့် အိုးအတွင်းမှ ပစ္စည်းများ ရောနှောထွက်ကျကုန်ဟန် တူသည်။ အိုးများ၏ အတိုင်းအတာသည် အောက်ပါအတိုင်း ဖြစ်သည်။







အိုး ၇–က



www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အိုးအမည် | ထိပ်ဝအကျယ် | အိုးအချင်း | အိုးအမြင့် | အောက်ခြေ အချင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ၇(က) | 1.3" (3.2cm) | 4.8" (12cm) | 7.9" (20cm) | 3.2" (8cm) | * |
| ၂။ | ၇(ခ) | 1.3" (3.8cm) | 4.8" (12cm) | 6.75" (17cm) | 2.4" (6cm) | * |
| ၃။ | ၇(ဂ) | 1.3" (3.8cm) | 5.2" (13cm) | 7.9" (19cm) | 3" (7.5cm) | ✓ |
| ၄။ | ၇(ဃ) | 1.3" (3.8cm) | 5.2" (13cm) | (19cm) | 3" (7.5cm) | ✓ |
| ၅။ | ၇(င) | 1.3" (3.8cm) | ပျက် | ပျက် | 3" (7.5cm) | ပျက် |
| ၆။ | ၇(စ) | (1.3" (3.8cm) | 4.6" (11.5cm) | 6.75" (17cm) | 2.6 (6.5cm) | ✓ |

(*) ပြထားသော အိုးငယ်များကို ရှေးဟောင်းသုတေသနဌာန (မန္တလေး) မှ သိမ်းဆည်းထားပြီး (✓) များကို လေးမျက်နှာ ယဉ်ကျေးမှုပြခန်းတွင် ထားရှိ ပြသထားပါသည်။


အိုးများ၏ ထူးခြားချက်

အိုးအမှတ် ၇-က။ ။ အိုး၏ ထူးခြားချက်မှာ အိုးကိုယ်ထည်ပတ်ပတ်လည်တွင် အချင်း ၁.၉ စင်တီမီတာအချင်းရှိ စက်ဝိုင်းငယ် ၁၆ ခု စက်ဝိုင်း အတွင်း၌ ဆင့်ရုပ် ပါရှိသည်။

အိုးအမှတ် ရ-ခ။ ။ အိုး၏ထူးခြားချက်မှာ အိုးကိုယ်ထည် ပတ်ပတ်လည်တွင် ၂ စင်တီမီတာ အချင်းရှိ စက်ဝိုင်း ၁၄ ခုပါရှိပြီး စက်ဝိုင်းအတွင်း၌ ငှက်ပုံ (ဟင်္သာ) ပါရှိသည်။







အိုးအမှတ် ၇(ခ)


အိုးအမှတ် (၇-ဂ) (၇-ဃ) (၇-င) အိုးများတွင် ဒီဇိုင်းရုပ်ပုံ မပါရှိဘဲ ရိုးရှင်းသော အစင်းကြောင်းများသာ ပါရှိသည်။ အိုး ၇-ငသည် ဆက်စပ်၍မရအောင် ကွဲကြေနေသည်။ ကွဲနေသောအိုး (၇-င) ကို စစ်ဆေးကြည့်ရှုရာ အရိုးစ အနည်းငယ်တွေ့ရှိရသည်။ အောင်တံခွန်ပညာရိပ်သာ ဦးအောင်ကျော်၏ ကျန်အိုးများကို စစ်ဆေးခြင်း မပြုရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com







အိုးအမှတ် ၇(ဂ)

အိုးအမှတ် (၇-စ) ကို ၈-၇-၂၀၀၃ နေ့တွင် ဦးအောင်ကျော် နေရာမှ ထပ်မတွေ့ရှိရခြင်း ဖြစ်သည်။ ၇-စ သည် အခြားအိုးများထက် အရွယ်အစားအားဖြင့် သေးငယ်သည်

ဤအိုး ၇ စလုံးသည် ရေတကောင်းပုံအိုးများချည်း ဖြစ်သည်။ ယင်းအထဲမှ အရိုးကို တွေ့ရှိလေရာ ရေတကောင်းပုံအိုးများတွင်လည်း အရိုးပြာကို ထည့်သွင်း မြေမြှုပ်သဂြိုဟ်လေသလားဟု တွေးထင်ဖွယ်ရာ ရှိပါသည်။










အိုးအမှတ် ၇(င)



တကောင်းအိုးအမှတ် -၇၊ အိုးများကို တစုတဝေးတည်း တွေ့ရှိပုံ



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုး အမှတ် (၈)

(က) တွေ့ရှိသည့်နေရာ။ ။ တကောင်းမြို့ အရှေ့ဘက် ၃ မိုင်ခန့် အကွာရှိ ဖုန်ကုန်းရွာ။

(ခ) စတင်တွေ့ရှိသူ။ ။ ဖုန်ကုန်းရွာ ဆရာတော် အရှင်ဉာဏ သာရ

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၉-၇-၂၀၀၃

ဖုန်ကုန်းအိုးသည် မြူအိုးပုံသဏ္ဌာန်ရှိသည်။ အိုးကိုယ်ထည် အရောင်သည် နက်ပြာရောင်ရှိ၍ ဆရာတော်သည် ကျောင်းဆောက်ရန် ကျောင်းတိုင်ကျင်းတူးရာမှ အခြားအိုးဆယ်လုံးခန့်နှင့်အတူ တွေ့ရှိရာ အခြား အိုးများ အကွဲချည်း ဖြစ်၍ ဤတစ်လုံးသာ အကောင်းပကတိ ရရှိသည်။

### အိုးများတွေ့ရှိသည့် နေရာမှ ရရှိသော အခြားပစ္စည်းများ

(က) ခြောက်မြှောင့်ကြာဖူးပုံ ပယင်းဖြူကျောက်ပုတီး = ၃ လုံး
- အလျား = ၂.၇ စင်တီမီတာ
- အချင်း = ၁.၇ စင်တီမီတာ
- တမြောင်း = ၀.၅ စင်တီမီတာ

(ခ) အနီရောင်ပယင်းပုတီး = ၂ လုံး


(ဂ) ဒင်္ဂါး = ၃ ခု
- ပထမဒင်္ဂါးအချင်း = ၀.၃၂ စင်တီမီတာ
- ဒုတိယဒင်္ဂါးအချင်း = ၀.၄၃ စင်တီမီတာ
- တတိယဒင်္ဂါးအချင်း = ၂.၀၀ စင်တီမီတာ

(ဒင်္ဂါးတွင် ဆီမီးခွက်ပုံ၊ လှိုင်းထနေပုံနှင့် တောင်တန်းတွင် နေထွက်နေ ပုံဒီဇိုင်းများ ပါရှိသည်။ ယင်းဒင်္ဂါးများကို ရှေးဟောင်းသုတေသနဌာန(မန္တလေး) ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်ထံတွင် သိမ်းဆည်းထားသည်။)

(ဃ) သံချွန် = ၂ လက်မ
- ပထမသံချွန် = ၁၀.၅ စင်တီမီတာ
- ဒုတိယသံချွန် ၁၂.၇ စင်တီမီတာ







(င) မြေပုတီးစေ့သုံးလုံး

(စ) ၀.၅ စင်တီမီတာနှင့် ၀.၄ စင်တီမီတာအချင်းရှိ ရွှေပြား ၂ ချပ်

### အိုးအတိုင်းအတာများ

(က) အမြင့်

(ခ) အိုးမျက်နှာဝအချင်း

(ဂ) အိုးကိုယ်ထည်အချင်း

ဖင်လုံးအိုး အောက်ခြေ ကရွတ်ခွေ (ခွာ) ပါရှိခြင်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၉)

(က) တွေ့ရှိရာအရပ်။ ။ ဒိန်အောင်ချာဘုရားနှင့် မောင်ပေါက်ကျိုင်း ဘုရားအကြား တကောင်းမြို့ဟောင်း နန်း တော်ကုန်းနေရာ ကုန်းအမှတ် TG-24

(ခ) တွေ့ရှိသူ။ ။ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင် ကြီးကြပ်မှုဖြင့် လက်ထောက်ညွှန်ကြား ရေးမှူး ဦးမျိုးညွန့်အောင် ခေါင်းဆောင် သော မန္တလေးရှေးဟောင်းသုတေသနမှ တူးဖော်ရေးအဖွဲ့ (၂)

### ပါဝင်သူများ

| | | |
|---|---|---|
| ဒေါ်ထက်ထက်ဝေလှိုင် | – | သု/ထောက် (၂) |
| ဦးရဲလွင် | – | သု/ထောက် ၃ |
| ဒေါ်မြင့်မြင့်စီ | – | သု/ထောက် ၄ |
| ဦးသောင်းညွန့် | – | ပန်းချီ |
| ဦးဇော်မင်း | – | ပန်းချီ |
| ဒေါ်ဟန်ရင် | – | သု/ထောက် (၄) |


**တူးဖော်သည့်နေ့ရက်။** ။

အိုးအမှတ် – ၉ အုပ်စုတွင် (၉–က)၊ (၉–ခ)၊ (၉–ဂ)၊ (၉–ဃ) ပစ္စည်းများ ပါဝင်သည်။

အိုး (၉–က) သည် အောက်ခြေကရွတ်ခွေ (ခွာ) ပါ မြေပန်းကန်လုံး ဖြစ်ပြီး (၉–ခ) သည် အဖုံးပါသည့် အရိုးအိုး ဖြစ်သည်။ (၉–ဂ) သည် မြေရေတကောင်းဖြစ်ပြီး (၉–ဃ) သည် အောက်ခြေဖင်ပြား ပန်းကန်ပြား ဖြစ်၏။ ထိုနေရာကို TG-24 အဖြစ် သတ်မှတ်တူးဖော်ရာ ယင်းနေရာမှ ဖော်ပြပါအိုးများအပြင် မြေပုတီးစေ့ နှစ်လုံး၊ မြေရှပ်ဒိုး၊ မြေလောက်စလုံး ဆိုးခြမ်းပဲ့များ၊ အရိုးစများ၊ မီးသွေးစများလည်း ရရှိသည်။







အောက်ခြေကရွတ်ခွေပါ မြေပန်းကန်လုံး

အဖုံးပါပျူအရိုးအိုး

မြေရေတကောင်းအိုး

အောက်ခြေဖင်လုံးမြေပန်းကန်ပြား



ဤနေရာသည် နာမည်ကြီး တကောင်းအိုးအမှတ် ၃ တွေ့ရှိသော နေရာ၏ အနောက်ဘက်၊ နန်းတော်တိုင်ရာများဟု ယူဆရသော နေရာကို တူးဖော်ရာမှ တွေ့ရှိခြင်း ဖြစ်သည်။ တူးဖော်ရာတွင် အလျား ၄၅ ပေ၊ အနံ ပေ ၃၀ ရှိပြီး ၁၅ ပေပတ်လည် စတုရန်းအကွက်များ ရိုက်၍ တူးဖော် ခြင်း ဖြစ်သည်။ နန်းတော်တိုင်နေရာများဟု ယူဆသောကြောင့် နန်းတော်အုတ် နီးတွေ့ရှိမည်ဟု ယူဆကာ တူးဖော်ခြင်း ဖြစ်သည်။ ပုဂံအနော်ရထာ နန်း တော်နေရာကို တူးဖော်ရာတွင် အလားတူ နန်းတော်တိုင်ရာများ တွေ့ရှိ၍ တူးခြင်း ဖြစ်သည်။

တူးဖော်တွေ့ရှိရသော ပစ္စည်းများကို တူးဖော်ရေးအဖွဲ့က ပျူခေတ် ဆိုင်ရာ မြေအိုးမြေထည်များဟု ယူဆသည်။




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၁၀)



တကောင်း ပျူအရိုးအိုးအမှတ် ၁၀ တွင် (၁၀-က) နှင့် (၁၀-ခ) ဟူသော အရိုးအိုးနှစ်လုံး ပါဝင်သည်။ ယင်းအိုးနှစ်လုံးကို တကောင်းဒေသ ကြည့်ပ်ကျေးရွာမှ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းဦးနှင့် ညီဖြစ်သူ ဦးကံချွန်တို့က ကြည့်ပ်ရွာတွင် တွေ့ရှိ၍ အပ်နှံထားသော အိုးများ ဖြစ်သည်။ အိုးအမှတ် (၁၀-က) သည် ရေတကောင်းပုံအိုးဖြစ်၍ လည်ပင်းကျိုးသောကြောင့် ပြန်ဆက်ထားရ၏။ (၁၀-ခ) အိုးသည် နှုတ်ခမ်းများ မရှိတော့ဘဲ အိုးကိုယ်ထည်ပေါ်တွင် အစင်းရာများပါသည်။ အိုးနှစ်လုံးစလုံး အိုးသားထူ၍ အိုးနှစ်လုံးစလုံးကို စာရေးသူကိုယ်တိုင် အတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးကြည့်ရာ ဘာမျှ မတွေ့ရှိရပါ။ အိုးနှစ်လုံးစလုံးသည် ဖင်လုံးများ ဖြစ်သည်။

### အိုးအမှတ် (၁၀-က)

(က) စတင်တွေ့ရှိသူ။ ။ ဦးတင်ဝင်းဦး။

(ခ) တွေ့ရှိသည့်နေ့ရက်။ ။ ၅-၂၀၀၄

(ဂ) အတွင်းမှ မြေစာများကို စစ်ဆေးနေ့ရက်။ ။ ၁၉-၆-၂၀၀၄





### အိုးအတိုင်းအတာ

(က) အိုးအမြင့်။ ။

(ခ) အိုးကိုယ်ထည်အချင်း။ ။

(ဂ) အိုးလည်ပင်းဖောင်းနေသောနေရာ။ ။

(ဃ) လက်ရှိအိုးအဝ။ ။

### အိုးအမှတ် (၁၀-ခ)

(က) စတင်တွေ့ရှိသူ။ ။ ဦးကံချွန်

(ခ) တွေ့ရှိသည့်နေ့ရက်။ ။ -၈-၂၀၀၄

(ဂ) အတွင်းမှ မြေစာများကို စစ်ဆေးသည့်နေ့ရက်။ ။ မှတ်သားထားခြင်းမရှိ။

### အိုးအတိုင်းအတာ

(က) လက်ရှိအိုးအမြင့်။ ။

(ခ) အိုးကိုယ်ထည်အချင်း။ ။

(ဂ) အိုးလည်ပင်အချင်း။ ။

**မှတ်ချက်**

အိုးအမှတ် ၁၀(က)နှင့် (ခ) အိုးများသည် ကြည့်ပ်တွင်သာ ရှိနေသေးသောကြောင့် တိုင်းထွာမှု မပြုရသေးပါ။

❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၅

# တကောင်း၏ ပျူအရိုးအိုးအမှတ် ၁၁

တကောင်းမြို့ဟောင်းမှ တွေ့ရှိရသော ပျူအရိုးအိုးအမှတ် ၁၁ သည် အမှတ် ၃ အရိုးအိုးကဲ့သို့ အရေးကြီးသော အိုးတစ်အိုးဖြစ်၏။ အမှတ် ၃ အရိုးအိုးသည် ပျူအရိုးအိုးလက္ခဏာ အမှတ်အသား အပြည့်အစုံဖြင့် တကောင်းမြို့လည်ခေါင်မှ ရရှိခဲ့ရ တကောင်းသည် ပျူအစစ်ဖြစ်ကြောင်း မငြင်းသာ ဖြေယ်သာ သက်သေပြခဲ့သောအိုး ဖြစ်၏။ ကြေးခြူငါးလုံးပါရှိခြင်းက BC အတွင်းသို့ ရောက်ရှိနေကြောင်း အချက်ကိုပါ ပြသလိုက်ခြင်း ဖြစ်၏။


အရိုးအိုးအမှတ် ၁၁ သည် အမှတ် ၁ မှ အမှတ် ၁၀ တိုင် ပျူအရိုးအိုးများကို တစ်လုံးပြီးတစ်လုံး ဖော်ထုတ်ပြသည့်တိုင် မယုံနိုင်သေးဘဲ ဟုတ်မှဟုတ်ပါလေစဟု သံသယရှိသူများကို ကဲ ယုံပေတော့၊ တကောင်းဟာ ပျူအစစ်ပါပဲဟု ရင်ကိုခွဲပြသလို ခွဲပြခဲ့သော အရိုးအိုးပင် ဖြစ်သည်။ အရိုးအိုး ၁၁ နှင့် အတူတကွ တွေ့ရှိရသော အိုးပေါင်းက ၆၄ လုံးရှိ၏။ ဤကျမ်း ဆွေ၏ မြန်မာ့တကောင်း၊ ပျူတစ်ကောင်း သီချင်းထဲမှလို တို့အမျိုးဟာ ပျူအစစ်ပါလို့ မနေ့မှ လူဖြစ်တဲ့သူတွေကို ထင်ထင်ရှားရှား သက်သေပြသလိုက်သော အိုးဖြစ်သောကြောင့် အိုးအမှတ် ၁၁ သည် အရေးကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com





ရေအိုးခွက်

တကောင်း အထက ကျောင်းဝင်း အရှေ့တောင်ထောင့် ကုန်းအမှတ် TG-31 A တွင်
ပျူအရိုးအိုးများနှင့် ရေတကောင်းများ တည်ရှိနေသည့် ပုံ





အိုးအမှတ် ၁၁ ကို တွေ့ရှိပုံကလည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်၏။


တကောင်းအစိုးရ အထက်တန်းကျောင်းသည် တကောင်းတွင် မြို့ရိုး နှစ်ခုရှိသည့်အနက် ဒုတိယမြို့ရိုး အညာပုဂံမြို့ရိုးအတွင်း အဘိရာဇာ (၂) ဒမ်းပေါ်၌ တည်ရှိ၏။ ကျောင်းမြေဧရိယာအကျယ်သည် ၆ ဒသမ ၂၈ ဧက ရှိ၏။ ကျောင်းရှေ့တွင် ဘောလုံးကွင်း ရှိသည်။ တကောင်း အထက ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်သည် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့က ကျောင်းဝင်းအတွင်း အနောက်တောင်ထောင့်တွင် အိမ်သာကျင်းတူးရာ အိုးခြမ်းပဲ့အစအနများ တွေ့ရှိမှုများသောကြောင့် အရှေ့တောင်ထောင့်သို့ ပြောင်း၍ တူး၏။ အရှေ့တောင်ထောင့်တူးသော နေရာတွင် ယခင်ကကျောင်း ဆောင့်အိမ် ရှိခဲ့ဖူးသည်။ ထိုအိမ်နေရာတွင် တူးခြင်းဖြစ်သည်။

အိမ်သာကျင်းတူးသူတို့မှာ တကောင်းမြို့ပေါ်မှ အလုပ်သမား ဦးသန်း လွင်နှင့် ဦးဝင်းလွင်တို့ ဖြစ်ကြသည်။ ဦးသန်းလွင်နှင့် ဦးဝင်းလွင်တို့သည် အိမ်သာကျင်းတူးရာမှ ၄ ပေနက်လောက်ရောက်သောအခါ အိုးတစ်လုံးကို တွေ့ရှိသည်။ ယင်းတို့သည် အိုးအတွင်းမှ ပစ္စည်းများကို မိမိတို့ ဆန္ဒအလျောက် ထုတ်ယူကာ ရှေးဟောင်းသုတေသန ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးဇော်ထွန်းအား ပြသည်။ ထို့နောက် အတွင်းမှ တွေ့ရှိရသော ပစ္စည်းများကို ရေဆေး၍ ထုတ် ယူကြပြီး ဆရာကြီး ဦးဝင်းမြင့်ထံ လာရောက်အပ်နှံသည်။ ဆရာကြီးက အပြင်သွားနေခိုက်ဖြစ်၍ ဆရာကြီးကတော် ဒေါ်စန်းစန်းညိုနှင့် တွေ့ရာ ဆရာကြီးကတော်က ဒီပစ္စည်းတွေ ဘယ်ကရတာလဲ၊ ရှင်တို့တွေ့တွေ့ချင်း ဘာလို့ မပြောတာလဲ'ဟု ဆိုတော့ 'ဆရာကြီး အိပ်နေ၍ မပြရခြင်းကြောင်း ပြောသည်။ ထိုအခါ ဆရာကြီးကတော်က 'ဒါဆို ဒီပစ္စည်းတွေကို မြေကြီး ထဲက ဒီတိုင်းတွေ့တာတော့ မဖြစ်နိုင်ဘူး၊ ဘာနဲ့ထည့်ထားလဲ'ဟု ဆိုတော့ အိုးထဲမှ တွေ့ရတာပါဟု ဆို၏။ 'အဲဒီအိုးရော'ဆိုတော့ အဲဒီနားမှပဲ ပစ် ထားသည် ဆို၍ အိုးကို သွားရောက် ကောက်ယူကာ ဦးပဏ္ဍိတာနန္ဒထံ အပ်နှံခဲ့သည်။

ဦးပဏ္ဍိတာနန္ဒက တကောင်းအရိုးအိုးအမှတ် ၁၁ နှင့် ပတ်သက်သော အသေးစိတ် အစီရင်ခံစာကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြခဲ့သည်။

www.burmeseclassic.com





ကျင်းအမှတ် TG-31 / A ၁ ပျူအရိုးအိုးများ တွေ့ရှိရသည့် အနေအထား



(ဃ) တွေ့ရှိသည့်နေရာ။ ။ တကောင်း အထကဝင်းအတွင်း အရှေ့တောင်ထောင့်။ N 23" 29' 55.8" E 96 00" 42.7"

(ခ) တူးဖော်မှုအမှတ်အသား။ ။ တကောင်း တူးဖော်မှုကုန်း TG - 31 A

(ဂ) စတင်တွေ့ရှိသူ။ ။ ဦးသန်းလွင်၊ ဦးဝင်းလွင်

(င) အိုး၏ထူးခြားချက်။ ။ ဆရာကြီးဦးဝင်းမြင့်ဇနီး ဒေါ်စန်းစန်းညို

အိုးအမှတ် ၁၁ သည် အောက်ခြေ ကရွတ်ခွေ (ခွာ) ပါရှိ၍ ညောင်ရေအိုးသဏ္ဌာန် အမျိုးအစားဖြစ်ပြီး အရောင်မှာ အုတ်ခဲရောင်ရှိသည်။ အဖုံးပါရှိသည်။ အိုးလည်ပင်းအောက်ခြေတွင် လည်ရစ် ၄ ခု ပါရှိသည်။ အိုးကရွတ်ခွေအပေါ်တွင်လည်း အရစ်မျဉ်းနှစ်ကြောင်း ပါရှိ၏။ အိုးအမှတ် ၁၁ ၏ အထူးခြားဆုံး ဝိသေသမှ အိုးကိုယ်ထည်ပတ်ပတ်လည်တွင် အကြီးအကဲတစ်ဦး၏ပုံပါရှိခြင်း ဖြစ်သည်။ အကြီးအကဲတစ်ဦး၏ပုံသေးတစ်ဖက်စီတွင် ဆင်နှင့် နွားပုံပါရှိသည်။ လူပုံတံဆိပ်ပါရှိသော စက်ဝိုင်းအတန်းသုံးတန်းရှိ၏။ ပထမအတန်းတွင် စက်ဝိုင်းပုံ ၂၀၊ ဒုတိယအတန်းတွင် စက်ဝိုင်း ၂၂ ဝိုင်းနှင့် တတိယအတန်းတွင် စက်ဝိုင်း ၂၄ ဝိုင်း စုစုပေါင်း ၆၆ ဝိုင်း ပါသည်။ လူပုံပါရှိသော စက်ဝိုင်းသည် အချင်း ၁ လက်မ ရှိ၏။ လူပုံသည် သရဖူဆောင်းထားသော တင်ပလ္လင်ခွေထိုင်နေသည့် အကြီးအကဲတစ်ဦး၏ပုံဟု ယူဆရသည်။

### အိုးအမှတ် ၁၁ ၏ အတိုင်းအတာ

(က) အိုးအမြင့် ။ ။ ၁၅ လက်မ
(ခ) အိုးနှုတ်ခမ်းအဝ အချင်း ။ ။ ၇.၂ လက်မ
(ဂ) အိုးကိုယ်ထည်အချင်း ။ ။ ၁၅ လက်မ

### အိုးအတွင်းမှ ရရှိသောပစ္စည်းများ

(က) အချင်း ၀.၆ လက်မ ၀.၅ လက်မနှင့် ၀.၄ လက်မ အသီးသီးရှိကြသည့် ခရုပတ်ခွေ ဒီဇိုင်းပါ ကြေးခြူ ၁၅ လုံး။

www.burmeseclassic.com

www.burmeseclassic.com





TG-31 / A ကို သုတေသီများ တူးဖော်နေကြစဉ်



TG-31 / A ကျန်းအား တူးဖော်ကြစဉ်





(ခ) အချင်း ၀.၉၅ လက်မမှ ၀...၈လက်မအတွင်းရှိ ပုံစံကွဲ ၄ မျိုးပါ မြေပုတီးစေ့ ၁၂ လုံး။

(ဂ) အလျား ၀.၄လက်မရှိ ခြောက်မြှောင့်ပုံ သလင်းဖြူ Quartzပုတီး ၁ လုံး။

(ဃ) အချင်း ၀.၂၅ လက်မရှိ လုံးဝိုင်းပုံ ပုယင်းနီ (Carnetian)ပုတီးစေ့ ၂ စေ့။

(င) အချင်း ၀.၂ လက်မရှိ လုံးဝိုင်းပုံအဖြူနှစ်ရောင် ကျောက်ပုတီးစေ့ ၁ လုံး။

(စ) အချင်း ၀.၂၅ လက်မရှိ လုံးဝိုင်းပုံ အနက်ရောင် ကျောက်ပုတီးစေ့ ၁ လုံး။

(ဆ) အလျား ၀.၃ လက်မ အချင်း ၀.၂ လက်မရှိ ဆလင်ဒါပုံ အနက်ရောင် ကော်ပုတီးစေ့ ၁ လုံး

(ဇ) အလျား ၀.၈ လက်မရှိ ကြေးအံစေ့တစ်စေ့

(ဈ) အချင်း ၀.၈ လက်မရှိ ကြေးအံစာတစ်စေ့

(ည) အချင်း ၀.၉၅ လက်မရှိ ကြေးလက်စွပ်တစ်ကွင်း

(ဋ) အချင်း ၂.၂လက်မရှိ ကြေးလက်ကောက် ၁ ကွင်းနှင့် နန်းဆွဲကြိုးလိမ် ဒီဇိုင်းပါ ကွင်းကျိုးနှစ်စ

(ဌ) အလျား ၃.၄၅ လက်မရှိ သံအကြိုး ၁ ခု

(ဍ) မီးလောင်ကျွမ်းထားသော လူအရိုးစများ၊ မီးသွေးပြာများ

အိုးအမှတ် ၁၁ သည် ခန့်ညားထည်ဝါသော အိုးတစ်လုံးဖြစ်သည်။ အိုးလည်ပင်းနှင့် ကိုယ်ထည်သည် အမြင့်တူညီလုနီးပါး ရှိ၍ လည်ပင်းရှည်အိုးဖြစ်၏။ အောက်ခြေ ကရွတ်ခွေကိုလည်း ခန့်ညားစွာ ပြုလုပ်ထားသည်။

ကြေးခြူ၊ ကြေးပစ္စည်းများရော သံထည်ပစ္စည်းများပါ အိုးအတွင်းမှတွေ့ရ၍ အမှတ် ၃ အိုးနှင့် ကာလတူလောက်ဟု ခန့်မှန်းနိုင်သည်။ ပျူတို့၏ အရိုးအိုးတစ်ခုဖြစ်ကြောင်း သေချာသည်။ ထို့ကြောင့် ယခင်က- 'တကောင်းနှင့် အညာပုဂံမြို့ဟောင်းကို တူးဖော်ရာမှ မြေမြှုပ်သင်္ဂြိုဟ်သည့် လူရိုးအကြွင်းအကျန်များနှင့် ပျူလူမျိုးတို့ကဲ့သို့ ကွယ်လွန်

www.burmeseclassic.com





TG-31 / A ကို သုတေသီများ တူးဖော်နေကြစဉ်

သူတို့၏ ရုပ်အလောင်းများကို မီးရှို့ပြာချပြီး ကြွင်းကျန်သည့်ပြာနှင့် အရိုးအကြွင်းအကျန်များကို အရိုးအိုးများတွင် ထည့်သွင်းမြှုပ်နှံသည့် ဓလေ့ထုံးစံများကိုလည်း မတွေ့ရပေ။'

ဟု ရေးသားခဲ့သော မှတ်ချက်များ မမှန်ကန်တော့ပြီ ဖြစ်၏။ အမှတ် ၁၁ အရိုးအိုးသည် တကယ့် ပျူအရိုးအိုးအစစ်ဖြစ်၍ ရှေ့ဆက်တွေ့ရှိမည့် အရိုးအိုးများက တကောင်းသည် ပျူဖြစ်ကြောင်း ဆက်လက်သက်သေခံကြဦးမည် ဖြစ်ပါ၏။

❖



အခန်း - ၆

# တကောင်းကုန်းအမှတ် TG-31 A ကို တူးဖော်ခြင်းနှင့် အိုးအမှတ် - ၁၂ နှင့် အမှတ် ၁၃

တကောင်းအိုးအမှတ် ၁၁ တွေ့ရှိမှုနှင့် ပတ်သက်၍ တကောင်းမှ ရောက်ရှိလာသော အစီရင်ခံစာများတွင် အိုးအမှတ် ၁၁ ကို တွေ့ရှိသည့် ကျင်းထဲတွင် အခြားအိုးနှုတ်ခမ်းအစတစ်စကို တွေ့ရှိရသေးသည် ဆိုသော အချက်ပါ၏။ တကယ်တော့ အထောက်အထားတစ်ရပ်ကို တွေ့ရှိပြီဟု ဆိုပါက အနီးပတ်ဝန်းကျင်ကို အကွက်ချ၍ တူးဖို့ လိုအပ်၏။ အနီးအနားတွင် အခြားသော တွဲဘက်ရှေးဟောင်း အထောက်အထားများ တွေ့ရတတ်၏။

အမှတ် (၃) အရိုးအိုးကို တွေ့စဉ်ကလည်း သူ့ပတ်ပတ်လည် ၁၅ ပေပတ်လည် ကျင်းတစ်ကျင်းတူး၍ ရှာဖွေခဲ့၏။ သို့သော် ဘာမျှမတွေ့။ ဦးအောင်ကျော်အိုးများ တွေ့ရှိသည့် ပတ်ဝန်းကျင်ကိုလည်း တူးဖော်ကြည့်ရာ ဘာမျှမတွေ့။ မတွေ့သော်လည်း အစအနတွေ့သည်ဆိုပါက လိုက်ရမည့် တာဝန်က သုတေသနပြုသူတိုင်း တာဝန်ဖြစ်သည်။ တကောင်း အထက် ...င်းထဲမှ အိုး ၁၁ တွေ့ရှိသော ကျင်းထဲတွင် အိုးခြမ်းပဲ့အစပေါ်နေသည်ဟု ဆိုကတည်းက ကျွန်တော်သည် ထိုနေရာကို သွားချင်စိတ်က ...အားမရဘဲ ...ရှိသည်။ သို့သော်လည်း အထက်မြန်မာနိုင်ငံတွင် ရေအဆက်မပြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ခနဲခြင်း၊ ဧရာဝတီမြစ်ရေ တိုးနေခြင်းတို့ကြောင့် ချက်ချင်းခရီးမထွက်ဘဲ ၃-၇-၂၀၀၄ ရက်နေ့က အမှတ် ၁၁ အိုးနှုတ်ခမ်းသားပေါ်နေသည့် နေရာအား တူးကြည့်လိုပါကြောင်းကို ယဉ်ကျေးမှုဝန်ကြီးထံ ခွင့်တောင်းခဲ့သည်။ ဝန်ကြီးကလည်း ခွင့်ပြု၏။ TG-31 အား တူးဖော်ရန် မန္တလေးရှေးဟောင်းမှ အရာရှိတစ်ဦးလောက်တော့ ခေါ်သွားချင်ပါသည်။ အထူးသဖြင့် ဦးလှကြီးမောင်မောင်ကို ထည့်လိုက်ပါဟု ဆိုတော့ ဦးလှကြီးမောင်မောင်က တရုတ်ပြည်သွားစရာ ရှိနေ၍ မန္တလေးက တစ်ယောက်ယောက်စီစဉ်ပေးမှာပါမည်ဟု ဝန်ကြီးက ဆို၏။ ထို့ကြောင့် ကျွန်တော်တစ်ဦးတည်း မန္တလေးသို့ ထွက်လာခဲ့၏။ မန္တလေးရှေးဟောင်းရုံးမှ အခြားထည့်လိုက်စရာလည်း လူမရှိသော



TG 31/A ကုန်းကို စတင်တူးဖော်ကြစဉ် (၁၅-၈-၂၀၀၄ နေ့)





ကြောင့် ပုံဆွဲဦးသောင်းညွှန့်ကို ခေါ်သွားပါဟု ဆို၏။ အိုးအသစ်များ တွေ့ရှိပါက ပုံဆွဲဦးသောင်းညွှန့်သည်လည်း လိုအပ်သော သူတစ်ယောက်ဖြစ်၍ ခေါ်လာခဲ့၏။ ကျွန်တော်နှင့်အတူက မန္တလေးမှ သတင်းထောက်ဓာတ်ပုံဆရာ ဦးအုန်းငွေ၊ ဦးပဏ္ဍိတာနန္ဒ၏ ဒကာမကြီးဒေါ်နန်းငွေခင်၊ ဦးသောင်းညွှန့် လိုက်ပါလာကြ၏။ မန္တလေး တကောင်းကားခက မလွယ်၊ အခုလိုအား တစ်စီးလုံးငှားမည်ဆိုပါက တစ်နေ့အပြီး အစီးစရိတ်ငြိမ်း ၃၅၀၀၀ိ/မှ ၄၀၀၀၀ိ/ လောက် ကျသည်။ တကောင်းတွင် နေသည့်ရက်က တစ်ရက် ၃၀၀၀၀ိ/ ပေးရ၏။

တကောင်း မန္တလေးမှန်လုံကားတွေတော့ ရှိ၏။ ကားခက ၂၀၀၀ ပေးရသည်။ မန္တလေးသီရိမန္တလာကားတွင်းမှ စီးရ၍ နံနက် ၄ နာရီလောက်က စထွက်သည်။ မနက် ၄ နာရီထွက်သော် တကောင်းသို့ နေ့လည် ၁၂ နာရီ၊ တစ်ချက်လောက်ဆိုက်သည်။ မှန်လုံကားသည် သူရပ်ချင်သောနေရာရပ်၊ ကိုယ်ရပ်ချင်သောနေရာ သူက မရပ်နှင့်မို့ မန္တလေး-လားရှိုး ဆွဲနေသော ဦးခင်းပဏ္ဍိတာနန္ဒ၏ တကာရင်းဖြစ်သော မြဝတီသန်းဌေးကို ငှားလာခဲ့၏။ ကိုသန်းဌေးနှင့် ဆိုပါက ကားခက ကိုယ်ပေးချင်သလောက် ပေး၍ရ၏။ ကားဆရာဦးသန်းဌေးက လမ်းကျွမ်းသည့် ကားမောင်းလိမ္မာသည်။ ရှေးဟောင်း သုတေသနလုပ်ငန်းကို ကျွန်တော်တို့နှင့် လိုက်ရင်း တီးမိခေါက်မိရှိနေပြီမို့ သူ့အား ခေါ်ခဲ့ခြင်း ဖြစ်ပါ၏။


ကျွန်တော်တို့အဖွဲ့သည် မန္တလေးတွင် မုန့်တီစားပြီး နံနက် ၇ နာရီလောက်တွင် တကောင်းသို့ ထွက်လာ၏။ လမ်းတွင် မတ္တရာမြို့နယ် ရေနံ့သာ အနာကြီးရောဂါသည်စခန်းသို့ ဝင်၍ လှူဖွယ်ရာရှိသည်များကို ဝင်လှူ၏၊ ထို့နောက် နံ့သာမြိုင်စခန်းတွင် ဆောက်လက်စရှိသော စာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုပြီး မတ္တရာမြို့နယ်ထဲမှ ပတ်လည်အင်းရွာသို့ ဝင်သည်။ ပတ်လည်အင်းရွာသို့ သွားရာတွင် ဒေါက်တာဇင်သောင်းနှင့် ကိုခွာညိုတို့က ကားတစ်စီးနှင့် လိုက်ခဲ့ကြ၏။ သူတို့နှင့်က ယင်းမတည်း ရှေးဟောင်းမြို့တော်တစ်ခု ရှမ်းရိုးမတောင်ခြေတွင် ရှိနေသည်ဟု ဆို၍ ဝင်ရောက်၍ ရှာကြခြင်း ဖြစ်၏။ ပတ်လည်အင်းရွာသား ဦးစံထွန်းက မုဆိုးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com





ကုန်းအမှတ် TG 31.A ကို တူးဖော်ရာ ပျူအရိုးအိုးများကို ဤသို့ စတင်တွေ့ရှိရသည်။





ဖြစ်၏။ တောလိုက်စဉ် ယင်းမတည်းမြို့ကို တွေ့ရှိခဲ့ခြင်းဖြစ်ရာ စစ်ရှုံးသော ဆော်ဘွားတစ်ဦး တည်ထောင်နေထိုင်ခဲ့သော မြို့ဖြစ်ဟန် တူသည်ဟု ဆို၏။ ယင်းမတည်းသည် မန္တလေး + မိုးကုတ်ကားလမ်းမှ အရှေ့ဘက် ၃၅ မိုင်ခန့်အကွာ တောင်ပေါ်တွင် ရှိသည်။ ဉာဏ်တော်တစ်တောင်ခန့်ရှိသော ဆင်းတုတော်ခြောက်ဆူရှိသည်။ လှိုင်ဂူလည်း ရှိသည်။ ကျောက်တုံးများ၊ အင်္ဂတေအုတ်စီနေရာများ ရှိကြောင်း စိတ်ဝင်စားပါက တောပစ်ရင်း ထွက်ကြရအောင် လိုက်ကြည့်ပါလားဟု ဖိတ်ခေါ်၏။

ကျွန်တော်တို့ကလည်း တကောင်းတွင် ကိစ္စတစ်ရပ်ရှိ၍ သွားရမှာမို့ နောက်တစ်ခေါက်ကျတော့မှပဲ ယင်းမတည်းမြို့ကို သွားကြတာပေါ့ဟု ဆိုကာ မှဆိုးဦးစံထွန်းအိမ်တွင်ပင် ဆတ်သား၊ ကြက်သား ဟင်းမျိုးစုံဖြင့် ထမင်းစားကြပါ၏။ ဒါတောင် မတွေ့ရာ အနာကြီးရောဂါသည်စခန်းကလည်း အတော်စားလာခဲ့ကြသေး၏။


ကျွန်တော်တို့ကားသည် ၁၁ နာရီလောက်မှ ပတ်လည်အင်းရွာမှ ထွက်လာခဲ့၏။ ပတ်လည်အင်းရွာသည် မန္တလေး မိုးကုတ်လမ်းပေါ်ရှိ အိမ်ခြေ ၃၀၀ လောက် ရှိသော ရွာလေးတစ်ရွာ ဖြစ်သည်။ စကားတပြောပြောနှင့် မောင်းလာကြရင်း မကြာခင် လက်ပန်လှရွာသို့ ရောက်လာကြသည်။ ဆုံကူးလမ်းခွဲဖြစ်၍ မြို့ကြီးတစ်မြို့ ဖြစ်နေ၏။ ထမင်းဆိုင်အများအပြားရှိ၏။ စစ်ဆေးရေးဂိတ်လည်း ရှိသည်။ ဇရပ်ကွင်းကျော်လာတော့ ဖော့တောရောက်၏။ ဖော့တောက မိုးကုတ်သပိတ်ကျဉ်းလမ်းခွဲ ဖြစ်သည်။ ဖော့တောကိုကျော်ပြီး သုံးလေးမိုင်လောက်သွားတော့ ခုနစ်မိုင်စခန်းရောက်၏။ ခုနစ်မိုင်စခန်းတွင် ထမင်းဆိုင်များရှိ၏။ ဝင်းဦးလေးထမင်းဆိုင်က နာမည်ကြီးသည်။ ခုနစ်မိုင်ဆုံမှ ဆက်ထွက်လာရာ ကျွန်တော်တို့ ကားသည် တွင်းငယ်၌ တစ်ကြိမ်ရပ်၏။ တွင်းငယ် စုလွင်ဖြိုးထမင်းဆိုင်တွင် ထမင်းစားသည်။ ဈေးသည်များက ကိုတင်ထွေး မိမိစန်းဖြစ်၍ ကိုအုန်းဌေးနှင့် ခင်မင်ကြသူ များဖြစ်၏။ စုလွင်ဖြိုးဆိုင်က ရှိသမျှဟင်းတွေ တပြုံကြီးချပေး၏။ ဆတ်သားကြော်၊ ကြက်အူသုတ်ကအစ ထမင်းစားပွဲနှင့် ဟင်းတွေက အပြည့်ချပေးသည်။ စားချင်သလောက်စားစေပါ၏။ တွင်းငယ်နှင့် မျက်နှာချင်းဆိုင်တွင် ရွှေဥတောင်



www.burmeseclassic.com

www.burmeseclassic.com






တကောင်း ပျူအရိုးအိုးအမှတ် (၁၂)





ရှိ၍ ရွှေဥတောင်တွင်း ရေးကျောက်ခေတ် နေလူသားများ နေရာမှုများ ရှိသည်ဟု သိရ၏။ ကပ္ပတိန်ဗွန်းကွယ်လွန်မှုတွင် အရေးပါသော ရွှာကောင်ရွာဖြစ်သည့် ရွှေစကာသည် ဤလမ်းပေါ်တွင်ပင် ရှိ၏။ ထမင်းစား ပြီးသော့တွင်းငယ်ရှာ ဘုန်းတော်ကြီးကျောင်းသို့ ဝင်သည်။ ကျောင်းသည် ရေကြီးထားသောကြောင့် ရေမြုပ်ရာမှ ပြန်ပေါ်လာစမို့ ဆေးကြပြုကြလုပ်နေကြဆဲဖြစ်၏။ ကျောင်းတွင် ဆရာတော်ဦးနန္ဒမာလာရာမ၊ ဦးအဂ္ဂသာရ၊ ဦးဇောတနှင့် ဦးပညာသာရာတို့နှင့် စကားပြောရင်း ရှေးဟောင်းပစ္စည်းများ ရရှိပါက သက်ဆိုင်ရာသို့ သတင်းပေးအပ်နံ့ဖို့ ဒကာ ဒကာများအား ဆော်အော် ဖျောင်းဖျပေးပါဘုရားဟု ဆိုတော့ ဆရာတော်များက ဘုန်းကြီးတို့ကိုယ်တိုင်လည်း ဘယ်ဟာရှေးဟောင်းပစ္စည်းလဲ၊ ဘယ်ဟာမဟုတ်ဘူးလဲ ဆိုတာ မသိဘူး ဒကာကြီးရဲ့ဟု ဆို၏။


အရှင်ဘုရား၊ သက်တမ်း ၇၅ နှစ်ထက် ကြာထက် ဘာပစ္စည်းမဆို အရှင်ဘုရား အလှူခံပြီး ကျောင်းမှာထား မမှားပါဘူးဘုရားဟု ပြောကြခဲ့ရ၏။ ကျွန်တော်သည် တွင်းငယ်မှ မိတ်ဆွေတစ်ဦးထံမှ တကောင်းဒင်္ဂါးတစ်ခု ရေးသည်။ ကျွန်တော်တို့ ဆက်ထွက်လာရာ ပေါ်တော်မူဘုရားတည်နေသော ဝါးရုံကုန်း၊ ကြံညှပ်၊ ထိုမှကိုးပင်သို့ ရောက်သည်။ ကြံညှပ်တွင် ဆရာကြီး ဦးတင်ဝင်းဦးတို့၏ အိမ်ရှိ၏။ တကောင်းသို့ ညနေ ၄ နာရီလောက်တွင် ရောက်၏။ နေစောင်းပြီဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ ရယကဥက္ကဋ္ဌ ဦးလှထွန်း၊ ရဲတပ်ဖွဲ့ အစရှိသော အာဏာပိုင်အဖွဲ့များနှင့် ကျောင်းအုပ်ဆရာကြီးတို့အား သွားရောက်နှုတ်ဆက်၏။ ထို့နောက် နောက်တစ်နေ့နံနက် ၈ နာရီခန့်တွင် တူးဖော်မည့်အကြောင်း ပြောကြားပြီး ကြွရောက် ကြည့်ရှုကြရန် ဖိတ်ကြား အသိပေး၏။ ရရှိသည့် နေရောင်လေးဖြင့် အထကကျောင်းဝင်းအတွင်းသို့ သွားရောက်ကာ အနောက်တောင်ထောင့်နှင့် အရှေ့တောင်ထောင့်တို့တွင် တူးထားသော အိမ်သာကျင်းနေရာများကို ကြည့်ရ၏။ အနောက်တောင် ထောင့်ကျင်းမှလည်း အိုးခြမ်းကွဲ အများအပြားတွေ့ရှိထားသော နေရာဖြစ်ရာ ထိုနေရာကိုလည်း တူးသင့်၏။ အိုးအရေတွက် ၁၁ ရှိထားသော ကျင်းတွင်လည်း နှုတ်ခမ်းသားပေါ်နေသော အိုးကို မျက်စိပေါ်




www.burmeseclassic.com

www.burmeseclassic.com





တကောင်းနယ်မြေတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ
သတိပေးနှိုးဆော်ချက်



တကောင်းပျူအရိုးအိုးအမှတ် (၁၂)





ခေါ်နေသောကြောင့် မလွဲမသွေ တူးရမည့် ကျင်းဖြစ်သည်။ ညဦးပိုင်းတွင် ဦးဇင်းနှင့် အလုပ်သမား လိုက်ငှားရ၏။ ရဲမိသားစုဝန်ထမ်းများ တင်ခဲ့ရက် ၅၀၀ ကျပ်နှင့် အလုပ်ဆင်း ကြမည်ဟု ဆိုသည်။

ထိုညကတော့ ဦးဇင်းဦးပဏ္ဍိတာနန္ဒနှင့် အိုးအမှတ် ၁၁ တွေ့ရှိပုံ အလုံးစုံတို့ကို ဆွေးနွေးရင်း အိုးပေါ်မှ လူရုပ်ဒီဇိုင်းနှင့် ပတ်သက်၍ ဆွေးနွေးသည်။ လူမျက်နှာဖြစ်ကြောင်းကား သေချာ၍ ခေါင်းပေါ်မှ နေရောင်လို ထွက်နေတာက အကြီးအကဲတို့ဆောင်းသော သရဖူကဲ့သို့သော အရာဖြစ်နိုင်၏။ ခေါင်းနှင့်ကိုယ် မမျှဖြစ်နေခြင်းမှ လူက တင်ပလ္လင်ခွေထိုင်နေတာလည်း ဖြစ်နိုင်၏။ လူမျက်နှာဘေးတွင် ဆင်ပုံမှာ သေချာသော်လည်း တစ်ဖက်မှ သည် သမင်လိုလိုဖြစ်၍ ဖြည်းဖြည်းဆေးဆေးကြည့်မှ နွားပုံဖြစ်နေသည်။

## ၁၁-၈-၂၀၀၄ နံနက်

နောက်တစ်နေ့တွင် ကျွန်တော်တို့ နံနက်စောစောထ၍ တကောင်းဈေးတွင်းသို့ သွားသည်။ မြေတူးရန် သံလျက်၊ ဓားမ အစရှိသည်တို့ကို ဝယ်ယူသည်။ ထို့နောက် လက်ဖက်ရည်တစ်ခွက်စီ သောက်ကြပြီး အထကင်းအတွင်းသို့ ရောက်ရှိ၏။ အိမ်သာကျင်းကို ထရံတစ်ခုဖြင့် အုပ်ထားသည်။ ကျွန်တော်က ထရံကိုဖယ်ပြီး အိုးအတွင်းသို့ ငုံ့ကြည့်ရာ ကျင်းက ခြောက်ပေသောက် နက်၏။ အိုးတွေ့ပြီးနောက် ၂ ပေလောက် ဆက်တူးထားဟန်ရှိ၏။ ကျွန် တော်ကျင်းထဲဆင်းဖို့ လှေကားတစ်စင်းလောက် ရှာပေးပါဟု ဆိုတော့ ပဲ လှေကားတစ်စင်းပေး၏။ ကျင်းထဲသို့ ကြည့်လိုက်တော့ ကင်းမလက်မဲကြီးတစ်ကောင်နှင့် ဖားပြုတ်သုံးလေးကောင် ပြုတ်ကျကြနေ၏။ ဖားများက အန္တရာယ် မရှိ၊ ကင်းမလက်မဲက အန္တရာယ်ရှိနိုင်၍ လှေကားကို တွင်းထဲသို့ ချရာတွင် ကင်းမလက်မဲပေါ် တည့်တည့်ဆောင့်ချရရင်း ကင်းမလက်မဲကို မြေကြီးထဲ မြုပ်ပစ်လိုက်ရ၏။ အခြားအဆိပ်ရှိ အကောင် ရှိမရှိ စစ်ဆေးပြီး ကျွန်တော်သည် ၀၉ ၃၀ နာရီတွင် တွင်းထဲသို့ ဆင်း၏။ တွင်းထဲသို့ မဆင်းမီ ကျွန်တော်က အရှေ့အရပ်သို့ လှည့်ကာ ယခု ကျွန်ုပ် ကျင်းအတွင်းသို့ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်တို့ ပိုင်ဆိုင်သော ရှေးဟောင်း အမွေအနှစ်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို ရှာဖွေမည်ဖြစ်ရာ ထိုသို့ ရှာဖွေခြင်း လောဘသက္ကာရကို အရင်းပြု၍ ရှေး ဟောင်းပစ္စည်းများကို ရလိုခြင်းကြောင့် ရှာဖွေခြင်းမဟုတ်၊ ရှေးဟောင်း ပစ္စည်းများနှင့် ပတ်သက်၍ လောဘသက္ကာရရှင်းပြီး မိမိဘိုးဘွား ဘိုးဘေး ဘီဘင်တို့ ဤနေရာ ဤဒေသတွင် နေထိုင်ခဲ့ကြသည် မနေထိုင်ခဲ့ကြသည်။ မည်သို့သော ယဉ်ကျေးမှုပုံစံများနှင့် နေထိုင်ကြသည်ကို သိရှိလိုသောကြောင့် လာရောက် ရှာဖွေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ မမြင်သင့် မမြင်အပ်သည်များ ရှိပါက မမြင်ရအောင် ကွယ်ထားစေလိုပါ၏။ မြင်သင့် မြင်အပ်သည့်အရာများ ရှိပါကလည်း မျက်ဝါးတင်ထင် ဖော်ပေးပါဟု တိုင် တယ်ကာ ဝါးလှေကားအတိုင်း သံလျက်တစ်ချောင်း၊ ဓားမတစ်ခုကိုယူကာ ကျင်းအတွင်းသို့ ဆင်းပါ၏။

ကျင်းအတွင်း၌ ပေါ်နေသော အိုးနှုတ်ခမ်းစလေးကို ကျွန်တော် သေသေ ချာချာကြည့်၏။ အိမ်သာကျင်းနှုတ်ခမ်းပေါ်မှာက ဦးတင်ဝင်းဦး၊ ဦးအုန်းမွေ ဦးမျိုး၊ ဦးသန်းဋ္ဌေး၊ ဦးသောင်းညွန့် စသည်တို့ ရှိကြ၏။ သူတို့အားလုံးက လည်း စိတ်ဝင်စားကြသည်။ ကျွန်တော်က စတူးလျှင် တူခြင်း၊ တူးပြီးခင်ဗျာ ဟု အထက်သို့ အော်ပြော၏။ ပထမဈေးမှ ဝယ်လာသော သံလျက်ဖြင့် တွေ့ နေရသော အိုးအသားဘေးမှ မြေပျော့လေးများ အသာခြစ်ယူသည့် မြေသားကို မုန့်စိမ်းပေါင်းလိုးသလို တစ်လွှာချင်း လှီးယူ၏။ အိုးသာမရှိနိုင်ဟု ယူဆရသော နေရာများတွင်မူ သံလျက်အပြားဖြင့် အသာထိုးကာ ဖွဲ့ယူ၏။ သံလျက်နှင့် ထိုးရင်း အမာနေရာတွေ့ပါက ပြန်ဆုတ်ပြီး လွှာရပြန်၏။ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးကျော်စိုးဝင်း ပြင်ဦးလွင် သွားနေ၍ မရောက်နိုင်ကြောင်း အပေါ်မှ တစ်ဦးက ပြောသည်ကို ကြားရ၏။

ကျွန်တော် စတူး၍ မကြာမီပင် အိုးနှုတ်ခမ်းပိုင်းနှင့် ယင်းအိုး၏အဖုံး ကို တွေ့ရသည်။ ဆက်၍ မြေစိုင်မြေဖတ်ကလေးများကို ဖြည်းဖြည်းချင်း ပွဲယူသည်။ အပေါ်မှ စောင့်ကြည့်နေသူများကလည်း ဘာတွေများ တွေ့မလဲ ဟု အသက်မရှူဘဲ စောင့်ကြည့်နေကြ၏။ နာရီဝက်ခန့် တူးပြီးသောအခါ အိုးအမှတ် ၁၃ ကိုယ်ထည် ပေါ်လာပါ၏။ ကျွန်တော်သည် အိုးအမှတ် ၁၃ အား အကောင်းပကတိ ရရှိရေးကို စိတ်သန်၍ ဖြည်းဖြည်းချင်းတူး၏။ အိုး





အမှတ် ၁၃ သည် အိုးကြီးတစ်လုံးပင် ဖြစ်၏။ အမှတ် ၁၃ အိုးတစ်ခုလုံး ပေါ်လာသောအခါ မြောက်ဘက်မှ မြေသားကို ဆက်နှိုက်ရာ အိုးအမှတ် ၁၃ နှင့် ဖင်ချင်းဆိုင်နေသော အခြားအိုးတစ်လုံး၏ အောက်ခြေကရွှတ်ချေ (၃၁) ပေါ်လာ၏။ ထို့ပြင် အခြားအိုးသုံးလုံး၏ ကိုယ်ထည်များကို ပေါ်လာ၏။



TG-31/A စတင်တူးဖော်ပြီး ၂ နာရီအကြာတွင် ဤသို့တွေ့ရသည်။

အိုးတစ်လုံး၏ ကိုယ်ထည်ပေါ်လာတိုင်း အထက်သို့ တစ်လုံးတွေ့ပြန်ပြီဗျို့ ဟု ကျွန်တော်က အော်ပြော၏။ အားလုံးကလည်း ရင်တလှပ်လှပ်နှင့် ရှိကြ သည်။ ဇောနှင့်တူးနေရာ ကျွန်တော်၏ ဘယ်ဘက် လက်အရေပြား အကွင်း လိုက်ပေါက်နေသည်ကို မသိဘဲ ရှိ၏။ လက်မှ သွေးများပါ ကျလာသောကြောင့် အခြားတစ်ယောက်ကို ခေါ်ရ၏။ အိုးအမှတ် ၁၃၏ နေရာကို အသေအချာ မှတ်သားပြီး အိုးကို မ၍ မြေပေါ်သို့တင်၏။ တွင်းထဲကျနေသော ဖာသုံးလေး ကောင်ကိုလည်း မြေပေါ်သို့ တင်ပေးရ၏။ ကျွန်တော့်ကို ကူရန် မည်သူဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို ကျွန်တော် မမှတ်မိ။ ဦးသန်းဒွေးအား ပလာစတာ ယူခိုင်း၍ လက်ကို ရေဆေးပြီး ပလာစတာနှင့် ကပ်ထားရ၏။ ထိုအချိန်တွင် မန္တလေး ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝေလွင်လည်း ရောက်ရှိလာသည်။ ဦးဝေလွင်နှင့်အတူ ထိန်းသိမ်းရေးမှူး ဦးအေးလွင် ရောက် ရှိလာပါ၏။ ဦးဝေလွင်က တူးဖော်မှု အခြေအနေကို မေးရာ ကျွန်တော်တို့ တွေ့ရှိမှုအရပ်ရပ်ကို ဦးဝေလွင်အား တင်ပြသည်။ ဦးဝေလွင်ကလည်း ဆက်ပေါ်လာသော အိုးလေးလုံး၏ ကိုယ်ထည်များကို စိတ်ဝင်စားလျက် ရှိ ပါ၏။ ထိုအချိန်တွင် ဦးပဏ္ဍိတာနန္ဒ ရောက်ရှိလာသည်။ ဦးဇင်းက ဖျားနေ သည်။ ငှက်ဖျားထနေခြင်းဖြစ်၍ ခပ်ယဲ့ယဲ့သာ ရှိ၏။

ဦးအေးလွင်သည် အလွန်အလိုက်သိသော ရှေးဟောင်းဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ထိုအချိန်တွင် မိုးလေးက အုံ့လိုက်၊ ရွာမလို ညို့လိုက်၊ ရွာ လိုက်၊ ရပ်သွားလိုက်ရှိနေရာ ဦးအေးလွင်က 'စိတ်မချရဘူး မိုးရွာပြီး တွင်း ထဲ ရေဝင်ရင် ခက်မယ်'ဟု ဆိုကာ အပြာရောင် တာလပတ်စကြီးကို ယူ လာ၍ ကျင်းပတ်ပတ်လည်တွင် လေးဘက်တွင် တိုင်များစိုက် ရာဇမတ်ကာ ကာ အမိုးမိုးပေး၏။ တာလပတ်က ၁၅ ပေပတ်လည်လောက်ရှိ၍ ဝိုင်း ကြည့်နေသော လူများအတွက်ပင် လုံလောက်သည်။ မြေပြင်မှ ၄ အနက်တွင် တန်းစီ၍ ရှိနေရာ အိုးများကို ကျင်းထဲမှ နှိုက်တူးနေရခြင်းဖြစ်ရာ ဆက် နှိုက်တူးလျှင် ခက်ခဲနိုင်၍ အိုးပေါ်မှ မြေသားများကို ပယ်ထုတ်ရန် လိုအပ် လာ၍ ဦးဝေလွင်၊ ဦးအေးလွင်တို့နှင့် တိုင်ပင်ရာ အားလုံးက သဘောတူ သောကြောင့် အပေါ်မှ မြေသားများကို ဖယ်ထုတ်ရန် အလုပ်သမားခေါ်ရ၏။

မနက်ပိုင်း တူးပြီး နေ့လယ်ပိုင်း ထမင်းစားရန် ခေတ္တရပ်နား၏။ ထိုနေ့ နေ့လည် ၁၂:၀၀ တိတိတွင် အိုးများ ဆက်တိုက်တွေ့နေကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဦးဝေလွင်မှ အကြောင်းကြားရာ ဝန်ကြီးမှ ယင်း အိုးများကို မရွှေ့မပြောင်းဘဲ တွေ့ရှိသောနေရာတွင်ပင် ပြတိုက် Site Mu- sium ပြုလုပ်မည်ဟု ဆို၏။ ထိုကြောင့် ညနေပိုင်း ဆက်တူးကြသည်။ ည နေပိုင်းတွင် အလုပ်သမားရှာမရ၍ ရဲတပ်ဖွဲ့မှ ဝန်ထမ်းမိသားစုများကို မေတ္တာ ရပ်ခံ ခေါ်လာရခြင်း ဖြစ်ကြောင်း သိရ၏။ TG-31 A ကို ၁၀-၈-၂၀၀





နေ့ မွန်းလွဲပိုင်းက စတင်တူးကြသော အလုပ်သမားတို့မှာ–

| | | |
|---|---|---|
| (က) | မမြင့်မြင့်သန်း | ရဲဝန်ထမ်းကြပ်ကြီး၏ဇနီး |
| (ခ) | မတင်တင်အေး | ရဲဝန်ထမ်းကြပ်ကြီး၏ဇနီး |
| (ဂ) | ကိုကျော်မင်းသက် | ရဲဝန်ထမ်း ဒုတပ်ကြပ်ကြီး၏ညီ |
| (ဃ) | ဦးကြည်လှိုင် | အလုပ်သမားခေါင်းဆောင်နှင့် |
| (င) | ဦးမောင်ကြိုင် | တကောင်း (၇) ရပ်ကွက်မှ လုပ်သားတစ်ဦး ဖြစ်၏။ |

ထိုအချိန်တွင် တကောင်း အထက အနောက်တောင်ထောင့် နေရာတွင် လည်း အခြားအလုပ်သမားတစ်ဖွဲ့ကလည်း တူးလျက် ရှိ၏။ ယင်းနေရာသည် အမဆုံး အိုးခြမ်းကွဲအမြောက်အများ တွေ့သောနေရာမို့ တူးခြင်းဖြစ်သည်။ နေရာကို တူးရာ အိုးအစအနတွေ့ပါက လာပြောဟု ဆိုကာ ကျင်းကို အလုပ်သမားများချည်းနှင့် ထား၍ တူးရသောကြောင့် စိတ်မချ။ ကျင်းတူးရာ တွင် တာဝန်ရှိသူတစ်ဦးတော့ ရှိသင့်သည်ဟု ယုံကြည်သော်လည်း နှစ်နေရာ လုံးကို ရှာဖွေလိုစိတ်က များနေ၍ ထိုနေ့ကတော့ ထိုအလုပ်သမား အဖွဲ့ ဆက်တူးစေခဲ့ပါ၏။ အနောက်တောင်ထောင့်တွင် တူးသော အလုပ်သမား ဖွဲ့မှာ–

| | | |
|---|---|---|
| (က) | မောင်အောင်ခိုင်ဝင်း | (၂) ရပ်ကွက် |
| (ခ) | မပြုံးပြုံး | (၂) ရပ်ကွက် |
| (ဂ) | မသင်းသင်းနွယ် | (၂) ရပ်ကွက် |
| (ဃ) | ဦးခင်မောင်ဒွေး | (၂) ရပ်ကွက်တို့ ဖြစ်သည်။ |

TG-31 A နေရာအပေါ်မှ မြေကြီးများကို အတော်ပင် ဖယ်ရသည်။ နေ ၅ နာရီထိုးသောအခါ ကျင်းနေရာကို အထကထဲမှ စားပွဲခုံများ ခုံတန်း များကို ယူ၍ ကျင်းပေါ်တွင် ၄" x ၂" ပျဉ်ချောင်းများ ကန့်လန့်ခင်း၍ ပေါ်မှ ကျောင်းခုံများ ထပ်ကင်းကာ ထားရစ်ခဲ့ပြီး အလုပ်သိမ်း၏။ ဝင် ရဲကင်းပါ အစောင့်ချပေးရန် ဌာနသို့ ပြောပြီး ထိုနေ့က ကျွန်တော်တို့ ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com





TG-31/A



TG-31/A ကုန်းအား စာရေးသူကိုယ်တိုင်တူးဖော်နေစဉ်





ထိုနေ့ညနေစာကို ရယကဥက္ကဋ္ဌ ဦးလှထွန်း၏ ကျောက်ဝင်းထွန်း သမင်းဆိုင်တွင်ပင် သွား၍ ထမင်းစားကြသည်။ အိုးများ တွေ့၍ ကျွန်တော်တို့ အဖွဲ့ဝင်များ အားလုံး ပျော်နေကြသည်။ ယဉ်ကျေးမှုဝန်ကြီးကိုလည်း သတိရကြသည်။ ဝန်ကြီးကိုယ်တိုင်လည်း အိုးများအကြောင်း သတင်းရ၍ ပျော်နေမည်ဟု ယုံကြည်ကြသည်။

ထိုနေ့ နေ့လည်ပိုင်းကပင် အိုးအမှတ် ၁၂ ၏ အတိုင်းအတာများကို မှတ်ယူခဲ့ကြ၏။

## တကောင်းအိုးအမှတ် - ၁၂

(က) တွေ့ရှိသည့်နေရာ။ ။ တကောင်း အထကဝင် အရှေ့တောင် ထောင့်ကုန်းအမှတ် TG-31-A
N-23° 29' 55.8"
E 96° 00' 42.7"

(ခ) တွေ့ရှိတူးဖော်သူ။ ။ ဦးချစ်စံဝင်း (စာရေးဆရာ)

(ဂ) တွေ့ရှိသည့် အနေအထား ။ ။ အိုးအမှတ် ၁၃ နှင့် အမှတ် ၁၄ တို့၏ အကြား အနောက်တောင်ဘက်သို့ စောင်း၍ တုံးလုံးလဲလျက် တည်ရှိသည်။ အဖုံးပါရှိပြီး အိုးထည်ကို 12 A ဟု အမှတ်အသားပြု၍ အဖုံးကို 12 B ဟု အမှတ်အသားပြုထားရှိသည်။ အိုးအမှတ် ၁၂ အတွင်းမှ မြေဇာများကို ထုတ်ယူစစ်ဆေးခြင်း မပြုပါ။

### အိုးအမှတ် ၁၂ ၏ အတိုင်းအတာ

(က) အိုးအဝအချင်း = ၄.၅ လက်မ
(ခ) အိုးအမြင့် = ၁၄ လက်မ
(ဂ) အိုးကိုယ်ထည်အချင်း = ၉ လက်မ



www.burmeseclassic.com

www.burmeseclassic.com



(ဃ) အိုးအဖုံး၏အမြင့် = ၄.၅ လက်မ
(င) အိုးအဖုံး၏အချင်း = ၆.၅ လက်မ
(စ) အိုးအောက်ခြေ ကရွတ် (ခွာ) အချင်း = ၅.၅ လက်မ
(ဆ) အိုးအောက်ခြေကရွတ်ခွေအမြင့်=

အိုးတွင် လည်ရစ်အစင်းပါရှိ၍ ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။ အိုးကိုယ်ထည်အောက်ပိုင်းပဲ့နေသည်။

## တကောင်းအိုးအမှတ်(၁၃)

တွေ့ရှိသည့်နေရာ။ ။ တကောင်း အထကဝင်း အရှေ့တောင်ထောင့် TG-31 A နေရာ
စတင်တွေ့ရှိသူ။ ။ ဦးချစ်စံဝင်း (စာရေးဆရာ)
တွေ့ရှိသည့်အနေအထား။ ။ အိုးအမှတ် ၁၃ ကို အိုးအမှတ် ၁၂ နှင့် ၁၄ တို့၏ အရှေ့ဘက်တွင် မြောက်ဘက်သို့ စောင်းကာ တုံးလုံးလျက်သား တွေ့ရသည်။ အဖုံးပါရှိသည်။

### အိုးအမှတ် ၁၃ ၏ အတိုင်းအတာ (13A)


(က) အိုးအမြင့် = ၁၀ လက်မ
(ခ) အိုးကိုယ်ထည်အချင်း = ၈.၅ လကမ
(ဂ) အိုးနှုတ်ခမ်းဝ = ၅.၇၅ လက်မ
(ဃ) အိုးအောကခြေကရွတ်ဝိုင်း = အချင်း ၅.၅ လက်မ
(င) အိုးအောက်ခြေကရွတ်ခွေအမြင့် = ၁လက်မ

### အိုးအဖုံး ၁၃ B

(ဈ) အိုးအဖုံးအချင်း = ၈ လက်မ
(ည) အိုးအဖုံးအမြင့် = ၅ လက်မ








အိုးတုတ်ကြီးအမျိုးအစားဖြစ်၍ အရောင်မှာ အမဲရောင် အကွက်ပါရှိ၏။ အောက်ခြေကရွတ်ခွေ (ခွာ) ပါရှိပြီး ဒီဇိုင်းမပါ ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။ အမှတ် ၁၃ အိုးအတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးခြင်း မပြုပါ။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၇

# တကောင်းအိုးအမှတ် ၁၄ နှင့် အမှတ် ၁၅

၁၀-၈-၂၀၀၄ နေ့ ဦးဝေလွင်နှင့် ဦးအေးလွင်တို့အဖွဲ့က TG 31 Aကို ဆက်၍ တူးကြသည်။ ကျွန်တော်က ဆရာကြီးဦးဝင်းမြင့်၏ မေတ္တာရပ်ခံသဖြင့် ခြောက်တန်းမှ ဒသမတန်းအထိ ကျောင်းသားများအား ဟောပြောပွဲတစ်ရပ် ကျင်းပ၏။ ဟောပြောပွဲတွင် ဆရာကြီးက သဘာပတိ ပြုလုပ်၍ ကျွန်တော်က လူ့ဘဝတန်ဖိုးဆိုသော အကြောင်းအရာကို တစ်နာရီခွဲခန့် ဟောပြော၏။ အခမ်းအနားသို့ ဦးအုန်းငွေ၊ ဦးတင်ဝင်းဦးနှင့် ဦးသန်းဌေးတို့လည်း တက်ကြသည်။


ဟောပြောပွဲပြီး၍ တူးလက်စပြုနေသော ကျင်းအား သွားရောက်ကြည့်ရှုရာ အိုးအများအစားပေါ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ပေါ်ထွက်လာသော အိုးများ၏ အနေအထားမှာ တစ်ခါဖူးမှ တကောင်းတွင် ထိုကဲ့သို့ ပေါ်ပေါက်မှု မရှိခြင်း၊ ဆက်လက်တူးဖော်ရန် လိုအပ်ခြင်း၊ တွေ့ရှိသော အိုးများထဲမှ တစ်လုံးစနှစ်လုံးစကို စစ်ဆေးကြည့်ရှုလိုခြင်းကြောင့် ဦးဝေလွင်နှင့် တိုင်ပင်ကာ မန္တလေးမှ ဦးဝင်းမောင် (တမ္ပဝတီ) ထံသို့ ဖုန်းဆက်သည်။ တကောင်းအကြိမ်ကြိမ်ခေါ်သော်လည်း တယ်လီဖုန်းဆက်မရ။ တယ်လီဖုန်းအကောင်းမှ မန္တလေးသို့ ဆက်၍ မရသော်လည်း ရန်ကုန်သို့ ဆက်၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com






တကောင်း ပျူအရိုးအိုး အမှတ် ၁၄





ထို့ကြောင့် ကျွန်တော်၏ ဇနီးဖြစ်သူအား ရန်ကုန်မှတစ်ဆင့် မန္တလေး ဦးဝင်းမောင်ထံ တကောင်းတွင် ပျူအရိုးအိုး အမြောက်အများကို တစ်နေ့ရာတည်းမှာ တွေ့ရှိနေ၍ လိုက်ပါလာရန် အကြောင်းပြောကြားစေရာ ထိုသတင်းကို ဦးဝင်းမောင်သည် ရရှိပြီး ချက်ချင်းပင် ဦးဝင်းမောင် မန္တလေးမှ တကောင်းသို့ ရောက်ရှိလာပါ၏။ ထိုနေ့တွင် ဦးပဏ္ဍိတာနန္ဒ (ဦးဇင်းမင်းဟန်) သည် အပြင်း အထန်ဖျားသောကြောင့် ဆေးရုံသို့ တင်လိုက်ရ၏။

ထိုနေ့က ဆက်တူးရာ–

(က) အရိုးအိုး = ၅ လုံး
(ခ) ရေတကောင်း = ၁၆ လုံး
(ဂ) ပန်းကန်ပြား = ၁ ချပ်
(ဃ) သောက်ရေခွက် = ၁ လုံး

စုစုပေါင်း မြေမီးဖုတ်ပစ္စည်း ၂၃ ခု ရရှိ၏။

ဦးဝင်းမောင် ရောက်ရှိလာ၍ ကျွန်တော်နှင့်ဦးဝေလွင် အပါအဝင် အားလုံး တအားတက်သွား၏။ ထိုအချိန်တွင် မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန တူးဖော်မှု ဌာနခွဲမှ သုတေသနအရာရှိ ဦးပိုင်စိုးလည်း ရောက်ရှိလာ၏။

၁၂–၈–၂၀၀၄ ခုနေ့တွင် ရောက်ရှိနေသော တာဝန်ရှိသူများနှင့် သူ့ရင်များ တိုင်ပင်လျက် ယခုတွေ့ရှိထားသော TG-31 A အကွက်မှ မြောက်ဘက်သို့ ၆ ပေခန့် ဆက်တူးကြည့်ရန် ဆုံးဖြတ်ကြ၏။ တူးဖော်မှုကို တာဝန်ခံ ဆောင်ရွက်နေသူသည် ဦးအေးလွင်ပင် ဖြစ်၏။ ဆက်တူးမည်ဟု ဆို၍ အလုပ်သမားများအတွက် တရှင်းပေါက်ပြား ပေါက်တူးနှင့် မြေသယ်စရာ တောင်းမှ အစလိုနေ၍ မြို့ထဲသွားရှာဖွေရသည်။ ထို့နောက် စတင်တူးရာမြေပြင်မှ ၂ ပေနှင့် ၆ လက်မ အရောက်တွင် ပျူအရိုးအိုး အစုံ အပြုအမှတ် (၂) နေရာ TG-31-B ကို ထပ်မံတွေ့ရှိရ၏။

TG -31-B မှ တွေ့ရှိရသော အိုးများမှာ

(က) အရိုးအိုး = ၃ အိုး
(ခ) ရေတကောင်း = ၉ လုံး



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း အရိုးအိုးနှင့် ရေတကောင်း ၁၂ လုံတို့ ဖြစ်၏။

တွေ့ရှိမှု အရပ်ရပ်ကို ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် မန္တလေးရှေးဟောင်းသုတေသနဌာနသို့လည်း အကြောင်းကြား၏။ ၁၃-၈-၂၀၀၄ ခုနေ့ နံနက်ပိုင်းတွင် တွေ့ရှိသော အိုးများအား တမ္ဗဝတီ ဦးဝင်းမောင် ဦးဆောင်၍ မြေမပြိုကျစေရန် အထိမ်းအကြောင်း ပြုလုပ်ခြင်း၊ မြေသားများ သိပ်ခြင်း၊ စသည်တို့ကို ပြုလုပ်၏။ ယင်းနေ့ညနေ ၃ နာရီတွင် တူးဖော်တွေ့ရှိရသော အိုးများ၏ အခြေအနေကို သုံးသပ် ခန့်မှန်းနိုင်ရန် အိုးအမှတ် (၁၄) နှင့် အမှတ် (၁၅) တို့၏ အတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးကြည့်ရှုရန် ဆုံးဖြတ်ကြ၏။ ထို့နောက် ဒေသဆိုင်ရာ အာဏာပိုင်များ ပညာရှင်များနှင့် တာဝန်ရှိ ရှေးဟောင်းသုတေသနပညာရှင်များ၏ ရှေ့မှောက်တွင် စစ်ဆေးကြည့်ရှုကြ၏။

## တကောင်းအိုးအမှတ် ၁၄

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အိုးအမှတ် ၁၂ အမှတ် ၁၃ နှင့် ၁၅ တို့၏ အကြားတွင် လှဲလျက်တည်ရှိနေသည်။

(ခ) တွေ့ရှိသူများ။ ။ မန္တလေး ရှေးဟောင်းသုတေသနအဖွဲ့။

(ဂ) မြေစာထုတ်ယူစစ်ဆေးသူများ။ ။ ဦးဝေလွင်၊ တမ္ဗဝတီ ဦးဝင်းမောင်၊ ချစ်စံဝင်း၊ ဦးအေးလွင်

(ဃ) တူးဖော်တွေ့ရှိသည့်နေ့။ ။၁၁-၈-၂၀၀၄

(င) စစ်ဆေးသည့်နေ့ ။ ။၁၃-၈-၂၀၀၄ (၁၅း၀၀နာရီ)

### တကောင်းအိုးအမှတ် ၁၄ ၏ အတိုင်းအတာ

(က) အိုးကိုယ်ထည်အချင်း။ ။ ၁၂ လက်မ

(ခ) အိုးအမြင့် ။ ။ ၁၅.၅လက်မ

(ဂ) အိုးအဝအချင်း ။ ။ ၆.၅လက်မ

(ဃ) အိုးအောက်ခြေကျွတ်ခွေ (ခွာ) အမြင့်။ ။ ၁ လက်မ








အရိုးအိုးအမှတ် (၁၄) မှ တွေ့ရှိရသော ဦးခေါင်းခွံအရိုး (၁၄-၈-၂၀၀၄နေ့)



www.burmeseclassic.com

www.burmeseclassic.com



(င) အိုးအောက်ခြေကရွတ်ခွေအချင်း။ ။
(စ) အိုးအမှတ် ၁၄ အဖုံး၏အမြင့်။ ။ ၃ လက်မ
(ဆ) အိုးအမှတ် ၁၄ ၏ အဖုံးအချင်း။ ။ ၉ လက်မ

### တကောင်းအိုးအမှတ် ၁၄ ၏ အတိုင်းအတာ

(က) အိုးကိုယ်ထည်အချင်း ။ ။ ၁၂ လက်မ
(ခ) အိုးအမြင့် ။ ။ ၁၅.၅ လက်မ
(ဂ) အိုးအဝအချင်း ။ ။ ၆.၅ လက်မ
(ဃ) အိုးအောက်ခြေကရွတ်ခွေ (ခွာ) အမြင့် ။ ။ ၁ လက်မ
(င) အိုးအောက်ခြေကရွတ်ခွေအချင်း ။ ။
(စ) အိုးအမှတ် ၁၄ အဖုံး၏အမြင့် ။ ။ ၃ လက်မ
(ဆ) အိုးအမှတ် ၁၄ အဖုံး အချင်း ။ ။ ၉ လက်မ


TG31A အုပ်စုတွင် အကြီးဆုံးသောအိုးဖြစ်သည်။ မူလတူးဖော်စဉ်က အကောင်းပကတိဖြစ်သော်လည်း အတွင်းမှ မြေသားများ ခြောက်သွေ့ပြီး အိုးသားကျုံ့သွားရာမှ အက်ကြောင်းပေါ်လာပြီး ကွဲသွားသည်။ အိုးသုံးပုံတစ်ပုံ ခန့်သည် အနက်ပြာရောင် ရှိ၍ ကျန်အိုးသားများသည် အုတ်ခဲရောင်ရှိ၏။ အိုးအဖုံးကွဲနေ၍ အဖုံးတွင် လက်ကိုင်ဖုပါရှိသည်။ အိုးအမှတ် ၁၄ သည် အနောက်တောင်ဘက်သို့ စောင်းလျက်သား ကျနေ၏။ အောက်ခြေကရွတ်ခွေ (ခွာ) ပါရှိသော ပြောင်ချောအိုးတစ်လုံးဖြစ်၍ လည်ပင်းတွင် အရစ်ပါရှိ၏။ အိုးအမှတ် ၁၄ သည် အဖုံးနှစ်ထပ်ပါရှိပြီး အပေါ် မြေအဖုံး၏ အောက်တွင် ခွက်ပုံသဏ္ဍာန် အိုးအဖုံးအစွပ်တစ်ခုအတွင်း၌ ရှိနေသည်ကို အပြင်မှ မြင်နေရသည်။

### အိုးအမှတ် ၁၄ အတွင်းမှ တွေ့ရှိသော ပစ္စည်းများ

(က) သံဓားအကွေး ၂ လက်မ (သေဆုံးသူ၏ ဓားအရှည်ကို အိုးထဲသို့ ထည့်နိုင်ရန် နှစ်ဆစ်ချိုးကွေး၍ ထည့်သွင်းထားခြင်း ဖြစ်နိုင်) ကွေးထားသော ဓားအရှည် ၉ လက်မ၊ ထု ၀.၄၅ လက်မ။
(ခ) ဓားအတို အရှည် ၄ လက်မ x ဖျက် ၁.၃လက်မ၊ ထု ၀.၅လက်မ။








အရိုးအိုးအမှတ် ၁၄ အတွင်းမှ ရရှိသော ပုတီးစေ့များ

(ဂ) ဘဲဥပုံသံကွင်း တစ်ခု၊ အရှည် ၂.၅လက်မ x ဖျက် ၁.၅လက်မနှင့် ထု ၀.၂လက်မ။
(ဃ) ဓားအမင်း ၁လက်မ။
(င) သံကွင်း အချင်း ၂.၅လက်မ x အရှည် ၅.၅လက်မ။
(စ) သံမှုတ်တစ်ချောင်း အရှည် ၂.၇ လက်မ။ ထိပ်ဖျက် .၄လက်မ။
(ဆ) ကြေးဇွန်း အရှည် ၁၁.၅လက်မ၊ ဇွန်းခွက်အရှည် ၃လက်မ x အနံ ၁.၆လက်မ။
(ဇ) ကြေးအဖုံး ၂ခုထပ်လျက်သော အိုးအဝကို ဤအဖုံး နှစ်ခုဖြင့် အတွင်းအဖုံး အချင်း ၆.၅လက်မ။
(ဈ) ကော်ပုတီးစေ့ငယ် ၃၁ ခု။
(ည) တစ်လက်မအကျယ်ရှိ လေးထောင့်ရွှေပြား ၁ ချပ်။
(ဋ) လူခေါင်းအရိုးများ။
(ဌ) မီးသဂြိုဟ်ထားသော ခါးဆစ်ရိုး၊ လက်ရိုး၊ ခြေသလုံး၊ တင်ပါးဆုံရိုးနှင့် ခြေချောင်းလက်ချောင်းရိုးများ သိသာထင်ရှားစွာ ပါသည့် အရိုးများ။



www.burmeseclassic.com

www.burmeseclassic.com





တကောင်းမြို့ အထကအတွင်း အိုးအမှတ် (၁၄)မှ ရရှိသောအိုးများ

အရိုးအိုးအမှတ် ၁၄ တွင် ကြေးခေတ်ပစ္စည်းများရော သံအသုံးအဆောင်ပစ္စည်းများပါ ထင်ထင်ရှားရှား ပါဝင်၍ သံခေတ်ကာလ သေဆုံးသူတစ်ဦး၏ အရိုးအိုးဟု မှတ်ထင်ရသည်။ ဓားရှည်၊ ဓားအတိုတို့ ပါဝင်သည့်အပြင် သေသူ၏ အရိုးအဆစ်များသည် ကြီးမားမှုရှိသောကြောင့် ပုတီးစေ့ငယ်များ ပါရှိသော်လည်း အမျိုးသားတစ်ဦး၏ အရိုးအိုးဟု ထင်မှတ်ရပါသည်။ TG - 31A ကုန်းမှ ရရှိသော အရိုးအိုးများကို သေချာမှု ရှိစေရန် သိပ္ပံနည်းကျစစ်ဆေးမှု ပြုသင့်သည်။ ထို့ကြောင့် အိုးအများအပြားအတွင်းမှ ပစ္စည်းများကို ထုတ်ယူဆေးခြင်းမပြုဘဲ မူလ လက်ရာမပျက် ထားရှိသည်။





**တကောင်း အိုးအမှတ် ၁၅**

(က) တွေ့ရှိသည့်နေရာ။ ။ TG-31 A အိုးအမှတ် ၁၃၊ အမှတ် ၁၄ တို့၏ မြောက်ဘက် အိုးအမှတ် ၁၉ ၏ အရှေ့တောင်ဘက်တွင် ရှိသည်။

(ခ) တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်းသုတေသနအဖွဲ့။

(ဂ) မြေစာထုတ်ယူစစ်ဆေးသူများ။ ။ ဦးဝေလွင်၊ မှူးဝတီ ဦးဝင်းမောင်၊ ချစ်စံဝင်း၊ ဦးအေးလွင်။

(ဃ) တွေ့ရှိသည့်နေ့။ ။ ၁၁-၈-၂၀၀၄

(င) စတင်သည့်နေ့။ ။ ၁၃-၈-၂၀၀၄ (၁၆ : ၀၀ နာရီ)

**အိုးအမှတ် ၁၅ ၏ အတိုင်းအတာ**

(က) အိုး၏အမြင့် ။ ။ ၁၀.၅ လက်မ

(ခ) အိုးကိုယ်ထည်အချင်း။ ။ ၈.၅လက်မ

(ဂ) အိုးအဝအချင်း ။ ။ ၆ လက်မ

(ဃ) အိုးအောက်ကရွတ်ခွေအမြင့် ။ ။ ၁ လက်မ

(င) အိုးအောက်ခြေအချင်း ။ ။ ၅.၅လက်မ

(စ) အဖုံးအမြင့် ။ ။ ၃ လက်မ

(ဆ) အိုးအဖုံးအချင်း ။ ။ ၇.၅လက်မ

(ဇ) အိုးအဖုံးလက်ကိုင်။ ။ ၁.၅လက်မ

အိုးအမှတ် ၁၅ သည် ကွဲအက်မှုများသောကြောင့် ကော်ဖြင့်ဆက်ထားသော အိုးတစ်လုံးဖြစ်သည်။ အဖုံးသီးခြားပါရှိ၍ အိုးကိုယ်ထည်ကို 15 A ဟူ၍လည်းကောင်း အိုးအဖုံးကို ၁၅ B ဟူ၍ လည်းကောင်း အမှတ်အသားပြုထား၍ လည်ပင်းတွင် အရစ်တစ်ရစ်ပါရှိ၍ အောက်ခြေကရွတ်ပါရှိသော်လည်း ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။ အိုးကိုယ်ထည်ပေါ်တွင် နက်ပြာရောင် မီးကျွမ်းထားသော အကွက်ပါရှိသည်။ အခြားအိုးများနှင့် မထိဘဲ သီးခြားတည်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com






ပျူအရိုးအိုးအမှတ် (၁၅)







စာရေးသူမှ ပျူအရိုးအိုး များကို သန့်ရှင်းရေးပြုလုပ်နေစဉ်

(က) ၈ လက်မရှိ သံမြှားတစ်စင်း
(ခ) ၅.၅လက်မရှိ ဓားတစ်လက်
(ဂ) သံပစ္စည်းအချို့
(ဃ) မြေပုတီးစေ့တစ်လုံး
(င) အုံသွား ၆ ချောင်းနှင့် ရှေ့သွား ၃ ချောင်း
(စ) ၀.၇၅လက်မရှိ ဝက်စွယ်ပုတီးတစ်ခု
(ဆ) ကျောက်ပုတီးစေ့ ၁၅ စေ့
(ဇ) အစိမ်းရောင်ဖုံတိုပုတီး ၁ လုံး
(ဈ) ခြောက်မြှောင့်ဖန်ပုတီးစေ့တစ်စေ့
(အလျား ၇ လက်မ၊ အနံ ၃ လက်မ)

ယင်းပစ္စည်းများ အားလုံးကို လေးမျက်နှာဘုရား ယာယီပြတိုက် ဦးဘကျော်တနန္ဒထံတွင် သိမ်းဆည်းထားရှိပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၈

## တကောင်းအိုးအမှတ် ၁၆ မှ အိုးအမှတ် ၃၂

တကောင်းမြို့ဟောင်း TG 31 ကုန်းကို အိမ်သာကျင်းတူးရာမှ တော်တဆ တွေ့ရှိခဲ့သော်လည်း ဤကုန်းသည် အလွန်အရေးကြီးသောကုန်း ဖြစ်သည်။ မြန်မာ့သမိုင်းအမြင်သစ်ကို ရရှိစေခဲ့သော ကုန်းဖြစ်သည။

'တကောင်းတွင် ပျူလူမျိုးတို့ကဲ့သို့ ကွယ်လွန်သူတို့၏ ရုပ်အလောင်းကို မီးရှို့၍ ကြွင်းကျန်သော အရိုးအစအနနှင့် ပြာများကို ကျောက်အိုးမြေအိုးများ ထည့်ကာ မြှုပ်နှံထားလေ့ရှိကြောင်း အထောက်အထားမတွေ့'ဟူ၍ လည်း ကောင်း။


'တကောင်းမြို့ဟောင်းကို တူးဖော်ရာတွင် ဗိဿနိုး၊ သရေခေတ္တရာ တို့တွင် တွေ့ရသည့် အရိုးအိုးများကို တူးဖော်ရရှိခြင်း မရှိသည်မှာ ထူးခြား ပေါသည်။ တူးဖော်တွေ့ရှိရသည့် ရေသွန်းကရားအိုးကွဲများနှင့် စိန်တောင် နီအခြယ်အလှယ်ပါ အိုးခြမ်းကွဲများကို ထောက်ရှု၍ တကောင်းသည် ပုဂံ ခေတ်ပြိုင် ယဉ်ကျေးမှု ထွန်းကားခဲ့သည်ဟု ယူဆရပါသည်'ဟု ယခင် တကောင်းမှ ပျူအရိုးအိုးများကို မတွေ့စဉ်က ထင်မြင်ယူဆခဲ့သည့် မှတ်ချက် ကို လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com





တကောင်းအထကဝင်းအတွင်းမှ တွေ့ရှိရသော ပျူအရိုးအိုးများ

တကောင်းမှာ အထင်တကြီးနဲ့ သိပ်ဟောင်းတဲ့ ပစ္စည်းများ တွေ့မလားလို့ တူးကြတယ်။ တကယ်တွေ့တော့ ဘာပစ္စည်းမှ အေဒီ ၁၂ ရာစုနှစ်ထက် မစောဘူး၊ ဒီတော့ တကောင်းမှာ တွေ့တဲ့ အိုးတွေဟာ ပုဂံနဲ့ ခေတ်ပြိုင်ဖြစ်တယ်၊ ပုဂံခေတ်အိုးပဲ ဆိုကြပါစို့၊ အိုးပုံတွေကြည့်ပြီး ချက်ချင်း သတိထားမိတာက သင်္ဂျိုင်းအိုးမပါဘူး။ သေသူကို မီးသဂြိုဟ်ပြီး အရိုးပြာကို အိုးနဲ့ ကောက်တဲ့ အလေ့မရှိဘူးပေါ့’ စသည်ဖြင့် အရေးအသားများကို TG 31 A, B, C, D အိုးများကို တွေ့ရှိပြီးသည့်နောက် ပြင်ဆင်ရေးသားကြရမည် ဖြစ်ပါ၏။ ဤအရေးအသားတို့သည် တကောင်းမှ ပျူအရိုးအိုး မတွေ့မီက ရေးသားချက်များ ဖြစ်၍ ယခုကဲ့သို့ တကောင်းမှ အရိုးအိုးများ တပုံတပင် တွေ့ရှိချိန်တွင် သမိုင်းရေးရာ အယူအဆ အတွေးအခေါ်များ မမှားစေရန် ပြင်ဆင်ကြရမည် ဖြစ်ပါသည်။

တကောင်းမှ ပျူအရိုးအိုး မတွေ့ဟူသော အယူအဆကို အခြားရေးသားချက်များကိုလည်း များစွာ ရှိပါသေး၏။ ထိုရေးသားချက် အားလုံးကျွန်တော်တို့ ပြင်ဆင်၍ တကောင်းအပေါ် သမိုင်းအမြင်ကိုပါ ပြောင်းကြရမည် ဖြစ်ပါသည်။ တကောင်း TG 31 A ကုန်းမှ တွေ့ရှိရသော အိုးများကို ဆက်လက်တင်ပြပါမည်။





## တကောင်းအိုးအမှတ် (၁၆)


(က) တွေ့ရှိရာနေရာ။ ။ TG 31 A ကုန်း အိုးအမှတ် ၁၄ ၏ အနောက်ဘက် အမှတ် ၁၇ အိုး၏ မြောက်ဘက်တွင် တည်ရှိနေသည်။

(ခ) တွေ့ရှိသူများ။ ။ မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။

(ဂ) တွေ့ရှိတူးဖော်ရရှိသည့်နေ့။ ။ ၁၁-၈-၂၀၀၃

### အိုးအမှတ် ၁၆ ၏ အတိုင်းအတာ

အိုးအမှတ် ၁၆ သည် အိုးအမှတ် ၁၀ ကဲ့သို့ ရေတကောင်းပုံ အမျိုးအစားဖြစ်၏။ သို့သော် အမှတ် ၁၁ အိုးထက် သေးသည်။ အမှတ် ၁၁ အိုး



တကောင်းအိုးအမှတ် (၁၆)




www.burmeseclassic.com

www.burmeseclassic.com



၏ အောက်ခြေသည် မြေကြီးထဲတွင် နှစ်နေဆဲဖြစ်၍ အောက်ခြေကရွတ်ခွေ (ခွာ) မတွေ့ရသော်လည်း အိုး ၁၆ တွင် အောက်ခြေ ကရွတ်ခွေ ပါရှိသည်ဟု ယူဆသည်။



ပုံ (၁၆)

(က) အိုး၏ မြေပေါ်
ပေါ်နေသော
အမြင့် ။ ။ ၉လက်မ
(ခ) အိုးထိပ်ဝ
အချင်း ။ ။ ၆လက်မ
(ဂ) အိုးကိုယ်ထည်
အချင်း ။ ။ ၆.၅လက်မ
(ဃ) အိုးအဖုံး
အချင်း ။ ။ ၆.၅လက်မ
(င) အိုးအဖုံး
အမြင့် ။ ။ ၂.၅လက်မ

### အိုးအမှတ် ၁၆ ၏ ထူးခြားချက်

အိုးအမှတ် ၁၆ သည် ညောင်ရေအိုးပုံ အမျိုးအစား အရိုးအိုးတစ်လုံးဖြစ်ပြီး လည်ပင်းရှည်၍ အိုးအဝလည်း ကျယ်သည်။ အိုးအနေအထားသည် တည့်တည့်မတ်မတ် ထောင်လျက်သား တည်ရှိ၍ အိုးကိုယ်ထည်ပေါ်တွင် ခတ်နှိပ်ထားသော တံဆိပ်အမှတ်အသား ပါရှိ၏။ အိုးပခုံးတွင် ပခုံးတစ်ခုလုံးကို ရစ်ထားသော အရစ်ပါရှိပြီး ထိုအရစ်၏ အောက်တွင်မှ တံဆိပ်နှစ်တန်းပါရှိ၏။ ပထမအပေါ်တန်းတွင် တံဆိပ် ၁၇ ခု ပါဝင်၍ ဒုတိယအောက်အတန်းတွင် တံဆိပ် ၁၉ ခု ပါရှိ၏။ စုစုပေါင်းတံဆိပ် ၃၆ ခု ဖြစ်၏။





တံဆိပ်၏ အချင်းသည် ၂၃ mm ရှိ၍ တံဆိပ်ပုံမှာ အလယ်တွင် အဝိုင်းပုံ ပါဝင်ပြီး ပွင့်ချပ်လေးချပ် ပါရှိသော ပန်းပုံဖြစ်၏။ ပွင့်ချပ်တစ်ခုနှင့်တစ်ခုအကြားတွင် ဝတ်ဆံအတန်များ သုံးခုစီ ပါဝင်သည်။ အိုးအပေါ်နှုတ်ခမ်းပိုင်း ကွဲနေသည်။ အိုးအမှတ် ၁၆ ၏ အတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးခြင်း မပြုရသေးပါ။ အိုးအမှတ် ၁၆ တွင် အဖုံးပါရှိပြီး အမှတ် ၁၆ B ဟူ၍ လည်းကောင်း ပြတိုက်အမှတ်အသား ပြုလုပ်သိမ်းဆည်းထားသည်။

### တကောင်းအိုးအမှတ် (၁၇)

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အိုးအမှတ် ၁၆ နှင့် ယှဉ်လျက် ၁၆ ၏ တောင်ဘက်တွင် ကပ်လျက် အပြိုင်ရှိနေ၏။ ၁၇ အိုးသည် တည့်တည့် မတ်မတ် ထောင်လျက် ရှိပြီး လဲနေသော အိုး ၁၄ နှင့်လည်း ထိပ်စပ်နေ၏။ သူ၏




ပညာရှင်များ တူးဖော်နေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com






တကောင်းအိုးအမှတ် (၁၇)






ပတ်ပတ်လည်တွင် အိုးအမှတ် ၁၄–၁၆–၃၀ နှင့် ၃၁ တို့ ဝိုင်းလျက် ရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိတူးဖော်ရရှိသည့်နေ့။ ။ ၁၁–၈–၂၀၀၄။

## အိုးအမှတ် ၁၇ အတိုင်းအတာ

အိုးအမှတ် ၁၇ သည် ၁၆ နှင့် ရွှတ်တူနီးပါး တူသည်။ ၁၇ ၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။



ပုံ(၁၇)

(က) အိုးအမြင့် ။ ။ ၁၀.၅လက်မ

(ခ) အိုးထိပ်ဝ အချင်း ။ ။ ၅ လက်မ

(ဂ) အိုးကိုယ်ထည် အချင်း ။ ။ ၆ လက်မ

## အိုးအမှတ် ၁၇ ၏ ထူးခြားချက်

အိုးအမှတ် ၁၇ သည် ညောင်ရေအိုးပုံအမျိုးအစား အရိုးအိုးဖြစ်သည်။ အသည်ပင်းရှည်၍ တည့်မတ်စွာ တည်ရှိနေ၏။ မြေထဲတွင် အိုးအောက်ပိုင်းမြှုပ်နေ၍ အောက်ခြေကရွှတ်ခွေ (ခွာ) ပါမပါ မတွေ့ရသော်လည်း အိုးအမှတ် ၁၁ ကဲ့သို့ ခွာပါရှိသော အိုးဖြစ်သည်ဟု ယူဆရသည်။


ထူးခြားချက်မှာ ပန်းဒီဇိုင်းပါရှိခြင်း ဖြစ်သည်။ ပန်းပုံအလယ်တွင် အဝိုင်းပါရှိ၍ ယင်းအဝိုင်းကို ပွင့်ဖတ် ၁၂ ဖတ်က ဝိုင်းရံထား၏။ ဒီဇိုင်း၏



www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် ၁၇-B

အချင်းသည် ၂.၀ mm ရှိသည်။ အိုးတွင် လည်ရစ်ပါသည်။ ထိုလည်ရစ်၏ အောက်တွင် အတန်းနှစ်တန်းဖြင့် ပွင့်ဖတ် ၁၂ ခုပါ ဒီဇိုင်းများ ပါရှိ၏။ ပထမဒီဇိုင်းအတန်းတွင် ဒီဇိုင်းပေါင်း ၁၈ ခုနှင့် ဒုတိယအောက်ဘက်ဒီဇိုင်း အတန်းတွင် ဒီဇိုင်းပေါင်း ၂၂ ခု စုစုပေါင်း ဒီဇိုင်း အခု ၄၀ ပါရှိ၏။ အဖုံး ပါရှိပြီး အမှတ် ၁၇ အိုးကို ၁၇ A ဟူ၍ လည်းကောင်း အဖုံးကို ၁၇ B ဟူ၍လည်း ပြတိုက်အမှတ်အသား ပြုလုပ်မှတ်သားထားသည်။ အိုးအမှတ် ၁၇ အတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးခြင်း မပြုရသေးပါ။





တကောင်းအိုးအမှတ် (၁၈)




တကောင်းအိုးအမှတ် (၁၈)

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အကွက်တွင် အိုးအမှတ် ၁၈ သည် အနောက်ဘက်ဆုံးအစွန်၌ ရှိသည်။ သူ့ နှင့်ကပ်လျက် အိုးများမှာ အိုးအမှတ် ၃၂ နှင့် ၂၄ တို့ ဖြစ်သည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။


(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။



www.burmeseclassic.com

www.burmeseclassic.com





ပုံ(၁၈)

**အိုးအမှတ် ၁၈ ၏ အတိုင်းအတာ**

(က) အိုးအမြင့် = ၅ လက်မ

(ခ) အိုးထိပ်ဝအချင်း = ၄ လက်မ

(ဂ) အိုးကိုယ်ထည်
အချင်း = ၅.၅ လက်မ

အိုးအဖုံးကို ရှာ၍ မတွေ့ရဘဲ အောက်ခြေကရွတ်ခွေ ပါရှိသည်။

**အိုးအမှတ် ၁၈ ၏ ထူးခြားချက်**


အိုးအမှတ်သည် ၁၈ သည် အုတ်ခဲရောင်ရှိ၍ အရိုးအိုးတစ်ခု ဖြစ်သည်၊ အိုးအတွင်းမှ မြေစာများကို စစ်ဆေးခြင်း မပြုရသေးပါ၏။ အိုးကိုယ်ထည်၏ ပတ်ပတ်လည်တွင် ပွင့်ဖတ် ၉ ဖတ် ပါရှိသော ပန်းပုံဒီဇိုင်း ပါရှိ၏။ အလည်တွင် အစက်ကြီးတစ်စက်ပါရှိပြီး ဒီဇိုင်း၏အချင်းမှ ၁၇ mm ရှိသည်။ အိုးသည် တုံးလုံးလှဲမနေဘဲ ထောင်လျက်သား ရှိနေသည်။



TG-31 ကန်းအား တူးဖော်နေကြစဉ်







TG. 31 နေရာကို ပြတိုက်အဖြစ် တည်ဆောက်နေစဉ်




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၁၉)




(က) တွေ့ရှိသည့်နေရာ။ ။ TG-31 A အကွက်တွင် အိုးအမှတ် ၁၉ သည် မြောက်ဘက်အစွန်ဆုံးတွင် တည်ရှိနေသော အိုးဖြစ်၏။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသန ဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။

### အိုးအမှတ် ၁၉ ၏ အတိုင်းအတာ

အိုးအမှတ် ၁၉ သည် ရေတကောင်းပုံအိုး ဖြစ်သည်။ အိုးအမှတ် ၁၉ ၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အိုးအမြင့် = ၉ လက်မ


(ခ) အိုးကိုယ်ထည်အချင်း = ၆ လက်မ

(ဂ) အိုးနှုတ်သီးအဝ = ၁.၅ လက်မ

(ဃ) အိုးလည်ပင်းအကျယ်ဆုံးအချင်း = ၂ လက်မ







ပုံ(၇၉)

(င) အိုးအောက်ခြေကရွတ်ခွေ အချင်း = ၄ လက်မ

(စ) အိုးအောက်ခြေကရွတ်ခွေအမြင့် = ၁ လက်မ

### အိုးအမှတ် ၁၉ ၏ ထူးခြားချက်

အိုးအမှတ် ၁၉ သည် မြောက်ဘက်သို့ လှည့်၍ တုံးလုံးလှဲနေသည်။ ရေတကောင်းပုံအိုး ဖြစ်၍ အကောင်းပကတိအတိုင်း ရှိ၏။ အိုးကိုယ်ထည်အောက်ပိုင်းတွင် ဒေါင်လိုက် အစင်းရာများ ပါရှိပြီး အိုးကိုယ်ထည်အပေါ်ပိုင်းတွင် အဝိုင်းပုံဒီဇိုင်း အတန်း တစ်တန်း ပါရှိ၏။ ယင်းအတန်းတွင် အဝိုင်းပေါင်း ၁၆ ခု ပါရှိသည်။

အဝိုင်းအတွင်းမှ ဒီဇိုင်းသည် ဒင်္ဂါးပုံဒီဇိုင်း ဖြစ်သည်။ ပြီး အတွင်း၌ သီရိဝစ္ဆပုံ ပါရှိ၏။



**TG-31 ကုန်းမှ အိုးများ**



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုး အမှတ်(၂၀)

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အကွက်တွင် အိုးအမှတ် ၁၉ နှင့် ၂၁ တို့၏ အကြား အနောက်မြောက်ဘက်တွင် မည်သည့်အိုးနှင့်မျှ အထိအစပ်မရှိဘဲ သီးခြားတည်ရှိနေ၏။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။

### အိုးအမှတ် ၂၀ ၏ အတိုင်းအတာ


ရေတကောင်းပုံအိုးဖြစ်၍ ပုအိုက်အိုက်သဏ္ဌာန်ရှိ၏။ အိုးအမှတ် ၂၀ ၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အိုးအမြင့် = ၅.၅လက်မ

(ခ) အိုးကိုယ်ထည် အချင်း = ၆လက်မ

(ဂ) အိုးအဝအချင်း= ၁.၅လက်မ

(ဃ) အိုးလည်ပင်းအကျယ် ဆုံးနေရာ = ၂လက်မ



ပုံ-(၂၀)

### အိုးအမှတ် ၂၀ ၏ ထူးခြားချက်

အိုးအမှတ် ၂၀ သည် ဒီဇိုင်းမပါ ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။ ပုအိုက်အိုက် ပုံသဏ္ဌာန်ရှိ၍ အောက်ခြေကရွတ်ခွေ (ခွာ) လည်း မပါရှိပါ။ ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။








တကောင်းအိုးအမှတ် (၂၀)



www.burmeseclassic.com

## တကောင်းအိုးအမှတ် (၂၁)



(က) တွေ့ရှိသည့်နေရာ။ ။ TG31A အကွက်အတွင်း အနောက်ဘက် တွင် မည်သည့်အိုးနှင့်မှ ထိစပ်မှုမရှိဘဲ သီးခြားတည်ရှိသည်။ အနောက်ဘက်သို့ လဲကျလျက်ရှိ၏။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီး ဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။


### အိုးအမှတ် ၂၁ ၏ အတိုင်းအတာများ

ရေတကောင်းပုံအိုးအမျိုးအစားဖြစ်သည်။ အိုး၏ အတိုင်းအတာများ မှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) အိုးအမြင့် = ၇လက်မ







ပုံ(21)

(ခ) အိုးကိုယ်ထည် အချင်း = ၅.၅လက်မ

(ဂ) အိုးအဝ = ၁.၅လက်မ


(ဃ) အိုးလည်ပင်း အကျယ်ဆုံးနေရာ= ၂လက်မ

(င) အိုးအောက်ခြေ ကရွတ်ခွေ = ၂.၅ လက်မ (ခွာ) အချင်း

(စ) အိုးကရွတ်ခွေအမြင့် = ၁လက်မ

### အိုးအမှတ် ၂၁ ၏ ထူးခြားချက်

အိုးအမှတ် ၂၁ သည် အခြားအိုးများနည်းတူ အုတ်ခဲရောင်ရှိသည်။ နှုတ်ခမ်းကွဲပဲ့နေ၍ အောက်ခြေကရွတ်ခွေ (ခွာ) လည်း ကွဲပဲ့နေသည်။ အိုးကိုယ်ထည်အောက်ပိုင်းတွင် ဒေါင်လိုက် အစင်းရာများ ပါရှိ၏။ အိုးကိုယ်ထည်ပေါ်တွင် ဒီဇိုင်းပါရှိ၏။ ဒီဇိုင်းအချင်း ၂၂mm ရှိ၍ အတွင်း၌ ခရုသင်းခုံပါရှိပြီး အစက် ၁၂ စက်က ဝိုင်းရံထား၏။ ထို့နောက် ရောင်ခြည်တန်း ၁၃ တန်း ဖြာထွက်နေသည်။



တကောင်းယာယီပြတိုက်



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၂၂)


(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အကွက်အတွင်း အိုးအမှတ် ၁၄ အမှတ် ၂၀ နှင့် ၂၁ တို့၏ အလည်တွင် တည်ရှိသည်။ အခြားမည်သည့်အိုးနှင့်မျှ မထိစပ်ဘဲ ထီးထီးတည်ရှိနေသည်။ လဲမနေဘဲ ထောင်လျက်သား တွေ့ရှိရသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။

### အိုးအမှတ် (၂၂) ၏ အတိုင်းအတာများ


| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၈လက်မ |
| (ခ) | အိုးအဝ | = | ၁.၅လက်မ |
| (ဂ) | အိုးကိုယ်ထည်အချင်း | = | ၅လက်မ |
| (ဃ) | အိုးလည်ပင်းအကျယ်ဆုံးနေရာ | = | ၂လက်မ |
| (င) | အိုးအောက်ခြေကရွတ်ခွေအချင်း | = | ၃.၅လက်မ |



### အိုးအမှတ် ၂၂ ၏ ထူးခြားချက်

အိုးအမှတ် ၂၂ သည် ဒီဇိုင်းပါရှိခြင်း မရှိ။ အုတ်ခဲရောင် ရှိ၍ ကိုယ်ထည်အောက်ခြေပိုင်းတွင် ဒေါင်လိုက်အစင်းများ ပါရှိသည်။ လှပသော ရေတကောင်း အမျိုးအစားတစ်လုံး ဖြစ်သည်။






တကောင်းအိုးအမှတ် (၂၂)




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၂၃)




(က) တွေ့ရှိသည့်နေရာ။ ။ TG31 Aအကွက်အတွင်း အနောက်ဘက်ခြမ်းတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။


(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။





### အိုးအမှတ် ၂၃ ၏ အတိုင်းအတာ

အိုးအမှတ် ၂၃ သည် ပုဝိုင်းသေ ရေတကောင်း အမျိုးအစား အိုးတစ်လုံး ဖြစ်ပြီး ယင်း၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။



ပုံ (23)

(က) အိုးအမြင့် = ၄.၅လက်မ


(ခ) အိုးကိုယ်ထည် အချင်း = ၄လက်မ

(ဂ) အိုးထိပ်ဝအချင်း = ၁၅လက်မ

(ဃ) အိုးလည်ပင်း အကျယ်ဆုံးနေရာ= ၁.၅လက်မ

### အိုးအမှတ် ၂၃ ၏ ထူးခြားချက်

ပြောချောအိုးတစ်လုံးဖြစ်ပြီး အောက်ခြေကရွတ်ခွေ (ခွာ) ပါရှိသည်။ ၎င်းသည် မြေကြီးထဲ နှစ်မြှုပ်နေ၍ အိုးနှုတ်ခမ်းသား အနည်းငယ်ပဲ နေသည်။



TG. 31 ကုန်းပြတိုက်



www.burmeseclassic.com

www.burmeseclassic.com




တကောင်းအိုးအမှတ် (၂၄)








(က) တွေ့ရှိသည့်နေရာ။ ။ TG31 Aအကွက်အတွင်း အနောက်ဘက်ခြမ်း အိုးများ ပွတ်သိပ်နေရာတွင် ရှိ၍ အိုးနံပါတ် ၃၂ က အပေါ်မှ ထပ်နေ၏။ အိုးအမှတ် ၁၈ နှင့် ၂၈ တို့နှင့် ထိကပ်နေသည်။ တည့်တည့်မတ်မတ်ထောင်လျက်သား ရှိနေသည်။




(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေး ရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။

### အိုးအမှတ် ၂၄ ၏ အတိုင်းအတာများ

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၉လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၅.၅လက်မ |
| (ဂ) | အိုးနှုတ်ခမ်းအဝ | = | ၁လက်မ |
| (ဃ) | အိုးလည်ပင်းအကျယ်ဆုံးနေရာအချင်း | = | ၁၅လက်မ |
| (င) | အိုးအောက်ခြေကရွတ်ခွေအချင်း | = | ၂.၅လက်မ |

### အိုးအမှတ် ၂၄ ၏ ထူးခြားချက်

အိုးအမှတ် ၂၄ သည် ရေတကောင်းပုံ အမျိုးအစားဖြစ်သည်။ ကိုယ်ထည်အောက်ပိုင်းတွင် ထောင်လိုက် အစင်းများ ပါရှိသည်။ ဒေါင်လိုက်အစင်းပေါ်တွင် ဒီဇိုင်း ၂ တန်းပါရှိသည်။ ပထမအတန်းတွင် ဒီဇိုင်း (တံဆိပ်) ဒေါင်း---ခု ပါရှိ၏။ ဒီဇိုင်းပုံများမှာ မီးအိမမှ မီးလျှံများ ဖြာထွက်နေဖြစ်သည်။ အိုးအရောင်မှ အုတ်ခဲရောင် ဖြစ်သော်လည်း နက်ပြာရောင်အကွက်ပါရှိသည်။ အိုးကိုယ်ထည်၊ ပခုံးနှင့် လည်ပင်းအရစ်များ ပါရှိသည်။




www.burmeseclassic.com


www.burmeseclassic.com



## တကောင်းအိုးအမှတ် (၂၅)

(က) တွေ့ရှိသည့်နေရာ။ ။ TG31 Aအကွက်၏ အနောက်ဘက် အစွန်းတွင် ရှိသည်။ အိုးနံပါတ် ၂ နှင့် ၂၇ တို့က အပေါ်မှ ထပ်လျက်ရှိ အိုးနံပါတ် ၂၆ နှင့် ကပ်လျက်သား ရှိ၏။



ပုံ(၂၅)

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်း သုတေသနဦးစီး ဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁ – ၈–၂၀၀၄။

### အိုးအမှတ် ၂၅ ၏ အတိုင်းအတာ

အိုးအမှတ် ၂၅ သည် အောက်ခြေ ကရွတ်ခွေ (ခွာ) ပါသော ရေတကောင်း အမျိုးအစားတစ်လုံး ဖြစ်၍ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၈လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၅.၅လက်မ |
| (ဂ) | အိုးနှုတ်ခမ်းအဝ | = | ၁လက်မ |
| (ဃ) | အိုးလည်ပင်းအကျယ်ဆုံးနေရာ | = | ၂လက်မ |
| (င) | အိုးအောက်ခြေကရွတ်ခွေအချင်း | = | ၃လက်မ |

### အိုးအမှတ် ၂၅ ၏ ထူးခြားချက်

အိုးအမှတ် ၂၅ ၏ ထူးခြားချက်မှာ အိုးကိုယ်ထည်ပေါ်မှ ဒီဇိုင်းပုံဖြစ်သည်။ အိုး ၄၂ ပါ ဒီဇိုင်းနှင့် ဆင်တူ၏။ အိုးအမှတ် ၂၅ ပေါ်တွင် ဒီဇိုင်းအတန်း ၃ တန်းပါသည်။ ပထမအတန်းတွင် သစ်ရွက်ခေါက်ထိုးပုံဒီဇိုင်းများ ပတ်ပတ်လည် ရှိ၍ ဒုတိယအတန်းတွင် အလယ်တွင် အစက်ကြီးတစ်စက်ပါသော အဝိုင်းပုံ ဒီဇိုင်းဖြစ်၏။

တတိယဒီဇိုင်းပုံမှ ရေလှိုင်းပုံကို အစက်များဖြင့် ပုံဖော်ရေးဆွဲထားမှု ရှိသည်။ သစ်ရွက်လေးများမှာ ပီပီပြင်ပြင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၂၆)

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A ၏ အနောက်တောင်ဘက် အစွန်ဆုံးနေရာတွင် စောင်းလျက်သား တည်ရှိနေသည်။ အိုးအမှတ် ၂၅ နှင့် ၂၉ ကြားတွင် ရှိ၍ အိုးအမှတ် ၂၇ က အပေါ်မှ ဆင့်လျက် ရှိနေ၏။


(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။

### အိုးအမှတ် ၂၆ ၏ အတိုင်းအတာ


ရေတကောင်းပုံအိုးအမျိုးအစားဖြစ်သည်။ အိုး၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၇.၅လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၄.၅လက်မ |
| (ဂ) | အိုးနှုတ်ခမ်းအဝ | = | ၁လက်မ |
| (ဃ) | အိုးလည်ပင်းအကျယ်ဆုံးနေရာ | = | ၂လက်မ |
| (င) | အိုးအောက်ခြေကရွတ်ခွေ (ခွာ) အချင်း | = | ၃လက်မ |









ပုံ (၂၆)

### အိုးအမှတ် ၂၆ ၏ ထူးခြားချက်

အိုးအမှတ် ၂၆ သည် ရေတကောင်း အမျိုးအစားဖြစ်၍ အောက်ခြေ ကရွတ်ခွေ (ခွာ) ပါရှိသည်။ အနောက်တောင်ဘက်သို့ တစောင်းအနေအထား ရှိ၍ အနာအဆာကင်းလွတ်သော အိုးတစ်လုံး ဖြစ်၏။ အိုးကိုယ်ထည် အလယ်တည့်တည့်တွင် ထင်ရှားသော အစင်းပါရှိ၍ ထိုအစင်း၏ အောက်ပိုင်းတစ်ခုလုံးတွင် ဒေါင်လိုက်၊ အစင်းရာများ ပါရှိ၏။



တမ္ပဝတီဦးဝင်းမောင်နှင့် ဦးပဏ္ဍိတနန္ဒတို့ TG.31 ကုန်းအား သန့်ရှင်းရေးပြုလုပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် (၂၇)






## တကောင်းအိုးအမှတ် (၂၇)

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A ၏အနောက်တောင်ဘက် အိုးနံပါတ် ၂၆ ၏ အပေါ်တွင် ထပ်လျက်ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။




**အိုးအမှတ် ၂၇ ၏ အတိုင်းအတာ**

(က) အိုးအမြင့် = ၄.၅လက်မ

(ခ) အိုးကိုယ်ထည်အချင်း = ၃.၅လက်မ

(ဂ) အိုးနှုတ်ခမ်းအဝ = ၁ လက်မ

(ဃ) အိုးလည်ပင်းအကျယ်ဆုံးနေရာ = ၁.၅ လက်မ

**အိုးအမှတ် ၂၇ ၏ ထူးခြားချက်**


အိုးအမှတ် ၂၇ သည် အုတ်ခဲရောင်ရှိ၍ ပြောင်ချော ရေတကောင်းအမျိုးအစား အိုးတစ်လုံး ဖြစ်သည်။ အကောင်းပကတိအတိုင်း ရှိနေသော်လည်း ပုအိုက်အိုက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် (၂၈)






## တကောင်းအိုးအမှတ် ၂၈

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A ၏ အနောက်ခြမ်းအိုးအမှတ် ၂၅ ၏ အပေါ်တည့်တည့်တွင် ရှိနေ၍၊ အနီးကပ်လျက်တွင် အိုးအမှတ် ၂၄ နှင့် ၂၇ တို့ ရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁–၈–၂၀၀၄။



ပုံ(28)

အိုးအမှတ် ၂၈ ၏
အတိုင်းအတာ

(က) အိုးအမြင့် = ၄.၅လက်မ

(ခ) အိုးကိုယ်ထည်
အချင်း = ၄လက်မ

(ဂ) အိုးအဝ = ၁လက်မ

(ဃ) အိုးလည်ပင်း
အကျယ်ဆုံးနေရာ =၁.၅လက်မ

### အိုးအမှတ် ၂၈ ၏ ထူးခြားချက်

အိုးအမှတ် ၂၈ သည် ရေတကောင်းအမျိုးအစား အိုးငယ်တစ်လုံး ဖြစ်သည်။ ဒီဇိုင်းမပါ ပြောင်ချောနေ၍ အောက်ခြေကရွတ်ခွေ (ခွာ) လည်း မပါရှိပါ။ ပုအိုက်သောအိုးအမျိုးအစား ဖြစ်သည်။ အနာအဆာမရှိ အကောင်းအတိုင်း ရှိသော အိုးတစ်လုံး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၂၉)

(က) တွေ့ရှိသည့်နေရာ။ ။ TG31A အကွက် အနောက်တောင်ဘက်တွင် ရှိသည်။ အိုးအမှတ် ၂၆ ပေါ်တွင် ထပ်နေ၍ သူနှင့် အနီးဆုံးအိုး ၃၁ ဖြစ်သည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။


(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။

BURMESE CLASSIC .com

### အိုးအမှတ် ၂၉ ၏ အတိုင်းအတာ

အိုးအမှတ် ၂၉ သည် ရေတကောင်း အလတ်စားဖြစ်၍ ပုအိုက်သော ပုံရှိသည်။ သူ၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၅.၅လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၅.၅လက်မ |
| (ဂ) | အိုးနှုတ်ခမ်းထိပ်ဝ | = | ၁.၅လက်မ |
| (ဃ) | အိုးလည်ပင်းအကျယ်ဆုံးနေရာအချင်း | = | ၂လက်မ |




ပုံ(၃၅)

### အိုးအမှတ် ၂၉ ၏ ထူးခြားချက်

အိုးအရောင်သည် အုတ်ခဲရောင် ပုအိုက်အိုက်ပုံရှိ၍ အိုးအမြင့်နှင့် ကိုယ်ထည်အချင်းသည် အတူတူ ရှိနေသည်။ ပြောင်ချော ဖင်လုံးအိုးဖြစ်သည်။








တကောင်းအိုးအမှတ် (၂၉)




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၃၀)




(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အကွက်အလယ်တွင် ရှိပြီး အိုးအမှတ် ၁၆ အမှတ် ၁၇ နှင့် ၃၂ ရှိ ၏ အလယ်တွင် ရှိသည်။





(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁–၈–၂၀၀၄။

### အိုးအမှတ် ၃၀ ၏ အတိုင်းအတာ

ရေတကောင်းပုံအိုးအမျိုးအစားဖြစ်သည်။ အိုး၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၈လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၅လက်မ |
| (ဂ) | အိုးနှုတ်ခမ်းထိပ်ဝ | = | ၁.၅လက်မ |
| (ဃ) | အိုးလည်ပင်းအကျယ်ဆုံးနေရာ | = | ၂လက်မ |
| (င) | အိုးအောက်ခြေကရွတ်ခွေ(ခွာအချင်း | = | ၂.၅လက်မ |
| (စ) | အိုးအောက်ခြေခွာအမြင့် | = | ၁လက်မ |



ပုံ (၃၀)

### အိုးအမှတ် ၃၀ ၏ ထူးခြားချက်

အိုးအမှတ် ၃၀ သည် ခွာပါရှိ၍ ကိုယ်ထည်အောက်ပိုင်းတွင် ဒေါင်လိုက် အစဉ်းများ ပါရှိ၏။ အိုးတွင် ဒီဇိုင်းပါရှိပြီး ဒီဇိုင်း၏ ပုံမှာ ငှက်ဆင်၏ပုံဖြစ်သည်။ ငှက်ဆင်ဆိုသောအသုံးကို ရှေးဇာတ်ကြီးများတွင်သာ ပါရှိသော်လည်း အခေါ်အဝေါ်နှင့် ကိုက်ညီသော ဒီဇိုင်းပုံကို အိုးအမှတ် ၃၀ တွင် တွေ့ရှိရသည်။ ငှက်ဆင်ပါ တံဆိပ်အတိုင်း စုစုပေါင်း ၂၁ ခု ပါရှိ၏။ အခြားအိုးများအကြားတွင် ညှပ်နေပြီး မြေတွင် တစ်ဝက်ခန့် နစ်မြုပ်နေ၍ အိုးအရောင်မှာ အုတ်ခဲရောင် ဖြစ်သည်။ အိုးကိုယ်ထည်ဖောင်စင်းနှင့် ငှက်ဆင်တံဆိပ်များအကြားတွင် အစင်းကြောင်းပါရှိသည်။ ရေတကောင်းအိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com






TG-31 B ကုန်းကို တွေ့မြင်ရစဉ်





## တကောင်းအိုးအမှတ် (၃၁)

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အကွက် အိုးအမှတ် ၁၇ နှင့် ၂၉ တို့အကြားတွင် ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁-၈-၂၀၀၄။

### အိုးအမှတ် ၂၁ ၏ အတိုင်းအတာများ

(က) အိုးအမြင့် = ၄.၅လက်မ

(ခ) အိုးကိုယ်ထည်အချင်း = ၄လက်မ

(ဂ) အိုးနှုတ်ခမ်းဝအကျယ် = ၁လက်မ


(ဃ) အိုးလည်ပင်းအကျယ်ဆုံးဖလုပ်နေရာအချင်း = ၁.၅လက်မ

(င) အိုးအောက်ခြေကရွတ်ခွေ (ခွာ) အချင်း = ၂.၅လက်မ

(စ) အိုးကရွတ်ခွေအမြင့် = ၁လက်မ

### အိုးအမှတ် ၃၁ ၏ ထူးခြားချက်

အိုးအမှတ် ၃၁ သည် ရေတကောင်း အမျိုးအစားငယ်တစ်ခု ဖြစ်သည်။ လဲမနေဘဲ တည့်တည့်တည်ရှိနေသည်။ အုတ်ခဲရောင်ပြောင်ချော အိုးတစ်လုံး ဖြစ်သည်။



ပုံ(၃၁)



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် (၃၂)


(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အကွက် အနောက်ဘက်တွင် ရှိ၍ အိုးအမှတ် ၁၈၊ အမှတ် ၂၄ နှင့် အမှတ် ၃၀ တို့အပေါ်တွင် အနောက်ဘက်သို့ စောင်းလျက် ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်း သုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၁–၈–၂၀၀၄။


### အိုးအမှတ် ၃၂ ၏ အတိုင်းအတာ

| | | | |
|---|---|---|---|
| (က) | အမြင့် | = | ၃.၅လက်မ |
| (ခ) | အချင်း | = | ၃လက်မ |
| (ဂ) | အိုးနှုတ်ခမ်းပေါက်အချင်း | = | ၃.၅လက်မ |








### အိုးအမှတ် ၃၂ ၏ ထူးခြားချက်

အမှတ် ၃၂ အိုးသည် အိုးတစ်လုံး မဟုတ်ဘဲ၊ ကိုင်းမပါသော သောက်ရေခွက်တစ်ခု ဖြစ်သည်။ နှုတ်ခမ်းမဆိုစလောက်ပဲ နေ၍ အုတ်ခဲရောင် ရှိသည်။ အောက်ခြေကရွတ် (ခွာ) ပါရှိသည်။ တူးဖော်တွေ့ရှိရသော အိုးများအနက် တစ်ခုတည်းသော ရေသောက်ခွက် ဖြစ်သည်။ TG 31 A တွင် ပါဝင်သော အိုးများမှာ အမှတ် ၁၁ မှ အမှတ် ၃၂တိုင် အိုးပေါင်း ၂၂ လုံး ဖြစ်သည်။

❖






www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၉


## TG- 31B အကွက်ကို တွေ့ရှိတူးဖော်ခြင်း
## (အိုးအမှတ် ၃၃ မှ အမှတ် ၄၄)

TG 31 ကို မတော်တဆ တွေ့ရှိခဲ့ရာမှ ၁၁–၈–၂၀၀၄ နေ့က ဆက်ဆက် တူးဖော်ရာ တကောင်းပျူအရိုးအိုး အမှတ် ၁၂ မှ ၃၃ ကို တွေ့ရှိခဲ့သည်။ ယိုတွေ့ရှိမှုသည် ကြီးကျယ်သော တွေ့ရှိမှုလည်း ဖြစ်သည်။ မြန်မာ့ရှေးဟောင်း သုတေသနလုပ်ငန်းတွင် အစဉ်တစိုက်လျှို့ဝှက်ခဲ့သော ကိစ္စတစ်ရပ် ဆူပေါ်သလို ပေါ်လာသော ကိစ္စတစ်ရပ်လည်း ဖြစ်၏။ တကောင်းသည် ပုံအနှော်ရထာထက် မစောဟု ထပ်ခါတလဲလဲ ကောက်ချက်ချမှု ပြိုကျ ချက်ပြယ်ခဲ့ရသော ဖြစ်ရပ်လည်း ဖြစ်သည်။ ၁၁–၈–၂၀၀၄ ညနေ့တွင် အမှုဝတီ ဦးဝင်းမောင်နှင့် ဦးပိုင်စိုးတို့လည်း မန္တလေးမှ ရောက်ရှိလာကြသည်။

တကောင်းသို့ ရောက်ရှိနေကြသော မန္တလေးရှေးဟောင်း သုတေသနမှ ကြိုလ်များ ရှေးဟောင်းပညာရှင်များ၊ အကျိုးဆောင်များ အားလုံးသည် ပင်အားတက်ကြွလျက်လည်း ရှိကြ၏။ ယခု TG-31 အား ဝိုင်းဝန်းတူးဖော် ကျောက် ရှိကြသူတို့မှာ–

www.burmeseclassic.com






တကောင်းမြို့ အထကကျောင်းဝင်း အရှေ့တောင်ထောင့် ကုန်းအမှတ် TG 31 B တွင် ပျူအရိုးအိုးများနှင့် ရေတကောင်းများ တည်ရှိနေသည်။

(က) ဆရာတော် ဦးသုတာလင်္ကာရ
(မြင်းဝန်မင်းကြီးကျောင်းတိုက်၊ ရွှေကျောင်း)
(ခ) ဦးပဏ္ဍိတာနန္ဒ (ဦးဇင်းမင်းဟန်) မင်းဟန် (မန်းတက္ကသိုလ်)
(ဂ) ညွှန်ကြားရေးမှူး ဦးဝေလွင်
(ဃ) ဘာမှူ့ဝတ္တိ ဦးဝင်းမောင်
(င) စာရေးသ



(စ) သုတေသန အရာရှိဦးပိုင်စိုး
(ဆ) ထိန်းသိမ်းရေးမှူးဦးအေးလွင်
(ဇ) ပန်းချီ ဦးသောင်းညွန့်
(ဈ) ဆရာကြီး ဦးတင်ဝင်းဦး
(ည) ဦးဇော်ထွန်း
(ဋ) သတင်းထောက်ဦးအုန်းငွေ (မန္တလေး)
(ဌ) မြဝတီဦးသန်းဈေး
(ဍ) ပန်းမျိုးတရာ ဦးအေးလွင်

တို့ ဖြစ်ကြသည်။ တူးဖော်ရေးလုပ်ငန်းကို အထက ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်နှင့် ဆရာဆရာမများ၊ ဦးအောင်ကျော် ဦးသန်းလွင် အစရှိသော ဒေသခံများကလည်း စိတ်အားထက်သန်စွာ ဝိုင်း၍ ကူညီကြသည်။ အချို့သောဒေသခံ ပုဂ္ဂိုလ်များ မြေကြီးဝင်သယ်ကြသည်။

ကျွန်တော်သည် တွေ့ရှိတူးဖော်ဆဲ အိမ်သာကျင်းကို ဗဟိုပြု၍ တောင်ဘက်သို့ ၃ ပေခန့် အရှေ့ဘက်နှင့် အနောက်ဘက်ဆီသို့ ၃ ပေခန့်စီးအတွင်းသို့ နှိုက်ကြည့်ရာ ဘာမျှမတွေ့ဘဲ ရှိ၏။ တောင်ဘက် အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် မတွေ့ရှိသောကြောင့် မြောက်ဘက်သို့ ၆ ပေလောက် လိုက်တူးကြည့်ရန် ဆွေးနွေးနေကြသည်။ ၁၂-၈-၂၀၀၄ မနက်ပိုင်းတွင် ဦးအေးလွင် ခေါင်းဆောင်၍ မြောက်ဘက်သို့ ဆက်တူးသည်။ ဦးအေးလွင်သည် အထူးသတိကြီးစွာ ထား၍ စိတ်ဝင်စားစွာဖြင့် တူးဖော်သည်။ ထိုသို့ တူးဖော်ရာတွင် TG 31 Aကို အနက် ၄ ပေတွင်မှ တွေ့သောကြောင့် ယခု မြောက်ဘက်သို့ လိုက်ရာတွင်လည်း တွေ့စရာရှိပါက အနက် ၄ ပေလောက်တွင်မှ တွေ့မည်ဟု မျှော်လင့်ထား၏။

ထို့ကြောင့် ဦးအေးလွင်နှင့်အဖွဲ့ တူးနေချိန်တွင် ကျွန်တော်သည် လေးမျက်နှာဘုရားကြီး တည်ဆောက် အကျိုးတော်ဆောင်အဖွဲ့နှင့် တွေ့ဆုံ၍ ဆွေးနွေးပွဲပြုလုပ်၏။ ဆရာတော်ဦးပဏ္ဍိတာနန္ဒလည်း ဆွေးနွေးပွဲသို့ တက်ရောက်သည်။ ဆရာတော်သည် အတော်နေမကောင်း ဖြစ်နေသော်လည်း စိတ်ဓာတ်ဖြည့်ဆည်း၍ အစည်းအဝေးသို့ တက်ပါ၏။ လေးမျက်နှာဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် (၃၁)





ဖြင့် တည်ဆောက်ရေးအဖွဲ့တွင် အကျိုးတော်ဆောင်အဖွဲ့တွင် နာယက ၁၀ ဦး အကျိုးတော်ဆောင် ၂၄ ဦး ပါဝင်၍ အကျိုးတော်ဆောင်ချုပ် ဆရာတော်သည် ဦးပဏ္ဍိတာနန္ဒပင် ဖြစ်သည်။

အစည်းအဝေးတွင် ကျွန်တော်က တကောင်းကို တူးဖော်ရခြင်းအကြောင်းနှင့် နောင်မကြာမီ တကောင်းမြို့ စည်ပင်လာမည့်အကြောင်း၊ တကောင်းမြို့အား ယဉ်ကျေးမှုဇုန်နယ်မြေ သတ်မှတ်ခြင်းကိစ္စတို့နှင့် ပတ်သက်၍ ဆွေးနွေးကြ၏။ ဧရာဝတီမြစ် ပြောင်းလဲစီးဆင်းခြင်းကိစ္စကို ဆွေးနွေးကြ၍ အသခံလူကြီးများက ဧရာဝတီမြစ်ကြောင်းအဟောင်းတွင် အင်းကြီး ၉၉ အင်း ရှိကြောင်း အင်း ၈၆ အင်းတို့၏ အမည်များကို ပြောပြသည်။ ထိုနေ့ နေ့လယ်စာကို ဦးဇင်းကျောင်းတွင်ပင် စားကြသည်။

၁၂-၈-၂၀၀၄ ခုနေ့တွင် မှူလနေရာမှ မြောက်ဘက်သို့ ၆ ပေထက် တူးကြသော အလုပ်သမားများမှ ရဲစခန်းမှ ကိုကျော်မင်းသက်၊ မမြင့်သန်း၊ ဒေါင်တင်အေး၊ အမှတ် ၂ ရပ်ကွက်မှ ကိုအောင်ခိုင်ဝင်း၊ မပြုံးပြုံး၊ မသင်းသင်းနွယ်နှင့် ကိုခင်မောင်ဌွေးတို့ ဖြစ်ကြ၍ ယင်းတို့သည် မြောက်ဘက်သို့ ထိုက်တူးရာမှ ၂ ပေ ၅ လက်မအနက်တွင် ပျူအရိုးအိုး အစုအဝေး TG 31 B ကို စတင်တွေ့ရှိရသည်။ တွေ့ရှိကြောင်း အကြောင်းကြားလာသဖြင့် ကျွန်တော်တို့အဖွဲ့သည် ချက်ချင်းလိုက်သွားကာ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် TG 31 B အကွက်မှ ထပ်မံ တွေ့ရှိသော အိုးများကို တိုင်းတွာခြင်း၊ လုပ်ရင်း မှတ်သားခြင်းများ ပြုကာ နံပါတ်များ ဆက်၍ပေးသည်။

TG 31 A သည် အိုးအမှတ် ၃၂ တွင် ဆုံးသောကြောင့် TG 31 B ကွက်မှ တွေ့သော အိုးကို တကောင်းအိုးအမှတ် ၃၃ အဖြစ် ဆက်၍ နံပါတ်ဆို တပ်ပါသည်။ TG 31 Bအကွက်မှ ပျူအရိုးအိုး ၃ လုံး ရေတကောင်း ၉ လုံး စုစုပေါင်း အိုး ၁၂ လုံးကို တစုတဝေးတည်း တွေ့ရှိရသည်။



www.burmeseclassic.com




တကောင်းအိုးအမှတ် (၃၃)





## တကောင်းအိုးအမှတ် (၃၃)


(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အကွက်မှ မြောက်ဘက်အစွန်ဆုံးမှ အိုးကြီးဖြစ်သည်။ သူ၏အနီးတွင် အိုးနံပါတ် ၃၇ နှင့် ၄၃ တို့ ရှိကြသည်။

(ခ) စတင်တွေ့ရှိသူ။ ။ ထိန်းသိမ်းရေးမှူး ဦးအေးလွင်

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

### အိုးအမှတ် ၃၃ ၏ အတိုင်းအတာ

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၁၁လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၁၀လက်မ |
| (ဂ) | အိုးနှုတ်ခမ်းဝအချင်း | = | ၅လက်မ |




### အိုးအမှတ် ၃၃ ၏ ထူးခြားချက်

အိုးအမှတ် ၃၃ သည် အိုးတုတ်ကြီးအမျိုးအစားဖြစ်သည်။ ကျောက်ဖရုံသီးပုံအိုးဟုလည်း ခေါ်ကြ၏။ လည်ရစ်ပါ၍ ပြောင်ချောဖင်လုံးအိုး ဖြစ်၏။ အက်ကွဲနေ၍ ကော်ဖြင့် ဆက်ထားရသည်။ အိုးအတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးခြင်း မပြုရသေးသော အိုး ဖြစ်သည့် အရိုးအိုးကြီးတစ်လုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၃၃X




အိုးအမှတ် ၃၃ X

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 A အကွက် အနောက်ဘက်တွင် ရှိသည်။
(ခ) စတင်တွေ့ရှိသူ။ ။ ဦးချစ်စံဝင်း
(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

### အိုးအမှတ် ၃၃ X ၏ အတိုင်းအတာ


(က) အိုးအမြင့် = ၃.၅လက်မ
(ခ) အိုးနှုတ်ခမ်းအဝ (ခန့်မှန်းခြေ) = ၃လက်မ

### အိုးအမှတ် ၃၃ X ၏ ထူးခြားချက်

အိုးအမှတ် ၃၃ X သည် TG 31 A အကွက်တွင် အခြားအိုးများ၏ အောက်တွင် ပိနေ၍ ၁၁-၈-၂၀၀၄ နေ့က မတွေ့ရဘဲ ၁၂-၈-၂၀၀၄ နေ့တွင် အကွက် A အား သန့်ရှင်းရေးပြုလုပ်ရာမှ ထပ်မံ တွေ့ရှိရသောကြောင့် ၃၃ X ဟု အမည်ပေးသည်။ အိုးအလယ် ခါးပိုင်းတွင် ဖောင်းရစ်တစ်ခု ပါရှိ၍ အောက်ခြေ ကရွတ်ခွေ (ခွာ) ပါရှိနိုင်သည်ဟု ခန့်မှန်းရသည်။







တကောင်းရှေးဟောင်းပြတိုက်တွင် ထိန်းသိမ်းထားသော လက်စင်းရာပါ အုတ်ချပ်များ



www.burmeseclassic.com

www.burmeseclassic.com






TG 31 B ကုန်းမှ တကောင်းအိုးအမှတ် ၃၄





**တကောင်းအိုးအမှတ် ၃၄**

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အကွက် အရှေ့မြောက်တွင် အိုးအမှတ် ၃၇ နှင့် တွဲလျက် တွေ့ရ သည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသနဌာန။


(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

**အိုးအမှတ် ၃၄ ၏ အတိုင်းအတာ**

(က) အိုးအမြင့် = ၁၀လက်မ

(ခ) အိုးကိုယ်ထည်အချင်း = ၁၂လက်မ

(ဂ) အိုးနှုတ်ခမ်းဝအကျယ် = ကွဲနေ၍ တိုင်းထွာရ ခက်သည်။



**အိုးအမှတ် ၃၄ ၏ ထူးခြားချက်**

အကြီးဆုံးအိုးကြီးတစ်လုံးဖြစ်၍ အတော်ပင် ကွဲအက်နေသည်။ အိုးအမှတ် ၃၈ ကလည်း အိုး ၃၄ အတွင်းသို့ ကျုံ့ကျ နေသည်။ အိုးပခုံးတွင် ဖောင်းရစ်နှစ်ရစ် ပါရှိသည်။ အရိုးအိုးကြီးတစ်အိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com






တကောင်းအိုးအမှတ် (၃၅)





## တကောင်းအိုးအမှတ် ၃၅

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အကွက် အရှေ့ဘက်ဆုံးတွင် အိုးအမှတ် ၃၆ A နှင့် တွဲလျက်ရှိသည်။ အိုးသည် အနည်းငယ် စောင်းနေ၍ ၃၆ B အဖုံးက သူ့ပေါ်တွင် ကပ်လျက်သား ရှိနေ၏။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

### အိုးအမှတ် ၃၅ ၏ အတိုင်းအတာများ

(က) အိုးအမြင့် = ၇လက်မ


(ခ) အိုးကိုယ်ထည်အချင်း = ၆.၅လက်မ

(ဂ) အိုးနှုတ်ခမ်းဝအချင်း = ၁.၅လက်မ

(ဃ) အိုးလည်ပင်းအကျယ်ဆုံးဇလုပ်နေရာ = ၂ လက်မ

### အိုးအမှတ် ၃၅ ၏ ထူးခြားချက်

အိုးအမှတ် ၃၅ သည် ရေတကောင်းပုံအိုးဖြစ်သည်။ အိုးကိုယ်ထည်အောက်ပိုင်းတွင် ဒေါင်လိုက်အစင်များ ပါရှိ၍ ကိုယ်ထည်အပေါ်ပိုင်းတွင် ဖောင်းရစ်လေကြောင်း ပါရှိ၏။ ဖောင်းရစ်အစင်းများ၏ အလယ်တွင် နေထွက်နေပုံ စက်ဝိုင်းတံဆိပ်များ ရိုက်နှိပ်ထား၏။ ထူးခြားချက်မှာ ယင်းနေထွက်ပုံစက်ဝိုင်း၏ အပေါ်ဘက်နှင့် အောက်ဘက်နှစ်ဖက်စလုံးတွင် ၁၂၀ ဒီဂရီထောင့်ရှိ ဂဲကြမတြိဂံမျဉ်းများ ပါရှိသည်။ နေထွက်ပုံစက်ဝိုင်းတစ်ခု၏ အချင်းသည် ၉ mm ရှိ၏။ ပုအိုက်သော ရေတကောင်းပုံအိုးဖြစ်ပြီး နှုတ်ခမ်းပဲ့နေကာ အိုးလည်ပင်းဇလုပ်တွင် ဖောင်းရစ်တစ်ခု ထင်ထင်ရှားရှားပါရှိ၏။





www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် ၃၆ A




တကောင်းအိုးအမှတ် ၃၆ B

**တကောင်းအိုးအမှတ် ၃၆A နှင့် ၃၆B**

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အကွက် အိုးအမှတ် ၃၅ ၏ ပခုံးပေါ်တွင် ၃၆ B အပိုင်းကို လည်းကောင်း ၃၅ အိုး၏ ဘေးတွင် ၃၆ Bအို လည်းကောင်း တွေ့ရှိသည်။








(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

**အိုးအမှတ် ၃၆ ၏ ထူးခြားချက်**

အိုးအမှတ် ၃၆ သည် လုံးဝနီးပါး ကွဲနေ၍ တိုင်းတာ၍ပင် မရပါ။ သူ၏အဖုံးသည် အိုး ၃၅ ပေါ်တွင် ကပ်လျက်ရှိရာအဖုံး၏ အမြင့်သည် ၃ လက်မမျှ ရှိသည်ဟု တိုင်းထွာ၍ ရရှိသည်။ အဖုံးလက်ကိုင်ဖု ပါရှိ၏။



TG 31 B မှ အိုးများကို တွေ့မြင်ရစဉ်




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၃၇




(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အကွက်၏ မြောက်ဘက်ပိုင်းတွင် ရှိသည်။ အိုးအမှတ် ၃၄ နှင့် ကပ်လျက်ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

### အိုးအမှတ် ၃၇ ၏ အတိုင်းအတာ


(က) အိုးအမြင့် (ခန့်မှန်း) = ၄.၅လက်မ

(ခ) အိုးအောက်ခြေကရွတ်ခွေ(ခွာ)အချင်း= ၄လက်မ

(ဂ) အိုးကရွတ်ခွေအမြင့် = ၁လက်မ







အိုးအမှတ်. ၃၇

### အိုးအမှတ် ၃၇ ၏ ထူးခြားချက်


အိုးအမှတ် ၃၇ သည် ခွက်အမျိုးအစားဖြစ်ပြီး နှုတ်ခမ်းပိုင်း မြေကြီးတွင် နစ်မြုပ်နေ၍ တိုင်းထွာ၍မရပါ။ တုံးလုံးလဲလျက် ရှိပြီး ကိုယ်ထည်ကွဲအက်လျက် ရှိ၏။ အောက်ခြေ ကရွတ်ခွေ (ခွာ) ပိုင်းပေါ်နေပြီး ခွာမှာ အကောင်းပကတိ ဖြစ်သည်။

## တကောင်းအိုးအမှတ် ၃၈

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အကွက် အလယ်တွင် သီးခြားကင်းလွတ်စွာ တည်ရှိနေသည်။ ရေတကောင်းပုံအိုး။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။





အိုးအမှတ်. 38

www.burmeseclassic.com





### အိုးအမှတ် ၃၈ ၏ အတိုင်းအတာများ

(က) အိုးအမြင့်(ခန့်မှန်း) = ၅.၅လက်မ
(ခ) အိုးကိုယ်ထည်အချင်း = ၆လက်မ
(ဂ) အိုးလည်ပင်း အကျယ်ဆုံးဇလုပ်နေရာ = ၂လက်မ
(ဃ) အိုးနှုတ်ခမ်းဝအချင်း = ၁.၅လက်မ

### အိုးအမှတ် ၃၈ ၏ ထူးခြားချက်

အိုးအမှတ် ၃၈ သည် ရေတကောင်းပုံအိုး ဖြစ်သည်။ အနည်းငယ် စောင်း၍ တည်ရှိကာ အိုးပုံမပျက်သော်လည်း အတော်ပင် ကွဲအက်နေသည်။ နှုတ်ခမ်းပဲ့နေသည်။ ပြောင်ချောအောက်ခြေခွာမပါသော အိုးတစ်လုံး ဖြစ်သည်။








### တကောင်းအိုးအမှတ် ၃၉

(က) တွေ့ရှိသည့်နေရာ။ ။ TG 31B အကွက်အလယ်ပိုင်းတွင် မည်သည့်အိုးနှင့်မျှ ထိကပ်ခြင်း မရှိဘဲ သီးခြားကင်းလွတ်စွာ ရှိနေသည်။
(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသနဦးစီးဌာန။
(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။




www.burmeseclassic.com

www.burmeseclassic.com



## အိုးအမှတ် ၃၉ ၏ အတိုင်းအတာများ

(က) အိုးအမြင့် = ၆လက်မ
(ခ) အိုးကိုယ်ထည်အချင်း = ၅.၅လက်မ
(ဂ) အိုးနှုတ်ခမ်းဝအချင်း = ၁.၅လက်မ
(ဃ) အိုးလည်ပင်းအကျယ်ဆုံးဇလုပ်နေရာ = ၂လက်မ




### အိုးအမှတ် ၃၉ ၏ ထူးခြားချက်

အိုးအမှတ် ၃၉ သည် ရေ တကောင်းပုံအိုးဖြစ်၍ အတန်ငယ် ပု အိုက်သော သဏ္ဍာန်ရှိ၏။ နှုတ်ခမ်းပဲ့ နေ၍ အိုးကိုယ်ထည်ကို ကွဲနေသည်။ အောက်ခြေကရွတ်ခွေ (ခွာ) မပါရှိ။ တည့်တည့်မတ်မတ် ထောင်နေသည်။

## တကောင်းအိုးအမှတ် ၄၀


(က) တွေ့ရှိသည့်နေရာ။ ။ TG31 B တောင်ဘက်တင် တစ်လုံး တည်း သီးခြားကင်းလွတ်စွာ ရှိနေသည်။
(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသနဦးစီးဌာန
(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

### အိုးအမှတ် ၄၀ ၏ အတိုင်းအတာများ

(က) အိုးအမြင့် (ခန့်မှန်းခြေ) = ၇လက်မ
(ခ) အိုးကိုယ်ထည်အချင်း = ၂လက်မ
(ဂ) အိုးလည်ပင်းဇလုပ်အချင်း = ၂.၅လက်မ









### အိုးအမှတ် ၄၀ ၏ ထူးခြားချက်

ရေတကောင်းပုံ အမျိုးအစားဖြစ်၍ အိုးမှာ ကွဲနေသည်။ အိုးလည် ပင်းဇလုပ်သာ သိသာ ထင်ရှားစွာ တွေ့ရ၍ အိုးအမှတ် ၃၈-၃၉-၄၀ တို့ နှင့် ဆင်တူရှယ်တူပုံအိုး ဖြစ်သည်။ ရေတကောင်း၏ လည်ပင်းသည် အိုး ကိုယ်ထည်အထဲသို့ ကျိုးကျ ကျွံဝင်နေသည်။







www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၄၁



တကောင်းအိုးအမှတ် (၄၁)

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အနောက်တောင်ဘက်အစွန်းတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသနဌာန။


(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

### အိုးအမှတ် ၄၁ ၏ အတိုင်းအတာ

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ခန့်မှန်း၍မရ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ခန့်မှန်း၍မရ |
| (ဂ) | အိုးအောက်ခြေအချင်း | = | ၅.၅လက်မ |








### အိုးအမှတ် ၄၁ ၏ ထူးခြားချက်

အိုးသည် ကွဲအက်ကျွံဝင်နေ၍ တိုင်းထွာ၍ မရဘဲ ရှိသည်။ စက်ဝိုင်းအတွင်း ပွင့်ဖတ်ရှစ်ခု ပါရှိသော တံဆိပ်ပါရှိသည်။ ဒီဇိုင်းအဝိုင်းပေါင်း ၁၆ ခု ပါရှိ၍ ဒီဇိုင်း၏ အချင်းသည် ၂၅mm ရှိသည်။ လှပသော ပန်းပွင့်ဒီဇိုင်းတစ်ခုဖြစ်၏။ အိုးအမှတ် ၄၁ မှ ကျွံကျနေသော အိုးအပုံအစအနများကို စစ်ဆေးချက်အရ လည်ပင်းရှည်ညောင်ရေအိုးပုံသဏ္ဌာန် အိုးတစ်အိုးဟု ခန့်မှန်းရသည်။

## တကောင်းအိုးအမှတ် ၄၂

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အနောက်ဘက်ခြမ်းတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေး ရှေးဟောင်းသုတေသနဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂-၈-၂၀၀၄။

### အိုးအမှတ် ၄၂ ၏ အတိုင်းအတာများ

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၈လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၆လက်မ |
| (ဂ) | အိုးနှုတ်ခမ်းဝအချင်း | = | ၂.၅လက်မ |
| (ဃ) | အိုးလည်ပင်းဇလုပ်နေရာအချင်း | = | ၁.၅လက်မ |



www.burmeseclassic.com

www.burmeseclassic.com






တကောင်းအိုးအမှတ် ၄၂








**အိုးအမှတ် ၄၂ ၏ ထူးခြားချက်**

အိုးအမှတ် ၄၂ သည် အကောင်း ပကတိရှိနေသော ရေတကောင်းပုံ ဖင်လုံးအိုးတစ်လုံး ဖြစ်သည်။ အုတ်ခဲရောင် ရှိ၍ အိုးအမှတ် ၄၄ နှင့် ထိစပ်ကာ အိုးအမှတ် ၃၃ ဘက်ဆီသို့ ခပ်စောင်းစောင်း ရှိနေ၏။

အိုးအမှတ် ၄၂၏ ထူးခြားမှုများ အိုးကိုယ်ထည်နှင့် ပခုံးတွင် ပါရှိသော ဆန်းသစ်သည့် ဒီဇိုင်းဖြစ်သည်။ ဒီဇိုင်းမှ အတန်းသုံးတန်း ပါရှိ၍ ရေလှိုင်းပုံနှင့် သစ်ရွက်ပုံတို့ တစ်လှည့်စီ သုံးဆန်းပါရှိသည်။ အိုးကိုယ် ထည်အောက်ပိုင်းတွင် ဒေါင်လိုက်အစင်းများ ပါရှိ၏။

**တကောင်းအိုးအမှတ် ၄၃**


| | | | |
|---|---|---|---|
| (က) | တွေ့ရှိသည့်နေရာ။ | ။ | TG31 Bအကွက်၏ အနောက်ဘက်တွင် အရှေ့ဘက်သို့ တုံးလုံးလဲ၍ ရှိနေသည်။ အိုးအမှတ် ၄၄ နှင့် ထိကပ်နေ၏။ |
| (ခ) | စတင်တွေ့ရှိသူ။ | ။ | မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။ |
| (ဂ) | တွေ့ရှိသည့်နေ့ရက်။ | ။ | ၁၂–၈–၂၀၀၄။ |

**အိုးအမှတ် ၄၃ ၏ အတိုင်းအတာ**

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၆.၅လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၆လက်မ |




www.burmeseclassic.com



(ဂ) အိုးနှုတ်ခမ်းဝအချင်း = ၁လက်မ

(ဃ) အိုးလည်ပင်း အကျယ်ဆုံးဖလုပ်
နေရာ = ၂လက်မ





အိုးအမှတ် ၄၃ ၏ ထူးခြားချက်

ရေတကောင်းပုံအိုးအမျိုးအစားဖြစ်၍ အိုးကိုယ်ထည်အောက်ပိုင်းတွင် ထောင်လိုက်အစင်းရာများ ပါရှိ၏။ နှုတ်ခမ်း ကွဲနေသည်။







TG 31 B ကုန်းမှတွေ့ရှိရသော ကြေးဖွန်း

### အမှတ် ၄၃ X

TG 31 B ၏ အမှတ် ၄၃ X သည် ကြေးဖွန်းတစ်ချောင်း ဖြစ်သည်။ အိုးအမှတ် ၄၃ အောက်တွင် အမြီးပိုင်းပေါ်ပြီး ခေါင်းပိုင်းအိုးအောက်ရောက်နေသည်။ မြင်နေရသော ကြေးဖွန်းအမြီးပိုင်းသည် ၃လက်မ ရှိ၏။

## တကောင်းအိုးအမှတ် ၄၄

(က) တွေ့ရှိသည့်နေရာ။ ။ TG 31 B အကွက် အနောက်ဘက်ခြမ်း အိုးအမှတ် ၄၁၊ ၄၂ နှင့် ၄၃တို့၏ အကြားတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ။ ။ မန္တလေးရှေးဟောင်းသုတေသန ဦးစီးဌာန။

(ဂ) တွေ့ရှိသည့်နေ့ရက်။ ။ ၁၂–၈–၂၀၀၄။

### အိုးအမှတ် ၄၄ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၆လက်မ

(ခ) အိုးကိုယ်ထည်အချင်း = ၅လက်မ

(ဂ) အိုးနှုတ်ခမ်းဝအချင်း = ၁လက်မ

(ဃ) အိုးလည်ပင်းဖလုပ်နေရာအချင်း = ၂လက်မ


www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် (၄၄)



**အိုးအမှတ် ၄၄ ၏ ထူးခြားချက်**

အိုးအမှတ် ၄၄ သည် ရေတကောင်းပုံ အိုး ဖြစ်သည်။ အုတ်ခဲနီရောင် ရှိ၍ အိုးအောက်ပိုင်း ကွဲအက်လျက် ရှိ၏။ အိုးကိုယ်ထည်အောက်ပိုင်းသည် ဖရုံသီးပုံ အတွန့်များမရှိသော ထူးခြားသည့် အိုးတစ်လုံး ဖြစ်ပါသည်။

❖

## အခန်း - ၁၀

## လက်စင်းရာပါ အုတ်ချပ်များပေါ်မှ TG 31 C (အိုးအမှတ် ၄၅ မှ အိုးအမှတ် ၆၇)


၁၃-၈-၂၀၀၄ ခနေ့နှင့် ၁၄-၈-၂၀၀၄ နေ့များတွင် ကျွန်တော်တို့သည် TG 31 A နှင့် B အကွက်များ၏ မြေကြီးများကို သပ်ရပ်အောင် ပြုလုပ်ခြင်း၊ အိုးတစ်အိုးချင်းစီအား သန့်ရှင်းရေး ပြုလုပ်ခြင်း၊ အိုးအမှတ် ၁၀ ကို ဆင်ကော်အသုံးပြု၍ ပြန်ဆက်ခြင်းနှင့် အိုးအမှတ် ၁၄ နှင့် ၁၅ အတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးခြင်းများ ပြုလုပ်သည်။ တကောင်းမှ အရိုးအိုးများကို မတွေ့ရ၊ ပျူလူမျိုးတို့ သေဆုံးသောအခါ အလောင်းကို မီးရှို့သင်္ဂြိုဟ်၍ အရိုးနှင့် ပြာများကို သေသူ၏ အသုံးအဆောင်များနှင့်အတူ အိုးတွင် ထည့်၍ မြှုပ်နှံသော ပျူအရိုးအိုးများအား တကောင်းမှ တွေ့ရှိမှုခြင်း မရှိဟူသော စကားရပ်များကို တုံ့ပြန်သည့်အနေနှင့် တကောင်းအိုးအမှတ် ၁၄ အတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးရာတွင် အရိုးများ တပုံတပင် ရရှိသည်။ လက်ဖျံရိုးများ ခြေဆစ်ဒူးဆစ် ခါးဆစ်အရိုးများ ကြောရိုးများ ပုံမပျက်ဘဲ ဘာအရိုးလဲဟု ပြော၍ ရလောက်အောင် ကြီးမားများပြားသော အရိုးများကို အိုးအမှတ် ၁၄ အတွင်းမှ ရရှိ၏။ ထို့အပြင် အိုးအမှတ် ၁၄ အတွင်းမှ ဦးခေါင်းခွံတစ်ခုလုံးနီးပါး ပါရှိသော အရိုးများကိုလည်း ရရှိရာ အရိုးအိုးအစစ်မှ အရိုးအိုးအစစ်များ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com





တကောင်း အထက်ကျောင်းအတွင်း TG 31 C တွင် ပျူအရိုးအိုးများနှင့် ရေတကောင်းများ တည်ရှိနေသည့် ပုံ





ထိုသို့ စစ်ဆေးမှု သိမ်းဆည်းမှုများ ပြုပြီး ကျွန်တော်၊ ဦးအုန်းငွေ၊ ဦးသန်းဆွေနှင့် ဒေါ်နန်းငွေခင်တို့သည် မန္တလေးသို့ ပြန်လာခဲ့ကြ၏။ TG31A နှင့် B ကိုကား ဦးအေးလွင်က စောင့်ရှောက်ရန် ကျန်ရစ်ခဲ့၏။ ၁၇-၈-၂၀၀၄ ခုနေ့တိုင် မန္တလေးမှ ရန်ကုန်သို့ မပြန်ဖြစ်သေးဘဲ ရှိသည်။ ၁၇-၈-၂၀၀၄ နေ့ ၁၂ နာရီတွင် တမ္ပဝတီရှိ ဦးဝင်းမောင်အိမ်သို့ ကျွန်တော် ရောက်ရှိစဉ် တကောင်း ဦးပဏ္ဍိတာနန္ဒထံမှ တယ်လီဖုန်းလာပါ၏။ အကြောင်းမှာ-

TG 31A နှင့် B တို့အား Site Museum ပြုလုပ်ရန် မြောက်ဘက်သို့ ဆက်တူးရာ မြေအနက် ၆ ပေတွင် အရိုးအိုးအစုအပြုံတစ်ခု အလုပ်သမားဖြစ်သူ မောင်အောင်မြတ်သူက မြေတူးရင်း စတင်တွေ့ရှိ၏။ မောင်အောင်မြတ်သူက ဦးပဏ္ဍိတာနန္ဒထံ အိုးများ ထပ်တွေ့ကြောင်း အကြောင်းကြားသည်။ ဆိုနေရာက TG 31 C ဟု အမည်ပေးပြီး ဆက်လက် တူးဖော်ရာ အရိုးအိုး ၆ လုံး၏ နှုတ်ခမ်းသားများကို တွေ့၍ မန္တလေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်၊ တမ္ပဝတီဦးဝင်းမောင် သုတေသနမှူးဦးပိုင်စိုး၊ သုတေသနလက်ထောက် ၄ ဦးလင်းထွန်းကြည်၊ ပန်းချီကျွမ်းကျင် ၃ ဦးဇော်မင်းတို့ တကောင်းသို့ ထပ်မံ၍ လိုက်သွားကြ သည်။ ထိုသို့ လိုက်သွားကြပြီး တကောင်းတွင် ရှိနေသည့် ဦးပဏ္ဍိတာနန္ဒ၊ ဦးတင်ဝင်းဦးနှင့် ဦးအေးလွင်တို့နှင့် ပေါင်း၍ ဆက်လက်တူးဖော်ရာ TG 31 C မှ အရိုးအိုး ၁၀ လုံး၊ အဖုံး ၁၀ ချပ်၊ ရေတကောင်း ၉ လုံး ဖလား ၂ လုံးနှင့် ထိုအိုးများ၏ အောက်တွင် လက်စင်းရာပါ အုပ်ချပ် ၅၀ ကျော်ကို တွေ့ရှိရသည်။

TG 31 C ၏ ထူးခြားချက်မှာ ယင်းလက်စင်းရာပါ အုတ်ချပ်များဖြစ်ပါ၏။ TG 31 C မှ တွေ့ရှိရသော အိုးစုစုပေါင်းမှာ အိုးအမှတ် ၄၅ မှ အိုးအမှတ် ၆၇ အထိ စုစုပေါင်း အိုး ၂၂ လုံး ဖြစ်၏။ ထိုအိုး ၂၂ လုံး၏အောက်တွင် လက်စင်းရာပါ အုတ်များခင်းထားရာ လက်စင်းရာပါအုတ်များနှင့် ပျူအရိုးအိုးများ လက်ပူးလက်ကျ အတူတကွ တွေ့ရခြင်းမှာ တကောင်းသည် ပျူအစစ်ပါဗျာဟု မသေမချင်း တဖွဖွ ပြောသွားရှာသော မြန်မာပညာရှိကြီး ဦးပိုးလတ်ကို ဆရာကြီးပြောခဲ့တာ အမှန်ပါပဲ။ သေရွာမှ နိုးပြဖို့ပင်ကောင်းသည်ပါ၏။ ပညာရှိတို့ တွေးကြည့်လျှင် ပြေးကြည့်သကဲ့သို့ မှန်သည်ဆိုသော

www.burmeseclassic.com



စကားအတွက် သက်သေသာကေတစ်ခုလည်း ဖြစ်ပါ၏။ ဤအခန်းတွင် ဦးအေးလွင်၊ ဦးပဏ္ဍိတာနန္ဒနှင့် ဆရာကြီးဦးတင်ဝင်းဦးတို့ ရှာဖွေတွေ့ရှိသော TG 31 C အမှ တကောင်းအိုးများကို ဆက်လက်မှတ်တမ်းတင်သွားမည် ဖြစ်ပါသည်။

## တကောင်းအိုးအမှတ် ၄၅

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကွက် အတွင်း တောင်ဘက် အစွန်ဆုံးအိုးဖြစ်သည်။


(ခ) စတင်တွေ့ရှိသူ ။ ။ ထိန်းသိမ်းရေးမှူး ဦးအေးလွင်။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။

### အိုးအမှတ် ၄၅ ၏ အတိုင်းအတာ

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၁၂လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၈လက်မ |
| (ဂ) | အိုးထိပ်ဝအကျယ် | = | ၇လက်မ |
| (ဃ) | အိုးလည်ပင်းအချင်း | = | ၅လက်မ |

### အိုးအမှတ် ၄၅ ၏ ထူးခြားချက်




အိုးအမှတ် (၄၅)

အိုးအမှတ် ၄၅ သည် ညောင်ရေအိုးပုံအိုး ဖြစ်သည်။ ဖင်လုံး၍ အောက်ခြေကရွတ်ခွေ မပါရှိဘဲ အိုးကိုယ်ထည်ပေါ်တွင် ခေါင်လိုက် အစင်းရာကို အနည်းငယ်ရွေ့၍ ရိုက်ထားရာ မှန်ကူကွက်ပုံ ပေါ်နေ၏။ အိုးလည်ပင်းရှည်၍ အိုးနှုတ်ခမ်းအထက်သို့ ကားသွားသည်။ အိုးနှုတ်ခမ်းတွင်အခါ အိုးငယ်တစ်ခု ကျုံ့ဝင်နေ၍ ကွဲအက်မှုရှိနေသော အိုးဖြစ်သည်။ အရိုးအိုးတစ်အိုးဖြစ်သည်။








TG 31 C မှ တူးဖော်ရရှိသော တကောင်းအိုးအမှတ် ၄၅



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၄၆ A နှင့် ၄၆B


(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကွက်အတွင်း တောင်ဘက်အစွန်းမှ အိုးဖြစ်သည်။ အိုးအမှတ် ၄၅ နှင့် ၄၇ တို့၏ အကြားတွင် ရှိသော်လည်း ယင်းတို့နှင့် ထိစပ်မှုမရှိ။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။

### အိုးအမှတ် ၄၆ ၏ အတိုင်းအတာ

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၁၁လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၈လက်မ |
| (ဂ) | အိုးထိပ်ဝအကျယ် | = | လည်ပင်းပြတ်နေ၍ တိုင်းမရ |
| (ဃ) | အိုးလည်ပင်းအချင်း | = | ၅လက်မ |



အိုး[illegible] (46)

### အိုးအမှတ် ၄၆ ၏ ထူးခြားချက်

အိုးအမှတ် ၄၆ သည် ၄၅ နှင့် ကပ်လျက်ရှိပြီး ပုံစံတူအရွယ်တူအိုးဖြစ်သည်။ အိုးအမှတ် ၄၆ ကို ၄၆ A နှင့် B ဟူ၍ ခွဲခြားထား၏။ ၄၆ B သည် ဖော်ပြပါ အိုးဖြစ်ပြီး ၄၆B မှ ထိုအိုးအဝတွင် ပလက်တင်နေသည်။ ခပ်ပက်ပက်ခွက်သည် အိုး၏ အဖုံးဖြစ်နိုင်သည်။ အိုး ၄၆ သည် တည့်မတ်စွာ တည်ရှိနေ၍









တကောင်းအိုးအမှတ် ၄၆ A



www.burmeseclassic.com




တကောင်းအိုးအမှတ် (၄၆) B

လည်ပင်းအောက်ပိုင်းတွင် ဒေါင်လိုက် အစင်းများ ရှိသည်။ ညောင်ရေအိုးသဏ္ဌာန် အိုးဖြစ်၍ တခြမ်းကွဲအက်နေသည်။ ဖောင်းကြွအရစ်များ မပါရှိပါ။ အရိုးအိုးတစ်လုံး ဖြစ်သည်။

## တကောင်းအိုးအမှတ် ၄၇ A နှင့် ၄၇ B


(က) တွေ့ရှိသည့်နေရာ ။ ။ TG31C အကွက် တောင်ဘက်တန်း အနောက်ဘက်တွင် ရှိသည်။ အိုးအမှတ် ၄၆ နှင့် ၄၈ တို့အကြားတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။







အိုးအမှတ် (၄၇)

### အိုးအမှတ် ၄၇ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၁၀လက်မ


(ခ) အိုးကိုယ်ထည်အချင်း= ၉လက်မ

(ဂ) အိုးထိပ်ဝအကျယ် = ၃၅လက်မ

(ဃ) အိုးလည်ပင်းအချင်း = ၆၅လက်မ

### အိုးအမှတ် ၄၇ ၏ ထူးခြားချက်

TG31C အကွက်မှ တောင်ဘက်တွင် တန်းစီ၍ ရှိနေသော အိုးအမှတ် (၄၆)၊ (၄၇)၊ (၄၈)၊ (၄၉)၊ (၅၀) အိုးများသည် အိုးကြီးများဖြစ် အတွင်း၌ စိတ်ဝင်စားဖွယ်ရာပစ္စည်း အများအပြားရှိမည်ဟု ခန့်မှန်းရ၏။ ထိုအိုးများသည် အိုးအမှတ် ၁၄





အိုးအမှတ် (၄၇) A



www.burmeseclassic.com

www.burmeseclassic.com





ကုန်းအမှတ် TG 31/C ကို စတင်တွေ့ရှိသူ
မြေတူးလုပ်သားအောင်မြင့်သူ






နှင့် တူသည်။ ၄၇ A သည် အိုးကိုယ်ထည် ဖြစ်၍ ၄၇ B သည် အိုးအဖုံးဖြစ်သည်။ အိုးအဖုံး ၄၇ B သည် အိုးခြမ်းကွဲဘဝသို့ ရောက်ရှိနေပြီး လုံးဝ တိုင်းထွာ၍ မရပါ။ အိုးနှုတ်ခမ်းမှ တစ်လက်မအကွာတွင် ထင်ရှားသော ဖောင်းရစ်ပါရှိသည်။ အိုးအမှတ် ၄၇ ၏ အောက်တွင် လက်စင်းရာပါ အုတ်များ ရှိသည်။ အောက်ခြေကရွှတ်ခွေမပါ ပြောင်ချောဖင်လုံးအိုးတစ်လုံး ဖြစ်သည်။

## တကောင်းအိုးအမှတ် ၄၈ A နှင့် ၄၈ B

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C တောင်ဘက်ခြမ်း ၄၇ နှင့် ၄၉ တို့၏ အကြားတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။




အိုးအမှတ် ၄၈ B



www.burmeseclassic.com

www.burmeseclassic.com







တကောင်းအိုးအမှတ် (၄၈) A





## အိုးအမှတ် ၄၈ ၏ အတိုင်းအတာ


| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၉လက်မ |
| (ခ) | အိုးကိုယ်ထည်အချင်း | = | ၉.၅လက်မ |
| (ဂ) | အိုးနှုတ်ခမ်းဝအချင်း | = | ၅.၅လက်မ |
| (ဃ) | အိုးနှုတ်ခမ်းဖောင်းရစ်အကျယ်နေရာအချင်း | = | ၇လက်မ |
| (င) | အိုးအဖိုး ၄၈ B၏ လက်ကို ဖုအရှည် | = | ၂.၅လက်မ |



အိုးအမှတ် (48)

## အိုးအမှတ် ၄၈ ၏ ထူးခြားချက်

အိုးအမှတ် ၄၈ သည် အရိုးအိုးကြီး တစ်လုံး ဖြစ်သည်။ အဖုံး (၄၈B) ပါရှိ၍ အဖုံးလက်ကိုင်ဖု အကောင်းပကတိ ရှိသည်။ အိုးနှုတ်ခမ်းမှ ၁လက်မအကွာတွင် အိုးဖောင်းရစ် ပါရှိသည်။ အိုးအမှတ် ၄၇ နှင့် ရှယ်တူ ဆင်တူအိုးဖြစ်သည်။ တည့်မတ်စွာ ရှိနေ၍ အိုးတွင် အညိုရောင် အကွက်များ ရှိနေ၏။ အိုး၏မူလအရောင် မဟုတ်ဘဲ စွန်းထင်နေသော အရောင်များဟု ယူဆရသည်။ အောက်ခြေ ကရှုတ်ခွေမပါ ဖင်လုံးပြောင်ချောအိုးတစ်လုံး ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com






တကောင်းအိုးအမှတ် (၄၉) A






## တကောင်းအိုးအမှတ် ၄၉ A နှင့် ၄၉B

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C တောင်ဘက်တန်း အိုးအမှတ် ၄၈ နှင့် ၅၀ တို့အကြားတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။



အိုးအမှတ် (၄၉)

### အိုးအမှတ် ၄၉ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၁၁လက်မ


(ခ) အိုးနှုတ်ခမ်းဝ = ၆လက်မ

(ဂ) အိုးကိုယ်ထည် အချင်း = ၁၀လက်မ

(ဃ) အိုးနှုတ်ခမ်းမှဖောင်းရင် အချင်း = ၇.၅လက်မ

### အိုးအမှတ် ၄၉ ၏ ထူးခြားချက်

အိုးအမှတ် ၄၉ သည် အိုးတုတ်ကြီး အမျိုးအစား အရိုးအိုးဖြစ်သည်။ ဖင်လုံး၍




အိုးအမှတ် (၄၉) B



www.burmeseclassic.com

www.burmeseclassic.com



သိသာသော အုတ်ခဲရင့်ရောင် ရှိ၏။ အက်ရာကွဲရာ အများအပြားရှိ၍ အိုး
အဖုံး ၄၉ B သည် အိုးအဝတွင် ကွဲ၍ အိုးပခုံးပေါ်သို့ ကျနေသည်။ အိုးအဖုံး
သည် အိုးအဝတွင် တင်လျက်သား ကျန်ရစ်သည်။ ပြောင်ချောအိုး တစ်လုံး
ဖြစ်သည်။

## တကောင်းအိုးအမှတ် ၅၀ A နှင့် ၅၀ B

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကက်၏ အရှေ့မြောက်ဘက်မှ လက်စင်းရာပါ အုတ်များပေါ်တွင် သိသာထင်ရှားစွာ ထီးထီးမားမား ရှိနေသောအိုးဖြစ်သည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။

### အိုးအမှတ် ၅၀ ၏ အတိုင်းအတာ


| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၁၁လက်မ |
| (ခ) | အိုးနှုတ်ခမ်းဝအကျယ် | = | ၅လက်မ |
| (ဂ) | အိုးကိုယ်ထည်အချင်း | = | ၁၁.၅လက်မ |
| (ဃ) | အိုးနှုတ်ခမ်းဖောင်းရစ်အချင်း | = | ၇လက်မ |
| (င) | အိုးအဖုံး ၅၀ B ၏ အချင်း | = | ၇.၅လက်မ |
| (စ) | အိုးအဖုံး၏ အမြင့် (မှန်းခြေ) | = | ၃.၅လက်မ |

### အိုးအမှတ် ၅၀ ၏ ထူးခြားချက်

အိုးအမှတ် ၅၀ သည် အိုးတုတ်ကြီး အမျိုးအစား အရိုးအိုးတစ်လုံးဖြစ်၍ အဝကျဉ်းသည်။ အဖုံးပါရှိသော်လည်း လက်ကိုင်ဖု မရှိတော့ပါ။ အိုးပခုံးတွင် ဖောင်းရစ်သိသာ ထင်ရှားစွာ ပါရှိသည်။ လက်စင်းရာအုတ်များပေါ်တွင် ရှိ၍ အက်ရာများ အပြည့်ရှိသည့် အိုးဖြစ်သည်။ အိုးဖုတ်ရမှ ပါ









တကောင်းအိုးအမှတ် ၅၀ ကို
လက်စင်းရာအုတ်ချပ်များပေါ်တွင် တွေ့မြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com







အိုးအမှတ် (၅၀) B

သော အနက်ပြာရောင်အကွက် ထင်ရှားစွာ ရှိနေသည်။ အိုးအဖုံး အိုးအ[...]
တွင် ပိတ်လျက်သား ကပ်နေသည်။

## တကောင်းအိုးအမှတ် ၅၁

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C မြောက်ဘက်ခြမ်း
(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီး[...]
ဌာန။
(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။



အိုးအမှတ် (၅၁)

အိုးအမှတ် ၅၁ ၏ အတိုင်းအတာ
(က) အိုးအမြင့် = ၁၁လက်မ
(ခ) အိုးနှုတ်ခမ်းအဝ= ၆လက်မ
(ဂ) အိုးကိုယ်ထည်အချင်း
= ၇.၅လက်မ
(ဃ) အိုးလည်ပင်းအချင်း =၅လက်[...]
(င) အိုးအဖုံးအချင်း = ၆လက်မ
(စ) အိုးအောက်ခြေ
ကရွတ်ခွေ(ခွာ) =၂လက်မ








အိုးအမှတ် (၅၁)



www.burmeseclassic.com

www.burmeseclassic.com



## အိုးအမှတ် ၅၁ ၏ ထူးခြားချက်

အိုးအမှတ် ၅၁ သည် ညောင်ရေအိုးပုံ အောက်ခြေကရွတ်ခွေ ပါရှိသော အရိုးအိုးဖြစ်သည်။ လည်ပင်းတွင် ဖောင်းရစ် ၃ ရစ်ပါရှိ၏။ အဖုံးပါရှိ၍ အိုးအဖုံးသည် အိုးအောက်သို့ လွင့်ကျနေသည်။


အိုးအမှတ် ၅၁ တွင် ဒီဇိုင်းပါရှိသည်။ ဒီဇိုင်းပုံမှ ပွင့်ဖတ် ၄ ချပ်ရှိသော ပန်းပွင့်သည် လေးထောင့်ကွက်ထဲတွင် ရှိ၍ လေးထောင့်ကွက်၏ အလင်းတန်းများ လေးဘက်စလုံးမှ ဖြာထွက်နေသည်။ လေးထောင့်ကွက် အချင်း ၂.၃ mm ရှိ၍ တံဆိပ်အတန်းနှစ်တန်း ရှိပြီး အကွက်ပေါင်း ၄၄ ကွက် ရှိသည်။

## တကောင်းအိုးအမှတ် ၅၂

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကွက်၏ အလယ်တွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။



### အိုးအမှတ် ၅၂ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၁၁လက်မ

(ခ) အိုးနှုတ်ခမ်းအဝ=၆.၅လက်မ

(ဂ) အိုးကိုယ်ထည် အချင်း = ၈လက်မ

(ဃ) အိုးလည်ပင်းအချင်း= ၄လက်မ

(င) အိုးအဖုံးလက်ကိုင် အချင်း = ၁လက်မ








တကောင်းအိုးအမှတ် (၅၂)



www.burmeseclassic.com

www.burmeseclassic.com



## အိုးအမှတ် ၅၂ ၏ ထူးခြားချက်

အိုးအမှတ် ၅၂သည် အနီရောင် အသွေးရှိ၍ ညောင်ရေအိုးပုံ အရိုးအိုးဖြစ်သည်။ အဖုံးကွဲလျက် အဝတွင် တင်ကျန်ရစ်၍ အဖုံးလက်ကိုင်ဖု ပါရှိ၏။ အဖုံးတွင် ဒီဇိုင်းပါရှိသည်။ အိုးအမှတ် ၅၂ နှင့် ၅၃ တို့သည် ရွယ်တူ ပုံစံတူအိုးများ ဖြစ်သည်။ အောက်ခြေကရွတ်ခွေ (ခွာ) ရှိသော လည်ပင်းရှည်အဝကျယ်အိုး ဖြစ်သည်။ ဒီဇိုင်းပါရှိ၍ ဒီဇိုင်းပုံမှာ သစ်ရွက်ပုံ သို့မဟုတ် ငါးအရိုးပုံ ဖြစ်သည်။ ဒီဇိုင်းခုရေပေါင်း ၄၀ မျှ ပါရှိသည်။ ဒီဇိုင်းအတိုင်းအတာမှာ ၄mm x ၃၀mm ရှိသည်။

## တကောင်းအိုးအမှတ် ၅၃ A နှင့် ၅၃ B

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကွက် အလယ်ပိုင်းအိုးအမှတ် ၄၇ နှင့် ကပ်လျက် တွေ့ရသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။



အိုးအမှတ် (53)

### အိုးအမှတ် ၅၃ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၁၁လက်မ

(ခ) အိုးနှုတ်ခမ်းဝ= ၆.၅လက်မ


(ဂ) အိုးကိုယ်ထည်
အချင်း = ၈လက်မ

(ဃ) အိုးလည်ပင်း
အချင်း = ၄လက်မ

(င) အိုးအဖုံး လက်ကိုင်အချင်း
= ၁.၅လက်မ









တကောင်းအိုးအမှတ် (၅၃) A



www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် (၅၃) B

## အိုးအမှတ် ၅၃ ၏ ထူးခြားချက်

အိုးအမှတ် ၅၃ သည် ညောင်ရေအိုးပုံ အောက်ခြေကရွတ်ခွေ (မှာ) ပါရှိသောအိုးဖြစ်သည်။ အဖုံး ၅၃ B ပါရှိ၍ အိုးအဝတွင် ကွဲအက်ပျက်စီးနေသည်။ အိုးပခုံးတွင် ဖောင်းရစ်တစ်စင်း သိသာထင်ရှားစွာ ပါရှိသည်။

ဒီဇိုင်းပါရှိသော အရိုးအိုးတစ်ခုဖြစ်သည်။ ဒီဇိုင်းအတန်း ၃ တန်းပါဝင် သစ်ရွက်ပုံ (သို့မဟုတ်) ငါးရိုးပုံဖြစ်သည်။ တံဆိပ်အရေအတွက် ၄၀ မျှရှိ၍ တံဆိပ်အတိုင်းအတာမှ ၅mm x ၁၃mm ဖြစ်သည်။








**TG.31/C မှ အိုးများ**



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၅၄


(က) တွေ့ရှိသည့်နေရာ ။ ။ TG31C အကွက် အနောက်တောင်ထောင့်တွင် ရှိ၍ အိုးအမှတ် ၅၅ ကပ်လျက် ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။

## အိုးအမှတ် ၅၄ ၏ အတိုင်းအတာ

| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၁၀လက်မ |
| (ခ) | အိုးနှုတ်ခမ်းအဝ | = | နှုတ်ခမ်းပိုင်းတစ်ခုလုံးပဲ့နေသည်။ |
| (ဂ) | အိုးကိုယ်ထည်အချင်း | = | ၇၅လက်မ |




အိုးကမှတ် (၅၄)

## အိုးအမှတ် ၅၄ ၏ ထူးခြားချက်

အိုးအမှတ် ၅၄ အိုးသည် အောက်ခြေကရွတ်ခွေ မပါရှိသော ဖင်လုံးအိုးဖြစ်သည်။ အိုးအောက်ပိုင်းတွင် ဒေါင်လိုက် အစင်းတန်းများ ပါရှိ၍ အုတ်ခဲရောင် ရှိသည်။ အရိုးအိုးတစ်လုံး ဖြစ်၍ အဖုံးကို ရှာဖွေမတွေ့ရှိပါ။ အိုးအတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးခြင်း မပြုရသေးပါ။








တကောင်းအိုးအမှတ် ၅၄



www.burmeseclassic.com

www.burmeseclassic.com





## တကောင်းအိုးအမှတ် ၅၅

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကွက်၏ အနောက်တောင်ထောင့်တွင် အိုး ၅၄ နှင့် ကပ်လျက် ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။


(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။

### အိုးအမှတ် ၅၅ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၅လက်မ
(ခ) အိုးနှုတ်ခမ်းဝအကျယ် = ၁.၅လက်မ
(ဂ) အိုးကိုယ်ထည်အချင်း = ၈လက်မ
(ဃ) အိုးလည်ပင်းဇလိပ်နေရာအချင်း = ၂လက်မ






အိုးအမှတ် (၅၅)

### အိုးအမှတ် ၅၅ ၏ ထူးခြားချက်

အိုးအမှတ် ၅၅ သည် ရေတကောင်းတစ်ခုဖြစ်၍ အောက်ခြေကရွတ်ခွေ(ခွာ)မပါရှိသော ပြောင်ချောအိုးတစ်လုံး ဖြစ်၏။ ၅၅အိုးသည် အကောင်းပကတိအတိုင်း ရှိသည်။

## တကောင်းအိုးအမှတ် ၅၆

(က) တွေ့ရှိသည့်နေရာ ။ ။ TG31C အကွက် တောင်ဘက်ခြမ်းတွင် ရှိ၍ အိုးအမှတ် ၅၇ နှင့် ကပ်လျက်သား ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။


အိုးအမှတ် (၅၆)

### အိုးအမှတ် ၅၆ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၆လက်မ
(ခ) အိုးထိပ်ဝ အကျယ် = ၁.၅လက်မ
(ဂ) အိုးကိုယ်ထည် အချင်း = ၅.၅လက်မ
(ဃ) အိုးလည်ပင်းဇလုပ် နေရာအကျယ် = ၂လက်မ



www.burmeseclassic.com

www.burmeseclassic.com






တကောင်းအိုးအမှတ် (၅၆)

## အိုးအမှတ် ၅၆ ၏ ထူးခြားချက်

အိုး ၅၆ သည် ရေတကောင်းပုံအိုး ဖြစ်သည်။ အိုးကိုယ်ထည်ပေါ် တွင် ဖောင်းရစ်အစဥ်များ ပါရှိ၍ အရောင်မှ အနီရောင်ရှိပြီး အိုးလည်တည့်မှ အပ အောက်ပိုင်းကွဲနေသည်။ အောက်ခြေ ကရွတ်ခွေ (ခွာ) ပါရှိသည်။ ဒီဇိုင်းအတန်း ၂ တန်းရှိ အပေါ်ဘက်တွင် အစက်များနှင့် ရေလှိုင်းပုံ ပါရှိ၏။ ဒုတိယဒီဇိုင်းအတန်းမှာ သုံးမြှောင့်ပုံ ဒီဇိုင်းဖြစ်၏။ အလယ်တွင် အရှုသဏ္ဌာန် ပါရှိ၍ ယင်းမှ ဘယ်ညာ မျဉ်းလေးခုစီ ဖြာထွက်သည်။ ဒီဇိုင်း ထူးခြားမှု ရှိ၏။ အိုးအမှတ် ၃၅ အမှတ် ၄၂ နှင့် အမှတ် ၆၁ ပါ ဒီဇိုင်းများ နှင့် ဆင်တူပါသည်။ အောက်ခြေကရွတ်ခွေ (ခွာ) ပါရှိသည်။








## တကောင်းအိုးအမှတ် ၅၇

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကွက် တောင်ဘက်ခြမ်း ၅၆ အိုးနှင့် ထိကပ်လျက် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။

## အိုးအမှတ် ၅၇ ၏ အတိုင်းအတာ


| | | | |
|---|---|---|---|
| (က) | အိုးအမြင့် | = | ၄.၅လက်မ |
| (ခ) | အိုးနှုတ်ခမ်းအဝ | = | ၁လက်မ |
| (ဂ) | အိုးကိုယ်ထည်အချင်း | = | ၅လက်မ |
| (ဃ) | အိုးလည်ပင်းဇလုပ်နေရာ | = | ၂လက်မ |



www.burmeseclassic.com

www.burmeseclassic.com





အိုး အမှတ် (၅၇)

### အိုးအမှတ် ၅၇ ၏ ထူးခြားချက်


အိုးအမှတ် ၅၇ သည် ဖရုံသီးပုံ ရေတကောင်းအမျိုးအစားအိုးဖြစ်သည်။ အိုးလည်ပင်းဇလုပ်နေရာတွင် ထင်ရှားသော ဖောင်းရစ်ပါရှိ၍ အိုးကိုယ်ထည် ကွဲအက်လျက် ရှိသည်။ အိုးဖုတ်စဉ်က ပါရှိသော နက်ပြာရောင် အကွက်များ အိုးပေါ်တွင် ပါရှိသည်။ အောက်ခံ ကရွတ်ခွေ (ခွာ) ပါရှိခြင်းမရှိ ထောင်လျက် တည်ရှိနေသည်။

## တကောင်းအိုးအမှတ် ၅၈

(က) တွေ့ရှိသည့်နေရာ ။ ။ TG31C အကွက် တောင်ဘက်ခြမ်း အိုးနံပါတ် ၆၀ နှင့် ၆၅ အကြားတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။



အိုးအမှတ် (၅၈)

### အိုးအမှတ် ၅၈ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၄.၅လက်မ


(ခ) အိုးနှုတ်ခမ်းဝ အကျယ် = ၁လက်မ

(ဂ) အိုးကိုယ်ထည်အချင်း = ၅.၅လက်မ

(ဃ) အိုးလည်ပင်းဇလုပ် နေရာအကျယ် = ၂လက်မ








အိုးအမှတ် ၅၈ ၏ ထူးခြားချက်

### အိုးအမှတ် ၅၈ ၏ ထူးခြားချက်

ရေတကောင်းငယ်တစ်ခု ဖြစ်သည်။ ညိုညစ်သောအရောင်ရှိ၍ ကိုယ်ထည်ပိုင်း ကွဲအက်နေသည်။ အောက်ခြေကရွတ်ခွေ မပါဘဲ အောက်ခံလက်စင်းရာပါ အုတ်များပေါ်တွင် ထောင်လျက်သား တွေ့ရသည်။

## တကောင်းအိုးအမှတ် ၅၉

(က) တွေ့ရှိသည့်နေရာ ။ ။ TG31C အကွက် တောင်ဘက်ခြမ်းတွင် ရှိသည်။ မည်သည့်အိုးနှင့်မျှ မထိစပ်ဘဲ ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။


(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။



www.burmeseclassic.com


www.burmeseclassic.com





## အိုးအမှတ် ၅၉ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၄.၅လက်မ
(ခ) အိုးနှုတ်ခမ်းအဝ = ၁လက်မ
(ဂ) အိုးကိုယ်ထည်အချင်း = ၅.၅လက်မ
(ဃ) အိုးလည်ပင်းဇလုပ်နေရာအကျယ်= ၂လက်မ



အိုးအမှတ် (၅၉)

## အိုးအမှတ် ၅၉ ၏ ထူးခြားချက်


အိုးအမှတ် ၅၉ သည် ရေ တကောင်း အမျိုးအစားဖြစ်၍ ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။ အိုးဖုတ်စဉ်ကပင် ပါရှိသော နက်ပြာအကွက်များ အိုးကိုယ်ထည်ပေါ်တွင် ရှိနေသည်။





## တကောင်းအိုးအမှတ် ၆၀

(က) တွေ့ရှိသည့်နေရာ ။ ။ TG31C တောင်ဘက်ပိုင်း အိုးနံပါတ် ၄၆ နှင့် ၅၈ ကြားတွင် ရှိသည်။
(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။
(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။



တကောင်းအိုးအမှတ် ၆၀



www.burmeseclassic.com



အိုးအမှတ် (၆၀)

## အိုးအမှတ် ၆၀ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၁၁လက်မ

(ခ) အိုးနှုတ်ခမ်းအဝ = ၁လက်မ

(ဂ) အိုးကိုယ်ထည်အချင်း = ၄.၅လက်မ

(ဃ) အိုးလည်ပင်းဇလုပ်နေရာအကျယ် = ၂လက်မ

## အိုးအမှတ် ၆၀ ၏ ထူးခြားချက်

ရေတကောင်းပုံအိုး ဖြစ်သည်။ နီညိုရောင်ရှိ၍ အောက်ခြေကရွတ်ခွေ (ခွာ)ပါရှိသည်။ ဒီဇိုင်းပုံပါရှိ၏။ ဒီဇိုင်းမှ လေးထောင့်ပုံ အတွင်း၌ ဆီမီးခွက်နှစ်ခု အပြိုင်ထွန်းထားပုံ ပါရှိပြီး ဒီဇိုင်းအနားပတ်လည်တွင် အစက်အပျောက်များ ရှိသည်။ ဒီဇိုင်း အရေအတွက် ၁၆ ခု ပါရှိ၍ ဒီဇိုင်းတစ်ခုချင်းစီ၏ အချင်း ၂၅mm ရှိသည်။


## တကောင်းအိုးအမှတ် ၆၁

(က) တွေ့ရှိသည့်နေရာ ။ ။ TG31C အကွက် တောင်ဘက်ခြမ်း အိုးကြီး ၄၇ နှင့် ၅၃ အနီးကပ်လျက်။


(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။





တကောင်းအိုးအမှတ် ၆၁



အိုးအမှတ် (၆၁)

## အိုးအမှတ် ၆၁ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၅.၅လက်မ

(ခ) အိုးနှုတ်ခမ်းအကျယ် = ၁လက်မ

(ဂ) အိုးကိုယ်ထည်အချင်း = ၅လက်မ

(ဃ) အိုးလည်ပင်းဇလုပ်နေရာအကျယ် = ၂လက်မ

www.burmeseclassic.com



## အိုးအမှတ် ၆၁ ၏ ထူးခြားချက်

ရေတကောင်းငယ်တစ်ခု ဖြစ်သည်။ အိုးကြီးများ အကြား နစ်မြုပ်နေ၍ အိုးကိုယ်ထည်နှင့် လည်ပင်းတွင် ဖောင်းရစ်များ ပါရှိ၏။ အိုးကိုယ်ထည်တွင် ဒီဇိုင်းအဆန်း ပါရှိသည်။ အိုးအမှတ် ၃၅ ဒီဇိုင်းနှင့် ဆင်တူ၍ ဒီဇိုင်းအတန်းသုံးတန်း ရှိရာတွင် အပေါ်နှင့် အောက်အတန်းမှာ ရေလှိုင်းပုံရှိပြီး အလယ်တွင် ဘဲဥပုံအစက် ပါရှိ၏။

## တကောင်းအိုးအမှတ် ၆၂

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C တောင်ဘက်ဆုံးရှိ အိုးအမှတ် ၄၅ ၏ နှုတ်ခမ်းဝပေါ်တွင် ရှိနေသည်။


(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။









အိုးအမှတ် (၆၂)

## အိုးအမှတ် ၆၂ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၂.၅လက်မ

(ခ) အိုးအဝ = ၅လက်မ

(ဂ) အိုးကိုယ်ထည်အချင်း = ၅.၅လက်မ

## အိုးအမှတ် ၆၂ ၏ ထူးခြားချက်


အိုးအမှတ် ၆၂ သည် ဖလားပုံ ဖြစ်သည်။ အောက်ခြေကရှုတ်ချွန်နေပါ။ ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။

## တကောင်းအိုးအမှတ် ၆၃

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 C အကွက် မြောက်ဘက်စပ်တွင် ရှိသည်။ အိုးအမှတ် ၆၄ အနီးတွင် ကပ်လျက် ထပ်လျက် ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။



အိုးအမှတ် (၆၃)

## အိုးအမှတ် ၆၃ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၆လက်မ

(ခ) အိုးအဝ = ၁လက်မ

(ဂ) အိုးကိုယ်ထည်အချင်း = ၅.၅လက်မ


(ဃ) အိုးလည်ပင်းဖလုပ်နေသော အကျယ် = ၂လက်မ



www.burmeseclassic.com

www.burmeseclassic.com





တကောင်းအိုးအမှတ် ၆၃

## အိုးအမှတ် ၆၃ ၏ ထူးခြားချက်

အမှတ် ၆၃ အိုးသည် ရေတကောင်းပုံအိုးဖြစ်၍ စောင်းလျက်သာ လဲနေသည်။ ဒီဇိုင်းမပါ ပြောင်ချောအိုးဖြစ်ပြီး ကိုယ်ထည်အက်ကွဲနေသည်။

## တကောင်းအိုးအမှတ် ၆၄


(က) တွေ့ရှိသည့်နေရာ ။ ။ TG31C အကွက် မြောက်ဘက်ခြမ်း။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးဇော်ဦး ဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇-၈-၂၀၀၄။







တကောင်းအိုးအမှတ် ၆၄


## အိုးအမှတ် ၆၄ ၏ အတိုင်းအတာ

(က) အိုးအမြင့် = အက်ကွဲကျိုးကျနေ၍ တိုင်းမရပါ။

(ခ) အိုးကိုယ်ထည်အချင်း ခန့်မှန်း = ၅လက်မ

## အိုးအမှတ် ၆၄ ၏ ထူးခြားချက်

အိုး ၆၄ သည် အက်ကွဲနေပြီး အိုးခြမ်းပဲ့ပုံ အစုအဝေးမျှသာ ရှိနေ၏။



အိုးအမှတ် (၆၄)



www.burmeseclassic.com

www.burmeseclassic.com






တကောင်းအိုးအမှတ် ၆၅






## တကောင်းအိုးအမှတ် ၆၅

(က) တွေ့ရှိသည့်နေရာ ॥ ॥ TG 31 C မြောက်ဘက်ခြမ်း

(ခ) စတင်တွေ့ရှိသူ ॥ ॥ မန္တလေးရှေးဟောင်း သုတေသန ဦးစီး ဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ॥ ၁၇-၈-၂၀၀၄။



### အိုးအမှတ် ၆၅ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၅.၅လက်မ

(ခ) အိုးအဝ = ၁.၅လက်မ

(ဂ) အိုးကိုယ်ထည် အချင်း = ၅.၅လက်မ

(ဃ) အိုးလည်ပင်း ဖလုပ်နေရာအကျယ်= ၂.၅လက်မ

### အိုးအမှတ် ၆၅ ၏ ထူးခြားချက်

ရေတကောင်းပုံ ပြောင်ချောအိုးတစ်လုံး ဖြစ်သည်။ ကိုယ်ထည်အက်ကွဲနေ၍ အုတ်ခဲအနီသွေးရောင် ပေါက်နေသည်။

## တကောင်းအိုးအမှတ် ၆၆

(က) တွေ့ရှိသည့်နေရာ ॥ ॥ TG 31 C မြောက်ဘက်အစွန်တွင် တစ်ခုတည်း သီးခြား ရှိနေသည်။

(ခ) စတင်တွေ့ရှိသူ ॥ ॥ မန္တလေးရှေးဟောင်း သုတေသန ဦးစီး ဌာန။


(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ॥ ၁၇-၈-၂၀၀၄။



www.burmeseclassic.com


www.burmeseclassic.com





တကောင်းအိုးအမှတ် ၆၆

## အိုးအမှတ် ၆၆ ၏ အတိုင်းအတာ




(က) အိုးအမြင့် = ၂.၅လက်မ
(ခ) ထိပ်ဝအချင်း = ၅လက်မ

## အိုးအမှတ် ၆၆ ၏ ထူးခြားချက်

အမှတ် ၆၆ သည် တခြမ်းကွဲနေသော ရေဖလားတစ်ခုဖြစ်သည်။ အတွင်းမှ မြေစာများကို နှိုက်ယူစစ်ဆေးကြည့်သင့်သော်လည်း စစ်ဆေး မပြုလုပ်ရသေးပါ။








တကောင်းအိုးအမှတ် ၆၇

## တကောင်းအိုးအမှတ် ၆၇

(က) တွေ့ရှိသည့်နေရာ ။ ။ ???
(ခ) စတင်တွေ့ရှိသူ ။ ။ ???
(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၈–၂၀၀၄။

## အိုးအမှတ် ၆၇ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၄လက်မ
(ခ) အချင်း နစ်မြုပ်နေ၍ တိုင်းထွာရန် ခက်ခဲ
(ဂ) အောက်ခြေကရှုတ်ခွေအမြင့် = ၁လက်မ

## အိုးအမှတ် ၆၇ ၏ ထူးခြားချက်

အမှတ် ၆၇ သည် ရေဖလားတစ်ခု ဖြစ်သည်။ မှောက်လျက်သားရှိနေသည်။ ၆၃ အိုးအပေါ်တွင် ထပ်လျက်သား ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း - ၁၁

# TG 31 D ကို တွေ့ရှိတူးဖော်ခြင်း
# တကောင်းအိုးအမှတ် ၆၇ မှ အိုးအမှတ် ၇၅

တကောင်းအိုးအမှတ် ၆၈ မှ အမှတ် ၇၅ အထိသော အိုးတို့မှာ TG 31 D အကွက်တွင် ပါဝင်သော အိုးများ ဖြစ်သည်။ ထိုအိုးများသည် TG 31 အကွက်အား Side Museum ပြုလုပ်ရန် ဦးအေးလွင်တို့အဖွဲ့က ကျင်း ချ၍တူးရာမှ ထပ်မံတွေ့ရှိသော အိုးများ ဖြစ်သည်။

TG 31 D အိုးများကို TG 31 C နှင့် ၆ လက်မမျှအကွာ မြေပြင်မှ ၃ ပေ ၆ လက်မအနက်တွင် တွေ့ရှိရခြင်း ဖြစ်သည်။ ယင်းအိုးများကို ဆက်လက်မှတ်တမ်းတင်သွားမည် ဖြစ်ပါသည်။

**တကောင်းအိုးအမှတ် ၆၈A ၆၈B ၆၈C**

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 D အကွက်တောင်အစွန်းဆုံး နေရာတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီး ဌာန။


(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၂၃-၈-၂၀၀၄။



www.burmeseclassic.com

www.burmeseclassic.com







တကောင်းမြို့ အထကကျောင်းအတွင်း ကျင်းအမှတ် TG 31 Dမှ တွေ့ရှိရသော အိုးများ၏ ပန်းချီပုံ








တကောင်းအိုးအမှတ် ၆၈ A

အိုးအမှတ် ၆၈ ၏ အတိုင်းအတာ

| | | |
|---|---|---|
| (က) အိုးအမြင့် | = | လက်မ |
| (ခ) အိုးနှုတ်ခမ်းအဝ | = | ၆.၅လက်မ |

www.burmeseclassic.com

www.burmeseclassic.com




(ဂ) အိုးကိုယ်ထည်အချင်း = ၁၂လက်မ

(ဃ) အိုးဖောင်းရစ်အချင်း = ၈.၅လက်မ


၆၈B (အိုးအဝပေါ်တွင် ကျန်ရစ်သော အပိုင်း)

အိုးအဖုံးမှ ကွဲနေပြီ ဖြစ်၍ တိုင်းတာ၍ မရတော့ပါ။

၆၈ C(အိုးအဖုံး အလည်ပိုင်း ပြတ်ကျပြီး အိုးကိုယ်ထည်တွင် ကပ်နေသည့်အပိုင်း)



တကောင်းအိုးအမှတ် ၆၈ B




တကောင်းအိုးအမှတ် ၆၈ C




## အိုးအမှတ် ၆၈ ၏ ထူးခြားချက်

အိုးအမှတ် ၆၈ သည် TG 31 D အကွက်တွင်သာ အကြီးဆုံး အရိုးအိုးကြီး ဖြစ်ရုံသာမက A-B-C-D အကွက်လေးခုစလုံးတွင်လည်း အကြီးဆုံး ဖြစ်၏။ အနီရောင်ဖြစ်၍ အက်ကွဲလျက် ရှိသည်။ ဒီဇိုင်းမပါ ပြောင်ချော အိုးကြီးတစ်လုံး ဖြစ်၍ အိုးနှုတ်ခမ်းသားမှ ၁လက်မအကွာတွင် ဖောင်းရစ်ပါ ရှိသည်။ အတွင်းမှ မြေစာများကို ထုတ်ယူစစ်ဆေးခြင်း မပြုရသေးပါ။ ထုတ်ယူစစ်ဆေးပါက စိတ်ဝင်စားဖွယ်ရာ အများအပြား တွေ့ရှိရမည်ဟု ယူဆရပါသည်။



အိုးအမှတ်(၆၈)



တကောင်းကုန်းအမှတ် TG 31 D ကို သုတေသီများ လေ့လာနေကြစဉ်



www.burmeseclassic.com

## တကောင်းအိုးအမှတ် ၆၉A၆၉B၆၉C

(က) တွေ့ရှိသည့်နေရာ ။ ။ TG31D အကွက် တောင်ဘက် အိုးအမှတ် ၆၈ နှင့် ၇၀ အကြားတွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။


(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၂၃–၈–၂၀၀၄။




တကောင်းအိုးအမှတ် ၆၉ A







ရိုးအမှတ် (၆၇)

### အိုးအမှတ် ၆၉ ၏ အတိုင်းအတာ

၆၉A (အိုးကိုယ်ထည်)

(က) အိုးအမြင့် = ၉လက်မ

(ခ) အိုးနှုတ်ခမ်းအဝ အကျယ် = ၅လက်မ

(ဂ) အိုးကိုယ်ထည်အချင်း = ၉.၅လက်မ

(ဃ) အိုးဖောင်းရစ်အချင်း = ၇လက်မ

၉၆B (အိုးအဖုံး)

အိုးအမှတ် ၆၈ B အိုးအဖုံးသည် တစ်စစီ ကွက်အက် ပျက်စီးနေ၍ တိုင်းတာ၍ မရပါ။

## တကောင်းအိုးအမှတ် ၇၀ A ၇၀ B

(က) တွေ့ရှိသည့်နေရာ ။ ။ TG31D အကွက် အနောက်တောင်ထောင့်တွင် ၆၉ အိုးနှင့် ယှဉ်လျက် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီးဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၂၃–၈–၂၀၀၄။

### အိုးအမှတ် ၇၀ ၏ အတိုင်းအတာ

၇၀A (အိုးအမှတ် ၇၀ ၏ကိုယ်ထည်)

(က) အိုးအမြင့် = ၈.၅လက်မ

(ခ) အိုးနှုတ်ခမ်းအဝ = ၇လက်မ

(ဂ) အိုးကိုယ်ထည်အချင်း = ၈လက်မ

(ဃ) အိုးဖောင်းရစ်အချင်း = ၅.၅လက်မ

၇၀B (အိုးအမှတ် ၇၀ ၏ အဖုံး၊ အမှတ် ၇၀ အိုး၏ နှုတ်ခမ်းပေါ်တွင် ထပ်လျက်သား ကျနေသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com







တကောင်းအိုးအမှတ် ၇၀








တကောင်းအိုးအမှတ် ၇၀ B

(က) အဖုံး၏အမြင့် = ၂လက်မ
(ခ) အဖုံး၏အချင်း = ၇လက်မ

## အိုးအမှတ် ၇၀ ၏ ထူးခြားချက်


အိုးအမှတ် ၇၀ သည် အိုးကြီးတစ်အိုးဖြစ်သည်။ အဖုံးရော ကိုယ်ထည်ပါ ကွဲအက်၍ ထောင်လျက်သား ရှိနေသည်။ လည်ပင်းပါ ဖင်လုံးအမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com





အိုးအမှတ် (၇၀)

အိုးဖြစ်၍ အိုးကိုယ်ထည်အောက်ပိုင်း အဒေါင်လိုက် အစဉ်းများ ပါရှိသည်။ အိုးအမှတ် ၆၈၊ ၆၉ နှင့် ၇၀ တို့သည် အတွင်းမှ မြေစာများကို စစ်ဆေး ကြည့်ရှုရပါက အလွန် စိတ်ဝင်စားဖွယ် ရာကောင်းမည့် အိုးများ ဖြစ်ပါသည်။

## တကောင်းအိုးအမှတ် ၇၁

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 D အကွက် အနောက်ခြမ်း အိုးအမှတ် ၇ တွင် ကပ်လျက်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီး ဌာန။


(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၂၃-၈-၂၀၀၄။

### အိုးအမှတ် ၇၁ ၏ အတိုင်းအတာ

| | | |
|---|---|---|
| (က) | အိုးအမြင့် | = ၆.၅လက်မ |
| (ခ) | မြေပန်းကန်အချင်း | = ၅.၅လက်မ |
| (ဂ) | အောက်ခြေကရွတ်ခွေ (ခွာ) အချင်း | = ၃လက်မ |
| (ဃ) | အိုးကရွတ်ခွေအမြင့် | = .၅လက်မ |








### အိုးအမှတ် ၇၁ ၏ ထူးခြားချက်

အိုးအမှတ် ၇၁ အိုး အမှတ် ၃၀ အနီးတွင် ရှိပြီး အောက်ခြေကရွတ် ခွေပါ မြေ ပန်းကန်တစ်ချပ် ဖြစ်သည်။

## တကောင်းအိုးအမှတ် ၇၂




တကောင်းအိုးအမှတ် ၇၂

(က) တွေ့ရှိသည့်နေရာ ။ ။ TG 31 D အနောက်မြောက်ဘက် အိုးအမှတ် ၇၁ နှင့် ၇၂ တို့၏ အကြား တွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီး ဌာန။

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၂၃-၈-၂၀၀၄။



www.burmeseclassic.com

www.burmeseclassic.com




### အိုးအမှတ် ၇၂ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၆.၅လက်မ
(ခ) အိုးနှုတ်ခမ်းအဝ = ၁လက်မ
(ဂ) အိုးကိုယ်ထည်အချင်း = ၇လက်မ
(ဃ) အိုးလည်ပင်းအကျယ်ဆုံးဖလုပ်နေရာ= ၂.၅လက်မ

### အိုးအမှတ် ၇၂ ၏ ထူးခြားချက်

အိုးအမှတ် ၇၁ သည် ရေတကောင်းပုံအိုး ဖြစ်သည်။ အသွေးကျကျ အုတ်ခဲရောင်ရှိ၍ အိုးပခုံးပေါ်တွင် ဖောင်းရစ်ပါရှိ၍ ဖောင်းရစ်တစ်ခုနှင့်တစ်ခု အကြားတွင် သစ်ရွက်နှင့် လှိုင်းတွန့် တစ်လှည့်စီပါရှိသော ဒီဇိုင်းပါရှိသည်။ အောက်ခြေ ကရွတ်ခွေ ပါရှိခြင်း မရှိ။ အိုးကိုယ်ထည်အောက်ပိုင်းတွင် ဒေါင်လိုက် ဒီဇိုင်းများပါရှိသည်။


အိုးအမှတ် (၇၂)

### တကောင်းအိုးအမှတ် ၇၃

(က) တွေ့ရှိသည့်နေရာ ။ ။ TG31D အကွက်၏ မြောက်အခြမ်း တွင်ရှိသည်။
(ခ) စတင်တွေ့ရှိသူ ။ ။ မန္တလေးရှေးဟောင်း သုတေသန ဦးစီး ဌာန။
(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၂၃-၈-၂၀၀၄။

### အိုးအမှတ် ၇၃ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၆.၅လက်မ
(ခ) အိုးနှုတ်ခမ်းအဝအကျယ် = ၁လက်မ







(ဂ) အိုးကိုယ်ထည်အချင်း = ၇လက်မ
(ဃ) အိုးဖောင်းရစ်အချင်း = ၂လက်မ

### အိုးအမှတ် ၇၃ ၏ ထူးခြားချက်


အိုးအမှတ် (၇၃)

အိုးအမှတ် ၇၃ သည် ၇၂ နှင့် ဒီဇိုင်းတူ အရွယ်အစားတူ အိုးနှစ်လုံး ပါသည်။ အိုး ၇၃ ၏ ပခုံးတွင် ဖောင်းရစ်သုံးရစ် ပါရှိ၍ ထိုဖောင်းရစ် သုံးရစ် အကြား၌ သစ်ရွက်တစ်လှည့်၊ ရေလှိုင်း တစ်လှည့် ဒီဇိုင်းပါရှိ၏။ အိုးအောက် ပိုင်းတွင် ဒေါင်လိုက်အစင်းကြောင်းများ ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၇၄

(က) တွေ့ရှိသည့်နေရာ ။ ။ တကောင်းအထက အနောက်တောင်ထောင့်နေရာ (နေရာအသစ်)

(ခ) စတင်တွေ့ရှိသူ ။ ။ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်


(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၂၄–၈–၂၀၀၄။

### အိုးအမှတ် ၇၄ ၏ အတိုင်းအတာ

(က) အိုးအမြင့် (အရှိ) = ၆.၅လက်မ

(ခ) အိုးနှုတ်ခမ်းအဝအကျယ် = အိုးခေါင်းပိုင်းပြတ်နေသည်


(ဂ) အိုးကိုယ်ထည်အချင်း = ၇လက်မ




တကောင်းအိုးအမှတ် ၇၄







### အိုးအမှတ် -၇၄ ၏ ထူးခြားချက်


အိုးအမှတ် ၇၄ သည် လုံးဝိုင်းသော အိုးတစ်လုံး ဖြစ်သည်။ အိုး ဖုတ်ချိန်က ကျန်ရစ်သော နက်ပြာရောင် အကွက်ရှိ၍ ပခုံးတွင် ဖောင်းရစ် သုံးရစ်ပါသည်။ အိုးကိုယ်ထည်အောက်ပိုင်းတွင် ခေါင်လိုက် အစင်းဒီဇိုင်းများ ပါရှိ၏။ အိုးအမှတ် ၇၄ ကို တကောင်း လေးမျက်နှာဘုရား ယာယီပြတိုက်တွင် သိမ်းဆည်းထားသည်။

## တကောင်းအိုးအမှတ် ၇၅

(က) တွေ့ရှိသည့်နေရာ ။ ။ TG31D အကွက်၏ အရှေ့မြောက်ထောင့်တွင် ရှိသည်။

(ခ) စတင်တွေ့ရှိသူ ။ ။ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာခင်

(ဂ) စတင်တွေ့ရှိသည့်နေ့ရက်။ ။ ၁၇–၉–၂၀၀၄။





www.burmeseclassic.com

www.burmeseclassic.com



### အိုးအမှတ် ၇၅ ၏ အတိုင်းအတာ

(က) အိုးအမြင့် = ၅.၅လက်မ
(ခ) အိုးနှုတ်ခမ်းအဝ = ၄လက်မ
(ဂ) အိုးကိုယ်ထည်အချင်း = ၆လက်မ
(ဃ) အိုးဖောင်းရစ်အချင်း = ၃.၆လက်မ


### အိုးအမှတ် ၇၅ ၏ ထူးခြားချက်

TG 31 အကွက် A, B, C, D တို့ကို တွေ့ရှိပြီး ၂၄-၈-၂၀၀၄ နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် သုတေသနလက်ထောက် ၄ ဦးလင်းထွန်းကြည်တို့ ရောက်ရှိကာ အိုးများ ကြွခိုင်စေရန် ဓာတုဗေဒဆေးများဖြင့် ထိန်းသိမ်းသန့်စင်မှုပြုခြင်း၊ အိုးအောက်ခံမြေသား ကျစ်လျစ်ခိုင်မာစေရန် ဆေးဖြန်းခြင်းတို့ကို ပြုလုပ်သည်။ ထိန်းသိမ်းရေးမှူး ဦးအေးလွင်က Side Museran ပြုလုပ်ရန် အလျား ၂၄ ပေ၊ အနံ ၁၆ ပေရှိသော မြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်ခဲ့သည်။ ထို့နောက် ရန်ကုန်မှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာခင်သည် ၁၇-၁၀-၂၀၀၄ ခုနေ့တွင် တကောင်းသို့ ရောက်ရှိကာ TG 31 အကွက်မှ အိုးများ အားလုံးကို အလူမီနီယမ် မှန်ဘောင်များဖြင့် အုပ်ဆောင်းကာယံ အကာအကွယ်ပေးသည်။ ထိုသို့ အကာအကွယ်ပြုရေးအတွက် TG31 C အကွက်မှ မြေသားအချို့ကို လှီးဖဲ့ရာတွင် အိုးအမှတ် ၇၅ ကို စတင် တွေ့ရှိသည်။

နောက်ပိုင်းမှ တွေ့ရှိသောကြောင့် TG31 C အကွက်တွင် ရှိနေသော်လည်း အိုးများကို အစဉ်လိုက် နာမည်ပေးပြီး ဖြစ်၍ ဤအိုးကို နံပါတ် ၇၅ အဖြစ် ပေးသည်။ အိုးအမှတ် ၇၅ တွင် ဒီဇိုင်းနှစ်တန်းပါရှိသည်။ ဒီဇိုင်းပုံမှာ အလယ်အစက် နေရောင်ခြည် ဖျာထွက်နေပုံ ဖြစ်ပြီး အိုးအမှတ် ၃၅ ပါ ဒီဇိုင်းနှင့် တူသည်။



## တကောင်းအိုးအမှတ် ၇၆



(ဤအိုးနှင့် တစ်ဆက်တည်း Layer အလွှာများတွင် အခြားသော အရိုးအိုးအကွဲ အစ များစွာတွေ့ရသည်။)

တွေ့ရှိသည့်နေရာ ။ ။ ယဉ်ကျေးမှုပြတိုက်စီမံကိန်း ပန္နက်ကျင်း တူးဖော်သည့်နေရာ၊
တွေ့ရှိသည့်ရက်စွဲ ။ ။ ၂၈. ၁. ၂၀၀၅ (သောကြာ)
အမျိုးအစား ။ ။ အောက်ခြေကရွတ်ခွေပုံပါ ရေတကောင်းပုံ

### အိုးအမှတ် ၇၆ ၏ အတိုင်းအတာ

(က) အိုးအမြင့် ။ ။ ၇.၅ လက်မ
(ခ) အချင်း ။ ။ ၅.၅ လက်မ
(ဂ) အောက်ခြေကရွတ်ခွေ (ခွာ) အချင်း ။ ။ ၂.၅ လက်မ
(ဃ) လည်ဝအကျယ် ။ ။ ၂ လက်မ




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၇၇



ရှေးဟောင်း သုတေသနဦးစီးဌာနမှ သီးခြားအစီရင်ခံမှု မရှိ။

တွေ့ရှိသည့်နေရာ ။ ။ ယဉ်ကျေးမှုပြတိုက် စီမံကိန်း ပန္နက် ကျင်းတူးဖော်သည့်နေရာ

တွေ့ရှိသည့်ရက်စွဲ ။ ။ ၃၀. ၁. ၂၀၀၅

### အိုးအမှတ် ၇၇ ၏ အတိုင်းအတာ


(က) အိုးအမြင့် ။ ။ ပြည့်စုံခြင်းမရှိတော့ပါ

(ခ) အချင်း ။ ။ ၈.၂ လက်မ





## တကောင်းအိုးအမှတ် ၇၈



အမှတ် (၂) မြို့ရိုးအပြင်ဘက် (အမှတ် – ၂/အမှတ်–၃ မြို့ရိုး နှစ်ခု အကြား) မှ ပထမဆုံးတွေ့ရသောအိုး ဖြစ်သည်။ ဤအိုးနှင့်အတူ အရိုး အိုးကြီးတစ်လုံးပါ ပူးတွဲတွေ့ရသည်။ (အိုးတွင်းပါ ပစ္စည်းကို စစ်ဆေးခြင်းမပြုရသေးပါ)။ T.G. 31 (အထကပြခန်း) တွင် တွေ့ရသည့်အိုးများနှင့် ဆင်တူသည်။

တွေ့ရှိသည့်နေရာ ။ ။ ရွှေစည်းခုံဘုရားမြောက်ဘက် (အမှတ်–၂ မြို့ရိုး အရှေ့ဘက် ကိုက် ၅၀ ခန့် အကွာ) လမ်းတောင်ဘက်နှုတ်ခမ်း၊ အနက် ၃.၅ ပေ၌ တွေ့ရသည်။

တွေ့ရှိသည့်ရက်စွဲ ။ ။ ၁၄. ၂. ၂၀၀၅

အမျိုးအစား ။ ။ အောက်ခြေလုံးဝိုင်း ရေတကောင်းပုံ

### အိုးအမှတ် ၇၈ ၏ အတိုင်းအတာ

(က) အိုးအမြင့် ။ ။ ၆.၁ လက်မ

(ခ) အချင်း ။ ။ ၅.၆ လက်မ

(ဂ) နှုတ်ခမ်းဝအကျယ် ။ ။ ၁.၅ လက်မ




www.burmeseclassic.com

www.burmeseclassic.com



## တကောင်းအိုးအမှတ် ၇၉



အမှတ် (၂) နှင့် အမှတ် (၃) မြို့ရိုး အကြား တွေ့ရသည်။ ဤအိုးနှင့်ကပ် လျက် အခြား အိုးခြမ်းကွဲများအပြင် ကြီးမားသော အိုးကြီး တစ်ခု၏ အပိုင်းအစအချို့ကို တွေ့ရသည်။ အနီးတစ် ပိုက်မှ မီးသွေး၊ အရိုးစများတွေ့ရ သဖြင့် အရိုးအိုးနှင့်အတူ မြှုပ်နှံခဲ့သည့်အိုးဟု ယူဆရသည်။ ဒီဇိုင်းပုံမှာ ရိုးရှင်းပြီး ကန့်လန့်ဖြတ်တုံးငယ်များ အသွင် ပုံဖော်ထားသည်။ အရိုးအိုးဖြစ်ဟန်မတူပဲ သိုလှောင်အိုး ဖြစ်ဟန်ရှိသည်။ အတွင်းပါပစ္စည်း မစစ်ဆေးရသေးပါ။

| | |
|---|---|
| တွေ့ရှိသည့်နေရာ ။ | ။ ရွှေစည်းခုံဘုရားမြောက်ဘက် (အမှတ် –၂ မြို့ရိုးအရှေ့ဘက် ကိုက်–၃၀ခန့် အကွာ) လမ်းတောင်ဘက် နှုတ်ခမ်း၊ အနက် ၄ လက်မ၌ တွေ့ရသည်။ |
| တွေ့ရှိသည့်ရက်စွဲ ။ | ။ ၁၄. ၂. ၂၀၀၅ |
| အမျိုးအစား ။ | ။ အောက်ခြေလုံးဝိုင်း ဟင်းချက် (သိုလှောင်) အိုးပုံ။ |

### အိုးအမှတ် ၇၉ ၏ အတိုင်းအတာ

(က) အိုးအမြင့် ။ ။ ၆.၅ လက်မ

(ခ) အချင်း ။ ။ ၇ လက်မ



## အခန်း (၁၂)

## တကောင်းအိုးများပေါ်တွင် ပါရှိသည့် တံဆိပ်အမှတ်အသားများ

တကောင်းမှ တွေ့ရှိရသော အိုးများကို

၁။ ဆယ်လုံးကို အက္ခရာဖြင့် အမှတ်အသားပြုထားသောအိုး ၁၀ လုံး

၂။ ၁ မှ ၇၅ အထိ ပြုလုပ်၍ လည်းကောင်း၊ ၇၅ လုံးကို ဂဏန်းအမှတ်အသားပြု၍ လည်း ကောင်း မှတ်သားထားပါ၏။ စုစုပေါင်း အိုး ၈၅ လုံး ဖြစ်သည်။

ယင်း ၈၅ လုံးသောအိုးတို့တွင် အိုး ၂၅ လုံး၌ တံဆိပ်အမှတ်အသားများပါရှိသည်။ အိုးများတွင်ပါရှိသော တံဆိပ်အမှတ်အသားတို့သည် ထိုခေတ်က ယဉ်ကျေးမှုအဆင့်အတန်း စိုက်ပျိုးရေးမွေးမြူရေးအခြေအနေ၊ ဓလေ့ရိုက်ကိုးကွယ်မှု အခြေအနေများကို အကဲခတ်ရန် သဲလွန်စများပင် ဖြစ်သည်။ အသုံးပြုရန် အိုးလုပ်ရုံသက်သက်မဟုတ်ဘဲ အချယ်အလှယ် အမွှန်းအမံတို့ ပြုလုပ်ထားသဖြင့် ထိုခေတ်အခါက ယင်းတို့၏ စိတ်ကူးစိတ်သန်းများကိုလည်း လေ့လာနိုင်သည်။

### ၁။ အိုးအမှတ် (ခ) ပေါ်မှ ဒီဇိုင်း

အက္ခရာဖြင့် အမှတ်အသားပြုထားသော အိုး ၁၀ လုံးအနက် (ခ) အိုးနှင့် (ဂ)အိုးတို့တွင် ဒီဇိုင်းအမှတ်အသားများ ပါရှိ၏။




www.burmeseclassic.com

www.burmeseclassic.com



အိုး (ခ) ပေါ်မှတံဆိပ်တွင် အတွင်းစက်စက်ဝိုင်းနှင့် အပြင်စက်ဝိုင်း စက်ဝိုင်းနှစ်ဆင့် ပါရှိ၏။ အလယ်တွင် အစက်အပျောက်ကြီးတစ်ခု ပါရှိသည်။ အဝိုင်း နှစ်ဆင့်ပါရှိပြီး တစ်ဆင့်စီတွင် အဝိုင်းပေါင်း ၂၁ ဝိုင်း အိုးတစ်ခုလုံးတွင် အဝိုင်း ၄၂ ဝိုင်း ပါရှိ၏။ အပြင်စက်ဝိုင်း၌ အစက်အပျောက် ၁၉ ခုနှင့် အတွင်းစက်ဝိုင်းတွင် အစက်အပြောက် ၁၂ ခုပါသည်။



အိုးအမှတ် (ခ)ပေါ်မှ ဒီဇိုင်း

စက်ဝိုင်းများနှင့် အစက်အပြောက်တို့၏သဘောမှာ နေပုံ၊ လပုံ၊ မိုးကုတ်စက်ဝိုင်းကြီးပုံတို့ကို ဝင်စားရေးဆွဲဟန် ရှိသည်။ အစက်အပြောက်တို့မှာ မရေမတွက်နိုင်သော ကြယ်များကို ကိုယ်စားပြုလေသလား သို့မဟုတ် သီ၍ ဝတ်ဆင်သော ပုတီးစေ့ အလုံးလေးများကို ကိုယ်စားပြုလေသလောဟု စဉ်းစားစရာရှိပါ၏။ မည်သို့ပင်ဆိုစေ ဤအမှတ်တံဆိပ်သည် အလုံးအဝိုင်းကို အခြေခံ စဉ်းစားသော စိတ်ကူးစိတ်သန်းဟုလည်း စဉ်းစားဖွယ်ရာ ဖြစ်၏။ သံသရာ၏ သဘော ပဋိစ္စသမုပ္ပါဒ် စသော အတွေးပေပဲလားဟုလည်း ယူဆနိုင်ပါသည်။ ဒီဇိုင်း စက်ဝိုင်းတစ်ခုလုံး၏ အချင်းသည် ၀.၇၅ လက်မ အချင်းရှိသည်။

## ၂။ အိုးအမှတ် (ဂ) ပေါ်မှ ဒီဇိုင်း



အိုးအမှတ် (ဂ)ပေါ်မှ ဒီဇိုင်း

အိုးအမှတ် (ဂ) သည် ၂၀၀၂ ခုနှစ်က ဒေါ်တာတာ တွေ့ရှိသောအိုးဖြစ်၏။ အိုးတွင် မီးတောက်ပုံ၊ မီးအိမ်ပုံ ဒီဇိုင်းပါရှိသည်။ တစ်အိုးလုံးတွင် ဒီဇိုင်း ၁၉ ခုပါရှိ၏။ ဒီဇိုင်း၏ အမြင့်သည် ၀.၈ လက်မရှိ၍ အချင်းသည် ၀.၆ လက်မရှိသည်။ မီးကို ထိရောက်စွာ အသုံးပြုနေပြီဖြစ်သည်ဟု ယူဆရသည်။ မီးကို အသုံးပြု၍ အိုးလုပ်နိုင်ပြီ ဖြစ်သောကြောင်း






လည်းကောင်း၊ အိုးဖြင့် အသားများကို ချက်ပြုတ်လာနိုင်ပြီဖြစ်သောကြောင့် လည်းကောင်း၊ ကြေးနှင့် သံကို မီးဖြင့် အရည်ကျို၍ရသောကြောင့် လည်းကောင်း၊ မီးမှ အလင်းရောင်ရရှိ၍ လည်းကောင်း၊ မီး၏ကျေးဇူးကို အထူးသိရှိကာ အိုးပေါ်တွင် မီးတောက်မီးလျှံ မီးအိမ်ပုံဒီဇိုင်းတံဆိပ် ရေးဆွဲလေရော့သလားဟု စဉ်းစားဖွယ်ရာ ရှိပါ၏။

အက္ခရာဖြင့် မှတ်သားသော အိုး ၁၀ လုံးအနက် ဤနှစ်လုံးတွင်သာ ဒီဇိုင်းပါရှိ၏။



## ၃။ အိုးအမှတ် (၁)၏ ဒီဇိုင်း

အိုးအမှတ် (၁) ၏ ဒီဇိုင်းသည် စက်ဝိုင်းအတွင်း နွားရုပ်ပါရှိခြင်း ဖြစ် သည်။ စက်ဝိုင်း ၂၀ တွင် နွားအကောင် ၂၀ ပါရှိ၏။ နွားရုပ်ဒီဇိုင်းသည် ပီပြင်မှုရှိ၍ နွားကို အိမ်မွေးတိရစ္ဆာန်အဖြစ် အသုံးပြုနေပြီ ဖြစ်ဟန်ရှိ၏။ ထိုစဉ်ကပင် နွားကို လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုရုံသာမက နွားအရည်၊ အသား၊ အရိုးတို့ကိုပါ အသုံးပြုနေ၍ အသုံးဝင်လှသော နွားပုံကို အိုးပေါ်တွင် တမင်ရေးဆွဲမှတ်တမ်းတင်ထားဟန် ရှိ၏။ အိုးပေါ်မှ ဒီဇိုင်းရုပ်ပုံများကို ကြည့်၍ ပျူတို့၏ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး အစရှိသည့် ကိစ္စများကို တွေးဆ မှတ်တမ်းတင်ဖွယ်ရာ ဖြစ်ပါ၏။






www.burmeseclassic.com

www.burmeseclassic.com





၄။ အိုးအမှတ် ၅ ဒီဇိုင်း

အိုးအမှတ် ၅ ၏ ဒီဇိုင်းမှာ အလယ်တွင် အစက်အပြောက်ကြီးတစ်ခုရှိ၍ ယင်းအစက်မှ နေ၍ နေခြည်ရှစ်ခုဖြာထွက်နေပုံ ဖြစ်၏။ ဖြာထွက်နေသော နေခြည်တန်းများကို စက်ဝိုင်းဖြင့် ပြန်၍ဝိုင်းထားသည်။

နေခြည်ဖြာထွက်သော အဝိုင်းတန်း နှစ်တန်း ပါရှိ၍ တစ်တန်းတွင် တံဆိပ်ဝိုင်း ၁၆ ခုစီ စုစုပေါင်း နေခြည်ဖြာထွက်ပုံ တံဆိပ်အဝိုင်း ၃၂ ခု ပါရှိသည်။ ထိုကဲ့သို့သော နေခြည်တံဆိပ်များကို တပ်ရင်းတပ်ဖွဲ့ တံဆိပ်အဖြစ် ယနေ့အချိန်အခါတွင်ပင် အသုံးပြုမှုရှိသည်။ နေကို ဗဟိုပြု အတွေးအခေါ်မှ ပေါ်ပေါက်လာသော ဒီဇိုင်းပုံစံတစ်ရပ်ဟု မှတ်ယူနိုင်ပါ၏။

၅။ အိုးအမှတ် ၇ (က) မှ ဒီဇိုင်း

အိုးအမှတ် ၇ သည် ဆရာဦးအောင်ကျော် တွေ့ရှိသောအိုးခြောက်လုံး ဖြစ်သည်။ ယင်းအိုးခြောက်လုံးအနက် အိုးအမှတ် ၇ (က) နှင့် ၇ (ခ) တို့တွင် ဒီဇိုင်းပါရှိ၏။



အိုးအမှတ် ၇ (က) တွင် ဆင်ရုပ်ဒီဇိုင်းပါရှိ၍ ၇ (ခ)တွင် ဟင်္သာရုပ်ဒီဇိုင်းပါရှိသည်။ ဆင်ပုံသည် အိုးကိုယ်ထည် ပတ်ပတ်လည်တွင် ရိုက်နှိပ်သည်။ အချင်း ၁.၉ စင်တီမီတာရှိ စက်ဝိုင်း ၁၆ ခုတွင် ဆင်ရုပ် ၁၆ ရုပ် ထည့်သွင်းထားခြင်း ဖြစ်သည်။







၆။ အိုးအမှတ် ၇ (ခ) မှ ဒီဇိုင်း

အိုးအမှတ် ၇(ခ) ၏ ကိုယ်ထည်ပတ်ပတ်လည်တွင် အချင်း ၂ စင်တီမီတာရှိ စက်ဝိုင်းအတွင်း၌ ဟင်္သာရုပ် ၁၄ ရုပ်ပါရှိ၏။ ဤဒီဇိုင်းပုံများသည် မိမိတို့ ပတ်ဝန်းကျင်တွင်တွေ့မြင်နေကျ သတ္တဝါနှင့် အကောင်များကို အိုးပေါ်သို့ တင်ထားခြင်း ဖြစ်သည်။ တကောင်းသည် ဟတ္ထိနပူရဟု အမည်တွင်ရလောက်အောင် ဆင်ပေါ၍ ဆင်ညှပ်ကုန်းသည့် ဆင်ဖမ်းရာအရပ်ဒေသတစ်ခုလည်း ဖြစ်၏။ ဧရာဝတီနှင့် မလှမ်းမကမ်းတွင် နေထိုင်ကြသော သူတို့သည် ဝမ်းဘဲ၊ ဟင်္သာ တို့နှင့်လည်း မကင်းနိုင်ဘဲ သူတို့အသုံးပြုသော အိုးများပေါ်အထိ တင်ပို့၍ ဆင်ရုပ်၊ ဟင်္သာရုပ်များကို ရေးဆွဲထားကြခြင်း ဖြစ်သည်။ တကောင်းမှ တွေ့ရှိရသော အိုးပေါ်မှ ဒီဇိုင်းများကို လေ့လာရာတွင် ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာတို့မှ ဒီဇိုင်းများနှင့်လည်း ယှဉ်တွဲလေ့လာဖွယ်ရာ ဖြစ်ပါ၏။

၇။ အိုးအမှတ် ၁၁ ပေါ်မှ ဒီဇိုင်း

အိုးအမှတ် ၁၁ ၏ ဒီဇိုင်းသည် ထူးခြားသော ဒီဇိုင်းဖြစ်သည်။ သရဖူဆောင်းထားသော အကြီးအကဲတစ်ဦးပုံ ပါရှိ၍ တစ်ဖက်တစ်ချက်စီတွင်



ဆင်ပုံနှင့် နွားပုံပါရှိ၏။ အကြီးအကဲ၏ ဦးခေါင်းပိုင်း ပုံပါရှိသော စက်ဝိုင်း အတန်းသုံးတန်း ပါရှိသည်။ စက်ဝိုင်းသုံးတန်း အနက် ပထမတန်းတွင် စက်ဝိုင်းပုံ ၂၀၊ ဒုတိယတန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



ကော်ဝိုင်း ၂၂ ဝိုင်းနှင့် တတိယ တန်းတွင် စက်ဝိုင်း ၂၄ ဝိုင်း စုစုပေါင်း ၆၆ ဝိုင်း ပါရှိ၏။

လူရုပ်ပုံပါသော စက်ဝိုင်း၏အချင်းသည် ၁ လက်မရှိသည်။ အကြီးအကဲပုံပါ ရှိ၍ ထိုဒီဇိုင်းရေးဆွဲချိန်တွင် အုပ်ချုပ်မှု စတင်လျက်ရှိပြီဟု ယူဆရသည်။ ထိုခေတ်အခါ၌ ဆင်နှင့် ကျွဲနွား စသော တိရစ္ဆာန်တို့သည်လည်း လူနှင့် မကမ်းမလှမ်းတွင် ရှိနေကြပြီး သို့မဟုတ် ဆင်၊ နွားကို လူတို့ယဉ်ပါးအောင် ပြုလုပ်အသုံးပြုနေကြပြီဟု ယူဆရသည်။ အကြီးအကဲများသည် ဆင်နှင့် နွားကို အုပ်ချုပ်သူ အကြီးအကဲ၏ အဆောင်အယောင်အဖြစ် အသုံးပြုနေကြပြီဟုလည်း ယူဆဖွယ်ရာရှိသည်။

## ၈။ အိုးအမှတ်ပေါ်မှ ၁၆



အိုးအမှတ် ၁၆ တွင် ၂.၃ စင်တီမီတာရှိ ပန်းပုံဒီဇိုင်းပါရှိသည်။ အလယ်တွင် အစက်တစ်စက်ပါရှိ၍ ပွင့်ဖတ်လေးခုက အရှေ့အနောက်တောင်မြောက် ဖြာထွက်နေသည်။ ယင်းပွင့်ဖတ်ကြီးလေးဖတ်၏ အကြားတွင် ဝတ်ဆံငယ်သုံးခုစီ ရှိသည်။ တံဆိပ်အတန်း နှစ်တန်းပါရှိ၍ ပထမတန်းတွင် ဒီဇိုင်း ၁၇ ခုနှင့် ဒုတိယတန်းတွင် ၁၉ ခုပါရှိ၏။ လှပသော ပန်းတစ်ပွင့်၏ ဒီဇိုင်းပုံဖြစ်သည်။



## ၉။ အိုးအမှတ် ၁၇ ပေါ်မှ ဒီဇိုင်း

TG 31 အတွင်းမှ တွေ့ရှိရသော အိုးများအကြောင်းကို ရေးသားရာတွင် အိုးပေါ်မှ တံဆိပ်အမှတ်အသားများအကြောင်းကို ဖော်ပြပြီး ဖြစ်ပါ၍ အသေးစိတ်အတိုင်းအတာများကို မဖော်ပြတော့ပါ။





လှပသော ပွင့်ဖတ် ၁၂ ချပ်ပါရှိသော ပန်းတစ်ပွင့်ဖြစ်၍ အလယ်တတ်ဆံတွင် စက်ဝိုင်းပါရှိ၏။ ပွင့်ဖတ်၏အနားများတွင် အရိပ်များ ထည့်သွင်းထားသည်။ ဒီဇိုင်းအတန်း နှစ်တန်းတွင် တံဆိပ်ပေါင်း ၄၀ ပါရှိသည်။ အိုးလုပ်သူသည် သူလုပ်သော အိုးကို အလှဆင်ရာတွင် သူ့ပတ်ဝန်းကျင်ရှိ ပန်းပွင့်လေးတစ်ပွင့်ကို (မှီ) ပြုလုပ်၍ တံဆိပ်ရိုက် ပုံဖော်ထားခြင်း ဖြစ်သည်။



## ၁၀။ အိုးအမှတ် ၁၈ ပေါ်မှ ဒီဇိုင်း

အိုးအမှတ် ၁၈ ပေါ်မှ တံဆိပ်သည် ပွင့်ဖတ် ၉ ခုပါ ပန်းတစ်ပွင့် ဖြစ်သည်။ နေကြာပွင့်ပေပဲလား ဟုလည်း တွေးထင်စရာ ရှိပါ၏။

## ၁၁။ အိုးအမှတ် ၁၉ ပေါ်မှ ဒီဇိုင်း



အိုးအမှတ် ၁၉ ပေါ်မှ ဒီဇိုင်းသည် ထူးခြားမှု ရှိသည်။ ပျူဒဂၤါးတစ်ခု၏ ဒီဇိုင်းပုံသဏ္ဌာန် ရှိသည်။ အခိုးအငွေ့တန်းများ အလင်းတန်းသဏ္ဌာန်များ ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





၁၂။ အိုးအမှတ် ၂၂ ပေါ်မှ ဒီဇိုင်း

အိုးအမှတ် ၂၂ တွင်ပါရှိသော ဒီဇိုင်းမှာ အလယ်တွင် ခရုသင်းပုံသဏ္ဌာန်ပါရှိ၍ မီးလျှံများ၊ စကြာပုံထွက်နေသဖြင့် ထူးခြားသော ဒီဇိုင်းပုံတစ်ခု ဖြစ်၏။





၁၃။ အိုးအမှတ် ၂၄ ပေါ်မှ ဒီဇိုင်း

အိုးအမှတ် ၂၉ ပေါ်မှ ဒီဇိုင်းသည် နှစ်မျိုး နှစ်စားဖြစ်၏။ အပေါ်တန်းပေါ်မှ ဒီဇိုင်းသည် တစ်မျိုးဖြစ်၍ အောက်ဘက်တန်းမှ ဒီဇိုင်းက တစ်မျိုး ဖြစ်၏။ နှစ်ခုစလုံးသည် မီးတောက်မီးလျှံပုံများ ဖြစ်သည်။ အပေါ်တန်းမှ ဒီဇိုင်းသည် အိုးနံပါတ် ၈ ပေါ်မှ ဒီဇိုင်းနှင့် ဆင်တူ၏။ ဒီဇိုင်းနှစ်ခုစလုံးသည် ထင်ရှားသည်။



၁၄။ အိုးအမှတ် ၂၅ ပေါ်မှ ဒီဇိုင်း

အိုးအမှတ် ၂၅ ပေါ်မှ ဒီဇိုင်းသည် အခြားဒီဇိုင်းများနှင့်မတူ မီး တောက်မီးလျှံများ၊ နေပုံလပုံ၊ တိရစ္ဆာန် ပုံ၊ ပန်းပုံတို့မဟုတ်ဘဲ ဂျဩမေတြီပုံ ဒီဇိုင်း ဖြစ်သည်။





၁၅။ အိုးနံပါတ် ၃၀ပေါ်မှ ဒီဇိုင်း



အိုးအမှတ် ၃၀ ပေါ်မှ ဒီဇိုင်းကို ငှက်ဆင်တစ်ကောင်၏ ပုံဟု ဆိုကြသည်။ ယခုအခါ ငှက်ဆင်ဆိုသည် မတွေ့ဖူးတော့ဘဲ စာနှင့် ပုံပြင် နိပါတ်ဝတ္ထုများ၌သာ ရှိတော့၏။ ကြီးမားသော ငှက်ကြီးကို ငှက်ဆင်ဟု ခေါ်ဆိုခြင်း ဖြစ်မည်။ ပုဂံခေတ်ဦးတွင်ပင် ကျားကြီးငှက်ကြီး ရှုးပျံကြီးတို့ ရှိခဲ့ပြီး တကောင်း ခေပဒူတမင်းသားသည် ဝက်ကြီးနောက်သို့ သရေခေတ္တရာရောက်အောင် လိုက်ခဲ့သူဖြစ် သည်။ တကောင်းခေတ်အခါက ထိုကဲ့သို့သော ငှက်ကြီးများလည်း ရှိခဲ့မည် ဖြစ်၏။ ထို့ကြောင့်လည်း အိုးဒီဇိုင်းအဖြစ် ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

၁၆။ အိုးနံပါတ် ၃၅ ပေါ်မှဒီဇိုင်း



အိုးနံပါတ် ၃၅ ပေါ်မှ ဒီဇိုင်းသည် ၂၅ ပေါ်မှ ဒီဇိုင်းနည်းတူ ဂျဩမေတြီပုံစံဒီဇိုင်းဖြစ်၏။ မျဉ်းဖြောင့်၊ စက်ဝိုင်းနှင့် အစက်အပေါက်များကို အသုံးပြုဒီဇိုင်း ပြုလုပ်ထားသည်။ အဆင့်မြင့် ဒီဇိုင်း ပုံစံဖြစ်သည်။

www.burmeseclassic.com







**၁၇။အိုးနံပါတ် ၄၁ ပေါ်မှ ဒီဇိုင်း**

အိုး ၄၁ ပေါ်မှ ဒီဇိုင်းသည် ပန်းတစ်ပွင့်ပုံဒီဇိုင်းဖြစ်သည်။ အလယ်တွင် ဝတ်ဆံရှိ၍ ပွင့်ဖတ်ရှစ်ချပ်က ဖျာထွက်လျက်ရှိ၏။ ဒီဇိုင်းစက်ဝိုင်းအရေအတွက် ၁၆ ခုရှိ၏။



**၁၈။အိုးအမှတ် ၄၂ ပေါ်မှ ဒီဇိုင်း**

ဂဲသြမေတြီပုံစံဒီဇိုင်းဖြစ်၍ အိုးအမှတ် ၃၅ ကဲ့သို့ မဟုတ်ဘဲ စက်ဝိုင်းအစား သစ်ရွက်ပုံဒီဇိုင်းထည့်သွင်းမွမ်းမံထားသည်။ ဆန်းသစ်သော ဒီဇိုင်းပုံစံ ဖြစ်သည်။



**၁၉။အိုးအမှတ် ၅၁ ပေါ်မှ ဒီဇိုင်း**

အိုးအမှတ် ၅၁ ပေါ်မှ ဒီဇိုင်းသည် ပွင့်ဖတ် ၄ ခုပါ ပန်းပွင့်ကို အတွင်းလေးထောင့်ကွက်ကို စက်ဝိုင်းဖြင့် ထပ်မံဝန်းရံဖွဲ့စည်းထားသောပုံ ဖြစ်သည်။



**၂၀။အိုးအမှတ် ၅၂ ပေါ်မှ ဒီဇိုင်း**

သစ်ရွက်ပုံ သို့မဟုတ် ငါးအရိုးပုံ ဒီဇိုင်းဖြစ်သည်။ ရိုးရှင်းသော ဒီဇိုင်းပုံစံဖြစ်သည်။ ဒီဇိုင်းမှာ အလျားရှည်သည်။ အရေအတွက် ၃၆ မှ ၄၀ အထိ ရှိနိုင်၏။ အိုး













တစ်ဖက်ခြမ်းသည် အခြားအိုးများနှင့် ကွယ်နေ၍ အိုးတစ်ဖက်ခြမ်းကို စိတ်မှန်းနှင့်သာ ရေတွက်ရသည်။

**၂၁။အိုးအမှတ် ၅၃ ပေါ်မှ ဒီဇိုင်း**

၅၃ ပေါ်မှ ဒီဇိုင်းသည်လည်း သစ်ရွက် သို့မဟုတ် ငါးရိုးပုံ ဒီဇိုင်းဖြစ်၍ အတန်းသုံးတန်း ပါဝင်ပြီး ၅၂ ဒီဇိုင်း လောက် ရှည်လျားမှုမရှိဘဲ အရေအတွက်အားဖြင့် ၄၀ ပါဝင်၏။

**၂၂။အိုးအမှတ် ၆၅ ပေါ်မှ ဒီဇိုင်း**

မူလအိုးပုံသည် ဖရုံသီးပုံဖြစ်၍ အိုးပေါ်မှ ဒီဇိုင်းသည် ဂဲသြမေတြီဒီဇိုင်းဖြစ်သည်။ ဒီဇိုင်းတွင် သုံးမြှောင့်ပုံတြိဂံအတွင်းရှိ အဖူးသဏ္ဌာန်မှ ရောင်ခြည်များ ဖြာထွက်လျက်ရှိသည်။

**၂၃။အိုးအမှတ် ၆၀ ပေါ်မှ ဒီဇိုင်း**

ထူးခြားမှုရှိသော ဒီဇိုင်း ဖြစ်သည်။ လေးထောင့်ပုံအတွင်း ဆီမီးခွက်မှ မီးတောက်များ သွယ်တက်နေပုံ ဖြစ်သည်။ မူလအိုးသည် ညောင်ရေအိုးပုံ ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com





၂၄ ။အိုးအမှတ် ၆၁ ပေါ်မှ ဒီဇိုင်း
ဂဲသြမေတြီဒီဇိုင်းပုံစံဖြစ်၍
အတန်းသုံးတန်းပါဝင်ပြီး အပေ
မှ အောက်အတန်းတွင် အစက်
အပေါက်လေးတို့ဖြင့် တောင်
သဏ္ဍာန် သရုပ်ဖော်ထားပြီး
အလယ်တန်းမှ စက်ဝိုင်းများ
တွင် တောက်ပသော ကြယ်ပုံ
သဏ္ဍာန်ပါရှိ၏။



တကောင်းမှ တွေ့ရှိခဲ့ရသော အိုး ၈၅ လုံးအနက် အိုး ၂၄ အိုးတို့ပေါ်တွင် ရေးဆွဲထားသော ဒီဇိုင်း ၂၄ ခုကို ဖော်ပြအပ်ပါသည်။ ယင်းဒီဇိုင်းများကို အမျိုးအစားခွဲပါက အောက်ပါအတိုင်း ရရှိ၏။

| | ဒီဇိုင်းပုံအကြောင်းအရာ | အရေအတွက် | အိုးနံပါတ် |
|---|---|---|---|
| ၁။ | နေပုံလပုံ | ၂ မျိုး | (၁) (၅) |
| ၂။ | မီးတောက်မီးလျှံ | ၄ မျိုး | (၈)(၂၂)(၂၄)(၆၀) |
| ၃။ | တိရစ္ဆာပုံ | ၄ မျိုး | (၁) (၇–က) (၇–ခ) (၃၀) |
| ၄။ | လူပုံ | ၁ မျိုး | (၁၁) |
| ၅။ | ပန်းပုံ | ၅ မျိုး | (၁၆) (၁၇) (၁၈) (၄၁) (၅၀) |
| ၆။ | သစ်ရွက်ပုံ | ၂ မျိုး | (၅၂) (၅၃) |
| ၇။ | ဂဲသြမေတြီ | ၅ မျိုး | (၂၅) (၃၅) (၄၂) (၆၅) (၆၁) |
| ၈။ | ဒဂါးပုံ | ၁ မျိုး | (၁၉) |
| | စုစုပေါင်း | ၂၄ မျိုး | |



တကောင်းမှ တွေ့ရှိရသော အိုး ၈၅ လုံးမှ ဒီဇိုင်းပုံပါရှိသော အိုး ၂၄ အိုးမှ ဒီဇိုင်း ၂၅ ပုံတို့ကို တင်ပြအပ်ပါသည်။ တကောင်းအိုးပေါ်မှ ဒီဇိုင်းများသည် ပြဒါးလင်းဂူနံရံပေါ်တွင် တွေ့ရှိရသော ဒီဇိုင်းပန်းချီများထက် အတွေးအခေါ်အရ လည်းကောင်း၊ လက်ရာအရ လည်းကောင်း၊ ဘဝအတွေ့အကြုံအရ လည်း များစွာ ဆန်းသစ်ထွန်းကားခဲ့ပြီဟု ဆိုနိုင်သည်။

တကောင်းအိုးပေါ်မှ ဒီဇိုင်းများကို ဟန်လင်း၊ ဗိဿနိုး၊ အရေးရ၊ တောင်သမန်၊ အချို့သောအရပ်များမှ တွေ့ရှိရသော အိုးပေါ်မှ ဒီဇိုင်းများနှင့် နှိုင်းယှဉ်လေ့လာဖွယ်ရာ ဖြစ်ပါသည်။

သရုပ်ဖော်ဆောင်းထားသော လူပုံသည် အကြီးအကဲတစ်ဦး၏ ပုံဖြစ်၍ အုပ်ချုပ်မှု ရှိနေပြီဟု ယူဆရသည်။ နေပုံလပုံတို့သည် ဆွဲနေကြပုံများ ဖြစ်၍ မီးတောက်မီးလျှံပုံများသည် အစင်းရာများဖြင့်သာမက အိုးနံပါတ် ၁၉ တွင် မီးညွန့်များကို ပန်းခက်ပန်းနွယ်များဖြင့် ဖော်ပြထားသည်။ အိုးနံပါတ် (၁၉– (၂၁) (၆၀) တို့ရှိ ဒီဇိုင်းပုံများတွင် ခရုသင်းများပါရှိသောကြောင့် ခရုသင်းများကို အသုံးပြု၍ အခမ်းအနားများကို ပြုလုပ်လျက် ရှိပြီဟုလည်း ဆိုဖွယ်ရရှိသည်။ နွားပုံပါရှိခြင်းက စိုက်ပျိုးရေးလုပ်ငန်းတွင် နွားကို အသုံးပြု၍ ဆင်ပါရှိခြင်းသည် သစ်လုပ်ငန်း၊ စစ်ရေးစစ်ရာလုပ်ငန်းများ ဆင်ကို သုံးလေပြီလားဟု ထင်မှတ်စရာ ရှိ၏။ အချို့သော နေပုံ၊ ပန်းပုံတို့မှ ယနေ့ခေတ် အသုံးပြုနေသော တံဆိပ်အမှတ်အသားများအတိုင်း ရှိနေသည်ကိုလည်း သတိရှိဖွယ် ဖြစ်ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

# တကောင်းအိုးခြမ်းကွဲများပေါ်မှ ဒီဇိုင်းများ

တကောင်းသည် အိုးခြမ်းကွဲပေါသောဒေသတစ်ခု ဖြစ်သည်။ အိုးခြမ်းကွဲမြို့ဟု ဆိုရလောက်အောင် ပေါသည်။ ငါးကြင်းမြီးပုံ မြို့ရိုးအတွင်း အညာပုဂံမြို့ရိုးအတွင်းမှ ရွှေမြင်တင်ဘုန်းတော်ကြီးကျောင်း၊ အထက (၁) ဝင်းပတ်ဝန်းကျင်၊ ရွှေစီးခုံဘုရားကြီးတံစ်ဝိုက် အစရှိသောနေရာများတွင် အိုးခြမ်းကွဲပေါ်၏။ ကြံညှပ်ရွာလည် သင်္ဂြိုင်းနှင့် မြို့လည်တွင်ရှိသော ကျောင်းဝင်းနံ့ရဲကုန်းမြင့်တွင် အိုးခြမ်းပဲ့များရော ပျူပုတီးစေ့၊ ပျူအသုံးအဆောင်ပစ္စည်းများပါ ပေါ်ပေါ်များများ တွေ့ရတတ်၏။

ကျွန်တော်သည် တကောင်းသို့တစ်ကြိမ်ရောက်တိုင် ဆရာဦးအောင်ကျော်တပည့် ဆယ်တန်းကျောင်းသားများကို မေတ္တာရပ်ခံ၍ တကောင်းမြို့ပေါ်မှ အိုးခြမ်းပဲ့ အိုးခြမ်းကွဲများကို ကောက်စေရာ တစ်ကြိမ်ကောက်လျှင် အခုရေ ၁၀၀ မှ ၅၀၀ အထိ ရရှိသည်။ ရရှိသော အိုးခြမ်းကွဲများမှ ဒီဇိုင်းပါသော အိုးခြမ်းကွဲ များကို ယူ၍ ကျန်အကွဲအပဲ့များကို စုပုံထားရသည်။ ရရှိသော အိုးခြမ်းကွဲ အကုန်အစင်ကို ဒီဇိုင်းရေးကူးခြင်း မပြုရသေးသော်လည်း ရေးဆွဲပြီးပုံအချို့ ကို ဤစာအုပ်တွင် ဖော်ပြလိုက်ပါသည်။ တကောင်းမြို့တွင် နေ့ရှာတိုင်း အိုးခြမ်းပဲ့များပေါ်လာတတ်ရာ မိုးတွင်း၌ သွားရောက်ပါက အိုးခြမ်းပဲ့ဒီဇိုင်းအသစ်များ ပို၍ရတတ်ပါ၏။




www.burmeseclassic.com

www.burmeseclassic.com



တကောင်းအိုးခြမ်းပဲ့များပေါ်မှ အရိုးဆုံးဒီဇိုင်းများမှာ ဒေါင်လိုက်နှင့် အလျားလိုက်မျဉ်းများ ဖြစ်၏။ ထို့နောက် ဒေါင်လိုက်မျဉ်းများကို ခပ်စောင်းစောင်းလည်း ဆွဲကြ၏။ ဘယ်ကိုစောင်းသည့်အခါစောင်း ညာကိုစောင်းသည့် အခါစောင်းရင်း ဘယ်စောင်းမျဉ်းနှင့် ညာစောင်းမျဉ်းတို့ ထပ်မိသောအခါ ဆန္ဒမ်းမကင်းပုံ ရာဇမတ်ကွက်များ ပေါ်ပါ၏။




ထို့နောက်တော့ အလျားလိုက်မျဉ်းများနှင့် ထောင်လိုက်မျဉ်းများကို ထပ်၍ ဆွဲသောအခါ လေးထောင့်ကွက်များပေါ်လာသည်။ တစ်ဖန် ဒေါင်လိုက်၊ အလျားလိုက်နှင့် ဘယ်စောင်း၊ ညာစောင်းမျဉ်းများကို ဘယ်ပြန် ညာပြန်ဆွဲသောအခါ ကြောင်ခြစ်ရာ အစင်းကွက်များ ရပြန်သည်။ ထိုကြောင် ခြစ်ရာများကလည်း အိုးများပေါ်တွင် ဒီဇိုင်းများ ဖြစ်လာခဲ့၏။



ထို့နောက်တော့ စက်ဝိုင်းပုံများကို ဆွဲလာသည်။ စက်ဝိုင်းများကို တစ်ဝိုင်းနှင့်တစ်ဝိုင်း ထပ်၍ဆွဲသည်။ ချိတ်၍ ဆွဲသည်။ မျဉ်းဖြောင့်မျဉ်းကောက်တို့ဖြင့် ရောပွမ်း၍ ဆွဲသောအခါ ဒီဇိုင်းမျိုးစုံ ပေါ်လာပြန်၏။








လှိုင်းထပုံများသည် အိုးဒီဇိုင်းရေးဆွဲသူတို့၏ နှလုံးသားကို ရိုက်ခတ်စေခဲ့၏။ လှပသော လှိုင်းတွန့်လေးများ၊ ဒေါသထွက်နေသော လှိုင်းများ လှိုင်းအိကြီးများ၊ လှိုင်းခေါင်းဖြူကြီးများကို ဧရာဝတီမြစ် ပေါ်က်တောင်းတွင် နေကြသော ပျူအိုးလုပ်သူတို့သည် သူတို့အိုးများပေါ်သို့ တင်ခဲ့ကြမည်မှာ မလွဲ ဖြစ်ပါသည်။



ထိုမှတစ်ဆင့် သူတို့ပတ်ဝန်းကျင်မှ သစ်ရွက်အမျိုးမျိုးကိုလည်း သူတို့ အိုးပေါ်သို့ တင်မိကြမည် ဖြစ်ပါ၏။ သစ်ရွက်မှ အကြောလေးများကိုလည်း သူတို့ သတိထားမိကြပါသည်။



သစ်ရွက်နှင့်အတူ သစ်ပင်များ၊ သစ်ကိုင်းများ၊ ပန်းပွင့်များကိုလည်း ရေးဆွဲဖြစ်ကြမည် ဖြစ်သည်။ ချစ်ခြင်းမေတ္တာကို ကိုယ်စားပြု၍ အိုးလုပ်သူတို့သည် ပန်းပွင့်အများအပြားကို အိုးမျက်နှာပြင်ပေါ်သို့ တင်ဖြစ်ခဲ့ကြမည် ဖြစ်ပါသည်။ ချစ်သူကို အကြောင်းပြု၍ မိုးစက်မိုးပေါက်များကိုလည်း သတိရမိကြ၏။ ပန်းတစ်ပွင့် လန်းဆန်းဖို့ရာ မေတ္တာရေစက်လေး သွန်းဖြန်းပေးပါဟု ချစ်သူအတွက် အိုးလက်ဆောင်ပေါ်တွင် အိုးလုပ်သူတကောင်းသားတို့ စိတ်ကူးမိမည် အမှန်ဖြစ်ပါ၏။ ထို့နောက်တော့ သူပတ်ဝန်းကျင်တွင် ရှိနေသော ကျေးငှက်သားရဲများ၊ အိမ်မွေးတိရစ္ဆာန်များ စသည်တို့ကို အိုးပေါ်တွင် ရေးဖြစ်ကြမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို အရာများသည် မြန်မာပန်းချီ၏ အစ မြန်မာ့ယဉ်ကျေးမှု အနုပညာမွေးဖွားရာ လမ်းစပင် ဖြစ်မည်ဟု ယူဆရပါ၏။

စုဆောင်းရရှိထားသော အိုးခြမ်းကွဲများပေါ်မှ ဆွဲပြီးသော ဒီဇိုင်းအချို့ကို အများလေ့လာနိုင်ရန် တင်ပြအပ်သည်။ ထို့ကြောင့် မြန်မာပန်းချီပန်းပု ဂီတ၊ အကအခုန် သုခမအနုပညာအရပ်ရပ်တို့သည် မည်သည့်နိုင်ငံခြားကမှ မှီငြမ်းကိုးကားမှု မပြုဘဲ မြန်မာရေ မြန်မာမြေပေါ်တွင် မြန်မာတွင် မွေး မြန်မာတွင် ကြီးသော မြန်မာကြီးများ ပညာအရပ်ရပ်ကို ပျူခေတ်တွင် မွေးဖွားသန့်စင်ခဲ့ပြီး ပျူခေတ်ယဉ်ကျေးမှုကို ပုဂံက ဆက်ခံခဲ့၏။ ပုဂံခေတ်တွင် မြန်မာ့အနုပညာ ယဉ်ကျေးမှုအရပ်ရပ်သည် လူလားမြောက်ခဲ့သည်ဟု ဆိုနိုင်သည်။ ပုဂံခေတ်တွင် လူလားမြောက်ခဲ့သော မြန်မာယဉ်ကျေးမှု သုခမ အနုပညာအရပ်ရပ်သည်။ ပင်းယ၊ စစ်ကိုင်း၊ မြင်စိုင်း အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်များတွင် နယ်ပယ်ပို၍ ကျယ်ပြန့်လာပါက ပိုမိုအနုစိတ်လာပြီး ကုန်းဘောင်ခေတ်ဦးတွင် အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။ ရတနာပုံခေတ်တွင်ကာ မြန်မာယဉ်ကျေးမှု အနုပညာအရပ်ရပ်သည် ပိုမိုလေးနက်ကျယ်ဝန်းလာသည်ဟု ဆိုရမည် ဖြစ်ပါသတည်း။ ။

❖



## အခန်း - ၁၄

## နှိုးထလာသော တကောင်း

တကောင်းသို့ ကျွန်တော်သည် ဆယ်ကြိမ်တိုင် ရောက်ရှိခဲ့သောကြောင့် ကျွန်တော်နှင့် တကောင်း အတော်အတန် အကျွမ်းတဝင်ရှိခဲ့ပြီ ဖြစ်သည်။ တကောင်းကို ၁-၁၂-၂၀၀၃ ခုနေ့တွင် စာအမှတ် ၁၀၀/၂၄-၃၄ ဦး အမိန့်ကြော်ငြာစာဖြင့် မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၏ မြို့နယ်ခွဲအဖြစ် သတ်မှတ်ခဲ့သည်။

တကောင်းမြို့သည် မြေပုံညွှန်း (M.၇၁၄၁၃၀) အရှေ့လောင်ဂျီတွဒ် ၃၆°၀၂'၀၀" မှ ၉၆°၁၈'၂၅"နှင့် မြောက်လတ္တီတွဒ် ၂၃°၂၁'၄၂" မှ ၂၃°၃၇'၃၅" အကြား ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၅၀၀ ပေတွင် တည်ရှိသည်။ မန္တလေးမြို့နှင့် ၁၂၉ မိုင် ၄ ဖာလုံ ကွာဝေး၏။

တကောင်းသည် မြောက်ဘက်တွင် စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်၊ တောင်ဘက်တွင် သပိတ်ကျင်းမြို့နယ်၏ လက်ပံကုန်းကျေးရွာအုပ်စုနှင့် မြောက်ဘက်တွင် ဧရာဝတီမြစ်ရှိ၏။ တကောင်းမြို့နယ်ခွဲ၏ အကျယ်အဝန်းမှ ၂၉၁ ဒသမ ၇၁ စတုရန်းမိုင် ဝန်း၍ မြေပြင်ဧရိယာ ၁၈၇၉၇၅ ဧက ရှိ၏။ အရှေ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



အနောက် ၂၃ မိုင်နှင့် တောင်မြောက် ၂၂ မိုင်ကျယ်ဝန်းသည်။ မြေအမျိုးအစားသည် စနယ်မြေ ကျောက်စရစ်မြေမျိုး များ၏။ မြို့၏ အနောက်ဘက် ဧရာဝတီမြစ်၏ တစ်ဘက်ကမ်းတွင် မင်းဝံတောင်တန်း ရှိ၏။ မြို့၏အရှေ့ဘက်တွင် သောင်းဝှက်တောင်၊ တကောင်းတောင်နှင့် အင်းနက်တောင်များ ရှိ၏။

ကျောက်အိုက်ကျေးရွာမှ စတင်စီးဆင်းလာသော တာလဝ့ချောင်းသည် တကောင်းမြို့ မြောက်ဘက်မှ ကပ်လျက် စီးဆင်းပြီး ဧရာဝတီအတွင်းပေါင်းဆုံသွားသည်။ ကသာခရိုင်မှ စီးဆင်းလာသော မဲဇာချောင်းသည် မြို့၏မြောက်ဘက် အစွန်ဆုံး ကျွန်းကြီးကျေးရွာ အနီးတွင် ဧရာဝတီနှင့် ပေါင်းဆုံ၏။ တကောင်းလွင်ပြင်တွင် ဧရာဝတီမြစ်အတွင်းသို့ မြစ်ခွဲလေးပေါင်း ၁၂ ခုတို့ လာရောက်ပေါင်းဆုံ၏။

တကောင်းမြို့ပေါ်ရှိ ထင်ရှားသော စေတီပုထိုးတို့မှ

၁။ ဇိနအောင်ခြာဘုရား

၂။ ရွှေဝှကြီးဘုရား

၃။ ရွှေဇာလီဘုရား

၄။ ရွှေမြင်တင်ဘုရား

၅။ ရွှေစည်းခုံဘုရား

၆။ လေးမျက်နှာဘုရား

၇။ ချမ်းသာကြီးဘုရား

၈။ တရုတ်ဦးတိုက်ဘုရား

တို့ ရှိကြသည်။

တကောင်းမြို့နယ်ခွဲတွင် တကောင်းမြို့မရပ်ကွက် ၃ ခုနှင့် မကျီးကုန်း၊ အင်းနက်၊ ကျောက်အိုက်၊ မိုင်းဒိုင်း ဟူသော ကျေးရွာ အုပ်စု ၄ အုပ်စုနှင့် ကျေးရွာပေါင်း ၁၇ ရွာ ရှိ၏။ တကောင်းမြို့မတွင် အိမ်ခြေ ၁၁၄၀ ရှိ၍ လူဦးရေ ၆၉၉၈ ရှိသည်။ ကျေးလက်တွင် အိမ်ခြေ ၁၇၉၀ ရှိ၍ လူဦးရေ ၉၀၅၅ ရှိသည်။ မြို့နယ်ခွဲတစ်ခုလုံးတွင် ၂၀၀၄ ခုနှစ်ကုန်အထိ အိမ်ခြေ ၂၉၃၀ နှင့် လူဦးရေ ၁၆၉၅၃ ရှိသည်။





တကောင်းမြို့ အမှတ် (၁) ရပ်ကွက်တွင် တကောင်းရဲစခန်းတစ်ခု ရှိသည်။ အခြားတပ်ရင်းတပ်ဖွဲ့များ မရှိပါ။

မန္တလေးမှ တကောင်းသို့ သွားလိုပါက ဧရာဝတီမြစ်မှ သင်္ဘောဖြင့် သွား၍ရသလို မန္တလေးမှ မှန်လုံကားကြီးများဖြင့်လည်း သိဂိုမြို့ထိ ကားတွင်းမှ သွား၍ရသည်။ အောင်လံတော်၊ ရတနာပုံ၊ ရွှေခြင်္သေ့၊ ဦး ဟူသော ကားကြီးများ ရှိ၏။ မန္တလေးမှ နံနက်ပိုင်း ထွက်၍ ညနေပိုင်း တကောင်းသို့ ဝင်၏။ ကားခမှာ ၂၀၀၀ ကျပ် ဖြစ်သည်။ မန္တလေးမှ နံနက်စောစောထွက်သော ကားသည် မန္တလေးရာသို့ ၉ နာရီခန့်ရောက်၏။ ထိုမှ ရွှေနှံသာ၊ ယင်းမှတစ်ဆင့် လက်ပံလှသို့ ရောက်၏။ လက်ပံလှသည် စဉ့်ကူးမြို့နယ်အတွင်းမှ မြို့တစ်မြို့ ဖြစ်၍ ထမင်းဆိုင်များနှင့် စည်ကားသည်။

လက်ပံလှတွင် ထမင်းစား၍ရသည်။ ထိုမှ နွယ်ရုံ၊ ဇရပ်ကွင်းရွာများကို ဖြတ်လာလျှင် ဖော့တောသို့ ရောက်၏။ ဖော့တောသည် မိုးကုတ်နှင့် သပိတ်ကျင်းလမ်းခွဲနေရာ ဖြစ်၏။ တကောင်းသို့ သွားလိုပါက ဖော့တော အရောက်တွင် လက်ဝဲဘက် သပိတ်ကျင်း လမ်းခွဲအတိုင်း လိုက်လာပါက ခုနစ်မိုင်စခန်းသို့ ရောက်၏။ ခုနစ်မိုင်လမ်းဆုံသည် သပိတ်ကျင်းနှင့် တကောင်းလမ်းခွဲနေရာလည်း ဖြစ်၏။ ခုနစ်မိုင်လမ်းဆုံမှ တကောင်းသို့ ၄၈ မိုင် ဝေး၏။ ခုနစ်မိုင်လမ်းဆုံတွင် ဝင်လျှင် ဝင်းဦးလေး ထမင်းဆိုင်ရှိ၍ စားကောင်းသော မြန်မာထထင်းဆိုင်တစ်ဆိုင် ဖြစ်၏။

ခုနစ်မိုင်လမ်းဆုံမှ တကောင်းသို့ ဆက်ထွက်ပါက မန္တလေး၊ တကောင်း၊ ဗန်းမော်၊ မြစ်ကြီးနား၊ မဟာဇမ္ဗူဟာလမ်းမကြီးအတိုင်း ဆက်လာရ၏။ လမ်းမှာ အသစ်ဖောက်ခါစဖြစ်၍ အသားမသေသေးဘဲ မြေမာအောင် ပြုလုပ်နေရဆဲ လမ်းဖြစ်၏။ အချို့တံတားများ မပြီးသေးပဲ ရှိ၏။

မဟာဇမ္ဗူဟာလမ်းအတိုင်း ဆက်လာပါက တွင်းငယ်သို့ ရောက်၏။ တွင်းငယ်မှ စုလွင်ဖြိုးစားသောက်ဆိုင်ကလည်း စေတနာကောင်းသော ထမင်းဆိုင်ဖြစ်သည်။ တွင်းငယ်မှ ကိုတင်ထွေး မမိမိစန်းတို့၏ စုလွင်ဖြိုးထမင်းဆိုင်နှင့် မျက်နှာချင်းဆိုင်တွင် ရွှေဥတောင်ရှိ၍ ရွှေထွက်သည်ဟု သိရ၏။ မဟာဇမ္ဗူဟာ လမ်းပေါ်တွင် ရွှေစကား၊ ဝါးရုံကုန်း၊ ကြည့်ပ်ကိုးပင် အစရှိ



www.burmeseclassic.com

www.burmeseclassic.com



သော ရွာများသို့ သွားလာ လမ်းကြောင်းများ ရှိသည်။ မန္တလေးမှ တကောင်းသို့ လာပါ အနည်းဆုံး ၆ နာရီလောက် ကားစီးရသည်။

တကောင်းတွင် မြို့ရိုးသုံးခု ရှိ၏။

ပထမမြို့ရိုးမှာ မြောက်ဘက် ငါးကြည်းမြီးပုံ မြို့ရိုးဖြစ်၏။ ဒုတိယမြို့ရိုးမှ တကောင်းရပ်ကွက် (၂) ရှိရာ အညာပုဂံမြို့ရိုးဖြစ်သည်။ ပထမ မြို့ရိုးနှင့် ဒုတိယမြို့ရိုးကို ပတ်၍ တတိယမြို့ရိုးရှိသည်။ အမှတ် ၁ ရပ်ကွက်သည် ငါးကျည်းမြီးပုံ မြို့ရိုးထဲတွင် ရှိ၏။ အမှတ် ၁ ရပ်ကွက်တွင် ရဲစခန်း၊ ဆေးရုံဟောင်း စသည်တို့ရှိသည်။ ယရကရုံး ဘိုးဘိုးကြီးနတ်စဥ်၊ မောင်ပေါက်ကျိုင်းဘုရား၊ ဓိနမာန်အောင်ဘုရားတို့ ပထမ ငါးကြည်းပုံမြို့ ရိုးအတွင်း၌ ရှိကြ၏။ အညာပုဂံမြို့ရိုးအတွင်း၌ ရွှေမြင်တင်ဘုန်းကြီးကျောင်း ချမ်းသာကြီးဘုန်း တော်ကြီးကျောင်း၊ အထကနှင့် ရွှေစည်းခုံစေတီတော်ကြီး ရှိသည်။ အမှတ် ၃ ရပ်ကွက်သည် ယခု တိုးချဲ့သော ရပ်ကွက်ဖြစ်၍ ထင်ရှားသော အမှတ်အသားသည် တရုတ်ဦးတိုက်ဘုရား ဖြစ်သည်။ တရုတ်ဦးတိုက်ဘုရားတွင်လည်း လက်စင်းရာပါအုတ်များကို တွေ့ရသည်။

တကောင်းတွင် အဓိကလမ်းကြီးနှစ်လမ်း ရှိ၏။ ယင်းတို့မှာ အဘိရာဇာ(၁)လမ်းနှင့် အဘိရာဇာ(၂) လမ်းတို့ ဖြစ်သည်။ အဘိရာဇာ(၁) လမ်းသည် ၁ ရပ်ကွက် အဝင်မြို့ရိုးပေါက်မှ စတင်၍ ဧရာဝတီနှင့် အပြိုင် ၃ ရပ်ကွက် အဆုံးအထိ ရှည်လျားစွာ တည်ရှိနေသော လမ်းမကြီး ဖြစ်၏။ အဘိရာဇာ (၁) လမ်းရှိရာ တစ်လျှောက်သည် အစည်ကားဆုံးဖြစ်သည်။ ထိုလမ်းပေါ်တွင် ကုန်စုံဆိုင်ကြီးများ သံနှင့် အိမ်ဆောက်ပစ္စည်းဆိုင်ကြီးများ၊ အထည်အလိပ်ဆိုင်များ ရှိသည်။ စတိုးဆိုင်ကြီးများနှင့် လက်ဖက်ရည်ဆိုင်၊ မုန့်ပဲသရေစာ ရောင်းသော ဆိုင်များလည်း ရှိ၏။

ရွှေစည်းခုံဘုရားကြီးမှ စတင်လာသော အဘိရာဇာ(၂) လမ်းသည် ၂ရပ်ကွက်နှင့် ၁ရပ်ကွက်အဆုံးတော်တွင် အဘိရာဇာ (၁) လမ်းနှင့် ပေါင်းဆုံကာ ထိုနေရာသည် ကြက်လျှာစွန်း ဖြစ်နေ၍ ယင်းနေရာသည် မန္တလေးသို့ သွားသော မှန်လုံကားဂိတ် လမ်းဆုံလည်း ဖြစ်သည်။ ထိုနေရာသည် မြို့၏အစည်ကားဆုံးနေရာဖြစ်၏။ မြို့နယ်ပြန်ဆက်ရုံးမှလည်း ထိုနေရာတွင်





ရုံကပ်စာစောင် ပြုလုပ်ထား၏။ ယင်းနေရာတွင် ဂျွိုင် (Joy) လက်ဖက်ရည်ဆိုင်များ ရှိသည်။ မနက် နေ့လယ်၊ ညနေ လူစည်ကားသော လက်ဖက်ရည်ဆိုင်ဖြစ်၏။ အဘိရာဇာ (၁) လမ်းဆုံတွင် ရယကဥက္ကဋ္ဌကြီး ဦးလှထွန်း၏ ကျော်ဝင်းထွန်း ထမင်းဆိုင်ရှိ၏။ တရုတ်စာမျိုးစုံရ၍ တည်းခိုခန်းလည်း ရှိ၏။ ကျော်ဝင်းထွန်းဆိုင်သည် တရုတ်အစားအစာ ရရှိသော တကောင်းမှ တစ်ခုတည်းသောဆိုင်ဖြစ်၏။ ထမင်းစားရာတွင် အခန်းနှင့်ဘာနှင့် စဘော်ကျကျ စားနိုင်သောဆိုင်လည်း ဖြစ်၏။ သူနှင့် မျက်စောင်းထိုးတွင် ကောင်းထက်ထမင်းဆိုင် ရှိသည်။ ကောင်းထက်ထမင်းဆိုင်ရှင် ဒေါ်အေးစန်းနှင့် သမီး သင်းသင်းလှိုင်တို့သည် စေတနာကောင်းရုံသာမက မြန်မာထမင်းကောင်း ဟင်းကောင်းရောင်းသော ဆိုင်လည်း ဖြစ်သည်။ ကောင်းထက်သည် သူ့ဆိုင်တွင် ထမင်းတစ်ခါစားပြီးရုံဖြင့် လွမ်းနေလောက်အောင် ကောင်းသော ဆိုင်ဖြစ်၏။ ဒေါ်အေးစန်းမှာ ကျွန်တော်နှင့် ခင်မင်ပြီး ဖြစ်နေ၍ ကျွန်တော် ရောက်သည်နှင့် ဆရာလာသည်ဟု ဆိုကာ ပျာပျာသလဲ ရှိကြ၏။ ကျွန်တော် ကြိုက်တတ်သော ဟင်းလေးများကို စီမံပေးတတ်သည်။

တစ်ခါက ငါးပတ်ခေါင်းဟင်း၊ ရေချိုလေး ချက်ကျွေးသည်ကို မေ့။ ထမင်းတစ်ပွဲ ၆၀၀ ကျပ် ဖြစ်သည်။ ဒါပေမဲ့ ဆိုင်က ဘီယာပုလင်းခွံများ ဓါးသွေးအိတ်များနှင့် ရှုပ်ယှက်ခတ်နေသည်။ နောက်ဖေးသို့ ဝင်၍ လက်ဆေး နိုင်၏။

ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာနမှ ပါမောက္ခ ဒေါ်ရည်ရည်အောင်နှင့် တပည့် ၁၀၀ ခန့် တကောင်းကို ၂၀၀၄ ခု အောက်တိုဘာ ၁၉ ရက်နေ့မှ ၂၉ ရက်နေ့အထိ လာရောက်လေ့လာရာတွင် ထမင်းကို ကျွန်တော်ကိုယ်တိုင် မနက်၊ နေ့လည်၊ ညစာပေါင်း တစ်နေ့ ၆၀၀ ကျပ်နှုန်းဖြင့် ကောင်းထက်မှပင် မှာယူကျွေးခဲ့သည်။

ကျော်ဝင်းထွန်းစားသောက်ဆိုင်နှင့် ကပ်လျက် အောင်သစ္စာလက်ဖက်ရည်ဆိုင်ရှိ၍ စည်ကား၏။ တကောင်းတွင် တော်ဝင်ယွန်းပန်းအိမ်၊ ရွှေပြည်ဟန်၊ ရိုးရိုးလေး စသော အခြားလက်ဖက်ရည်ဆိုင်များလည်း ရှိ၍ လက်ဖက်ရည်ဆိုင်များတွင် ပလာတာ အထပ်တစ်ရာနှင့် ပဲပြုတ် ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



အရသာရှိ၏။ တကောင်းမှ ကုန်စုံဆိုင်များမှာ ဂိုးဒင်ဟဲရား၊ တိုင်းကျော် ခွန်ကြယ် ကျန်းမာရေးဦးဝင်းမောင်၊ ကုန်စုံဆိုင်၊ ပန်းဝါကုန်စုံဆိုင်၊ မော်ဒန်ကုန်စုံ ဆိုင်၊ ထိပ်တန်းကုန်စုံဆိုင်တို့ ဖြစ်သည်။ ယမုံဦးသည် ဒန်အိုးဒန်ခွက်ဆိုင် ဖြစ်၏။ ငွေဖင်ယော်ပိုင်ရှင်က ဦးသောင်းငွေဖြစ်၍ မော်ဒန်စတိုးမှာ စတိုးဆိုင် ကြီးဖြစ်၏။ ပိုင်ရှင်က ဦးသန်းရွှင်ဖြစ်သည်။ အဘိရာဇာ (၂) လယ်တွင် ဦးရဲရွှေစတိုးဆိုင် ရှိသည်။ တကောင်းရောက်လျှင် ဤဆိုင်ကြီးများ၌ ဝယ် ယူအားပေးရသည်။ တကောင်းကုန်စုံဆိုင်များတွင် နဖားကြိုး၊ နွားလည်ဆွဲ ချူ စသည်တို့ပြင် ပျူစောထီး၊ လက်ကျန်လေးခွနှင့် လောက်စာလုံး ကောင်း ကောင်းရသည်။

တကောင်း၌ ရှိနေစဉ် နစ်လိုဖွယ် အကောင်းဆုံး မြင်ကွင်းလေးက တကောင်းနံနက်ခင်းဈေးပင် ဖြစ်၏။ တကောင်းနံနက်ခင်းဈေးက တော်ဝင် လက်ဖက်ရည်ဆိုင်ထိပ်တွင် ရှိ၏။ အမဲသား၊ အမဲသွေး၊ ဝက်သား၊ လိပ် သား၊ ငါးမျိုးစုံ ရ၏။ အမဲသား တစ်ပိသာ ၂၀၀၀ ကျပ်၊ အမဲသွေးက တစ်ပိသာ ၆၀၀ ကျပ် ဖြစ်၏။ ဝက်သားက တစ်ပိသာ ၂၂၀၀ ကျပ် ဖြစ် သည်။ လိပ်သားကလည်း ဝက်သားဈေးပင် ဖြစ်၍ ဧရာမလိပ်ကြီးများကို ပေါ်ရောင်ခြင်း ဖြစ်သည်။ ဧရာဝတီအတွင်းမှ ထိုလိပ်ကြီးများ ပေါ်ရောင် ခြင်းကို တားမြစ်သင့်ပါ၏။

ထိုဈေးလေးက ဟင်းသီးဟင်းရွက်လည်းစုံ၏။ ကျွန်တော်က နံနက် ခင်း ဟင်းရွက်နှင့် ငါးပတ်သား လိုက်ဝယ်တတ်သောကြောင့် ဈေးလာသူ များရော ဈေးသည်များပင် သိနေကြ၏။ ဆရာ ဆရာရှာတဲ့ ငါးပတ်သား ဟောဟိုဘက်မှ ရှိတယ်ဟု ဈေးလာသူများက ညွှန်တတ်၏။ ကျွန်တော် မနက်ပိုင်းဆိုလျှင် ဦးကျော်အောင်နှင့် ဈေးသွားလေ့ ရှိ၏။ ဒန့်ဒလွန်သီး မကျည်းသီးစိမ်း၊ ချဉ်ပေါင်၊ ရှောက်သီး၊ ကင်ပွန်းရွက်၊ ဘူးညွှန့်၊ အာလူး၊ ရှိုင် ငှက်ပျောသီး စသည့် အသီးအနှံများ ရသည်။ လတ်ဆတ်သည်။ ရန်ကုန် ထက်စာလျှင် ဈေးချို၏။

တကောင်းဈေးထဲ၌ နစ်ခြိုက်စရာတစ်ခုသည် မြန်မာမုန့် အညာမုန့်များ ပေါခြင်း ဖြစ်ပါ၏။ ရှေးတကောင်းသားကြီးများ အစဉ်အဆက် စားသော ခဲ့သော မုန့်များ ဖြစ်ဟန်တူ၏။





ပထမမုန့်က ခေါပြင်ဖြစ်၏။ ခေါပြင်ကို မြေထောက်ပဲအညှာ အရည် ပြုတ်နှင့် ဆီဆမ်းစားရသည်။ အာဟာရလည်းဖြစ် အရသာလည်း ရှိပါ၏။ မုန့်ပြားသလက်၊ ကောက်ညှင်းကျည်ထောက်၊ ဘီးမုန့် စသည်တို့လည်း ရ၏။ ထုံးမုန့် ကြွေမုန့်တို့လည်း ရ၏။ ကြွေမုန့်မှာ ကောက်ညှင်းမုန့်ပင် ဖြစ်၍ မုန့်လေးများက ကြွေစေ့ပုံ ဖြစ်နေ၍ ကြွေမုန့်ဟု ခေါ်ခြင်း ဖြစ်သည်။ မုန့်ပဲ ပြားဆိုသည်က အချပ်ကြီးဖြစ်၍ ကတ်ကြေးနှင့် ညှပ်က အဆာနှင့် လူး၍ စားရသည်။

မနက်ခင်း ဈေးလေးရှိရာ အဘိရာဇာ (၁) လမ်းသည် တကောင်း၏ အဓိကရလမ်းကြီးအဖြစ် နေရာယူကာ စည်ကားလှပြီ ဖြစ်၏။ နောင်တွင် ပို၍ စည်ကားလာမည် ဖြစ်သည်။ အဘိရာဇာ(၁) လမ်းမှ လမ်းခွဲလေးများ သည် ဧရာဝတီမြစ်တိုင်အောင် ပေါက်သဖြင့် ထိုမြေနေရာများသည်လည်း နောင်တွင် အဖိုးတန်လာမည် ဖြစ်သည်။ အဘိရာဇာ (၁) လမ်းမှ တောင် ဘက်သို့ ဆက်သွားပါက အစိုးရဌာနအသီးသီးက တန်းစီ၍ နေရာယူထား ကြ၏။ တကောင်း (၃) ရပ်ကွက်သည် နောင်စည်ကားလာမည့် နေရာအဖိုး တန်လာမည့်နေရာဖြစ်သည်။ ထွေအုပ်၊ ဆက်သွယ်ရေး၊ စည်ပင်၊ ကြံခိုင်ရေး၊ လဝက၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ သစ်ထုတ်ရေး၊ သစ်တော၊ တိမွေးကု ဆည်မြောင်း၊ ဆောက်လုပ်ရေး အစရှိသော ဌာနများကလည်း တကောင်းမြို့ ဖွံ့ဖြိုးရေးကို တည်ဆောက်ရန် အသီးသီး နေရာယူထားကြပြီး ဖြစ်သည်။

တကောင်းပြတိုက်ကို အမှတ် ၃ ရပ်ကွက်အတွင်း၌ နေရာယူလျက် ဦးသိန်းသန်း၏ Diamond Palace စိန်နန်းတော်ကုမ္ပဏီက တည်ဆောက် လျက်ရှိရာ ၁၉–၂၀–၂၀၀၄ ခုနေ့ နံနက် ၉ နာရီက ပြတိုက်ဆောက်မည့် နေရာတွင် မြေနှတ်မင်္ဂလာပွဲ ကျင်းပသည်။ မြို့ပေါ်ကျောင်းတိုက်ကြီးများ ဆယ်တိုက်မှ ဆရာတော်ကြီးများနှင့် မြို့မိမြို့ဖ အကြီးအကဲများ စုံစုံညီညီ တက်ရောက် ကြပါ၏။

တကောင်း၊ ဖုန်ကုန်း၊ ဆင်ညှပ်ကုန်း၊ ပုတီးဖြူ၊ ကြံညှပ် အစရှိသော ဒေသကြီးတစ်ခုလုံးသည် ရှေးဟောင်းဒေသကြီးဖြစ်သည်၊ ယခု တကောင်းမြို့ တည်ထားသည်ကပင် ရှေးဟောင်းနယ်မြေပေါ်တွင် တည်ထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကောင်းသည် ပျူမြို့ပြနိုင်ငံကြီး ထွန်းကားခဲ့ရာ ဒေသကြီး အစစ်အမှန်ဖြစ်ကြောင်း မြေအောက်မှ ရရှိသော ပစ္စည်းများနှင့် ဤစာအုပ်ပါ အိုး ၇၅ လုံးက သက်သေခံလျက်ရှိရာ ဤဒေသကြီးကို ယဉ်ကျေးမှု အထိမ်းအမှတ်နယ်မြေအဖြစ် ဆောင်ရွက်ကြရမည် ဖြစ်ပါ၏။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပုဂံ၊ မန္တလေး အစရှိသော ဒေသများကဲ့သို့ ပြည်တွင် ဘုရားဖူးများပြည်တွင်းလေ့လာသူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြမည် ဖြစ်ရာ တကောင်းသည် အမှန်စည်ကား မော်ကြွားလာနိုင်မည့်မြို့ ဖြစ်၏။ တကောင်းရှေးဟောင်းမြို့တော်ကြီး လှပတင့်တယ်စွာ ပေါ်ထွန်းလာရေးအတွက် ဒေသခံပြည်သူတို့၏ ဝိုင်းဝန်းကူညီမှုသည် များစွာ လိုအပ်ပါ၏။

အဓိကအားဖြင့် တကောင်း၏ တန်ဖိုးသည် အလွန်ကြီးမားရုံသာမက တကောင်းသည် အမျိုးသားအရေး အမျိုးသားအားမာန် တည်ရှိရာနေရာဖြစ်ကြောင်း တကောင်းသူ တကောင်းသားတို့ သိရှိပြီး ဖြစ်ကြသည်။ တကောင်းကို ဝိုင်းဝန်းဖော်ထုတ်တည်ဆောက်ရေးသည် အမျိုးသားရေးပင်ဖြစ်ပါသည်။

အထကကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့် ဆရာကြီးကတော် ဒေါ်စန်းစန်းညိုတို့သည် အိုးအမှတ် ၁၁ ကို ဖော်ထုတ်ပေးခဲ့ရာမှ စ၍ TG 31 ကန်မှ A B C D အိုးအတွက်တို့ကို တွေ့ရှိခဲ့ရာ ထိုတွေ့ရှိမှုသည် မြန်မာ့သမိုင်းအတွက် ကြီးမားသော အပြောင်းအလဲကို ဖြစ်စေမှု၊ တွေ့ရှိမှု ဖြစ်ပါ၏။ မြန်မာသမိုင်းကို လွန်ခဲ့သော အနှစ် ၁၀၀၀ လောက်ကမှ စခဲ့တာဟု ကိုလိုနီသမိုင်းရေးဆရာတို့က ဆင်ကန်းတောတိုး ရေးသားမှုတို့သည် မမှန်မြန်မာ့သမိုင်းကို လွန်ခဲ့သော အနှစ် ၃၀၀၀ လောက်က ဖြစ်ကြောင်း TG 31 A, B, C, D တို့က သက်သေပြမှု ဖြစ်ပါ၏။ ထို့ကြောင့် မြန်မာတစ်မျိုးသားလုံးအတွက် ကြီးကျယ်လေးနက်သော တွေ့ရှိမှုကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထိုတွေ့ရှိမှု၏ ကျေးဇူးတရားကား အလွန်မှပင် ကြီးမားလှသည်။ ထို့ကြောင့်လည်း ဤတွေ့ရှိမှုကို ဤစာအုပ်ကို ရေးသား၍ မှတ်တမ်းတင်ရခြင်း ဖြစ်သည်။





ထို့ကြောင့် တကောင်းသူတကောင်းသားတို့အနေဖြင့် မိမိတို့တကောင်းမှာ လူလာ၍ ဖြစ်ရခြင်းကပင်လျှင် ဂုဏ်ယူဖွယ်ရာ ဖြစ်၏။ တကောင်းသားဟေ့၊ ပုဂံသားဟေ့ဟု ထည်ဝါဝင့်ကြွားစွာ ဂုဏ်ယူအပ်သည်။ တကောင်းမှ ယခုထက် ပိုခိုင်မာသော အထောက်အထားများ ပေါ်ပေါက်လာဦးမည် ဖြစ်ပါသည်။ ထိုအထောက်အထားများကို စနစ်တကျ ထိန်းသိမ်းရန် လိုသည်။

တကောင်းဒေသခံတို့အနေဖြင့် မိမိအိမ်သာကျင်းတူး၍ ဖြစ်စေ၊ အိမ်တိုင် ကျင်းတူး၍ဖြစ်စေ၊ ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက တကောင်းတွင် ဦးပဏ္ဍိတာနန္ဒသည် အခြေစိုက်ကာ ရှေးဟောင်း အထောက်အထားများသမျှကို လက်ခံထိန်းသိမ်းစောင့်ရှောက်လျက် ရှိသောကြောင့် တွေ့ရှိသမျှသောရှေးဟောင်းပစ္စည်းများကို ဆရာတော်ထံ အပ်နှံရမည်ဖြစ်၏။ တကောင်းမှတွေ့ရှိရသော အိုးခြမ်းပဲ့တစ်ခုသည်ပင်လျှင် အဖိုးတန်သော သမိုင်းအထောက်အထား ဖြစ်ပါ၏။ ထို့ကြောင့် ရှေးဟောင်းပစ္စည်းများကို တွေ့ရှိပြီး သက်ဆိုင်ရာသို့ အပ်နှံခြင်းသည် နိုင်ငံအတွက် အရေးကြီးတာဝန်တစ်ခုကို ထမ်းဆောင်ခြင်းဟု မည်ပါ၏။ ဤအလုပ်ကို အခြားမည်သူမျှ မလုပ်နိုင် ယဉ်ကျေးမှုနယ်မြေတွင် နေထိုင်ရှိသူတို့သာ ဆောင်ရွက်နိုင်သော ကိစ္စဖြစ်ပေရာ ဤကိစ္စတွင် ပြည်သူများ တက်ကြွစွာ ပါဝင်ရန် လိုအပ်ကြောင်း တင်ပြရပါ၏။ သို့မှသာ မြန်မာသမိုင်း၏ ဂုဏ်သိက္ခာနှင့် မြန်မာ့သမိုင်း တန်ဖိုးသည် ပိုမိုမြင့်တက်လာမည် ဖြစ်ပါသတည်း။

ချစ်စံဝင်း

စာအုပ်စတင်ရေးသားသောနေ့ - ၄-၁၁-၂၀၀၄

စာအုပ်ပြီးဆုံးသောနေ့ - ၁-၁၂-၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ (က)

သို့

ဝန်ကြီး

ယဉ်ကျေးမှုဝန်ကြီးဌာန

ရက်စွဲ။ ။ ၁၀-၇-၂၀၀၃

အကြောင်းအရာ။ ။ ၉-၇-၂၀၀၃ နေ့က တကောင်း၊ ဖုန်ကုန်းရွာမှ တကောင်းမြို့ ရှေးဟောင်းဆိုင်ရာ အထောက် အထားအသစ်တွေ့ရှိချက် တင်ပြခြင်း။

လေးစားစွာ တင်ပြအစီရင်ခံအပ်ပါသည်ခင်ဗျား...

၁။ ဖုန်ကုန်းရွာသည် တကောင်းမြို့၏ အရှေ့ဘက်တွင် ကပ်လျက်တည်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ ၉-၇-၂၀၀၃ နေ့က ဖုန်ကုန်းရွာဆရာတော် အရှင်ဉာဏိဿရ ကျောင်းတူးရာမှ အောက်ပါရှေးဟောင်းပစ္စည်းများ တွေ့ရှိရကြောင်း သတင်းပို့ခဲ့ပါသည်။

၂။ တွေ့ရှိရသော ပစ္စည်းများသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ပယင်းဖြူကျောက်ပုတီး = ၃ လုံး



www.burmeseclassic.com

www.burmeseclassic.com



(ခ) အနီရောင်ပယင်းပုတီး = ၂ လုံး

(ဂ) မြူအိုးတစ်လုံး

(ဃ) ဒင်္ဂါး = ၃ ခု

အရွယ်အစားများ-ပထမတစ်ခုအချင်း- ၀.၃၂ စင်တီမီတာ

ဒုတိယအချင်း - ၀.၄၃ စင်တီမီတာ

တတိယအချင်း - ၂.၀၀ စင်တီမီတာ

ဒင်္ဂါးတွင် ဆီမီးခွက်ပုံ၊ လှိုင်းထနေပုံနှင့် တောင်တန်းတွင် နေထွက်နေပုံ အစရှိသော ဒီဇိုင်းများ ပါရှိသည်ဟု သိရပါသည်။ တကောင်းတွင် ဒင်္ဂါးအမျိုးအစားမတွေ့ရသေးဟု ဆိုရာမှ ယခု ထပ်မံတွေ့ရှိမှု ဖြစ်ပါသည်။ ဆရာကြီး ဦးတင်ဝင်းဦးထံတွင် အချို့ရှိပါသည်။

(င) သံချွန် = ၂ လက်

ပထမသံချွန် = ၁၀.၅ စင်တီမီတာ

ဒုတိယသံချွန် = ၁၂.၇ စင်တီမီတာ

ရှိကြောင်း သိရှိရပါသည်။

(စ) မြေပုတီးစေ့သုံးလုံး

(ဆ) ၀.၅ စင်တီမီတာနှင့် ၀.၄ စင်တီမီတာရှိ ရွှေပြားနှစ်ချပ်

၂။ ယခုတွေ့ရှိမှုများသည် တကောင်းပြည်သူလူထုအတွင်း အတွေးအမြင်သစ်ရရှိကာ မိမိတို့ တွေ့ရှိသမျှကို ဦးဇင်းဦးမင်းဟန်တွင် လာရောက်အပ်နှံခြင်း ဖြစ်ပါသည်။ ထိုသို့ အပ်နှံခြင်းမှာ ဦးလှကြီးမောင်မောင် ဦးဆောင်၍ ကျွန်တော်တို့အဖွဲ့ ဖွန်လအတွင်း၊ တကောင်းသို့ သွားစဉ် တကောင်းလူထုအား ဟောပြောပွဲတစ်ရပ် ကျင်းပခဲ့ပါသည်။ ထိုဟောပြောပွဲမှ အသိပညာရ၍ လာရောက်အပ်နှံကြခြင်း ဖြစ်ပါသည်။ ရှေးအခါကလည်း ယခုကဲ့သို့ တွေ့ရှိမှုများ ရှိနေမည် ဖြစ်သော်လည်း ရှေးဟောင်းပစ္စည်းမှန်းလည်း မသိ၊ သိသော်လည်း အပ်နှံမှုမရှိဘဲ မထင်ပေါ် မသိရှိရခြင်း ဖြစ်ပါသည်။ လူထုအား ရှေးဟောင်းအသိပညာပေး၍ မီဒီယာအား ရှေးဟောင်းလုပ်ငန်းတွင် ထိရောက်စွာ အသုံးပြုရမည်ဆိုသော ဝန်ကြီး၏ သဘောတရားမှန်ကန်ကြောင်း ထောက်ပြသောဓကအဖြစ် တင်ပြအပ်ပါသည်ခင်ဗျား။



၃။ ယခုအခါ ရှေးဟောင်းပစ္စည်းများ မကြာခဏ တွေ့ရှိမှု အပ်နှံမှုရှိသော်လည်း ဦးဇင်းဦးမင်းဟန်မှာ နေထိုင်စရာက ကျောင်းမရှိ၊ ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းရန် နေရာမရှိ၍ အခက်တွေ့နေရပါသည်။ အချို့ပစ္စည်းများကို ဦးလှထွန်းထံ အပ်နှံထားရပါသည်။ ထို့ကြောင့် ပြတိုက်တစ်ခုဆောက်၍ ပြတိုက်တွင်ပင် ယခုကဲ့သို့ ရရှိလာသော ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းရင်း ဦးဇင်းဦးမင်းဟန်မှ စောင့်ရှောက်သိတင်းသုံးရေးအတွက် စီစဉ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

၄။ လေးမျက်နှာဘုရားကြီးအမိုး မိုးရေးလုပ်ငန်းကို လုပ်ဆောင်လျက်ရှိကြောင်း ဦးဇင်းဦးမင်းဟန်မှ အကြောင်းကြားပါသည်။ ဝန်ကြီးမှ ထုတ်ပေးသော ငွေမှာ လေးမျက်နှာဘုရားကြီးအား အမိုးမိုးရန်နှင့် ခြံစည်းရိုးခတ်ရန်အတွက် အသုံးပြုလျက်ရှိကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ချစ်စံဝင်း

စာရေးဆရာ

ဖုန်း - ၂၀၂၃၇၂

❖



www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ (ခ)

# တကောင်းမြို့ဟောင်းအစိုးရအထက်တန်းကျောင်းဝင်းအတွင်းမှ ပျူခေတ်အရိုးအိုးများ တွေ့ရှိတူးဖော်မှု အစီရင်ခံစာ

**နိဒါန်း**

၁။ တကောင်းမြို့ အစိုးရအထက်တန်းကျောင်းသည် တကောင်းတွင် မြို့ရိုးသုံးခုရှိသည့်အနက် ဒုတိယမြို့ရိုး (အညာပုဂံမြို့ရိုး)၏ အတွင်း အဘိရာဇာ (၂) လမ်းတွင် ရှိ၍ ကျောင်းဝင်းမြေဧရိယာအကျယ်သည် ၆ ဒသမ ၂၈ ဧက ရှိပါသည်။ ကျောင်းအုပ်ကြီး ဦးဝင်းမြင့်သည် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ထိုကျောင်းဝင်း၏ အရှေ့တောင်ထောင့်၌ အိမ်သာကျင်းတူးရာ ညောင်ရေအိုးသဏ္ဌာန် အိုးတစ်လုံးကို စတင်တွေ့ရှိရာမှ ယင်းနေရာကို အခြေခံ၍ ဆက်လက် တူးဖော်ရှာဖွေရာ အဆိုပါ နေရာတစ်ဝိုက် နေရာ (၄) နေရာမှ ပျူအရိုးအိုး (၆၄) လုံးကို တစ်စုတစ်ဝေးတည်း တွေ့ရှိရခြင်း ဖြစ်ပါသည်။

၂။ ယင်းတွေ့ရှိမှုသည် မြန်မာရေးဟောင်းနှင့် မြန်မာ့သမိုင်းတွင် ကြီးမား သော ပြောင်းလဲမှုကို ဖြစ်စေသည့် တွေ့ရှိမှု ဖြစ်ပါသည်။ ရှေးအခါက တကောင်းမြို့ကို ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို ထားရှိခဲ့ရာမှ ယခု တွေ့ရှိမှုသည်



www.burmeseclassic.com

www.burmeseclassic.com



အခြားသော ပျူမြို့ကြီးများကဲ့သို့ တကောင်းသည် ပျူမြို့ပြ နိုင်ငံကြီးတစ်နိုင်ငံအဖြစ် တည်ရှိခဲ့သည်ဆိုသော ခိုင်မာသည့် အထောက်အထား ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် သာသနာဝင်ကျမ်းများ၊ မြန်မာသမိုင်း မော်ကွန်းမှတ်တမ်း၊ ချေင်း၊ ရာဇဝင်ကျမ်းအစုစုတွင် တကောင်းဟူသော မြို့ပြနိုင်ငံတော် ရှိသည် ဆိုသော ရေးသားချက်များ မှန်ကန်ကြောင်း မြေအောက်မှ အထောက်အထား အခိုင်အမာ အစုလိုက် အဝေးလိုက် ရရှိခြင်းလည်း ဖြစ်ပါသည်။ ရှေးအခါက ယခုကဲ့သို့ တစ်စုတစ်ဝေးတည်း ပျူအရိုးအိုးများ စုပြုံတွေ့ရှိမှုမျိုးကို တကောင်းမြို့ဟောင်းတွင်ရော၊ အခြားပျူမြို့ဟောင်းများတွင်ပါ တစ်ကြိမ်တစ်ခါမှ ကြုံတွေ့ခဲ့ဖူးခြင်း မရှိပါ။

## တွေ့ရှိမှု

၃။ ကျောင်းအုပ်ကြီး ဦးဝင်းမြင့်သည် ၎င်း၏ ကျောင်းဝင်းအတွင်း အနောက်တောင်ထောင့်တွင် အိမ်သာကျင်းတူးရာ ထိုနေရာမှ အိုးခြမ်းပဲ့အများအပြား ထွက်ရှိ၍ အခြားနေရာသို့ ပြောင်းကာ အိမ်သာဆောက်ခဲ့ရပါသည်။ တစ်ဖန် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့တွင် ကျောင်းသားနှင့် အိမ်သာမမျှသေး၍ ကျောင်းဝင်း၏ အရှေ့တောင်ထောင့်တွင် အလုပ်သမား (၂) ဦးကို ငှားရမ်းပြီး အိမ်သာကျင်း ထပ်မံတူးရာ မြေပြင်မှ အနက် (၄) ပေ (၃) လက်မတွင် အဖုံးပါရှိသော ရေတကောင်းပုံသဏ္ဌာန် အရိုးအိုးကို စတင်တွေ့ရှိခဲ့ပါသည်။ တွေ့ရှိသော အရိုးအိုးကို တကောင်း ယာယီပြတိုက်၌ စောင့်ရှောက်လျက်ရှိသော လေးမျက်နှာဘုရားကြီး၏ အကျိုးတော်ဆောင် ဆရာတော် ဦးပဏ္ဍိတာနန္ဒထံ အပ်နှံရာ ဆရာတော်မှ အိုးနှင့် အိုးအတွင်းမှ ပစ္စည်းများကို စစ်ဆေးသိမ်းဆည်းကာ ယင်းတွေ့ရှိမှုနှင့် ပတ်သက်၍ အစီရင်ခံစာတစ်ရပ် ရေးသားပြီး ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးထံ တင်ပြခဲ့ပါသည်။ (နောက်ဆက်တွဲ–က)

## ပထမတွေ့ရှိသောနေရာနှင့် တွေ့ရှိမှု ပစ္စည်းများ

၄။ တကောင်းမြို့ အထက ဝင်းအတွင်းမှ အရိုးအိုးတွေ့ရှိမှုနေရာ အတိအကျမှာ ပင်လယ်ရေမျက်နှာပြင် အထက် ၆၀၃ ပေ၌ တွေ့ရှိရခြင်းဖြစ်၍





နေရာအတိအကျမှာ မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၂၉ မိနစ် ၅၅ ဒသမ ၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၄၂ ဒသမ ၇ စက္ကန့်၌ တွေ့ရှိခြင်း ဖြစ်သည်။ ယင်းတွေ့ရှိသောနေရာကို တူးဖော်ရာ အမှတ်အသားအရ တကောင်းကုန်းအမှတ် TG 31 ဟု အမှတ်အသားပြုပါသည်။

၅။ ကျောင်းဝင်းအတွင်းမှ တွေ့ရှိရသော ရေတကောင်းပုံအိုးပတ်ပတ်လည်တွင် လူရုပ်ပုံပါရှိ၍ လူပုံ၏ဘေးတွင် ဆင်ရုပ် (၂) ရုပ် ပါရှိသည်။ လူနှင့်ဆင်တံဆိပ်အဝိုင်းပုံကို အိုးပတ်ပတ်လည်တွင် သုံးရစ်အပြည့် ခပ်နှိပ်ထားရာ အရုပ်စုစုပေါင်း (၆၆) ရုပ်ပါရှိသည်။ အရိုးအိုး၏အမြင့်သည် (၁၅) လက်မ၊ အိုးအချင်းသည် (၉.၅) လက်မနှင့် အိုးအဝအချင်း (၇.၂)လက်မရှိသည်။ အိုးအတွင်းမှ တွေ့ရှိရသော ပစ္စည်းတို့မှာ ခရုပတ် အခွေဒီဇိုင်းပါ ကြေးချူ (၁၅) လုံး၊ သံလက်ကောက် (၁) ကွင်း၊ သံလက်ကောက် အပိုင်းအစများ၊ ကြေးလက်စွပ် (၁)၊ ကွင်း၊ ငွေကြေး (၃) ကွင်း၊ လိမ္မော်ရောင်ပုတီးစေ့ (၂) စေ့၊ ခြောက်မြှောင် ပုံရှည်ပုတီး (၁) ခု၊ ဆလင်ဒါပုံပုတီးစေ့ (၁) စေ့၊ အဖြူရောင်ပုတီးစေ့ငယ် (၁) စေ့၊ အနက်ရောင် ပုတီးစေ့ငယ် (၁) စေ့၊ ကြွေစေ့ (၁) စေ့တို့ကို ရရှိခဲ့ပါသည်။ ထိုသို့သော တွေ့ရှိချက်များအရ ယင်းအရိုးအိုးသည် ပျူအရိုးအိုးတစ်အိုးဟု သတ်မှတ်ခဲ့ပါသည်။ ယင်းအရိုးအိုးကို တကောင်းမြို့ဟောင်းမှ ယခင်တွေ့ရှိခဲ့ပြီးသော အရိုးအိုးများနှင့် တစ်ဆက်တည်း နံပါတ်စဉ်ပေး သတ်မှတ်ရာ မြေသားတကောင်းအရိုးအိုး အမှတ် (၁၁) အဖြစ် သတ်မှတ်ခဲ့ပါသည်။ အမှတ်စဉ် (၁၁) တွေ့ရှိသော အိမ်သာကျင်းကို စစ်ဆေးရာ မြောက်ဘက်တွင် အခြားအိုးတစ်လုံး၏ နှုတ်ခမ်းသားအစွန်းအစ ထွက်ရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။

## ဆက်လက်တူးဖော်ခြင်း

၆။ အထက်တန်းကျောင်းဝင်းအတွင်းမှ တွေ့ရှိသော အိုးနှင့်အိုးအတွင်းမှ ပစ္စည်းများ၊ ကျင်းမြောက်ဘက်တွင် အိုးနှုတ်ခမ်းသား တစ်စွန်းတစ်စပေါ်နေသည်ကို စနစ်တကျ လေ့လာလျက် ထိုနေရာပတ်ဝန်းကျင်တွင် ဆက်လက်တူးဖော်ရန် ဆုံးဖြတ်ကာ ၂၀၀၄ ခုနှစ်၊ ဩဂုတ် (၁၀) ရက်နေ့တွင် ရှေး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မှ ညွှန်ကြားရေးမှူး ဦးဝေလွင်၊ သုတေသီများ ဖြစ်ကြသော တမ္ပဝတီ ဦးဝင်းမောင်၊ စာရေးဆရာ ချစ်စံဝင်းနှင့် ထိန်းသိမ်းရေးမှူး ဦးအေးလွင်တို့သည် တွေ့ရှိမှုနေရာဝန်းကျင်ကို စတင်တူးဖော်ရာ ထိုနေရာတွင် အခြားပျူအရိုးအိုးတစ်လုံးနှင့် မြေထဲတွင် နစ်နေဆဲဖြစ်သော အရိုးအိုးလေးလုံးတို့၏ ကိုယ်ထည်များကို တွေ့ရှိခဲ့ပါသည်။ ထိုအရိုးအိုး တွေ့ရှိသောနေရာကို TG31 ကုန်း၏ ကျင်းအမှတ် (၁) ဟု သတ်မှတ်ထားရှိခဲ့ပါသည်။

### ကျင်းအမှတ် (၁)

၇။ (၁၁-၈-၂၀၀၄) နေ့တွင် ကျင်းအမှတ် (၁) အား လေ့လာရေးအဖွဲ့မှ ဆက်လက်တူးဖော်ရာ အိုးအမှတ် (၁၂)၊ အမှတ် (၁၃)၊ အမှတ် (၁၄)၊ အမှတ် (၁၅) အရိုးအိုးများ ထွက်ပေါ်လာပြီး ထိုကျင်းကို ဆက်လက် တူးဖော်ရာ အထက်ဖော်ပြပါ အိုးများအပါအဝင် ပျူအရိုးအိုး (၅) လုံး၊ ရေတကောင်း (၁၆) လုံး၊ ပန်းကန် (၁) ချပ်နှင့် သောက်ရေခွက် (၁) လုံး၊ စုစုပေါင်းပစ္စည်း (၂၃) မျိုးတို့ကို ရရှိခဲ့သည်။

### ကျင်းအမှတ် (၂)

၈။ ကျင်းအမှတ် (၁) နေရာမှ တွေ့ရှိမှုအနေအထားကို သုံးသပ်၍ လေ့လာရေးအဖွဲ့သည် ၂၀၀၄ ခုနှစ်၊ ဩဂုတ် (၁၂) ရက်က မြောက်ဘက်သို့ (၆) ပေခန့် ဆက်လက်တူးဖော်ရာ မြေပြင်မှ အနက် ၂ ပေ ၆ လက်မတွင် ပျူအရိုးအစုအပြုံ အမှတ် (၂) နေရာကို ထပ်မံတွေ့ရှိသည်။ ယင်းနေရာမှ အရိုးအိုး (၃) လုံး၊ ရေတကောင်း (၉) လုံး၊ စုစုပေါင်းအိုး (၁၂) လုံးကို တစ်စုတစ်ဝေးတည်း တွေ့ရှိရပြန်သည်။

### အိုးအမှတ် (၁၄) နှင့် (၁၅) ကို ဖွင့်လှစ်ကြည့်ရှုခြင်း

၉။ ကျင်းအမှတ် (၁) နေရာမှ တွေ့ရှိရသော ပျူအရိုးအိုး အမှတ် (၁၄) နှင့် အမှတ် (၁၅) တို့ကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပညာရှင်များ၏ ရှေ့မှောက်တွင် ၂၀၀၄ ခုနှစ် ဩဂုတ်လ (၁၃) ရက် ညနေ (၁၅:၀၀) နာရီ၌ ဖွင့်လှစ်ကြည့်ရှုရာ အိုးအမှတ် (၁၄) အတွင်းမှ ဓားအရှည် (၂) လက်၊ ဓားအတို (၁) လက်၊ ဓားအမင်း (၁) ခု၊ သံမှို (၁) ချောင်း၊ ၁၀ ဒသမ ၅ လက်မအရှည်ရှိ ကြေးဇွန်း (၁) ချောင်း၊ မြေအဖုံး (၁) ချပ်၊ ကြေးအပြား (၂) ချပ်၊ ပုတီးစေ့ငယ် (၃၁) လုံး၊ တစ်လက်မအကျယ်ရှိ လေးထောင့်ချောပြားငယ် (၁) ချပ်၊ လူခေါင်းအခွံရိုးများ၊ မီးသဂြိုဟ်ထားသော ခါးဆစ်၊ ခြေရိုး၊ တင်ပါးဆုံနှင့် ခြေချောင်းလက်ချောင်းအရိုးများကို တွေ့ရှိရသည်။ အိုးအမှတ် (၁၄) သည် အမြင့် ၁၅ လက်မခွဲ၊ အချင်း (၁၂) လက်မ၊ အိုးအဝ (၆) လက်မခွဲရှိပြီး အိုးတွင် ကရွတ်ခွေနှင့် အဖုံးပါရှိသည်။ ကရွတ်ခွေသည် အမြင့် တစ်လက်မရှိ၍ အဖုံးအမြင့်သည် (၃) လက်မ၊ အကျယ် (၉) လက်မ ရှိသည်။

၁၀။ အိုးအမှတ် (၁၅) မှ ဓား (၁) လက်၊ သံထည်ပစ္စည်းအချို့၊ မြမ်း ဖုတ်ပုတီးစေ့ (၁) စေ့၊ အံသွား (၆) ချောင်း၊ ရှေ့သွား (၃) ချောင်း၊ အဆောင် ဘက်ဆွယ် လည်ဆွဲအသေး (၁) ခု၊ အစိမ်းရောင်ဖုံကို ပုတီးစေ့ (၁) စေ့၊ ကော် ပုတီး၊ (၁၅) စေ၊ မြှား (၁) စင်းတို့ကို ရရှိသည်။ အိုးအမှတ် (၁၅) သည် အမြင့် (၁၀) လက်မ၊ အချင်း (၈) လက်မ၊ အိုးအဝ (၅) လက်မခွဲရှိပြီး အိုးတွင် အောက်ခြေကတရွတ်ခွေနှင့် အဖုံးပါရှိသည်။ ကရွတ်ခွေ အမြင့် (၁) လက်မရှိ၍ အဖုံးအမြင့် (၄) လက်မနှင့် အချင်း (၇) လက်မရှိသည်။

၁၁။ တွေ့ရှိရသော အရိုးအိုးနှင့် ရေတကောင်းများတွင် အိုးလည်ပင်း၊ အိုးနှုတ်ခမ်းသားနေရာတို့၌ ကြက်ဖပုံနှင့် ဆွမ်းအုပ်ဒီဇိုင်းများ ပါရှိသည်။ အရိုးအိုးကိုယ်ထည်တွင် တွေ့ရသော ဒီဇိုင်းတို့မှာ ကြောင်ခြစ်လက်ရာ ဒီဇိုင်း၊ မျဉ်းဖြောင့်မျဉ်းကောက်ဒီဇိုင်း၊ မှန်ကူကွက်၊ လှိုင်းတွန့်ပုံဒီဇိုင်းများ ပါရှိသည်။ အိုးအဖုံးများတွင် လက်ကိုင်ဘုသီး ပါရှိသည်။ ရေတကောင်းများ သည် လည်ပင်းသေး၍ အိုးအတွင်း၌ ဘာမျှမပါရှိသည်ကို တွေ့ရသည်။ အထက်ပါသတင်းများကို သမိုင်းသုတေသီများနှင့် ပြည်သူများသိရှိရန် (၁၉-၈-၂၀၀၄) နေ့က ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့ရာ မြန်မာ့ အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာကြီးများတွင် မျက်နှာ ဖုံးသတင်းအဖြစ် ဖော်ပြခဲ့ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



## ကျင်းအမှတ် (၃) ကို ထပ်မံတွေ့ရှိခြင်း

၁၂။ ကျင်းအမှတ် (၁) နှင့် အမှတ် (၂) တို့တွင် တွေ့ရှိရသော ပျူအရိုးအိုးများနှင့် တွင်းမှ ပစ္စည်းများသည် သမိုင်းတန်ဖိုး ကြီးမားလှသောကြောင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တွေ့ရှိရသောနေရာတွင်ပင် ပြတိုက်ဆောက်၍ ထိန်းသိမ်းရန် ဆုံးဖြတ်ပြီး ယင်းနေရာတွင် အုတ်မြစ်ချရန်အတွက် (၁၇-၈-၂၀၀၄) နေ့တွင် ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးအေးမောင်၊ ဦးဇင်ဦးပဏ္ဍိတာနန္ဒ (ဦးမင်းဟန်)၊ တမ္ဗဝတီဦး၀င်းမောင်၊ သုတေသနမှူး ဦးပိုင်စိုး၊ ဦးတင်ဝင်းဦးနှင့် ထိန်းသိမ်းရေးမှူး ဦးအေးလွင်တို့က ဆက်လက် တူးဖော်ရာ ကျင်းအမှတ် (၃) ကို တွေ့ရှိပြီး ထိုနေရာမှ ပျူအရိုးအိုး (၆) လုံး၏ နှုတ်ခမ်းသားများကို တွေ့ရှိသည်။ တွေ့ရှိသော အခြေအနေကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြပြီး (၂၁-၈-၂၀၀၄) နေ့နှင့ (၂၂-၈-၂၀၀၄) နေ့တို့တွင် ဆက်လက်တူးဖော်ရာ ကျင်းအမှတ် (၃) မှ အရိုးအိုး (၁၀) လုံး၊ အဖုံး (၁၀) ချပ်၊ ရေတကောင်း (၉) လုံး၊ ဖလား (၂) လုံးနှင့် အောက်ခံအုတ်ချပ် (၂၅) ချပ်တို့ကို တွေ့ရှိရသည်။ တွေ့ရှိရသော အုတ်ချပ်များအနက် (၃) ချပ်တွင် လက်စင်းရာများ ပါရှိသည်။ အမှတ် (၃) ကျင်းမှ အရိုးအိုးများကို မြေပြင်မှ အနက် (၆) ပေတွင် တွေ့ရှိရခြင်း ဖြစ်သည်။

## ကျင်းအမှတ် (၄) ကို တွေ့ရှိခြင်း

၁၃။ ကျင်းအမှတ် (၃) ကို တွေ့ရှိပြီး (၂၃-၈-၂၀၀၄) နေ့တွင် (၁) ပေခွဲခန့်တူးရာ ကျင်းအမှတ် (၄) ကို ထပ်မံတွေ့ရှိရသည်။ ကျင်းအမှတ် (၄) ကို မြေပြင်မှ အနက် (၃) ပေ (၈) လက်မတွင် တွေ့ရှိရခြင်း ဖြစ်သည်။ ယင်းကျင်းမှ အရိုးအိုး (၃) လုံး၊ အဖုံး (၂) ချပ်နှင့် ရေတကောင်း (၃) လုံးတို့ ထပ်မံရရှိသည်။ ထို့ကြောင့် TG31 ကုန်းမှ ယခုတွေ့ရှိရသော ပျူအရိုးအိုးနှင့် ရေတကောင်းအရေအတွက်မှာ စုစုပေါင်း (၆၄) လုံး ဖြစ်ပါသည်။ ပျူအရိုးအိုးများကို ယခုတွေ့ရှိရသော နေရာသည် ပျူသင်္ချိုင်းတစ်ခုဟု ယူဆရပြီး ဆက်လက် တူးဖော်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။





## သမိုင်းတန်ဖိုးကြီးမားစွာ ရရှိခြင်း

၁၄။ တကောင်းဒေသကို ကိုလိုနီသမိုင်းရေးဆရာတို့သည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ဖျက်ဆီးလို၍ မြန်မာသမိုင်းကို (၁၁) ရာစု အနော်ရထာမင်းလက်ထက် မစောဟု အစဉ်တစိုက် အမှတ်အသားပြု ရေးသားခဲ့ရာ ထိုသို့ ရေးသားမှုကို ခရစ်နှစ် (၂၀၀၀) ပြည့်ကျော်ကာလအထိ အမှန်ဟု ရေးသားခဲ့ကြဆဲ ဖြစ်ပါသည်။ ကိုလိုနီသမိုင်းရေး ဆရာတို့က မည်သို့ပင်ဆိုစေ ဖော်ပြပါအတိုင်း မြန်မာသာသနာဝင်ကျမ်း၊ သမိုင်းဆော်ကွန်းမှတ်တမ်း၊ စမ္ဗူကွန်ချာ၊ ဆရာတော်ဦးယောကြီး၏ တကောင်းရာဇဝင်ချင်းများဖြစ်ကြသော ရခိုင်မင်းသမီး ဧချင်း၊ မင်းရဲဒိဗ္ဗဧချင်းနှင့် အခြားဧချင်းများ၊ တွင်းသင်းရာဇဝင်သစ်၊ ဦးကုလားမဟာရာဇဝင်ကြီး၊ မှန်နန်းမဟာရာဇဝင်တော်ကြီးတို့တွင် တကောင်းမြို့ပြ နိုင်ငံတော်ကြီး အမှန်တကယ်ရှိခဲ့ကြောင်း တိတိလင်းလင်း ရေးသားထားခဲ့ကြသည်။ ထို့ကြောင့် မြန်မာတို့သည် မျက်နှာဖြူသမိုင်းရေးဆရာတို့၏ အရေးအသားများကို အမှန်ပြုပြင်ရန် ဇာတိသွေး၊ ဇာတိမာန်တက်ကြွစွာဖြင့် ၁၉၀၃ ခုနှစ်မှစ၍ အနှစ်တစ်ရာတိုင်တိုင် တကောင်းအား တူးဖော်ခဲ့ကြသော်လည်း ကံမကောင်း အကြောင်းမလှစွာဖြင့် တကောင်းမှ အနော်ရထာမင်းလက်ထက် (၁၁) ရာစုထက် စောသော အထောက်အထား တစ်စုံတစ်ရာကို မရရှိဘဲ ရှိခဲ့သည်။

## တကောင်းမှ (၁၁) ရာစုထက်စောသော အထောက်အထားများ ရရှိခြင်း

၁၅။ သို့သော်လည်း ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဝန်ထမ်းများနှင့် သုတေသီများသည် တကောင်းမြို့အား မျက်ခြည်မပြတ်ဘဲ ဖိဖိစီးစီး တူးဖော်ခဲ့ရာ တကောင်းမှ ၂၀၀၃ ခုနှစ်မှစ၍ ပျူအရိုးအိုးများ၊ ပျူအသုံးအဆောင်ပုတီးစေ့များ၊ ပျူဒင်္ဂါးများ၊ ပျူခေတ်ပန္နက်ပုံစံများ၊ လက်စင်းရာပါ အုတ်ချပ်များ တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ တွေ့ရှိရသော ပစ္စည်းအရပ်ရပ်ကို လေ့လာ၍ တကောင်းသည် အခြားပျူမြို့များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ မိုင်းမောတို့မှ တွေ့ရှိရသော ပစ္စည်း အထောက်အထားများ၊ အိမ်နီးချင်းနိုင်ငံများမှ တွေ့ရှိရသော အထောက်အထားများနှင့် ချိန်ထိုး၍ လေ့လာသောအခါ တကောင်းသည် အေဒီ ၁



www.burmeseclassic.com

www.burmeseclassic.com



ရာစုမတိုင်မီကပင် မြို့ပြနိုင်ငံအဖြစ် တည်ရှိနေသော ဒေသတစ်ခုဖြစ်ကြောင်း အနိုင်အမာ သက်သေပြနိုင်သောကြောင့် တကောင်းသည် ၁၁ ရာစုထက် မစောဟူသော အယူအဆသည် တွေ့ရှိရသော အထောက်အထားများအရ လုံးဝ ပျက်ပြယ်ခဲ့ရပြီ ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

အကြံပြုချက်

၁၆။ တကောင်းမြို့ဟောင်းအား ဆက်လက်တူးဖော်ပါက သမိုင်းဆိုင်ရာ အထောက်အထားပစ္စည်းများ ဆက်လက်တွေ့ရှိဦးမည်ဖြစ်ပါသည်။ တကောင်းသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် စပ်ဆိုင်လျက် ရှိသောကြောင့် လည်းကောင်း၊ ကိုလိုနီသမိုင်းရေးဆရာတို့၏ လီဆည်မှုများကို ဖော်ထုတ်ရန် လိုအပ်သောကြောင့် လည်းကောင်း တကောင်းအား ဆက်လက်တူးဖော်ရန် အကြံပြု တင်ပြအပ်ပါသည်။

၁၇။ တကောင်းမြို့ဟောင်းမှ တွေ့ရှိရသော ပစ္စည်းများ၏ သက်တမ်းကို ဆုံးဖြတ်ရေးသည် တူးဖော်လေ့လာမှုလုပ်ငန်း၏ အသက်ပင် ဖြစ်ပါ၏။ သို့သော်လည်း ယခု တူးဖော်တွေ့ရှိရသော ပစ္စည်းများ၏ သက်တမ်းကို ခန့်မှန်းရာတွင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမှ တွေ့ရှိရသော ပစ္စည်းများနှင့် ချိန်ထိုး၍ လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများမှ တွေ့ရှိရသော ပစ္စည်းများ၏ သက်တမ်းဖြင့် ချိန်ထိုး၍ လည်းကောင်း ကာလအပိုင်းအခြား သတ်မှတ်ရခြင်းဖြစ်ရာ ယခုတွေ့ရှိရသော ပစ္စည်းများကို တိကျသော သက်တမ်း ရရှိရန် ပြည်ပသို့ ပို့၍ စစ်ဆေးသင့်ကြောင်း အကြံပြု တင်ပြအပ်ပါသည်။

နိဂုံး

၁၈။ မြန်မာနိုင်ငံသည် သမိုင်းကြောင်းရှည်လျားပြီး သမိုင်းမတင်မီကာလ မှစ၍ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တိုင် စဉ်ဆက်မပြတ် တိုင်းရင်းသားလူမျိုးတို့ နေထိုင်ခဲ့ရာ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက်၏ ရှေးဟောင်းဒေသ၊ ရှေးဟောင်းဇုန်နယ်မြေများ အများ





အပြားရှိရာ ကမ္ဘာမှလည်း ယင်းရှေးဟောင်းဇုန်နယ်မြေဒေသများကို စိတ်ဝင်စားလျက် ရှိပါသည်။ မြန်မာနိုင်ငံသည် ရေရှည်တွင် ရှေးဟောင်းနှင့် သဘာဝ ခရီးသွားလုပ်ငန်း လုပ်ဆောင်ရန် ရည်မှန်းဦးတည်ထားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ရေရှည်တွင် တကောင်းကဲ့သို့သော ရှေးဟောင်းဇုန် နယ်မြေကြီးများ တစ်ခုပြီးတစ်ခု လေ့လာစရာများ ပေါ်ထွက်လာဦးမည် ဖြစ်သောကြောင့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ၏ သက်တမ်း အတိအကျ တွက်ချက်သော လိုအပ်သော စက်ကိရိယာတစ်ရပ်ရပ်ကို ဝယ်ယူရန် လိုအပ် ကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ်ပါသည်။

❖

မှတ်ချက် ။ ။ ဤအစီရင်ခံအတွင်း ကျင်းအမှတ်(၁) (၂) (၃) (၄) ဟု ဖော်ပြထားသည်ကို ဤစာအုပ်၌ ကျင်းအမှတ် **(A)** (B) (C) (D) ဟူ၍ ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## နောက်ဆက်တွဲ (ဂ)

# တကောင်းမြို့ဟောင်း၊ အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း ကုန်းအမှတ် (TG-31)ကုန်း ဒုတိယအကြိမ် တူးဖော်တွေ့ရှိမှု အစီရင်ခံစာ

သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့ဟောင်း၊ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း အိမ်သာကျင်းတူးဖော်ရာမှ ရှေးဟောင်းမြေအိုးမြေခွက်များ တွေ့ရှိရကြောင်း သတင်းရရှိသဖြင့် မန္တလေးမြို့၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲမှ တူးဖော်မှုအဖွဲ့သည် (၉-၈-၂၀၀၄) ရက်နေ့တွင် တကောင်းမြို့ဟောင်းသို့ သွားရောက်ပြီး တူးဖော်သုတေသနလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် တွေ့ရှိချက်များအား အစီရင်ခံစာ ရေးသားတင်ပြပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် ထိုစဉ်က တွေ့ရှိခဲ့သော ရှေးဟောင်းပျူအရိုးအိုးများအား အဆောက်အအုံ ဆောက်လုပ်ထိန်းသိမ်းထားရှိရန်အတွက် အုတ်စီရန်ကျင်းရဲ့ရာမှ အရိုးအိုးများ ထပ်မံပေါ်ထွက်လာကြောင်း သတင်းပေးပို့လာသဖြင့် သုတေသနအရာရှိ ဦးပိုင်စိုးနှင့် ပန်းချီကျွမ်းကျင်-၃ ဦးဇော်မင်းတို့သည် (၂၂-၈-၂၀၀၄) ရက်နေ့တွင် တကောင်းမြို့ဟောင်းသို့ ဒုတိယအကြိမ် ဘပ်မံခရီးထွက်ခွာ၍ လုပ်ငန်းဆောင်ရွက်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်သုတေသနပြုမှုကို (၂၃-၈-၂၀၀၄) ရက်နေ့တွင် စတင်နိုင်ခဲ့ပါသည်။ ဦးစွာ မြေအိုးများ ထပ်မံတွေ့ရှိရသော နေရာပတ်ဝန်းကျင်အား ရှင်းလင်းမှုများ ပြုလုပ်ပြီး (၁၆'x၅') ကျင်း ထပ်မံချဲ့ထွင်တိုင်းတာ၍ တူးဖော်ခဲ့ပါသည်။ ဤတွေ့ရှိမှုနှင့်ဆိုလျှင် (TG-31) ကုန်းအတွင်း ပျူအရိုးအိုးအစုများကို (၃) နေရာခွဲ၍ တွေ့ရှိရခြင်း ဖြစ်သဖြင့် ပထမဆုံးတွေ့ရှိရသော အရှေ့တောင်ထောင့်မှ အရိုးအိုးအစုများကို (၃) နေရာခွဲ၍ တွေ့ရှိရခြင်း ဖြစ်သဖြင့် ပထမဆုံး တွေ့ရှိရသော အရှေ့တောင်ထောင့်မှ အရိုးအိုးအစုကို (Group-A) ဟူ၍လည်းကောင်း၊ အရှေ့မြောက်ထောင့်မှ အရိုးအိုးအစု (Group-B) ဟူ၍လည်းကောင်း၊ ယခု ထပ်မံတွေ့ရသော အရိုးအိုးအစုကို (Group-C) ဟူ၍ လည်းကောင်း သတ်မှတ်၍ အစီရင်ခံစာ တင်ပြသွားပါသည်။

ထပ်မံတွေ့ရှိရသော အရိုးအိုးများသည် (Group-B)၏ အောက်ခြေအနက် ၃ ပေခွဲခန့်တွင် တွေ့ရှိရခြင်း ဖြစ်ပြီး မြေအိုး (၂) လုံးနှင့် ရေတကောင်းအိုး (၃) လုံးမှာ (Group-B)၏ မြေခံအောက်တွင် ဝင်လျက်အနေအထားအတိုင်း တူးဖော်တွေ့ရှိရပါသည်။ ညောင်ကန်ကြေးခေတ် Site ကဲ့သို့ပင် နှစ်ထပ်ဆင့်၍ တူးဖော်တွေ့ရှိရသော အနေအထားဖြစ်ပါသည်။ Group-C၌ တွေ့ရသော အိုးအရေအတွက်မှာ အရိုးအိုး (၁၀) လုံး၊ ရေတကောင်းအိုး (၉) လုံး၊ မြေခွက် (၂) လုံးတို့ ဖြစ်သည်။

Group-C၏မြောက်ဘက်သို့ (၁၆'x၅') ကျင်း ထပ်မံချဲ့ထွင် တူးဖော်ရာမှာ မြေအနက် (၂'x၈') တွင် အရိုးအိုးများ ထပ်မံတွေ့ရှိရပြန်ပါသည်။ ၎င်းအိုးများမှာ Group-Cနှင့် ၆ လက်မခန့်သာ ကွာဝေးပါသည်။ ထိုနေရာ၌ တွေ့ရသော အိုးအရေအတွက်မှာ အရိုးအိုး (၃) လုံး၊ ရေတကောင်းအိုး (၃) လုံး ဖြစ်ပါသည်။

အရိုးအိုးများ၌ ပန်းဒီဇိုင်းများ ထွင်းထုထားသည်ကိုလည်း တွေ့ရှိရပါသည်။ ခရသင်းပုံနှစ်ခုကို ယှဉ်၍ ထွင်းထားသော ဒီဇိုင်း၊ စတုရန်းကွက်၌ စက်ဝိုင်းများ ထည့်သွင်းထားသော ဒီဇိုင်း၊ စတုရန်းကွက်၌ စက်ဝိုင်းများ ထည့်သွင်းထားသော ဒီဇိုင်း၊ မြို့ပြောက်နှင့် ကြက်ခြေခတ်ဒီဇိုင်းများကို



လည်း တွေ့ရှိရပါသည်။ ပုံဆွဲ(၁) ရေတကောင်းအိုးမှ လှိုင်းတွန့်သဏ္ဌာန် ဒီဇိုင်းသည် ရေတကောင်းအိုးဆင်တူ (၃) လုံး ရှိပါသည်။ ပုံဆွဲ (၂) အိုးမှာ ပုံသဏ္ဌာန်တူ ဆင်တူ (၃) လုံး ရှိပါသည်။ ပုံဆွဲ (၂) အိုးမှာ ပုံသဏ္ဌာန်တူ (၂) လုံး ရှိပြီး၊ ပုံဆွဲ (၃) မှာ ခရသင်းနှစ်ခုပုံ တစ်အိုးတည်းသာ ရှိသည်။ ပုံဆွဲ (၄) ဖြစ်သော အရိုးအိုးအဖုံး ထိပ်ချွန်သဏ္ဌာန်သည် ဆင်တူ (၆) လုံး ရှိသည်။ ပုံဆွဲ (၅) အရိုးအိုးအဖုံးမှာ (၄) လုံး ရှိသည်။ ပုံဆွဲ (၆) မှာ ပုံသဏ္ဌာန်တူ (၂) လုံးရှိသည် သပိတ်ပုံသဏ္ဌာန်မြေခွက်မှာ (၂) လုံးဖြစ်၍ ပုံဆွဲ (၇) ဖြစ်သည်။

ယခုဆက်လက်တူးဖော်မှုတွင် ထူးခြားသည်မှာ ပျူလူမျိုးတို့၏ အမှတ်သင်္ကေတတစ်ခုဖြစ်သော လက်စင်းရာပါ အုတ်ချပ်များကို Group-C အိုးအစု၏ အောက်ခြေတွင် ခင်းထားသည်ကို တွေ့ရခြင်း ဖြစ်သည်။ အုတ်ချပ်များသည် ကျိုးပဲ့လျက်ရှိပြီး တိုင်းတာ၍ ရသော အုတ်တစ်ချပ်ကို တိုင်းကြည့်ရာတွင် အလျား x အနံ x ထု (၁၅ x၇ x၂) လက်မရှိကြောင်း တွေ့ရသည်။ လက်စင်းရာ (၃) ခုပါရှိသည်။

ယခု တူးဖော်မှုတွင် မြေလွှာခွဲခြမ်းလေ့လာမှုအရ အပေါ်ယံမြေလွှာ ပုဂံခေတ် အုတ်ကျိုးရောမြေလွှာ၊ ရွှံ့နှင့် ကျောက်ဖြန်းရောမြေလွှာ၊ ရွှံ့စေးမြေလွှာ၊ သဘာဝမြေလွှာ ဟူ၍ ငါးမျိုးတွေ့ရှိရသည့်အနက် ပျူအရိုးအိုးများကို မြေအနက် လေးပေခွဲခန့်မှ စတင်သည့် ကျောက်ဖြန်းရောမြေလွှာတွင် တွေ့ရခြင်း ဖြစ်ပါသည်။ Group-C အရိုးအိုးများ၏ အောက်ခြေအခင်းပျူအုတ်ချပ်များ တွေ့ရှိရာ မြေအနက် ခြောက်ပေခွဲခန့်မှ စ၍ သဘာဝမြေလွှာ ခတင်ပါသည်။ ထို့ကြောင့် တကောင်းအရပ်ဒေသတွင် ပျူလူမျိုးများသည် သာ အစောဆုံးနေထိုင်ခဲ့သည်ဟု သုံးသပ်ရပါသည်။ ထိုအချက်ကို ပိုမိုသေချာစေရန် မြေအနက် ၂ ပေခွဲခန့် စုစုပေါင်းမြေအနက် ၉ ပေအထိ တူးဖော်ကြရာ သဘာဝမြေလွှာ မပြောင်းမလဲဘဲ တွေ့ရှိရခြင်း အချက်က သက်သေခံနေကြောင်း တွေ့ရှိရပါသည်။

ကိုးကွယ်မှုဆိုင်ရာ အထောက်အထား မတွေ့ရခြင်း၊ အရိုးအိုးလက်ရာများ၊ ရိုးစင်းခြင်း၊ လိုင်အင်္ဂါဆန်ဆန် အဖုံးလက်ကိုင်များ တွေ့ရှိရခြင်း



www.burmeseclassic.com

www.burmeseclassic.com



အချက်တို့က ဤအရိုးများ မြှုပ်နှံသည့် အချိန်သည် မြန်မာ့ကြေးခေတ်နှင့် သံခေတ် စပ်ကူးမတ်ကူးကာလ ဘီစီ ၃ရာစုမှ ဘီစီ ၁ ရာစုဝန်းကျင်ခန့် ကာလဖြစ်ကြောင်း ခန့်မှန်းရပါသည်။

TG-31 ကုန်းအား ထိန်းသိမ်းမှုလုပ်ငန်းများကို ဆက်လက်တင်ပြရလျှင် (၂၄–၈–၂၀၀၄) ရက်နေ့တွင် မန္တလေးမြို့ ရှေးဟောင်းသုတေသနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် သုတေသနလက်ထောက်–၄ ဦးလင်းထွန်းကြည့်တို့ ရောက်ရှိလာပြီး အိုးများကို ကြံ့ခိုင်စေရန် ဓာတုဗေဒဆေးဝါးများဖြင့် ထိန်းသိမ်းသန့်စင်မှု ပြုလုပ်သည့်အပြင် အိုးအောက်ခံမြေသားကိုလည်း ကျစ်လျစ်ခိုင်မာစေရန် ဆေးဖျန်းခြင်း ပြုလုပ်ခဲ့ပါသည်။

ထိန်းသိမ်းရေးမှူး ဦးအေးလွင်ကလည်း သွပ်ဆူးကြိုးများဖြင့် ကာရံခြင်း၊ တာလပတ်အမိုး မိုးခြင်းများကို ဆောင်ရွက်ပါသည်။ အဆောက်အအုံဆောက်လုပ်ရန်အတွက် ယခုအခါ အုတ်များ၊ ထုံးကျောက်များ မှာယူရောက်ရှိနေပြီး ဖြစ်ပါသည်။ တူးဖော်မှုအဖွဲ့က တူးဖော်ထားသော ပျူအရိုးအိုးကျင်းကွက်သည် အလျား ၂၄ ပေ၊ အနံ ၁၆ ပေ အကျယ်အဝန်းရှိပါသည်။ ကျင်းကွက်အတွင်း၌ အနက် ၂ ပေခန့် ထပ်မံတူးဖော်ရှာဖွေရာ ပျူအရိုးများ မတွေ့ရတော့ပါ။ ထို့ကြောင့် တူးဖော်တွေ့ရှိရန် အကောင်းဆုံးနေရာ ဖြစ်သည့် မြောက်ဘက်ခြမ်း၌ လက်ရှိကျင်းကွက်မှ ပေ ၅၀ အကွာအဝေးတွင် စမ်းသပ်ကျင်းတစ်ကျင်း၊ ပေ (၁၅၀) အကွာအဝေးတွင် စမ်းသပ်ကျင်းတစ်ကျင်း (၄'x၃') ထပ်မံရှာဖွေ စမ်းသပ်ခဲ့ရာ ယခုအချိန်အထိ မတွေ့ရှိရသေးပါ။

တွေ့ရှိခဲ့သော အရိုးများကို ဆက်လက်သန့်စင်ခြင်း၊ ကျင်းကွင်းအတွင်း မြေညှိခြင်း၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ပိုင်စိုး
သုတေသနအရာရှိ
တူးဖော်မှုဌာနခွဲ
ရှေးဟောင်းသုတေသနဦးစီးဌာန
အထက်မြန်မာပြည် (မန္တလေးမြို့)



## နောက်ဆက်တွဲ (ဃ)

## မူလတကောင်းမြို့ဟောင်း ဧရာဝတီမြစ်အနောက်ဘက်တွင် တည်ရှိခဲ့သည်ဆိုသော ရှေးဟောင်းသမိုင်းကျမ်းများ၏ ဖော်ပြချက် မှန်ကန်ကြောင်း ဧရာဝတီမြစ်ကြောင်းဟောင်းက သက်သေခံလျက်ရှိ

တကောင်းရာဇဝင်နှင့် မိုးမိတ်ရာဇဝင် စသော မြန်မာ့ရှေးဟောင်းသမိုင်းကျမ်းတို့တွင် ရှေးဟောင်းတကောင်းမြို့သည် ခရစ်နှစ်မတိုင်မီ နှစ်ပေါင်းများစွာကပင် စည်ပင်ထွန်းကားခဲ့ကြောင်း၊ ထိုအချိန်က တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အနောက်ဘက်တွင် တည်ရှိခဲ့ကြောင်း ဖော်ပြပါရှိသည်။ သို့ရာတွင် ယနေ့ တကောင်းမြို့ဟောင်းသည် ဧရာဝတီမြစ်၏ အရှေ့ဘက်တွင် တည်ရှိနေသည်။

### မူလတကောင်းမှ

ယဉ်ကျေးမှု ဝန်ကြီးဌာနသည် တကောင်းမြို့ဟောင်းဆိုင်ရာ သမိုင်းအချက်အလက်မှန်များကို လေ့လာဖော်ထုတ်နိုင်ရန် ဘူမိဗေဒပညာရှင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျွမ်းကျင်သူပညာရှင်များ၊ မြေလျှောင်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်၊ ဇလဗေဒပညာရှင်၊



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းပညာရှင်၊ ရှေးဟောင်းနေသတသနပညာရှင်တို့ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းလေ့လာ ဖော်ထုတ်အတည်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအဖွဲ့ကို ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန် ခေါင်းဆောင်ပြီး ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာတင်သိန်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာသူရဦး၊ သမိုင်းဌာန တွဲဖက်ပါမောက္ခ ဦးကိုကို၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပညာရှင် ဦးဇော်အောင်နှင့် ဦးစိန်ထွန်း၊ မြေတိုင်းဦးစီးဌာန ကောင်းကင်ဓာတ်ပုံပညာရှင် တမ္ဗဝတီ ဦးဝင်းမောင်တို့က အဖွဲ့ဝင်များအဖြစ် ပါဝင်၍ အတွင်းရေးမှူးအဖြစ် ရှေးဟောင်းသုတေသနဦးစီးဌာန မန္တလေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်က ဆောင်ရွက်သည်။

## သုတေသနပြု

ကွင်းဆင်းသုတေသနအဖွဲ့သည် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ ၁၆ ရက်အထိ တကောင်းမြို့ဟောင်း၏ ပတ်ဝန်းကျင်ဒေသ အင်းနက်ဒေသ၊ မြတောင်ဒေသ၊ တုံယော်ဒေသ၊ ကြိုညှပ်ဒေသ၊ မလည်ဒေသများသို့ ကွင်းဆင်းသုတေသနပြု လေ့လာခဲ့ကြသည်။ ကွင်းဆင်းသုတေသနအဖွဲ့နှင့် အတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်လည်း လိုက်ပါ၍ အနီးကပ်ကြီးကြပ်မှု ပြုခဲ့သည်။

ကွင်းဆင်းသုတေသနပြုချက်အရ ဧရာဝတီမြစ်ကြောင်းဟောင်းသည် မူလတကောင်း၏ မြောက်ဘက် ၁၅ မိုင်ခန့်အကွာ အင်းနက်တောင် မြေပုံညွှန်း (ခန့်မှန်းအမ်–၈၁၅၂၄၄) ၏ တောင်ခြေမှစတင်၍ တောင်ဘက်သို့ တကောင်းတောင်ခြေအတိုင်း စီးဆင်းခဲ့ရာ သောင်းဖွက်တောင် မြေပုံညွှန်း (ခန့်မှန်းအမ်–၈၃၅၉၇၂) ၏ အနောက်ဘက် တောင်ခြေအတိုင်း တောင်ဘက်သို့ ဆက်လက် စီးဆင်းပြီး မကျီးကုန်းရွာ မြေပုံညွှန်း (ခန့်မှန်းအမ်–၇၂၁၀၄၉) နှင့် မင်းကုန်းရွာ (ခန့်မှန်းအမ်–၇၁၀၈၉၃) အကြားတွင် လက်ရှိမြစ်ကြောင်းအတိုင်း တောင်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။





## အဖြူရောင်မြစ်သဲ

ကွင်းဆင်းသုတေသနအဖွဲ့သည် အင်းနက်ကျေးရွာ ရွာဦးကျောင်း ဆရာတော်အား ဝင်ရောက်ဖူးမြော်ရာ ဆရာတော်ဦးနန္ဒာသီရိက လွန်ခဲ့သော ကိုးနှစ်ခန့်က ဘုန်းကြီးကျောင်းဝင်းအတွင်း ရေတွင်းတူးရာတွင် ဆေးအနက် ၃၀ ခန့်မှ အင်ဖက်ခြောက်သစ်ရွက်ခြောက်များ၊ သစ်တုံးဆွေးများ၊ ယင်းမြေလွှာ၏ အောက်သို့ ဆက်လက်တူးရာ ရေချိုခရုခွံများ တွေ့ရှိရကြောင်း မိန့်ကြားသည်။ အင်းနက်တောင်အနီး မြစ်ကြောင်းဟောင်းမှ သဲများကို လေ့လာရာတွင် အဖြူရောင် မြစ်သဲများ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ယနေ့ အင်းနက်ချောင်းမှ သဲများကို လေ့လာရာတွင် ကရိုမိယမ်သတ္တုများ၊ သံဓာတ်များ ရောနှောပါဝင်နေသည့်အတွက် ချောင်းသဲများမှာ အမည်းရောင်ရှိကြောင်း စိစစ်တွေ့ရှိရသည်။ ထို့အပြင် အင်းနက်ရွာမှ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ရေရှင်ချောင်းတွင်လည်း ဧရာဝတီမြစ်ကြောင်းဟောင်း၏ မြစ်ကျောက်တုံးများ တွေ့ရှိရသည်။ ယင်းတွေ့ရှိချက်များအရ ဧရာဝတီမြစ်ကြောင်းဟောင်းသည် မူလက အင်းနက်တောင်ခြေမှ တောင်ဘက်သို့ ဖြတ်သန်းစီးဆင်းကြောင်း ခိုင်လုံစွာ လေ့လာတွေ့ရှိရသည်။

## မြစ်ကျိုးအင်းများ

ကွင်းဆင်းသုတေသနပြုရာတွင် လက်ရှိတကောင်းမြို့၏ အရှေ့ဘက်တွင် မြစ်ကျိုးအင်းများ အတန်းလိုက်ဖြစ်ပေါ် တည်ရှိနေသည်ကို တွေ့ရခြင်း၊ သဘာဝနုန်းတာဟု ယူဆရသော ကုန်းတန်းငယ်များကို မြစ်ကြောင်းဟောင်းအားတွင် တွေ့ရှိရခြင်း၊ အရှေ့ဘက်သို့ နိမ့်ဆင်းသွားသော မြစ်ပြုကမ်းဆင့် နှစ်ဆင့်ကို မြစ်ကြောင်းဟောင်း၌ တွေ့ရှိရခြင်းတို့ပေါ် မူတည်၍ လက်ရှိတကောင်းမြို့၏ အရှေ့ဘက်တွင် ရှေးကစီးဆင်းခဲ့သော ဧရာဝတီမြစ်ကြောင်းဟောင်းရှိခဲ့ကြောင်း အတည်ပြုပါသည်။ မြစ်ကြောင်းပြောင်းခဲ့သည့် အချိန်ကာလကိုလည်း လွန်ခဲ့သော နှစ် ၄၀၀၀ မှ ၆၀၀၀ အကြားဖြစ်သည်ဟု ဘူမိဗေဒပညာရှင်တို့က ခန့်မှန်းကြသည်။

ထို့ကြောင့် မြန်မာ့ရှေးဟောင်းမြို့ဖြစ်ခဲ့သော မူလတကောင်းသည် ဧရာဝတီမြစ်ကြောင်း မပြောင်းလဲမီကပင် လူနေစည်ကား ထင်ရှားတည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လျက် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ကျော်ကာလကပင် ဧရာဝတီမြစ်၏ အနောက်ဘက် လက်ရှိ တကောင်းမြို့တစ်ဝိုက်တွင် ရှိနေခဲ့ပြီဖြစ်ကြောင်း ဖော်ထုတ်အတည်ပြုနိုင်ပြီဖြစ်သည်။ အမှန်မှာ ပျူ-မြန်မာမျိုးနွယ်စု (မြန်မာ တိုင်းရင်းသားမျိုးနွယ်စု) များသည် မြန်မာ့မြေပေါ်တွင်ပင် လက်မွန်အဦးမကာ တူးပေါက်ဖွားအခြေချ နေထိုင်ခဲ့ကြသူများ ဖြစ်ကြပြီး အနောက်ဘက်မှ အဘိရာဇာ၏ အင်အားစုများ ဝင်ရောက်မလာမီ သမိုင်းမတင်မီ ခေတ် ကတည်းကပင် တကောင်း၊ ကြံညှပ်၊ မလည်ဒေသတို့၌ ဖြန့်ကြက်အခြေချ ကာ နေထိုင်ကြလျက် ယဉ်ကျေးမှု ထွန်းကားစပြုနေပြီ ဖြစ်သည်။

## ပြန်လည်ချေဖျက်နိုင်ပြီ

ဤသို့ ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုကို ဖော်ထုတ်အတည်ပြု နိုင်ခဲ့ခြင်းဖြင့် မြန်မာ့မြို့ဟောင်း မူလတကောင်း၏ ရှေးကျမှု၊ မြန်မာ့ရှေး ဟောင်းမြို့ပြ ယဉ်ကျေးမှု၏ အဆင့်အတန်း မြင့်မားမှုကို မြန်မာတို့ ဂုဏ်ယူ ဝင့်ကြွားနိုင်ကြပြီ ဖြစ်သည်။ ထို့ပြင် မြန်မာ့ရှေးဟောင်း သမိုင်းကျမ်းများ၏ ဖော်ပြရေးသားချက်များကို ဒဏ္ဍာရီသဖွယ်၊ ယုံတမ်းစကားသဖွယ် နှိမ့်ချ ပြက်ရယ်ပြုခဲ့ကြသည်များကိုလည်း အထောက်အထားဖြင့် ပြန်လည်ချေဖျက် နိုင်မည် ဖြစ်ပေသည်။

၉-၃-၂၀၀၄ (ကြေးမုံ)

❖



## Myanma Ancient Chronicles mentioned: "Original Tagaung was located on the western side of Old Ayeyarwady River"... Exploration Team confirms:...

Myanma ancient chronicles such as "Tagaung Chronicle" and "Momeik Chronicle" mentioned that was flourished tousands of years ago before the Chridtian Era. At that time location of original "Tagaung" was in the western side of Ayeyarwady river. However, at present "Tagaung" is situated at the east bank of Ayeyarwady river.

ministry of culture with a view to reveal the true historical facts, organized an exploration team consisting of geologists, reverie water-way experts, hydrologist, seismics expert, historian and archaeologist. The exploration team is headed by U Nyunt Han, Director-General of Department of Archaeology, and the members are Dr. Tin Thein, Professor and Head of Geology Department Yangon University, Dr. Thura Oo, Associate Professor of Geology Department Yangon University. U Thein Tun, Director of Meteorology and Hydrology Department, U



www.burmeseclassic.com

www.burmeseclassic.com



Sein Tun and U Zaw Aung- Waterways experts from Ministry y of Transport, U Kyaw Swe - aerial photo specialist of Surrey Department, Researcher U Chit San (Writer Chit San Win), U Win Maung (Tampawady) expert in Myanma art and architecture. U Hla Gyi Maung Maung Director of Archaeology Department - (Mandalay Division) conducted as team secretary.

The exploration team their field survey and research work from 23rd to 26th February 2004. The areas explored by the exploration team are Tagaung and its environs. Inn-net region, Myataung region, Tone-nge region, Kyan-nhyut region, and Male region. The Deputy Minister,Brigadier General Soe Win Maung, Ministry of Culture also accompanied with the team and made close supervision for the success of the expedition.

According to the field research work, it was found that the old river course of Ayeyarwady oldflow from the foot of Inn-net mountain (M-815244) which is about 15 miles north of Tagaung, passing through the foot of Tagaung mountain and Thoung-phwet mountain (M-835972). Then ayeyarwady river channel between Magyi-gon village (M-721049) and Min-gon village (M-710893).

The exploration team paid homage to sayadaw U Nandar Thiri of Inn-net monastery. It was learnt from sayadaw U Nandar Thiri that while digging a well inside the monastery compound about nine years ago, the dried In-Leaves and decayed pieces of wood were found underneath at about 30 feet. About three feet under that layer the remains of fresh water shells were found.

The geologists of the exploration team also explored to the Inn-net old river channel and collected the ample of white river sand. Unlike the river sand, the present





day Inn-net stream sand are grayish in color because of the content of chromium and iron-crust. Besides, the exploration team found a heap of old river pebbles at Ye-Shin creek, which is about two miles north of Inn-net village. With these evidences, it is not to be doubted that the Ayeyarwady old river flow along the foot of Inn-net mountain and Tagaung mountain rang toward the south after leaving Tagaung at her western side.

Moreover, the exploration team confirms the existence of many ox-bow lakes in row, the existence of elongated mounds which were the old river embankment and two old river-terraces along the old river channel. With these concrete evidences, the exploration team confirms that the Ayeyarwady old river channel was located to the East of present Tagaung. Geologists estimated the period of changing of old Ayeyarwady water-way between 4000 and 6000 years ago.

Therefore it can be proved that Tagung ancient city, located on the wastern side of Ayeyarwady river was established and flourished before 4000 years age. As a matter of fact Pyu-Myanmar national races (Myanmar nadtionals) originally settled on Myanma soil before the arrival of king Ahbiyarza groups from the west. These Pyu-Myanmar nationals had already settled in Tagaung, Kyan-nhyat, Male regions since prehistoric times. The findings of the exploration team make more highlight to the primitiveness of Tagaung and to take pride in our own nationality. Now we can prove with true evidences that Myanmar old treaties are not merely a legendary account as criticized by some historians in their writings about Myanma History.

❖



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆက်တွဲ( စ)

## မပြတ်သောသတိဖြင့် စောင့်ရှောက်ထိန်းသိမ်းရမည့် ရှေးဟောင်းပစ္စည်းများ

နိုင်ငံတစ်နိုင်ငံ၏ ရှေးဟောင်းအတိတ်သမိုင်းဟူသည် ထိုနိုင်ငံ ထိုလူမျိုး၏ အသည်းနှလုံးပင် ဖြစ်သည်။ ထိုနိုင်ငံ ထိုလူမျိုး၏ ဇာတိသွေး ဇာတိမာန်လည်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ မိမိတို့လူမျိုး၏ ရှေးဟောင်းအတိတ်သမိုင်း အစဉ်အလာကို ထာဝရ အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြစမြဲ ဖြစ်သည်။

ရှေးဟောင်း အနုပညာယဉ်ကျေးမှု ပစ္စည်းများ ပျောက်ဆုံးခြင်းသည် အတိတ်သမိုင်း ပျောက်ဆုံးခြင်း၊ ဇာတိသွေး ဇာတိမာန် ဆိတ်သုဉ်းခြင်း၊ အတိတ်မေ့ဘဝသို့ ကျရောက်ခြင်း ဖြစ်သည်။ ရှေးဟောင်းအနုပညာ ယဉ်ကျေးမှု အမွေအနှစ်များ ပျောက်ဆုံးခြင်းသည် မိဘမဲ့ဘဝသို့ ဆိုက်ရောက်ခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံသည် သမိုင်းမတင်မီကာလမှစ၍ အစဉ်အလာမှတ်တမ်းရှိခဲ့သောနိုင်ငံဖြစ်သည်။ ကျောက်ဖြစ် ရုပ်ကြွင်းများစွာနှင့် ကျောက်လက်နက်ပစ္စည်းများစွာ တည်ရှိနေသော နိုင်ငံလည်း ဖြစ်၏။ မြန်မာကျောက်ခြမ်းခေတ်ကို အညာသားယဉ်ကျေးမှုဟုပင် ကမ္ဘာက အသိအမှတ်ပြုထားသော



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျောက်ခေတ်ကို ဆက်ခံသော ကြေးခေတ် ထွန်းကားခဲ့သော နိုင်ငံလည်း ဖြစ်သည်။ မြန်မာကြေးခေတ်ကို သံခေတ်က ဆက်ခံခဲ့သည်။ မြန်မာတို့၏ သံခေတ်ဟူသည် ပျူခေတ်ပင် ဖြစ်၏။

မြန်မာနိုင်ငံတွင် တကောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ဟူ၍ ပျူမြို့ပြနိုင်ငံတော်များ ထွန်းကားခဲ့သည်။ ထို့နောက် ပုဂံ၊ ပင်းယ၊ မြင်စိုင်း၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင် ဟူ၍ မြို့ပြနိုင်ငံများ ထွန်းကားခဲ့ပြီး မြန်မာတို့၏ အတိတ်သမိုင်းကား နှစ်ပေါင်းထောင်ချီ၍ ကြာညောင်းခဲ့သော သမိုင်းဖြစ်၏။

နှစ်ပေါင်းထောင်ချီ ကြာညောင်းခဲ့သော မြန်မာသမိုင်း၏ ခေတ်တိုင်းတွင် ယဉ်ကျေးမှု အနုပညာတို့သည် ပုံသဏ္ဌာန်အရပ်ရပ် အသွင်အမျိုးမျိုးဖြင့် ထွန်းကားခဲ့သည်။ မြန်မာတို့ သမိုင်းခြေရာ တစ်လျှောက်တွင် ရှေးဟောင်း ယဉ်ကျေးမှု အနုပညာပစ္စည်းများ ပြည့်နှက်နေခဲ့၏။ မြန်မာတို့၏ ယဉ်ကျေးမှု အနုပညာများသာ ဖြစ်ခဲ့သည်။ မြန်မာသမိုင်းသည် ယဉ်ကျေးမှု အနုပညာ ပစ္စည်းများဖြင့် ပြည့်နှက်နေသော သမိုင်းဖြစ်၏။ မြန်မာသမိုင်းခြေရာဟူသည် ယဉ်ကျေးမှုအနုပညာပစ္စည်းတို့ဖြင့် ခင်းကျင်းပြည့်စုံသော ရှည်လျားသည့် သမိုင်းခြေရာပင် ဖြစ်သည်။

သို့သော် ဝမ်းနည်းဖွယ်ကောင်းရသည်မှာ မြန်မာရှေးဟောင်း ယဉ်ကျေးမှု အနုပညာပစ္စည်းများသည် အကြောင်းအမျိုးမျိုးတို့ကြောင့် ပျက်စီး ဆုံးရှုံးပျောက်ရှခဲ့ရသည်။ မြန်မာရှေးဟောင်း အနုပညာပစ္စည်းများ ပျက်စီး ဆုံးရှုံးရသည့် အကြောင်းရင်းများတွင်–

(က) အနုပညာပစ္စည်းများကို မထိန်းသိမ်းတတ်၍ ပျက်စီးခြင်း။

(ခ) ယဉ်ကျေးမှုအနုပညာ ပစ္စည်း၏ တန်ဖိုးကိုမသိ၍ ဆုံးရှုံးရခြင်း။

(ဂ) ခိုးယူခြင်းခံရ၍ ဆုံးရှုံးခြင်း။

(ဃ) စစ်ဘေး၏ ဒဏ်ချက်များကြောင့် ဆုံးရှုံးခြင်း။

(င) သဘာဝ အန္တရာယ်များကြောင့် ဆုံးရှုံးခြင်းတို့ ပါဝင်သည်။

ယခု ဤဆောင်းပါးဖြင့် တင်ပြလိုသည်မှာ ဆုံးရှုံး ပျက်စီးရမှုများ အနက် ခိုးယူခြင်းခံရသောကြောင့် ဆုံးရှုံးမှုများကို တင်ပြရန် ဖြစ်ပါသည်။



မြန်မာသမိုင်းသည် ရှည်လျားလှသည်နှင့်အညီ မြန်မာတို့၏ ရှေးဟောင်း ပစ္စည်းများ ဆုံးရှုံးဖျက်ဆီးခံရမှုများ၊ ပျောက်ဆုံးရမှုများ၊ ခိုးယူခံရမှုသမိုင်း သည်လည်း ကြာရှည်လေးမြင့် ရှိခဲ့ပြီဟု ဆိုရမည် ဖြစ်၏။

ကွယ်လွန်သူ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)က "မြန်မာ ရှေးဟောင်း ပစ္စည်းတွေက သမိုင်းနှင့် ချီပြီး အတောမသတ် အခိုးခံခဲ့ရ၊ ၁၇ ရာစု အဦးပိုင်းထဲက အခိုးခံရတာ"ဟု ဆိုပါ၏။

၁၇ ရာစုဦး ကာလသည် ညောင်ရမ်းခေတ်ဖြစ်သည်။ အေဒီ ၁၆၀၀ ပြည့်မှ ၁၆၁၃ ခုနှစ်တိုင် ပေါ်တူဂီတို့သည် သန်လျင်တစ်ဝိုက်ကို ကိုလိုနီ အဖြစ် သိမ်းပိုက်ခဲ့သည်။ ယင်းတို့ သိမ်းပိုက်စဉ်အတွင်း ပဲခူး၊ ဟံသာဝတီ၊ သံလျင်၊ ဒဂုန် (ရန်ကုန်) တစ်ဝိုက်ရှိ စေတီဘုရားများ၏ ဌာပနာများကို ယဉ်ကျေးမှု အနုပညာပစ္စည်းများကို အဓမ္မဖောက်ထွင်း ဖျက်ဆီးခိုးယူခဲ့ကြ သည်။ ဇေင်ကာသည် ရွှေတိဂုံစေတီတော်ပေါ်ရှိ ဓမ္မစေတီမင်းကြီး၏ ကုသိုလ် တော်ခေါင်းလောင်းကြီးကို ဖြုတ်ယူ၍ သန်လျင်သို့ သယ်ယူရန် ကြိုးစား သည်။ ထိုခေါင်းလောင်းကြီးကို ဖြုတ်ယူ၍ သန်လျင်သို့ သယ်ယူရန် ကြိုးစားသည်။ ထိုခေါင်းလောင်းကြီးသည် ယဉ်ကျေးမှုတန်ဖိုး သမိုင်းတန်ဖိုး အားဖြင့် တန်ဖိုးမဖြတ်နိုင်သော ခေါင်းလောင်းကြီး ဖြစ်သည်။

ပေါ်တူဂီတို့သာမက အင်္ဂလိပ်တို့သည်လည်း မြန်မာရှေးဟောင်း အနုပညာပစ္စည်း အမြောက်အမြားကို ခိုးယူဝှက်ယူခဲ့ကြသည်။ အေဒီ ၁၆၈၆–၁၆၈၇ ကာလသည် ကုန်သွယ်ရေးကို ဗဟိုပြု၍ အင်္ဂလိပ်တို့ ဟိုင်းကြီးကျွန်းကို သိမ်းယူရန် ကြိုးပမ်းသော ကာလဖြစ်၏။ ထိုကာလလောက်မှ စ၍ ၁၈ ရာစုတစ်စုလုံးနီးပါး အင်္ဂလိပ်တို့သည် မြန်မာ့ရှေးဟောင်းပစ္စည်း အရပ်ရပ်ကို ခိုးထုတ်ခဲ့ကြ၏။

အေဒီ ၁၈၂၄–၁၈၂၆ ပထမ အင်္ဂလိပ် မြန်မာစစ်ပွဲအပြီးတွင်ကား မြန်မာရှေးဟောင်း အနုပညာပစ္စည်းများကို အင်္ဂလိပ်တို့သည် လက်ရဲဇက်ရဲ အရှိဆုံး ခိုးယူခဲ့ကြ၏။ ရွှေ့ပြောင်းနိုင်သော ရှေးဟောင်းပစ္စည်းများထဲမှ ကျွန်းသေတ္တာများ၊ ရှေးဟောင်းလက်ရာ အမျိုးမျိုး၊ ကြေးခေါင်းလောင်း များ၊ ဆင်းတုတော်များ၊ ကျောက်မျက်ရတနာများကို အများဆုံး ခိုးထုတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။ အချို့ကို စစ်နိုင်သော အထိမ်းအမှတ်အဖြစ် ဖြုတ်ယူခဲ့ကြသည်။ ယခုတိုင် အင်္ဂလိပ်တို့၏ ပြတိုက်တွင် မြန်မာ့ရှေးဟောင်း အနုပညာပစ္စည်းများ ရှိနေဆဲဖြစ်၏။ မရွှေ့မပြောင်းနိုင်သော စေတီပုထိုးများ၏ ဌာပနာတိုက်များကို ဖောက်၍ အဖိုးတန် ဌာပနာပစ္စည်းများကို ခိုးယူခဲ့ကြ၏။

ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲအပြီးတွင် ဗြိတိသျှစစ်ခေါင်းဆောင်တစ်ဦး ဖြစ်သူ ဗိုလ်ချုပ်ကြီး အာချီဘော်လ်ကင်းဘဲ(လ်)ကိုယ်တိုင် မြန်မာ့ရှေးဟောင်း ပစ္စည်းများကို ဖောက်ယူခဲ့ကြသည်။ ကင်းဘဲ (လ်) သည် မြန်မာတို့အတွက် အမြတ်ထားသော ရွှေတိဂုံစေတီတော်ကြီးကိုပင် ဖောက်ထွင်းခဲ့သည်။ ထို့ကြောင့် ဗြိတိသျှလူမျိုးတစ်ဦးဖြစ်သူ ဂျေဘတ္တက 'ဗိုလ်ချုပ်ကင်း ဘဲ(လ်) သည် ရွှေတိဂုံစေတီတော်၏ ဝမ်းဗိုက်အတွင်း၌ အဖိုးတန်ရတနာများရှိမည်ဟု တွက်ဆကာ ဘုရားကြီးအား ဖောက်ထွင်းခဲ့သည်။ မျှော်လင့်ချက်မရှိမှ လက်လျှော့သည်'ဟု ရေးသားခဲ့သည်။

အင်္ဂလိပ်တို့သည် မြန်မာတို့၏ နန်းစဉ်လက်ဝတ် ရတနာ အမြောက်အမြားကိုလည်း လုယက်ယူငင်သည်။ ထိုအထဲတွင် ၁၉၈၅ ခု၊ မန္တလေး ရတနာပုံ နေပြည်တော်ကြီးအား သိမ်းယူစဉ်က နန်းစဉ်နန်းဆက် ဘိုးတော် ဘေးတော်တို့၏ ရွှေစင်ရုပ်တုများလို အင်္ဂလိပ်တို့ ခိုးယူသိမ်းဆည်းမှုသည် အနစ်နာဆုံးဖြစ်သည်။ မြန်မာမင်းတို့သည် ဘိုးဘေးတို့ကို ရွှေရုပ်တုလုပ်၍ ကိုးကွယ်၏။ အင်္ဂလိပ်တို့သည် ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး ရုပ်တုနှင့် မိဖုရားခေါင်းကြီး၏ ရွှေစင်ရုပ်တု၊ ဆင်ဖြူရှင်နှင့် မိဖုရားခေါင်၊ ဘိုးတော်နှင့် မိဖုရားခေါင်ကြီး၊ ဘိုးတော်နှင့် မိဖုရားခေါင်ကြီး၊ ဘကြီးတော် (၁၈၁၉–၁၈၃၇) နှင့် သာယာဝတီ ရွှေဘိုမင်း (၁၈၃၇–၁၈၄၆) တို့၏ ရွှေစင်ရုပ်တုများကို သိမ်းဆင်းယူငင်သွားကြ၏။

ယင်းရွှေစင်များသည် တစ်ခုလျှင် တစ်ပေကျော်အရွယ်ရှိ၍ ရွှေသား စင်စစ်ဖြင့် သွန်းလုပ်သည်။ အတုမရှိ ကျောင်းတော်ကြီးပေါ်မှ ဆင်းတုတော်ကြီးတွင် ရှိသော ၁၄ တရီစိန်"ကီးကိုလည်း အင်္ဂလိပ်စစ်တပ်မှ ခိုးယူခဲ့ပြီး အတုမရှိ ကျောင်းတော်ကြီးကို မီးရှို့၏။ အတုမရှိ ကျောင်းတော်ကြီးတွင် မြန်မာ့အစဉ်အလာ အင်္ဂတေခေါင်းရုပ် အများအပြား ရှိ၍ ဤကျောင်းကြီး





ကို ယောအတွင်းဝန် ဦးဖိုးလှိုင် ကိုယ်တိုင် ကြီးကြပ်ဆောက်လုပ်သည်။ အတုမရှိ ကျောင်းကြီးအား ဖျက်ဆီးမှုသည် အင်္ဂလိပ်တို့က မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်ကို အတိအလင်း ရိုက်ချိုးခြင်း ဖြစ်၏။ ဤကိစ္စသည် ရာဇဝတ်မှုကို ကျူးလွန်လည်းဖြစ်သည်။ အင်္ဂလိပ်တို့ အုပ်စိုးမှုကာလတစ်လျှောက်လုံးတွင် မြန်မာရှေးဟောင်းယဉ်ကျေးမှု အနုပညာပစ္စည်းများသည် အတောမသတ် အခိုးခံခဲ့ရ၏။ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်းတွင်လည်း ပုံစံမျိုးစုံဖြင့် ခိုးယူခြင်းကို ခံခဲ့ရသည်။

၁၉၆၇ ခုနှစ် မတ်လအတွင်းက ပြည်မှော်ဇာပြတိုက်မှ ပျူခေတ်လက်ရာ ကြေးဆင်းတုနှင့် ကြေးရုပ်တုကိုးခု အခိုးခံရမှုမှာ တစ်မျိုးသားလုံးအတွက် အစားထိုး၍ မရနိုင်သော ဆုံးရှုံးမှုဖြစ်သည်။ (ထိုလက်ရာများကို ယခုအခါ ပြန်လည်ရရှိခဲ့ပြီး ဖြစ်သည်။)

ထိုအရုပ်များကို ၁၉၆၆ ခုနှစ် ဒီဇင်ဘာလအတွင်းက ဘုရားမာအနီး ရှိ ကုန်းအမှတ် ၈ ကို တူးဖော်ရာမှ ရရှိခဲ့သည်။ ထိုအခါက ယင်းကုန်းမှ ပျူခေတ်လက်ရာ ကြေးရုပ် ၁၀ ခုကို ရရှိ၏။ အရုပ်များသည် တီးမှုတ်သီဆိုကပြနေဟန်များ ဖြစ်သည်။ ထိုအရုပ်များသည် မြန်မာလူမျိုးတို့အတွက် အဖိုးမဖြတ်နိုင်သော သမိုင်းဆိုင်ရာ ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များ ဖြစ်သည်။ ထိုအရုပ်များ၏ ကကွက်ကဟန်များသည် မြန်မာအကသဘင်၏ ရှေးကျမှုနှင့် နက်နဲရင့်ကျက်မှုကို ဖော်ပြ၏။ ယင်းဖြစ်ရပ်နှင့် မရှေးမနှောင်း ကာလတွင် ပုဂံခေတ်လက်ရာ ကြေးဆင်းတု ခြောက်ဆူလည်း ပျောက်ဆုံးသည်။ ပျောက်ဆုံးမှုများသည် အနယ်နယ်အရပ်ရပ်တွင် ဖြစ်သည်။ နေ့စဉ်နှင့်အမျှလည်း မြန်မာ့ရှေးဟောင်းပစ္စည်းများ အခိုးခံနေရသည်။ အခိုးခံပစ္စည်းများထဲတွင် ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်နှင့် ကုန်းဘောင်လက်ရာများသာမက ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးကာလ လက်ရာများပါ အခိုးခံရနေသည်။

ခိုးယူကြပုံတို့မှာ ပျူခေတ်၊ ပုဂံခေတ်လက်ရာဆိုပါက ရရာပစ္စည်းကို ခိုးသည်။ ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုး စသော ပျူက လက်ရာများသည် မှောင်ခိုတွင် တန်ဖိုးကြီးဖြင့် အရောင်းအဝယ်ဖြစ်သည်။ တန်ဖိုးကြီးလေ



www.burmeseclassic.com

www.burmeseclassic.com



ပို၍ အခိုးခံရလေ ဖြစ်သည်။ ကုန်းဘောင်ခေတ် လက်ရာများထဲမှ မြတ်စွာဘုရား သတ္တဌာနစံနေခန်း၊ ဇာတ်ပင်၌ စံနေပုံလက်ရာ၊ ဖွားတော်မူခန်း လက်ရာများ အခိုးခံရသည်။ ယခု အခိုးခံနေရသော ပစ္စည်းများသည် ဆုံးရှုံးမှုကြီးမား၍ တန်ဖိုး လုံးဝမဖြတ်နိုင်ဘဲ ရှိသည်။

မြန်မာရှေးဟောင်း ယဉ်ကျေးမှု အနုပညာပစ္စည်းများသည် ကုန်းဘောင်ခေတ်မှစ၍ ကိုလိုနီခေတ်တစ်လျှောက်လုံးနှင့် ယခုတိုင် ရေစီးကြောင်းကြီးသဖွယ် စီးဆင်းအခိုးခံနေရသည်။ အချို့သော အိမ်နီးနားချင်းနိုင်ငံများတွင် မြန်မာယဉ်ကျေးမှု အနုပညာပစ္စည်းများ 'ခေတ်အဆက်ဆက်မှ ဗုဒ္ဓရုပ်ပွားတော်များသည် ဈေးမဈေးကွက်ကြီးအဖြစ် ရောင်းဝယ် ဖောက်ကားနေကြသည်ကို တွေ့ရှိရသည်။

ရှေးဟောင်းယဉ်ကျေးမှု အနုပညာပစ္စည်းတို့သည် မြန်မာတို့၏ အတိတ်သမိုင်းအစဉ်အလာများ ဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်ရေးအတွက် အစားထိုး၍မရသော ပြတိုက်ကြီးများလည်း ဖြစ်သည်။ ထို့ကြောင့် မြန်မာရှေးဟောင်း ယဉ်ကျေးမှု အနုပညာပစ္စည်းများ အဆက်မပြတ် အခိုးခံနေရခြင်းများကို ရပ်တန့်အောင် ဆောင်ရွက်ကြရမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေနှင့် တစ်ဖက်မှ ဆောင်ရွက်သကဲ့သို့ ပြည်သူလူထုကလည်း ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းရေးလုပ်ငန်းကို ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် မိမိဒေသအတွင်းရှိ ယဉ်ကျေးမှုအနုပညာပစ္စည်းများ မပျောက်မပျက်စီးရလေအောင် မိမိတို့ကိုယ်တိုင် စောင့်ရှောက်ကြရမည် ဖြစ်သည်။ ရှေးဟောင်းပစ္စည်း ခိုးယူသူတို့သည် နည်းမျိုးစုံနှင့် ရှေးဟောင်းဒေသများ၊ ဘုန်းတော်ကြီးကျောင်း၊ ဘုရားတန်ဆောင်းဇရပ်တို့တွင်ရှိသော ရှေးဟောင်းပစ္စည်းများကို ခိုးယူလျက်ရှိရာ မပြတ်သောသတိနှင့် စောင့်ကြပ် သိမ်းဆည်းထားကြရမည် ဖြစ်ကြောင်း တင်ပြရေးသားရပါမည်။

နေစိုးဦး
ဟိုတယ်မဂ္ဂဇင်း အမှတ် (၁)



ပြင်ဆင်ဖတ်ရှုပါရန်

| စဉ် | စာမျက်နှာ | အကြောင်းရေ | ဖော်ပြထားချက် | ပြင်ဆင်ဖတ်ရှုပါရန် |
|---|---|---|---|---|
| ၁ | ခ | ၂၀ | ဗိသုကာမြို့ | ဗိသနိုးမြို့ |
| ၂ | ဆ | ၈ | ဂျီအိပ်ချ်လုပ် | ဂျီအိပ်ချ် လု (စ်) |
| ၃ | ဆ | ၂၃ | လေ့လာခြင်း | လေ့လာခဲ့ရခြင်း |
| ၄ | ဈ | ၁၇ | ပျူမြို့နိုင်ငံ | ပျူမြို့ပြနိုင်ငံ |
| ၅ | ည | ၂၅ | သင်္ဂြိုဟ်မှုပဲ | သင်္ဂြိုဟ်မှုမပြုဘဲ |
| ၆ | ဋ | ၂ | အဆောင်ပါအိုးရှိသော | အဆောင်ပါရှိသော |
| ၇ | ဍ | ၃ | ကြောင်းလဲ | ကြောင်းပြောင်းလဲ |
| ၈ | ပ | ၁၅ | ခါတောင်ကြိုက် | ခါးတောင်းကျိုက် |
| ၉ | ၁ | ၁၃ | တိရစ္ဆာန်များ | တိရစ္ဆာန်များကို |
| ၁၀ | ၂ | ၁၁ | BC ၁၂၀၀ လောက် | BC ၁၂၀၀အတွင်း |
| ၁၁ | ၂ | ၂၂ | အတွက်ရေစိမ် | အတွက် သီးနှံမျိုးစေ့များကို ရေစိမ် |
| ၁၂ | ၄ | ၄ | ရှုတ်ကိုထည့် | ကရှုတ်ခွေကိုထည့် |
| ၁၃ | ၄ | ၁၀ | အမျိုမျိုက | အမျိုးမျိုးကို |
| ၁၄ | ၆ | ၄ | ဘေး၌နေကောင်း | ဘေး၌ ထိုင်နေကောင်း |
| ၁၅ | ၆ | ၈ | တခါတုန်း | တစ်ခါတစ်ရံ |
| ၁၆ | ၇ | ၁၇ | အုတ်အမျိုးမျိုး | အုတ်ကြွပ်အမျိုးမျိုး |
| ၁၇ | ၇ | ၂၆ | အိုမှာအစ | အိုးမှအစ |
| ၁၈ | ၈ | ၃ | အိုးများက | အိုးများကို |
| ၁၉ | ၈ | ၄ | လက်ကိုင်ခိုင်း | လက်ကိုင်ကိုင်း |
| ၂၀ | ၈ | ၆ | အိုးထိန်းစက် | အိုးထိန်းစက်တီတွင် |
| ၂၁ | ၉ | ၁၇ | အရိုးများ | အရိုးအိုးများ |
| ၂၂ | ၁၁ | ၁၅ | ၁၄ သား | ၁၄ နှစ်သား |
| ၂၃ | ၁၅ | ၈ | ဗိုလ်ချုပ်ကြည်အောင် | ဗိုလ်ချုပ်ကြည်အောင်သည် |
| ၂၄ | ၁၅ | ၁၄ | အစဉ်အလာ | အစဉ်အလာကို |
| ၂၅ | ၁၉ | ၂ | 31 ကုန်မှ | 31 ကုန်းမှ |
| ၂၆ | ၁၉ | ၈ | မော်ကွန်း | မော်ကျွန်း |
| ၂၇ | ၁၉ | ၁၈ | နေနိုင်လေ့ | နေထိုင်လေ့ |

www.burmeseclassic.com

www.burmeseclassic.com

| စဉ် | စာမျက်နှာ | အကြောင်းရေ | ဖော်ပြထားချက် | ပြင်ဆင်ဖတ်ရှုပါရန် |
|---|---|---|---|---|
| ၂၈ | ၂၁ | ၆ | ကကြီးကခွေး | ကကြီးခခွေး |
| ၂၉ | ၂၃ | ၂ | ခနှစ်လောက်ကုန်အမှတ် | ခနှစ်တွင် ကုန်းအမှတ် |
| ၃၀ | ၂၆ | ၇ | မြေသီးစေ့ | မြေပုတီးစေ့ |
| ၃၁ | ၂၈ | ၁၃ | မပါသဖြင့် အိုးအရိုး | မပါ ဖင်လုံးအရိုးအိုး |
| ၃၂ | ၃၁ | ၇ | (စာကျန်) | အိုးလေးခုစလုံး အောက်ခြေကရွတ်ခွေ(ခွာ)ပါရှိသည်။ |
| ၃၃ | ၃၂ | ၂ | (MA) | မဟာဝိဇ္ဇာ |
| ၃၄ | ၃၅ | ၁၁ | ဒေသို့ရောက် | ဒေသသို့ တာဝန်ဖြင့် ရောက်ရှိ |
| ၃၅ | ၃၆ | ၂၃ | ခေတ်ကာလပိုင်းခြား | ခေတ်ကာလ အပိုင်းအခြားခွဲခြားပြီး |
| ၃၆ | ၄၁ | ၁၅ | လက်ရှိအိုအဝင် | လက်ရှိအိုးအဝ၏ |
| ၃၇ | ၄၈ | ၉ | CARNEUAN | CARNELIAN |
| ၃၈ | ၅၃ | ၁၂ | အမှတ် ၅ အိုးဒီဇိုင်း | အမှတ် ၅ အိုးဒီဇိုင်းသည် နေခြည်ဖြာထွက် |
| ၃၉ | ၅၃ | ၁၈ | ၉.၁စင်တိုမီတာ | ၂၁ စင်တီမီတာ |
| ၄၀ | ၄ | ၁၉ | ၇.၇၅လက်မ | ၁၃.၅ စင်တီမီတာ |
| ၄၁ | ၅၃ | ၂၀ | (ဂ)(ဃ)(င)(စ)(ဆ) | အားလုံးဖျက် |
| ၄၂ | ၅၅ | ၁၁ | စာကျန် | (ခ)အိုးအချင်း ၁၄.၅စင်တီမီတာ |
| ၄၃ | ၇၃ | ၆ | (င)အိုး၏ထူးခြားချက် | (င)လာရောက်အပ်နှံသူ |
| ၄၄ | ၇၃ | ၂၂ | ၁၅လက်မ | ၉.၅လက်မ |
| ၄၅ | ၇၅ | ၁၁ | (ဆ) ၀.၃ လက်မ | ဆ ၀.၃၅ လက်မ |
| ၄၆ | ၇၅ | ၁၄ | (ဈ)အချင်း၀.၁ လက်မ | (ဈ) အချင်း ၀.၃လက်မ |
| ၄၇ | ၈၃ | ၁၂ | နှစ်ထက်ကြထက် | နှစ်ထက်ကြာသော |
| ၄၈ | ၈၃ | ၂၇ | မျက်စိပစ် | မျက်စပစ် |
| ၄၉ | ၈၈ | ၂၄ | Site Musium | Site Museum |
| ၅၀ | ၈၉ | ၂၄ | ထပ်ကင်းကာ | ထပ်ခင်းကာ |
| ၅၁ | ၉၅ | ၁ | ၁၀-၈-၂၀၀၄ | ၁၁-၈-၂၀၀၄ |
| ၅၂ | ၉၇ | ၁၃ | ---------- | ကျွန်တော်နှင့် ဦးဝေလွင် |
| ၅၃ | ၉၇ | ၂၃-၂၄ | အစုအပြု | အစုအပြို |
| ၅၄ | ၁၀၁ | ၉ | (စာကျန်) | အပြင်အဖုံးအချင်း ၇ လက်မ |
| ၅၅ | ၁၀၅ | | (စာကျန်) | အိုးအမှတ် ၁၅ အတွင်းမှ ရရှိသော ပစ္စည်းများ |

| စဉ် | စာမျက်နှာ | အကြောင်းရေ | ဖော်ပြထားချက် | ပြင်ဆင်ဖတ်ရှုပါရန် |
|---|---|---|---|---|
| ၅၆ | ၁၁၈ | ၃ | (စာကျန်) | အိုးအမှတ် ၁၉ နှင့် အနီးဆုံးအိုးမှာ အိုးအမှတ် ၁၅ ဖြစ်သည်။ |
| ၅၇ | ၁၂၇ | ၂ | ပုဗိုင်သေ | ပုဗိုင်းသော |
| ၅၈ | ၁၂၇ | ၁၂ | ပြောချော | ပြောင်ချော |
| ၅၉ | ၁၂၉ | ၁၅ | ၁၅ လက်မ | ၁.၅ လက်မ |
| ၆၀ | ၁၂၉ | ၁၆ | ၂.၅ လက်မ | ၃.၅ လက်မ |
| ၆၁ | ၁၂၉ | ၂၁ | (စာကျန်) | ဒုတိယအတန်းတွင် ဒီဇိုင်း တံဆိပ်ပေါင်း.... ပါရှိသည်။ |
| ၆၂ | ၁၃၈ | ၁၄ | ၂ လက်မ | ၂.၅ လက်မ |
| ၆၃ | ၁၄၃ | ၇ | အိုးအမှတ် ၂၁ ၏ | အိုးအမှတ် ၃၁ ၏ |
| ၆၄ | ၁၅၁ | ၇ | မြစ်ပြောင်း | မြစ်ကြောင်းပြောင်း |
| ၆၅ | ၁၆၆ | ၂၀ | ၂ လက်မ | ၆ လက်မ |
| ၆၆ | ၁၆၆ | ၂၂ | (စာကျန်) | (ဃ)အိုးနှုတ်ခမ်း၀=၂လက်မ |
| ၆၇ | ၁၈၃ | ၃ | ၅၅ လက်မ | ၅.၅ လက်မ |
| ၆၈ | ၁၈၃ | ၄ | ၆၅ လက်မ | ၆.၅ လက်မ |
| ၆၉ | ၁၈၄ | ပုံစာ | အောင်မြင့်သူ | အောင်မြတ်သူ |
| ၇၀ | ၁၈၇ | ၁၆ | မှုလရောင် | မှုလအတွင်းသားအရောင် |
| ၇၁ | ၁၉၄ | ၈ | အချင်း၂.၃ mm | အချင်း ၂၃mm |
| ၇၂ | ၂၀၀ | ၁၂ | ၇၅ လက်မ | ၇.၅လက်မ |
| ၇၃ | ၂၂၁ | ၅ | Side | Site |
| ၇၄ | ၂၂၇ | ၁ | အိုးအမှတ် ၆၉ | အိုးအမှတ် ၆၉ A |
| ၇၅ | ၂၄၄ | ၁၃ | ဗဟိုပြုအတွေ | ဗဟိုပြုသောအတွေး |
| ၇၆ | ၂၄၈ | ၈ | အိုးအမှတ် ၂၉ | အိုးအမှတ် ၂၄ |
| ၇၇ | ၂၅၅ | ၅ | ရွှေစီးခုံ | ရွှေစည်းခုံ |
| ၇၈ | ၂၅၈ | ၁၀ | သုခမ | သုခုမ |
| ၇၉ | ၂၅၉ | ခေါင်းစီး | နှီးထလာသော | နိုးထလာသော |
| ၈၀ | ၂၆၁ | ၁၃ | သပိတ်ကျဦး | သပိတ်ကျင်း |
| ၈၁ | ၂၆၁ | ၁၄ | သပိတ်ကျဦး | သပိတ်ကျင်း |
| ၈၂ | ၂၆၁ | ၁၅ | သပိတ်ကျဦး | သပိတ်ကျင်း |
| ၈၃ | ၂၆၂ | ၄ | ငါးကြဦးမြီး | ငါးကြင်းမြီး |
| ၈၄ | ၂၆၃ | ၁ | ဗွိုင် (Joy) | ဂျိုင်း (Joy) |

www.burmeseclassic.com

| စဉ် | စာမျက်နှာ | အကြောင်းရေ | ဖော်ပြထားချက် | ပြင်ဆင်ဖတ်ရှုပါရန် |
|---|---|---|---|---|
| ၈၅ | ၁၇၅ | ၁၀ | ကြေချူ | ကြေးခြူ |
| ၈၆ | ၁၇၅ | ၁၂ | ငွေကြေး(၃)ကွင်း | ကြေးခြူလက်ကောက်(၃)ကွင်း |
| ၈၇ | ၂၇၉ | ၁၀ | နိုင်ငံတော် | နိုင်ငံတော် |
| ၈၈ | ၂၈၀ | ၉ | လီဆည် | လီဆယ် |
| ၈၉ | ၂၈၆ | ၂၀ | အရိုးများ | အရိုးအိုးများ |
| ၉၀ | ၂၈၈ | ၁ | သေတသန | သုတေသန |
| ၉၁ | ၂၈၈ | ၂၂ | သောင်းဖွက်တောင် | သောင်းဝှက်တောင် |
| ၉၂ | ၂၉၁ | ၇ | tousands | Thousands |
| ၉၃ | ၂၉၁ | ၁၂ | Chridlian Era | Christian Era |
| ၉၄ | ၂၉၁ | ၁၄ | ministry | Ministry |
| ၉၅ | ၁၉၁ | ၁၄ | reverie | riverie |
| ၉၆ | ၂၉၂ | ၂၁ | river/chamel | river continued to flow to the south and join with the new Aye-yarwady river channel |
| ၉၇ | ၂၉၈ | ၂၅ | ၁၄ တရိုစိန်ကီ | (၁၄) ရတီစိန်ကြီး |
| ၉၈ | ၂၉၉ | ၄ | ကျူးလွန်လည်းဖြစ်သည် | ကျူးလွန်ခြင်းလည်းဖြစ်သည် |
| ၉၉ | ၂၉၉ | ၁၆ | အဖိုးမပြတ်နိုင်သော | အဖိုးမဖြတ်နိုင်သော |
| ၁၀၀ | ၂၉၉ | ၂၂ | ကုန်းဘောင်လက်ရာ | ကုန်းဘောင်ခေတ်လက်ရာ |
| ၁၀၁ | ၂၉၉ | ၂၆ | ပျူကလက်ရာ | ပျူခေတ်လက်ရာ |
| ၁၀၂ | ၂၉၉ | ၂၇ | မှောင်ခိုတွင် | မှောင်ခိုဈေးကွက်တွင် |
| ၁၀၃ | ၃၀၀ | ၂၂ | ဘုရားတန်ဆောင်း | ဘုရားတန်ဆောင်း |

# ဆရာချစ်စံဝင်း

## ရေးသားပြုစုခဲ့သော စာအုပ်များ

၁။ ပါဏာပေဒနိဒါန်း (၁၉၆၇)
၂။ အမေနှင့် အမေ့အကြောင်း (၁၉၇၇/၈၀/၈၁/၈၈/၉၀/၉၂/၉၅/၂၀၀၀/၂၀၀၂/၂၀၀၃)
၃။ ပြည်သူ့ရင်သွေး (၁၉၇၉)
၄။ အမေ့ရင်သွေး (၁၉၈၀)
၅။ နိုင်ငံသစ်နိဒါန်း (၁၉၈၀)
၆။ မိုးထက်မြင့်သည့် စိတ်ထားများ (၁၉၇၀/၁၉၈၀)
၇။ မြတ်လယ်တီ (၁၉၈၆/၁၉၉၃/၁၉၉၄)
၈။ ဉာဏ်ခရီး နီးသလား (၁၉၈၆/၈၇/၈၈/၈၉/၉၀/၉၁/၉၃/၉၄/၉၅/၉၆/၂၀၀၁/၂၀၀၂/၂၀၀၃/၂၀၀၄)
၉။ မြတ်ပညာနှင့် သားထံပေးစာများ (၁၉၇၈/၈၉/၂၀၀၄)
၁၀။ ဂျပန်လူငယ်တစ်ယောက်အကြောင်း (၁၉၈၉/၉၀/၉၁/၉၃/၉၉/၂၀၀၁/၂၀၀၃)

www.burmeseclassic.com

www.burmeseclassic.com

၁၁။ မြန်မာ့ရုပ်သေးသဘင် (၁၉၈၉)
၁၂။ မြန်မာလူငယ်တစ်ယောက်အကြောင်း (၁၉၉၀)
၁၃။ ယသော်ဓရာ့အလွမ်း (၁၉၉၀/၉၁/၂၀၀၃)
၁၄။ ဆန်ဖွပ်သည့် အဘိုးအို (၁၉၉၀/၉၁/၉၃/၂၀၀၃)
၁၅။ မြန်မာသူကြွယ်တစ်ယောက်အကြောင်း (၁၉၉၁)
၁၆။ ဘန်ကောက်-၁ (၁၉၉၁)
၁၇။ အနုပညာမဲ့သောနေ့ (၁၉၉၁)
၁၈။ တူနှစ်ကိုယ်ချစ် (၁၉၉၁/၉၃)
၁၉။ ဘန်ကောက်-၂ (၁၉၉၁/၉၃)
၂၀။ သာသနာစက်ခြည်လင်းစေဖို့ (၁၉၉၁)
၂၁။ ဒေါင်းဖတ်စာပုံပြင်များ-ပထမတွဲ (၁၉၉၂/၂၀၀၀)
၂၂။ အံ့ဖွယ်လူသား ကိုရီးယား (၁၉၉၂)
၂၃။ ဒေါင်းဖတ်စာပုံပြင်များ-ဒုတိယတွဲ (၁၉၉၂/၂၀၀၀)
၂၄။ စင်ကာပူ (သို့) အရှေ့ဖျားက ခြင်္သေ့မြို့ (၁၉၉၂/၉၂)
၂၅။ အမေ့ခြေရာ (၁၉၉၂/၉၂/၉၃/၉၅/၉၉/၂၀၀၀/၂၀၀၃)
၂၆။ စိတ်ကောင်းရှိဖို့သည် ပထမ (၁၉၉၂/၉၃/၉၅/၉၉
၂၀၀၂/၂၀၀၃)
၂၇။ ဈေးကွက်စီးပွားရေးနှင့် မြန်မာလူငယ် (၁၉၉၃)
၂၈။ ခုတင်နံပါတ်-၅ (၁၉၉၃/၉၅/၉၈/၂၀၀၂)
၂၉။ ထိုင်း (သို့မဟုတ်) အရှေ့ဖျားက ပဥ္စမကျား (၁၉၉၃)
၃၀။ ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ (၁၉၉၃)
၃၁။ ဘန်ကောက်မှ မလေးကိုဖြတ်၍ စင်ကာပူသို့ (၁၉၉၃)
၃၂။ ပီနန်ဆရာတော်နှင့် ပီနန်ကျောင်း (၁၉၉၃)
၃၃။ ဂါဇီယာသို့ သဝဏ်လွှာ (၁၉၉၃)
၃၄။ ကမ္ဘာ့သာသနာပြု ဆရာတော်ဦးပညာဝံသ (၁၉၉၃)
၃၅။ ပူနွေးဆုဝေကမ္ဘာမြေ (၁၉၉၄)
၃၆။ ရက်ပြုံး (၁၉၉၄/၁၉၉၄/၁၉၉၅/၁၉၉၆/၂၀၀၀)
၃၇။ ထားရှိရမည့် သဘောထား (၁၉၉၄/၉၄/၉၅/၉၆/၂၀၀၀/
၂၀၀၃)
၃၈။ ပွားများရမည့် မေတ္တာတရား (၁၉၉၄/၉၄/၉၅/၉၅/၉၆/
၉၉/၂၀၀၁/၂၀၀၃/၂၀၀၄)
၃၉။ ကမ္ဘာ့သာသနာပြု ဆရာတော် ဦးပညာဝံသ
ထေရုပ္ပတ္တိအကျဉ်း (၁၉၉၄)
၄၀။ မြစိမ်းရောင်မိဖုရားကြီး (၁၉၉၄)
၄၁။ မွေးမြူရမည့်သတ္တိ (၁၉၉၅/၉၅/၉၅/၉၆/၉၈
၂၀၀၁/၂၀၀၃/၂၀၀၄)
၄၂။ ကိုရီးယား (သို့) ဟန်မြစ်ပေါ်က ကိုးတောင်ကျား (၁၉၉၅)
၄၃။ ရည်မှန်းရမည့်ပန်းတိုင် (၁၉၉၅/၉၅/၉၆/၉၈
၂၀၀၀/၀၁/၀၃/၀၄)
၄၄။ သွားရောက်ရမည့်နည်းလမ်း (၁၉၉၅/၉၅/၉၆/၉၈
၂၀၀၀/၂၀၀၃)
၄၅။ စိစစ်ရမည့် ရွေးချယ်မှု (၁၉၉၅/၉၆/၉၉/၂၀၀၂/၂၀၀၃)
၄၆။ မလျှော့ရမည့်ခွန် (၁၉၉၅/၉၆/၉၇/၉၉/၂၀၀၁/၀၃/၀၄)
၄၇။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာစာရ
ထေရုပ္ပတ္တိစာတမ်း (၁၉၉၅)
၄၈။ ဘာမင်ဂမ်ဆရာတော်ကြီး ဒေါက်တာရေဝတမွေနှင့်
တွေ့ဆုံခြင်း (၁၉၉၆)
၄၉။ ဖွံ့ဖြိုးကြီးထွား မလေးရှား (၁၉၉၆)
၅၀။ ငွေကို မိတ်ဆွေလိုဆက်ဆံပါ (၁၉၉၆/၉၆/၉၈
၂၀၀၀/၂၀၀၁/၂၀၀၃/၂၀၀၄)
၅၁။ ငွေပုံကြီးပေါ် ခွထိုင်ပါ (၁၉၉၆/၂၀၀၀/၀၂/၀၃)

www.burmeseclassic.com

၅၂။ အခွင့်အလမ်းကို တွေ့အောင်ရှာ မိအောင်ဖမ်း (၁၉၉၆/၉၉/၂၀၀၃/၀၄)
၅၃။ ကြိုးစားမှုများ၏ နောက်ကွယ်မှ စင်ကာပူမြန်မာဘုန်းကြီးကျောင်း (၁၉၉၆)
၅၄။ သင့်ဝင်ငွေမှ ၁၀ ရာခိုင်နှုန်းကိုစုပါ (၁၉၉၆/၉၈/၀၁/၀၃)
၅၅။ အချိန်ကို မိတ်ဆွေဖွဲ့ပါ ရန်သူမလုပ်ပါနှင့် (၁၉၉၆/၉၇/၉၉/၂၀၀၂/၀၃)
၅၆။ ရွှေပင်ငွေပင်စိုက်ပျိုးပါ (၁၉၉၆/၉၈/၂၀၀၀/၀၂/၀၄)
၅၇။ ကြီးပွားချမ်းသာလိုစိတ်မွေးပါ (၁၉၉၆/၉၇/၉၉/၂၀၀၂/၀၄)
၅၈။ မိုးထိအောင် လှေကားထောင် (၁၉၉၆/၉၈/၂၀၀၃)
၅၉။ ဓမ္မစေတီမင်း ကုသိုလ်တော်ခေါင်းလောင်းကြီးကို ရှာဖွေခြင်း (၁၉၉၆)
၆၀။ ဘယ်တော့မှ ဘယ်တော့မှ ဘယ်တော့မှ ခွဲမလျှော့ပါနဲ့ (၁၉၉၇/၉၉/၂၀၀၂/၀၃)
၆၁။ မဆုတ်တမ်း မနစ်တမ်း မလျှော့တမ်း (၁၉၉၇/၂၀၀၀/၀၃)
၆၂။ အထွတ်အထိပ်မှာ တို့နေမည် (၁၉၉၇/၂၀၀၀)
၆၃။ ဧရာဝတီသစ္စာဖောက်သောနေ့နှင့် သူ့ကျွန်မခံလိုသူများ (၁၉၉၈)
၆၄။ နှလုံးသားမေတ္တာ (၁၉၉၈/၂၀၀၀/၀၄)
၆၅။ အတွေးနဲ့အရေး-၁ (၁၉၉၈)
၆၆။ အတွေးနဲ့အရေး-၂ (၁၉၉၈)
၆၇။ ဘဝအလှတရားကို ရှာဖွေခြင်း (၁၉၉၈/၂၀၀၁)
၆၈။ အတွေးနဲ့အရေး-၃ (၁၉၉၉)
၆၉။ အောင်နိုင်သူ (၁၉၉၉/၂၀၀၁)
၇၀။ နှလုံးသားစေတနာ (၁၉၉၉/၂၀၀၁/၀၄)
၇၁။ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ အတ္ထုပ္ပတ္တိစာတမ်း (၁၉၉၈)
၇၂။ အနာကြီးရောဂါကင်းဝေးရေးဆိုင်ရာ သစ္စာရေစင်စာတမ်း (၁၉၉၉)
၇၃။ တော်ဝင်စံထား မိန်းမသား (၂၀၀၀/၀၂)
၇၄။ STREAM OF LOVE AND TRUE (1999)
၇၅။ သစ္စာရေစင် (၁၉၉၉)
၇၆။ လော့အိန်ဂျလိ(စ်) ဆရာတော်ကြီး အရှင်သုန္ဒရနှင့် ပြည်ပသာသနာပြုခေတ်သစ် (၁၉၉၉)
၇၇။ လူငယ်များက မေးကြသည် (၂၀၀၁/၀၂/၀၄)
၇၈။ ဖိစီးမှုနှင့် အတူနေခြင်း (၂၀၀၀/၂၀၀၃)
၇၉။ အမေ့နှလုံးသား (၂၀၀၀/၂၀၀၄)
၈၀။ နှလုံးသားသတ္တိ (၂၀၀၀/၂၀၀၃)
၈၁။ မြည့်နွန့်ဆွေ အလွမ်းစာတမ်း (၂၀၀၁)
၈၂။ စာထဲမှ ခရီး၊ ခရီးထဲမှ စာ (၂၀၀၀)
၈၃။ လူငယ်များက မေးကြသည်-၂ (၂၀၀၁/၀၂/၀၄)
၈၄။ အဖေ့နှလုံးသား ရိုက်ခတ်သံ (၂၀၀၁/၀၄)
၈၅။ ဆရာဟူသည် ဥယျာဉ်မှူး (၂၀၀၁/၀၃/၀၄)
၈၆။ မမေ့မလျော့ မပေါ့မဆ (၂၀၀၁/၀၃)
၈၇။ ဘဝတက်လမ်း မြန်မာ့တက်လမ်း (၂၀၀၂)
၈၈။ ဘဝနှင့် သူ၏အခြင်းအရာများ (၂၀၀၂/၀၃)
၈၉။ အရည်အသွေး (၂၀၀၂/၀၃)
၉၀။ မဲခေါင်စာဆို (၂၀၀၂)
၉၁။ ငါးတန်အထိးကြီးနှင့် အခြားဝတ္ထုတိုများ (၂၀၀၃)
၉၂။ တောင်သမန်ကန်စောင်းက တုံးမောင်းသံ (၂၀၀၃)
၉၃။ အရေးထဲမှ အတွေးစာများ (၂၀၀၃)
၉၄။ အမေးထဲမှ ရေးစရာများ (၂၀၀၃)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၉၅။ မြန်မာမိသားစု (၂၀၀၃)
၉၆။ လယ်တီအင်းနံ့ဘေးက ခြသေ့်မင်းဟိန်းသံ (၂၀၀၃)
၉၇။ ကျမ်းပြုဆရာတော်ကြီးနှစ်ပါးအား ကြည်ညိုမှု
လေ့လာချက်စာတမ်း (၂၀၀၃)
၉၈။ မြန်မာအစ အထောက်အထား လေ့လာချက်စာတမ်း (၂၀၀၃)
၉၉။ သက္ကလသူရဲကောင်း (သို့) ဒူးရင်းသီးဦးစိုးမြင့် (၂၀၀၄)
၁၀၀။ တကောင်းရုပ်ပုံလွှာ စာတမ်းအကျဉ်း (၂၀၀၃)
၁၀၁။ မြန်မာ့မြို့ဟောင်း တကောင်းရုပ်ပုံလွှာ (၂၀၀၄)
၁၀၂။ လိုင်စိတ်ကို အသွင်ပြောင်း၍ (၂၀၀၄)
၁၀၃။ ပညာရွှေအိုး (၂၀၀၄)
၁၀၄။ တီထွင်မှု မော်ဝိဇ္ဇာကြီး အယ်လ်ဗာအယ်ဒီဆင် (၂၀၀၄)
၁၀၅။ မြန်မာ့နှလုံးသားသတ္တိ
၁၀၆။ အနိမ့်ဆုံးမှ ထိပ်ဆုံးသို့ (၂၀၀၄)
၁၀၇။ လေးမြို့ဝန် ဗိုလ်မြတ်ထွန်း (၂၀၀၄)
၁၀၈။ မေတ္တာရေစင်စာတမ်း (HIV / AIDS) (၂၀၀၄)

**ဆရာချစ်စံဝင်း၏**
**ဆက်လက်ထွက်ရှိမည့် စာအုပ်များ**

၁၀၉။ ယမင်းသစ္စာ
၁၁၀။ ပိုးကိုက်ပန်းတွေ (၂၀၀၅)
၁၁၁။ ကိုရီးယားတို့ လျှောက်သောလမ်း စာတမ်း (၂၀၀၅)
၁၁၂။ လယ်တီဘဝနှင့် လယ်တီစာပေ စာတမ်း (၂၀၀၅)
၁၁၃။ ပဲခူးမြစ်မင်း စီးဆင်းရစ်ခွေ ဇာတိမြေစာတမ်း (၂၀၀၅)
၁၁၄။ စိတ်အစာ (၂၀၀၅)
၁၁၅။ စိတ်စည်းကမ်း
၁၁၆။ တကောင်းမှအသစ်တွေ့ရှိမှု ပျူအထောက်အထားများ
(၂၀၀၄)
၁၁၇။ အဘွားရဲ့ကတ်ကြေး
၁၁၈။ ဂီတဇာတ်သဘင်ဆိုင်ရာ ရသပညာနောက်ခံသမိုင်း
စာတမ်း
၁၁၉။ ခေတ်တံခါး - ခေတ်စကား
၁၂၀။ အရိုးတောင်းလက်ဖက်နှင့် အရိုးတောင်း
ဦးကျော်သိန်း- ဒေါ်ကြွယ်ကြွယ်
၁၂၁။ ခင်တွေးရှိ မုန့်ဟင်းခါး (၂၀၀၅)
၁၂၂။ တကောင်းမှ ပျူအရိုးအိုးများ (၂၀၀၅)
၁၂၃။ အရှုံးပေါ်က အမြတ်
၁၂၄။ ကြောင်နှစ်ကောင်ဆရာတော် အရှင်သုန္ဒရ
၁၂၅။ ဟိုတယ်နှင့် စားသောက်ဆိုင်လက်စွဲ

www.burmeseclassic.com